http://www.dhammadownload.com

J900

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပထမပြန်စာမေးပွဲ

ပထမကြီးတန်း

ပုဏ္ဏာ+အပြေစုံ

၂၀၀၈-ခုနှစ်

(ပြည်ဒေသန္တရ တိုင်း - ၁၅)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

ခရစ်နှစ်	ကောဇာ	သာသနာ
၂၀၀၈	၁၃၇၀	၂၅၅၂

ဒုတိယအကြိမ် + ဒုတိယတွဲ (၂၀၀၈)-ပုံနှိပ်ခြင်းအခွင့်ရ

http://www.dhammadownload.com

J900

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပထမပြန်စာမေးပွဲ

ပထမကြီးတန်း

ပုစ္ဆာ+အပြေစုံ

၂၀၀၈-ခုနှစ်

(ပြည့်နှယ်နှင့် တိုင်း - ၁၅)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

သာသနာ	ကောဇာ	ခရစ်နှစ်
၂၅၅၂	၁၃၇၀	၂၀၀၈

http://www.dhammadownload.com

ဤစာအုပ်၌-

ပထမကြီးတန်းဆိုင်ရာ

၁။ ပြဋ္ဌာန်းချက်များ

၂။ ပြဋ္ဌာန်းကျမ်းစာများ

၃။ ပုစ္ဆာထုတ်စည်းမျဉ်းများ

၄။ ဘာသာစုံ မေးခွန်းများ

၅။ ဘာသာစုံ အဖြေများ

စသည် စသည်ဖြင့် ပို့ချသူ၊ သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ
၂၀၀၄-ခုနှစ် ထုတ်ပြန်အပ်သော
ပြဋ္ဌာန်းချက်အသစ်များဖြင့် တင်ပြထားပါသည်။

ဖြန့်ချီရေး

စာပေထိန်းသိမ်းရေးအဖွဲ့၊ သိမ်ကျောင်းဆောင်၊ ရွာမပရိယတ္တိစာသင်တိုက်၊
သံမဏိစက်ရုံလမ်း၊ ရွာမ၊ အင်းစိန်။ ဖုန်း- ၀၁- ၆၄၀၀၇၅၊ လိုင်းခွဲ ၁၀၂။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပထမကြိုးတန်း

ပုစ္ဆာ+အပြေစုံ

၂၀၀၈-ခုနှစ်

(ဗြဲညိုဇော်နှင့်တိုင်း-၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

သာသနာ ကောဇာ ခရစ်နှစ်

၂၅၅၂ ၁၃၇၀ ၂၀၀၈

http://www.dhammadownload.com

ပထမအကြိမ်
နိဝင်ဘာလ၊ ၂၀၀၈ ခုနှစ်
အုပ်ရေ
၁၀၀၀ အုပ်

ထုတ်ဝေသူ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
စာအမှတ်၊ ၁၁၉/၁(ပုံနှိပ်) သာသန - ၀၈
ခွင့်ပြုချက်အရ ရန်ကုန်တိုင်း၊ ပဒုန်တောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊
၅၁-လမ်း အမှတ်-၁၄၇၊ စွယ်တော်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပါသည်။

တန်ဖိုး - ၂၀၀၀ ကျပ်

ပြန်ချိုရေး
စာပေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့
သိမ်ကျောင်းဆောင်
ရွာမပရိယတ္တိစာသင်တိုက်(အင်းစိန်)၊ ရန်ကုန်တိုင်း၊
ဖုန်း - ၆၄၀၀၇၅

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	က မှ ဂ အထိ
၂။	စာမိတ်ဆက်	ဃ မှ ဇ အထိ
၃။	ပထမပြန်စာမေးပွဲ သတ်မှတ်ချက်များ	စ
၄။	ပထမကြိုးတန်း ပြဋ္ဌာန်းကျမ်းစာများ	ဆ မှ ဇ အထိ
၅။	ပထမကြိုးတန်း ပုစ္ဆာထုတ်စည်းမျဉ်း	ဈ မှ ဌ အထိ
၆။	ထုတ်ဝေပြီးကျမ်းစာ	ဍ
၇။	ပကာမ	ဗ
၈။	ဒွေမာတိကာဘာသာ	၁ မှ ၇၇ အထိ
၉။	ဓမ္မပဒဘာသာ	၇၇ မှ ၁၃၆ အထိ
၁၀။	ကစ္စည်းသဒ္ဒကြိုးဘာသာ	၁၃၆ မှ ၂၀၆ အထိ
၁၁	အဘိဓမ္မတ္ထသင်္ဂဟဘာသာ	၂၀၆ မှ ၂၇၃ အထိ
၁၂။	အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ	၂၇၄ မှ ၃၃၉ အထိ
၁၃။	ယမိုက်အထက် ၅-ကျမ်းဘာသာ	၃၄၀ မှ ၄၁၁ အထိ
၁၄။	ပဋ္ဌာန်းဘာသာ	၄၁၁ မှ ၄၈၅ အထိ
၁၅။	ဘာသာပြန်ဘာသာ	၄၈၅ မှ ၅၁၆ အထိ

http://www.dhammadownload.com

http://www.dhammadownload.com

နိဒါန်းအမှာ

စာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ပိဋကတ်သင်နည်းစနစ်ကို –

၁။ စာကြီးပေါက်သင်နည်း –

၂။ စာမေးပွဲစနစ်သင်နည်း – ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ,စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု, ကျမ်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြားလေ့လာကြသည်၊ သင်ကြားလေ့လာမှုပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့ အာဇာနည်ရွေးချယ်ပွဲ–

၁။ နှုတ်ဖြေ,

၂။ ရေးဖြေ

စာမေးပွဲဝင်ရောက်ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ **ဦးကျည်ပွေ့** သည် ရေတစ်ခါတုပ် စဉ်းစားခန်း နှုတ်ဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ပညာရှင်ဘွဲ့ရရှိခဲ့သည်၊ ကုန်းဘောင်ခေတ်မှ **ကျော်အောင်စံထား ဆရာတော်** နှင့် **ဆရာတော် ဦးဗုဒ္ဓ** စသော ပုဂ္ဂိုလ်ကျော်များကိုလည်း စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပိဋကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲစနစ်ဖြင့် ပိဋကတ်သင်ကြားရာ၌ အခြေခံလုံလောက်စွာဖြင့် ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင် လေ့လာသင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်။

၁။ မစိုးရိမ်ဆရာတော် ဦးသူရိယ၊

၂။ တိပိဋကဓရ မင်းကွန်း အရှင်ဝိစိတ္တသာရာဘိဝံသ– စသည်တို့သည် စာမေးပွဲဖြင့် ထူးချွန်သူများဖြစ်ကြသည်။

အခြေခံလည်း မလုံလောက်၊ ပြဋ္ဌာန်းချက်လည်း မပြည့်စုံ၊ ကောက်နုတ်ချက်ဖြင့် ဖြတ်ဇမ်းလိုက်သူများမှာ စာမေးပွဲအောင်သော်လည်း ထူးချွန်သူများ မဖြစ်ကြ။

http://www.dhammadownload.com

ပုစ္ဆာဖြေစုံကျမ်း

စာမေးပွဲ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေစုံများကို စိစဉ်ထားခြင်း ဖြစ်ပါသည်။

ဤအဖြေစုံစာအုပ်များသည် –

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်း ရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုစ္ဆာအာဘော်ကြီးဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းရခြင်း ဒုက္ခမှလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့ စသည် စသည်ဖြင့် သင်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

အဖြေစုံ ပမာဏ

တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပထမပြန့်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြထားပါသည်၊ ယခု ခရစ်နှစ် ၂၀၀၈–ခုနှစ်တွင် တိုင်း ၈–တိုင်း၊ ပြည်နယ် ၉–ခု၊ အထူးအောင် ၁–ခု ပေါင်း ၁၈–တို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

ပုစ္ဆာလိုအပ်ချက်

ယခု ၂၀၀၈–ခုနှစ် ပထမကြိမ်းတန်းပုစ္ဆာများအနက်–

ကယားပြည်နယ်, ချင်းပြည်နယ်, ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဓမ္မပဒပုစ္ဆာ ရှာဖွေ၍ မချေးကြောင့် ပုစ္ဆာနှင့် အဖြေမတင်ပြနိုင်သည်ကို သည်းခံ ခွင့်လွှတ်ကြဘို့ရန် မေတ္တာရပ်ခံပါသည်။

စီစဉ်ထားပုံ

ဤအဖြေစုံစာအုပ်၌ ဘာသာရပ်ကို ပူတည်၍စီစဉ်ပါသည်၊ ဥပမာ–

၁။ ဝိနယဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၂။ ဓမ္မပဒဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၃။ သဒ္ဒါဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊ စသည်ဖြင့် ဘာသာရပ်တစ်ခုချင်း၏ အဖြေ

http://www.dhammadownload.com

များကို တိုင်းနှင့် ပြည်နယ်အစုံ တိုင်းနှင့် ပြည်နယ်အစုံအဖြစ် စီစဉ်တင်ပြထားပါသည်၊ တိုင်းနှင့် ပြည်နယ် အစဉ်များကို အက္ခရာအစဉ်ဖြင့် ဖော်ပြထားပါသည်၊ ဥပမာ–

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး/အနောက်၊ ပဲခူး/အရှေ့၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရခိုင်၊ ရှမ်း(တောင်/မြောက်/ရှေ့)၊ ဧရာဝတီ၊ အထူးအောင် တို့ဖြစ်သည်။

ကျေးဇူးစကား

ဤပထမကြိမ်တန်း ပုစ္ဆာအဖြေစုံစာအုပ်ကို သာသနာ့တာဝန်များ ကျောင်းတိုက်တာဝန်များစသည်ဖြင့် မအားမလပ်သည့်ကြားမှ ဝိုင်းဝန်းကူညီပေးကြသော ရွာမပရိယတ္တိစာသင်တိုက်မှ **စာချဂဏ္ဌီဓိက သာသနာဓဇ ဓမ္မာစရိယများဖြစ်ကြသည့် ဦးကဉ္စန (အုပ်ချုပ်ရေးမှူး)၊ ဦးဧမာစာရ၊ (ပညာရေးမှူး)၊** ဖြေဆိုပေး, ကွန်ပျူတာစာစီ, စာရိုက်ပေးသော **အရှင်ဝိမလာစာရာဘိဝံသနှင့်**

ဓမ္မပဒဆိုင်ရာများကို ဖြေဆိုပေး, ကွန်ပျူတာစာစီ, စာရိုက် **မကုသလဝတီ (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ)** စစ်ကိုင်း သကျဓီတာ–တို့၏ အကူအညီကိုလည်း ယူရပါသည်။

အပြင်အဆင်မှစ၍ ဖိမိစိတ်တိုင်းကျဖြစ်အောင် လိုအပ်သမျှအားလုံးကို စိတ်ရှည်လက်ရှည်နှင့် ကြိုးကြိုးစားစား ကွန်ပျူတာ စာစီ, စာရိုက်ပေးသော –

အရှင်ပညိန္ဒြိက (ပဓာနနာယက) မဟာသတိပဋ္ဌာန်ကျောင်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်။

အရှင်နန္ဒမာလာ (ငါန်းဇွန်) တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အချိန်မီရန် အလောတကြီး စီစဉ်ရခြင်း, ဆရာတော်ကိုယ်တိုင် အချိန်ယူ၍ ပြန်လည်မစီစစ်နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာပါရှိနိုင်ပါသည်။

အပြစ်တင်ဝေဖန်ခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, အကြံပြုခြင်း စသည်စသည်ဖြင့် မည်သည့် အကူအညီမျိုးမဆို ကျေးဇူးတင်စွာဖြင့် လက်ခံ ကြိုဆိုပါသည်။

၂၂- ၁၀- ၂၀၀၈
၁၃၇၀-ခု၊ သီတင်းကျွတ်လဆုပ် ဂ-ရက်

အရှင်တိဏလောကာဘိဝံသ (အင်းဓိရ)
ရွာမပရိယတ္တိစာသင်တိုက်

http://www.dhammadownload.com

စာမိတ်ဆက်

ဤပထမပြန်စာမေးပွဲ ပုစ္ဆာ + အဖြေစုံ စာအုပ်များကို ရေးသားဖြေဆိုသည့် အနုနှစ်ကျေးဇူးရှင် ဆရာတော်သည် သာသနာပြုလုပ်ငန်းများစွာကို ဆောင်ရွက်နေရသူ ဖြစ်ပါသည်။

ကျောင်းတိုက်တာဝန် ဒကာ ဒကာမတို့ ကုသိုလ်အများတိုးပွါးရေးတာဝန်၊ စာသင်ပေးရသောတာဝန်၊ စာချနာယကများမှအစ ကျောင်းတိုက်ရှိစာသင်သား သံဃာအဆုံး အားလုံးတို့ကို လမ်းညွှန်မှုပေးရသည့်တာဝန်၊ နိုင်ငံတော်သံဃမဟာနာယကတာဝန်၊ ယိုကိ+ပဋ္ဌာန်းသင်တန်းပို့ချသင်တန်းပေးရသောတာဝန်၊ တရားစခန်းဖွင့်လှစ်တရားပြသပောပြောရသောတာဝန်၊ စာပေရေးသားကျမ်းပြုရသောတာဝန် စသည်ဖြင့် တာဝန်များပြားလှပေသည်။

ထိုတာဝန်များထမ်းဆောင်ရင်း ဤပထမပြန်စာမေးပွဲ ပုစ္ဆာ + အဖြေစုံ စာအုပ်များကို ရေးသားဖြေဆိုရခြင်းဖြစ်ပေသည်၊ အချိန်တိုအတွင်း စာအုပ်ဖြစ်အောင်စိစဉ်ရသည့်အတွက် အထူးကြိုးစားအားထုတ်ရပေသည်၊ အချို့နှိ စာချစာသင် အရှင်မြတ်များတို့၏ လက်ဝယ်ရောက်ရှိရေးသည် အရေးကြီးလှပေသည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် တပည့်များကလည်း မိမိတို့နိုင်သည့်ဘက်မှ ဆရာတော်၏ ပါရမိကိုကူညီဆောင်ရွက်ပေးကြရပါသည်၊ မေးခွန်းစုပေးသူကပေး, အဖြေကိုကူညီရှာပေးသူကပေး, လက်ရေးဖြင့် နောက်ကလိုက်ရေးသူကရေး, ကွန်ပျူတာစာစီသူကစီ, စာမူခွင်ပြုချက်ယူသူကယူ, ပုံနှိပ်တိုက်ပို့ပေးသူကပို့ စသည်ဖြင့် အလျင်အမြန်ဆောင်ရွက်ပေးကြရပေသည်။

ပုစ္ဆာဖောင်းတို့၏ အဖြေကို လေ့လာရသည့်အခါ စာချစာသင်လေ့လာသူများအဖို့ စာမေးပွဲအတွက် များစွာအထောက်အကူဖြစ်ပေလိမ့်မည်-ဟု ယုံကြည်မိပါသည်၊ ကျမ်းပြုဆရာတော်၏ အချို့များစွာယူ၍ စုစည်းပေးမှုသည် စာချစာသင်အရှင်မြတ်များအတွက် ဟင်းလျာစုံဖြင့် အဆင်သင့်ပြင်ဆင်ထားသည့် ဆွမ်းပွဲ(ထမင်းပွဲ)ကြီးပမာ အလွန်ပင်ကောင်းမွန်လှပေသည်။

http://www.dhammadownload.com

လေ့လာရသည့်အခါ ပုစ္ဆာ၏ သဘောဝဘာဝ အတိမ်အနက်, အယူအဆ, အတွေ့အကြုံကောင်းများ များစွာရရှိပြီး စာမေးပွဲဖြေဆိုရသည့်အခါ အထူးပင် အထောက်အကူဖြစ်ပေလိမ့်မည်–ဟု ယုံကြည်ပါသည်၊ စာမေးပွဲသတ်မှတ်ချက် ပြဋ္ဌာန်းကျမ်းစာ စည်းမျဉ်းစည်းကမ်း ဘာသာရပ်စသည်တို့ကို တစ်စုတစ်ဝေးတည်း တွေ့ရှိရသဖြင့် အလွယ်တကူ လေ့လာခွင့်ရရှိကြမှာဖြစ်ပါသည်။

ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၉–ခုတို့၏ ပုစ္ဆာအဖြေများကို တစ်စုတစ်ဝေးတည်း တွေ့ရှိရသဖြင့် အချိန်တိုအတွင်း စာရှုသူတို့လိုအပ်ချက်များကို ဤစာအုပ်က တာဝန်ယူ ဖြည့်စွက်ပေးပါလိမ့်မည်။

စာမေးပွဲသည် စာသင်သားတို့အတွက် ဘဝတိုက်ပွဲပင် မဟုတ်ပါလော့၊ ထိုဘဝတိုက်ပွဲ ဆင်နွှဲနေချိန်ဝယ် စာမေးပွဲအောင်ပန်းကို ပန်ဆင်နိုင်ရေးသံသည် အဓိကလိုအပ်ချက်ပင် ဖြစ်ပါသည်၊ ထိုလိုအပ်ချက်ကို ဤပုစ္ဆာ + အဖြေစုံစာအုပ်က တာဝန်ယူပေးပါလိမ့်မည်။

ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၉–ခုလုံး၏ ပုစ္ဆာ + အဖြေများကို ဘာသာတူရာစုစည်းဖြေပြထားသည်ဖြစ်၍ တစ်ဘာသာကို ၁၉–ကြိမ် အတွေ့အကြုံရယူပြီးသား အတွေ့အကြုံရင့်ကျက်ပြီးသူများပီပီ အထက်တန်းကျကျ မျက်နှာပန်းလှလှ စာမေးပွဲအောင်ပန်းကို ဆင်မြန်းနိုင်ကြပါစေ–ဟု ဆုမွန်ချွေလျက်– – –

အရှင်ဝိသိဋ္ဌ
(စာကြည့်တိုက်မှူး)
ခေတ်မီ ပိဋကတ်စာကြည့်တိုက်
သိမ်ဆွေခြင်းဆောင်
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့
၂၂- ၁၀-၂၀၀၈၊ ဗုဒ္ဓဟူးနေ့။

http://www.dhammadownload.com

ပထမပြဋ္ဌာန်းစာမေးပွဲနှင့် ဝတ်သက်၍ သတ်မှတ်ချက်များ

၁။ မေးခွန်းလွှာတိုင်း (၃)နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ အတန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်းအရေ အတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

အတန်း	မေးမည့်မေးခွန်း	ဖြေဆိုရမည့် မေးခွန်း
ပထမငယ်တန်း	၆ – ပုစ္ဆာ	၆ – ပုစ္ဆာ
ပထမလတ်တန်း	၈ – ပုစ္ဆာ	၈ – ပုစ္ဆာ
ပထမကြီးတန်း	၁၀ – ပုစ္ဆာ	၁၀ – ပုစ္ဆာ

၃။ တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀– ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရုတန်း၊ သာမဏေ၊ သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက်အတန်းများကို ဝင်ခွင့်ရှိသည်။ အထက်အထက်အတန်းများကို အောင်မြင်ပြီးသူသည် အောက် အောက်အတန်းကို ဝင်ခွင့်မရှိစေရ။

၇။ ပထမငယ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ (၁၃)နှစ်ဖြစ်သည်၊ စာဖြေ သော အချိန်တွင် (၁၃)နှစ် တင်းတင်း ပြည့်ရမည်၊ (၁၃)နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ ပထမပြန် အထူးအောင်ရွေးချယ်ရေးစာမေးပွဲကို ရုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆို ရမည်။

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ပထမပြန်စာမေးပွဲ ကျမ်းစာများ
ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာ

၁။ ဝိနယ (ဒွေမာတိကာ)

(က) ဒွေမာတိကာ ပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်။
(ခ) ကင်္ခါဝိတရဏီအဋ္ဌကထာ – (ကျမ်းအစမှ အဆုံးအထိ) အဓိပ္ပါယ်။

လူနှင့် သီလရှင်များအတွက် –

(က) ဓမ္မပဒပါဠိတော် (သုခဝဂ်မှ အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။
(ခ) ဓမ္မပဒ အဋ္ဌကထာ (သုခဝဂ်မှ အဆုံးအထိ) အဓိပ္ပါယ်။

၂။ ကစ္စည်းသဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး ၈–စောင် ပါဠိ၊ အနက်၊ ရုပ်၊ အဓိပ္ပါယ်။
(ခ) ရူပသိဒ္ဓိ (ကျမ်းအစမှ အဆုံးအထိ) ရုပ်တွက်၊ အဓိပ္ပါယ်။
(ဂ) ပုစ်ဆစ် (အစမှ အဆုံးအထိ)နှင့် သုတ်စစ်။

၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ ၉–ပိုင်း ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။
(ခ) ဋီကာကျော် (အစမှ အဆုံးအထိ) အဓိပ္ပါယ်။

http://www.dhammadownload.com

၄။ ပါဠိအဘိဓာန်၊ အလင်္ကာ၊ ဆန်း

(က) ပါဠိအဘိဓာန်ကျမ်း (အစမှ နိဂုံးအဆုံးအထိ) ပါဠ၊ အနက်၊ အဓိပ္ပါယ်။
(ခ) အလင်္ကာကျမ်း ပါဠ၊ အနက်၊ အဓိပ္ပါယ်။
(ဂ) ဆန်းကျမ်း ပါဠ၊ အနက်၊ အဓိပ္ပါယ်။

၅။ ယမိုက်အရကောက်ကျမ်း (အထက် ၅-ကျမ်း)

ယမိုက်အထက် (၅-ကျမ်း) ဝိဘင်းထုတ်၊ အနက်ပေး၊ အရကောက်၊ အဓိပ္ပါယ်နှင့် ဂဏ္ဌိ။

၆။ ပဋ္ဌာန်း

- ပဋ္ဌာန်းအရကောက်ကျမ်း (ကုသလတိက်) ပါဠ၊ အနက်၊ အရကောက်နှင့် အဓိပ္ပါယ်။

၇။ ဘာသာပြန်

(က) သတ္တကနိပါတ်အစမှ ဒသကနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း - ၅၉)
(ခ) ဧကာဒသကနိပါတ်အစမှ ပကိဏ္ဏကနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း - ၄၂)
(ဂ) ဝိသတိနိပါတ်အစမှ စတ္တာလီသနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း - ၂၉)
(ဃ) ပဏ္ဏာသနိပါတ်အစမှ အသိတိနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း - ၁၂) ၄- ပိုင်းပိုင်း၍ တစ်ပိုင်းလျှင် သာမာန်အားဖြင့် ၄- နှစ်စီလှည့်၍ မေးခွန်းထုတ်ရမည်။

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ပထမပြန်စာမေးပွဲ ပုဏ္ဏာထုတ်စည်းမျဉ်း
ပထမကြိုးတန်း ပုဏ္ဏာထုတ်စည်းမျဉ်း

၁။ ဝိနယ (ဒေ့မာတိကာ) (မေးခွန်းလွှာ – ၁)

(က) ဒေ့မာတိကာ
- ပါဠိအာဂုံ (တစ်) ပုဏ္ဏာ
- အနက်ပေး (တစ်) ပုဏ္ဏာ
- ကျမ်းရင်းအဓိပ္ပါယ် (လေး) ပုဏ္ဏာ

(ခ) ကခီအဋ္ဌကထာ
- ကျမ်းအစမှ အဆုံးအထိအဓိပ္ပါယ် (လေး) ပုဏ္ဏာ

လူနှင့်သီလရှင်များအတွက် –

(က) ဓမ္မပဒပါဠိတော် (သုခဝဂ်မှ အဆုံးအထိ)
- ပါဠိအာဂုံ (တစ်) ပုဏ္ဏာ
- အနက်ပေး (တစ်) ပုဏ္ဏာ
- ဓမ္မပဒပါဠိတော်မှ တိုက်ရိုက်အဓိပ္ပါယ် (လေး) ပုဏ္ဏာ

(ခ) ဓမ္မပဒအဋ္ဌကထာ သုခဝဂ်မှ အဆုံးအထိ
- အဓိပ္ပါယ် (လေး) ပုဏ္ဏာ

၂။ ကစ္စည်းသဒ္ဒါကြီး (မေးခွန်းလွှာ – ၂)

- ပါဠိအာဂုံ (တစ်) ပုဏ္ဏာ
- အနက် (တစ်) ပုဏ္ဏာ
- ရုပ်တွက် (နှစ်) ပုဏ္ဏာ

http://www.dhammadownload.com

(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ရုပ်ကျဉ်း၊ ရုပ်ကျယ်၊ ပုဒ်၊ ပစ္စည်း၊ ဓာတ်၊ ပစ္စည်း၊
ဝိဘတ်ခွဲခြင်း၊ လိင်၊ စုစ်၊ ကာရန်၊ ဂိုဏ်း၊ ပဒမာလာစဉ်ခြင်းတို့ ပါဝင်သည်)

- ကစ္စည်းသဒ္ဒါကြီးကျမ်းရင်းလာ အဓိပ္ပါယ် (နှစ်) ပုစ္ဆာ
- ရူပသိဒ္ဓိကျမ်းလာရုပ်၊ အဓိပ္ပါယ် (သုံး) ပုစ္ဆာ
- ပုဒ်စစ်၊ သုတ်စစ် (တစ်) ပုစ္ဆာ

၃။ အဘိဓမ္မတ္ထသင်္ဂဟ (မေးခွန်းလွှာ – ၃)

(က) အဘိဓမ္မတ္ထသင်္ဂဟတစ်ကျမ်းလုံး

- ပါဠိအာဂုံ (တစ်) ပုစ္ဆာ
- အနက် (တစ်) ပုစ္ဆာ
- အဘိဓမ္မတ္ထသင်္ဂဟကျမ်းရင်းလာ သရုပ်အဓိပ္ပါယ် (လေး) ပုစ္ဆာ
- ဋီကာကျော်ကျမ်းလာ အဓိပ္ပါယ် (လေး) ပုစ္ဆာ

၄။ ပါဠို အဘိဓာန်၊ အလင်္ကာ၊ ဆန်း (မေးခွန်းလွှာ – ၄)

(က) ပါဠိအဘိဓာန်

- ပါဠိကို မြန်မာပြန်ဆိုစေခြင်း (တစ်) ပုစ္ဆာ
- မြန်မာကို ပါဠိပြန်ဆိုစေခြင်း (တစ်) ပုစ္ဆာ
- ကျမ်းရင်း၊ သရုပ်၊ အဓိပ္ပါယ် (နှစ်) ပုစ္ဆာ

(ခ) သုဗောဓာလင်္ကာရ (အလင်္ကာတစ်ကျမ်းလုံး)

- ပါဠိအာဂုံ (တစ်) ပုစ္ဆာ
- အနက် (တစ်) ပုစ္ဆာ
- သုဗောဓာလင်္ကာကျမ်းရင်းလာအဓိပ္ပါယ် (နှစ်) ပုစ္ဆာ

(ဂ) ဆန်းကျမ်း ပါဠို၊ အနက်၊ အဓိပ္ပါယ် (နှစ်) ပုစ္ဆာ

http://www.dhammadownload.com

၅။ ယာမက (အထက် ၅–ကျမ်း) (မေးခွန်းလွှာ – ၅)

- သဒ္ဒါရုယပိုက်မှ (နှစ်) ပုဒ္ဓာ
- အနုသယယပိုက်မှ (နှစ်) ပုဒ္ဓာ
- စိတ္တာယပိုက်မှ (နှစ်) ပုဒ္ဓာ
- ဓမ္မယပိုက်မှ (နှစ်) ပုဒ္ဓာ
- ကွာန္ဒြိယယပိုက်မှ (နှစ်) ပုဒ္ဓာ

မှတ်ချက် –

- ပါဠိဝိဘင်းထုတ် (သုံး) ပုဒ္ဓာ
- အနက် (သုံး) ပုဒ္ဓာ
- အရဏကာက် (သုံး) ပုဒ္ဓာ
- အဓိပ္ပါယ် (တစ်) ပုဒ္ဓာ

၆။ ပဋ္ဌာန်းကုသလတိက် (မေးခွန်းလွှာ – ၆)

ပဋ္ဌာန်းကုသလတိက်

- ပါဠိအာဂုံ (နှစ်) ပုဒ္ဓာ
- အနက်ပေး (တစ်) ပုဒ္ဓာ
- အရဏကာက် (ငါး) ပုဒ္ဓာ
- ဂဏ္ဌိအဓိပ္ပါယ် (နှစ်) ပုဒ္ဓာ

၇။ ဘာသာပြန် (မေးခွန်းလွှာ – ၇)

- ပါဠိကို မြန်မာပြန်ဆိုစေခြင်း (သုံး) ပုဒ္ဓာ
- မြန်မာကို ပါဠိပြန်ဆိုစေခြင်း (သုံး) ပုဒ္ဓာ
- ပါဠိဂါဟာရများကို ထုတ်ပြ၍ ပါဠိဂါထာ တည်ဆောက်စေခြင်း (နှစ်) ပုဒ္ဓာ

http://www.dhammadownload.com

- ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်မြန်မာဘာသာပြင့်
  ရေးသားစေခြင်း (တစ်)ပုဒ္ဓာ
- ဇာတ်ဝတ္ထုများမှ ရယူအပ်သော သင်ခန်းစာများကို
  ရေးသားစေခြင်း (တစ်)ပုဒ္ဓာ

အထွေထွေ

- စတုတ္ထအကြိမ်နိုင်ငံတော်သီဟမဟာနာယကအဖွဲ့(၄၇)ပါးစုံညီသတ္တရသမအစည်းအဝေး၏ပညာရေးဆိုင်ရာဆုံးဖြတ်ချက်(၂)အရပထမပြန်အထူးအောင်စာမေးပွဲကို ရုံးသုံးမြန်မာဘာသာပြင့်သာ ဖြေဆိုရမည်။
- စာမေးပွဲမေးခွန်းများသည် စာမေးပွဲဖြေဆိုချိန် (၃) နာရီ သတ်မှတ်ထားသဖြင့် (၃) နာရီအတွင်း ပြီးစီးအောင် ဖြေဆိုနိုင်မည့် မေးခွန်းမျိုး ဖြစ်ရမည်။
- စာမေးပွဲမေးခွန်းထုတ်ရာ၌မည်သည့်အတန်းကိုမဆိုသုံးဆင့်ထက်မပိုသောမေးခွန်းဖြစ်ရမည်။

http://www.dhammadownload.com

ထုတ်ဝေပြီးကျမ်းစာများ

လက်ဆောင်ကျမ်းများ

၁။ မာတိကာ+ဓာတုကထာလက်ဆောင် စာပေဘဏ္ဍာတိုက်– ၄
၂။ယမကလက်ဆောင်(အောက် ၅-ကျမ်း) စာပေဘဏ္ဍာတိုက်– ၇
၃။ယမကလက်ဆောင်(အထက် ၅-ကျမ်း) စာပေဘဏ္ဍာတိုက်– ၆
၄။ပဋ္ဌာန်းလက်ဆောင်(၉ယား) စာပေဘဏ္ဍာတိုက်– ၅
၅။ပဋ္ဌာန်းလက်ဆောင်(ပို့ ချုစဉ်) စာပေဘဏ္ဍာတိုက်– ၁၀
၆။ အဘိဓမ္မာလက်ဆာင် စာပေဘဏ္ဍာတိုက်– ၁၆
၇။ ဆန်းလက်ဆောင် စာပေဘဏ္ဍာတိုက်– ၁၇
၈။ သဒ္ဒါလက်ဆောင် စာပေဘဏ္ဍာတိုက်– ၁၈
၉။ သုတ်နက်လက်ဆောင် စာပေဘဏ္ဍာတိုက်– ၂၃
၁၀။ သဒ္ဒါကြီးနိဿယလက်ဆောင် စာပေဘဏ္ဍာတိုက်– ၂၄

အဖြေစုံကျမ်းများ

၁၁။ (အခြေပြုလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း)
ပုစ္ဆာ+အဖြေစုံစာအုပ်များ(၁၉၉၉/ ၂၀၀၀/ ၂၀၀၁/ ၂၀၀၂/ ၂၀၀၃/ ၂၀၀၄/ ၂၀၀၅/ ၂၀၀၆/ ၂၀၀၇–ခုနှစ်)

ဟာသသုတစာအုပ်များ

၁၂။ ရှင်ပြုရဟန်းခံအကြောင်းသိကောင်းစရာ၊
၁၃။ ကိုးကွယ်မှုဆိုင်ရာအကြောင်း သိကောင်းစရာနှင့် စေတီ+ပုထိုး၊ စာပေဘဏ္ဍာတိုက်– ၂၆
၁၄။ ကိုးကွယ်မှုဆိုင်ရာသိစရာနှင့် ဗုဒ္ဓသာသနာ့သမိုင်း၊
၁၅။ သမိုင်းတာဝန် ကျေပွန်စေ၊
၁၆။ လက်ရွေးစင် ပရိတ် + ဂါထာ + မန္တန်၊
၁၇။ ခရီးပန်းတိုင်နှင့်လက်ရွေးစင်ဆောင်းပါးများအမှတ်(၂)စသည့်စသည့်စာအုပ်များကို

ဖြန့်ချိရေး - စာပေထိန်းသိမ်းရေးအဖွဲ့၊ သိမ်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ သံဃာစက်ဝိုင်းလမ်း၊
ရွာမ၊ အင်းစိန်။ ဖုန်း - ၀၁- ၆၄၀၀၇၅

http://www.dhammadownload.com

ပဏာမ

ဗုဒ္ဓံ တိလောကတိလကံ၊ ပဉ္ဉာဗျာကရဏဆေကလောကဂ္ဂံ။
ဝန္ဒိတ္ဝာန ကရိဿံ၊ မဟာပထမဥ္ဇပဒိဋီကံ့။

အတံ– ပထမကြိုးတန်းပုစ္ဆာ အပြေလွှာကို သေချာစေ့ငဲ့ အများရှုတို့ ရေးပြုအာ၊ထုတ် အကျွန်ုပ်သည်၊ တိလောက တိလကံ – သုံးပါးသူကို နှတ်နှင့်လူတို့၏ မှန်ကုသဖွယ် ပြစ်တော်မူပေ ထသော၊ ပဉ္ဉာဗျာကရဏဆေကလောကဂ္ဂံ – မေးပြေအရာ အလွန်လိမ္မာသပြင့် သုံးပြာလောက အထက် မြတ်တော်မူပေထသော၊ ဗုဒ္ဓံ – သစ္စာလေးလီ ဆိုင်နှင်းဆီကို မမှိဆရာ ကိုယ်ချည်းသာလျှင် သိမြင်တော်မူသော မြတ်စွာဘုရားကို၊ ဝန္ဒိတ္ဝာန – ဦးညွှတ်ရိုကျိုး ရှိခိုးပြီး၍၊ မဟာပထမပဉ္ဇ ပဒိဋီကာ– ပထမကြိုးတန်းပုစ္ဆာ အပြေဝိသဇ္ဇနာကို၊ ကိရိဿံ– ရေးသားတိထွင် ပြုစိရင်ပေအံ့။

http://www.dhammadownload.com

နဇမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပထမပြန်စာဓမ်းပွဲကျင်းပဓရုဗဟိုဇာမပွဲခွဲ (ကချင်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဓဒ္ဓမာတိကာဘာသာ

၁၃၆၉–ခုနှစ်၊ တဇပါင်းလပြည့်ဓကျာ် (၁၂)ရက်၊ (၂– ၄– ၂၀၀၈) ဗုဒ္ဓဟူးဓနေ့။

၁။ ဘိက္ခုပါတိမောက်လာနိသိဒနသန္ထတသိက္ခာပုဒ်,နိသိဒနသိက္ခာပုဒ်တို့ကိုပါဠိသက်သက်ရေးပါ။

၂။ ဘိက္ခုနီပါတိမောက်လာဥဿယတီဒီကာသိက္ခာပုဒ်,အာမကဓညသိက္ခာပုဒ်တို့ကိုအနက်ယောဇနာခဲ့ပါ။

၃။ ပါရာဇိကကျပြီးသောရဟန်းကိုရဟန်းကောင်းတို့သည်မည်သို့ပြုကျင့်သည်ကိုဥပမာ, ဥပမေယျ စုံလင်စွာပြင့် ပြေဆို၍၊ ရဟန်းသံဃာ ၁၉–ပါးပြင့် အဇ္ဈာန်သွင်းသော် အဘယ်သို့သော အပြစ်သို့ ရောက်ကြသည်ကိုလည်း ခွဲခြား၍ ပြေဆိုပါ။

၄။ ဘေသဇ္ဇမည် ပဏီတဘောဇဉ်သာ မည်ကောင်းသော ဘောဇဉ်တို့ကို ဖော်ပြ၍၊ ပေးကမ်းစွန့်ကြဲခြင်းကိုမြတ်စွာဘုရားချီးမွမ်းပါသော်လည်းခဲဘွယ်ဘောဇဉ်တို့ကိုရဟန်းတော်ကိုယ်တိုင် သာဟတ္ထိကမြောက် မပေးအပ်သူများကို ဖော်ပြခဲ့ပါ။

၅။ ရရှိလာသောသက်နှံးအသစ်၌ပြုလုပ်ရမည့်အစီအစဉ်များကိုဒုဇ္ဇဏ္ဏကရဏသိက္ခာပုဒ်ကိုရှု၍ပြေဆိုပြီးလျှင်၊ရဟန်းတော်တို့အဆုံးအမကိုမနာခံသောကလ္ဓကသာမဏေနှင့် နာခံသော သာမဏေတို့ အဘယ်သို့သော အခွင့်ထူးများ ကွာခြားသည်ကို ပြေဆိုပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၆။ အောက်ပါ ဘိက္ခု/ ဘိက္ခုနီမများအား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့် တွဲစပ် ဖြေဆိုပါ။

(က) တပည့်ရဟန်းအား ပေးပြီးသောသင်္ကန်းကို ပြန်ယူသော ဆရာရဟန်း၊

(ခ) ဆရာရဟန်းတို့သည် သင်္ကန်းရသောကြောင့် ဘိက္ခုနီမများကို ဆိုဆုံးမကြသည်ဟု ပြောဆိုသော တပည့်ရဟန်း၊

(ဂ) ဆွမ်းစားသောရဟန်း၏ အနီး၌ ယပ်ခပ်ပေးသော ဘိက္ခုနီမ၊

(ဃ) အဝတ်အစည်း ဗလာကိုယ်တည်း ရေချိုးသော ဘိက္ခုနီမ၊

(င) ကုဋုံတစ်လုံးတည်း၌ နှစ်ပါးအတူအိပ်သော ဘိက္ခုနီမ။

၇။ မနုဿဝိဂ္ဂဟသိက္ခာပုဒ်၌ မနုဿဝိဂ္ဂဟအရကောက်ပြ၍ နှုတ္ထလွတ်စာ အဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။

၈။ ကထိန်အကျိုးတရားတို့ကို ဖြေဆို၍ တိစီဝရိတ်အဓိဋ္ဌာန်တင်ပြီးသော သင်္ကန်းနှင့်ကင်း၍ နေနိုင်ရန် သင်္ကန်းထားရာ နေရာဌာနများကိုလည်း ကသိုဏ်းကျမ်းလာနှင့်အညီ ပြည့်စုံစွာ ဖြေဆိုပါ။

၉။ သာသင်္ကသိက္ခာပုဒ်လာ ဆောက်လုပ်အပ်သော တောကျောင်း၏ ရွာနှင့်အကွာအဝေးကို ဖော်ပြ၍ ဘောဇဉ်အမျိုးအစား သရုပ်ကိုလည်း ဖြေဆိုပါ။

၁၀။ အာမသန, ပရာမသန, ဆုပန, ပဋိဗိဒ္ဓနတို့၏ ဖွင့်ဆိုချက်အဓိပ္ပါယ်တို့ကို ရေး၍ စောရိအဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မာဘိကာဘာသာ

၁။ (ပါဠိလွယ်ပြို)

http://www.dhammadownload.com

၂။ (အနက်လွှယ်ပြီ)

၃။ ရှေးလူဖြစ်စဉ်, သာမဏေဖြစ်စဉ်ကပင် ကံကြီး, ကံငယ် အတူ မပြုလုပ်ကြသကဲ့သို့ ပါရာဇိကကျူးသော အခါ၌လည်း ကံကြီး, ကံငယ် အတူ မပြုလုပ်ကြပါ။

အပြစ်ရောက်ပုံ–

ရဟန်းသံဃာ ၁၉–ပါးဖြင့် အဇ္ဈာန်သွင်းသော် အဇ္ဈာန်သွင်းရာခြင်း အထမမြောက်၊ အဇ္ဈာန်သွင်းသော ရဟန်းများလည်း ဒုက္ကဋ်အာပတ်သင့်သည်။

၄။ မစ္ဆ–ငါး, မံသ– ကုန်းသတ္တဝါ အသား, ခီရ–နို့ရည်, ဒဓိ–နို့ဓမ်း။

သာတတ္ထိကမြောက် မပေးအပ်သူများ–တက္ကဒွန်၊ ပရိဗိုဇ်ယောကျ်ား, ပရိဗိုဇ်မ။

၅။ ရရှိလာသော သင်္ဃန်းသစ်၏ ထောင့်စွန်းတစ်နေရာ၌ စိမ်းညိုရောင်, ရွှံ့ညွန်ရောင်, မဲညိုရောင်ရှိသော ဒုဗ္ဗဏ္ဏကရဏဖြစ်သည့် ကပ္ပဗိန္ဒုတို့တွင် တစ်မျိုးမျိုးကို ထိုးရမည်။

အခွင့်ထူးများ ကွာခြားပုံ–

၁။ ဘုရားရှင်ကို ဆရာဟု ညွှန်ပြခြင်း၊

၂။ ရဟန်းတော်များနှင့် တစ်ကျောင်းတည်း၌ ၂–ည၌, ၃–ည၌ အတူအိပ်ခြင်း၊

၃။ ရဟန်းကောင်း, သာမဏေကောင်းများနှင့် ကျောင်းတိုက်၌ အတူနေထိုင်ခြင်း၊

အဆုံးအမကို မနာခံသော သာမဏေသည် အထက်ပါ အခွင့်အရေး ၃–ချက်ကို မရ၊ နာခံသော သာမဏေသည် အထက်ပါ အခွင့်အရေး ၃–ချက်ကို ရသည်။

၆။ (က) စိဝရအစ္ဆိန္နသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊

(ခ) အာမိသသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဂ) ဥပတိဋ္ဌနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဃ) နဂ္ဂသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(င) ဇကမဋ္ဌတုဝဋ္ဋနသိက္ခာပုဒ်ဖြင့် ပါစိတ်။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၎။ မနုဿဝိဂွတအရ-ကလလရေကြည်တည်၏စမှစ၍အသက်ရှင်ဆဲဖြစ်သည့် လူဇာတ်ရှိသူ၏ ခန္ဓာကိုယ်။
ဒုဋ္ဌဇ္ဈတ်စာ-ဝစ္ဆမဂ်,ပဿာဝမဂ်,မေထုန်နှင့်စပ်သောစကားပျိုး။

၈။ ကထိန်အာနိသင်-

၁။ အနာမန္တစာရ- မပန်ကြားဘဲ ဆွမ်းအလှူရှင်အိမ်တို၌ လှည့်လည်နိုင်ခြင်း၊
(စာရိတ္တသိက္ခာပုဒ်မှ ကင်းလွတ်ခွင့်ရခြင်း)

၂။ အသမာဒါနစာရ- အဓိဋ္ဌာန်တင် တိစီဝရိတ်မပါဘဲ လှည့်လည်နိုင်ခြင်း၊
(ဒုတိယကထိနသိက္ခာပုဒ်မှ ကင်းလွတ်ခွင့်ရခြင်း)

၃။ ယာဝဒတ္ထစီဝရ-အဓိဋ္ဌာန်ဝိကပ္ပနာမပြုသောသက်နှံများကိုလည်းသက်နှံကာလ အတွင်း အလိုရှိသလောက် ဆောင်ထားနိုင်ခြင်း၊
(ပထမကထိနသိက္ခာပုဒ်မှ ကင်းလွတ်ခွင့်ရခြင်း)

၄။ ဂဏဘောဇနေ- ဂဏဘောဇဉ်ကို အတူ ခံယူ, စားသုံးနိုင်ခြင်း၊
(ဂဏဘောဇနသိက္ခာပုဒ်၌ ကင်းလွတ်ခွင့်ရခြင်း)

၅။ ယော စ တတ္ထ စီဝရုပ္ပါဒ- ကထိန်ခင်းရာ ကျောင်းတိုက်တွင် ဖြစ်ပေါ်သမျှ သံဃိက သက်နှံများကို ကထိန်အာနိသင်ရ ပုဂိုလိကျွတ် ရဟန်းများသာ ပိုင်ဆိုင်ရခြင်း။

ထက်နှံးထားရာ နေရာဌာန-

ရွာ, အိမ်, ဘဏ္ဍာတိုက်, ပြအိုး, တန်ဆောင်းဝန်း, အတွင်ဋ္ဌတင်ပြသာဒ်ရှည်, အတွင်ဋ္ဌမဲ့ ပြသာဒ်ဦးပြည်း, လှေ, လှည်းကုန်သည်အပေါင်း, လယ်ယာ, ကောက်နယ်တလင်း, သစ်သီးခြံစသော အာရာမ်, ကျောင်းတိုက်, သစ်ပင်ရင်း, လွင်တီးခေါင် ပေါင်း ၁၅။

၉။ **အကွာအဝေး-**

ညှိုတင်ပြီးသော လေးဆရာ၏ လေးဖြင့် ရွာ၏ တံခါးခုံမှစ၍ အပြန် ၅၀၀။
(အတောင် ၂၀၀၀)။

သောဇဉ်အပျိုးအစား ဆရပ်-

ထမင်း, မုန့်မျှန့်, မုယောမုန့်, ငါး, နွားသားစသော အသား။

ဆောင်-ကြားနော် သတ္တု ထုစွားသေားစွော ဓံသွွ ဘေားနံ။

http://www.dhammadownload.com

၁၀။ **အာမဍနေ**–ထိရာအရပ်ကိုမကျော်လွန်ဘဲထိုထိရာအရပ်၌ပင်ပြင်းစွာပုတ်ခတ်ခြင်း။
ပရာမဍနေ–ထိုမှဤမှရွှေ့လျားလျှက်သုံးသပ်ခြင်း။
ဆုပနေ–ပြင်းစွာမထိခတ်ပဲထိအပ်ကာမျှ(တို့ရုံထိရုံမျှ)ပြုခြင်း။
ပဋိပီဍနေ–ကိုယ်အင်္ဂါတို့ကိုကိုင်၍ဖျစ်ညှစ်ခြင်း။
စောဒိအဓိပ္ပါယ်–၅–ပဲထိုက်တန်သောဝတ္ထုမှစ၍အမှတ်မရှိတစ်စုံတစ်ခုသော သူတစ်ပါးဥစ္စာကို ခိုးယူသော မိန်းမ။

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမကြိုးတန်း ။ ။ ဓဒွမာတိကာဘာသာ

၁၃၆၉–ခုနှစ်၊ တဖေါင်းလပြည့်ကျော် (၁၂)ရက်၊ (၂–၄–၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ အစေလကဝဂ်လာကထိန်အဂ္ဂါနိသင်ရရဟန်းတော်များအာပတ်သင့်ရောက်ခြင်းမှကင်း လွတ်ခွင့်ရနိုင်သော သိက္ခာပုဒ်နှင့် စိတ္တာဂါရဝဂ်လာ အဓိကရဏ သိက္ခာပုဒ်တို့ကို ပါဠိ ရေးသားခဲ့ပါ။

၂။ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်နှင့်ရေသနုပ်ပြုလုပ်လိုသောရဟန်းမဏ်လိုက်နာရမည့်စည်း ကမ်းချက်များပြု သိက္ခာပုဒ်တို့ကို အနက်ယောဇနာပြပါ။

၃။ ကုဋိကာရသိက္ခာပုဒ်လာကျောင်းငယ်မဆောက်လုပ်သင့်သောနေရာများကိုဖော်ပြ၍၊ မိုးရေခံသက်နှံးရှာမှီးကောင်းသောအခါကိုလည်း သာဓကထောက်၍ ဖြေဆိုပြခဲ့ပါ။

၄။ သံဃိကကျောင်း၌ အခင်းကိုခင်းပြီးနောက် ဖဲသွားလိုသောရဟန်းအား ပြုကျင့်ရမည့် ဝတ္တရား ၃–ပါးကိုရေး၍၊ ရဟန်းတော်များသည် သက်နှံးအသစ်ရလတ်သော် ကပ္ပဗိန္ဒု ထိုးရမည့် အရောင်ကိုလည်း ပါဠိ+မြန်မာနှစ်ဘာသာအားဖြင့် တွဲစပ်ပြခဲ့ပါ။

၅။ သိက္ခာနှိုတို့ တရားမစွဲကောင်းသော ပုဂ္ဂိုလ်များကို မြန်မာလိုဖြေဆိုပြ၍၊ ဘိက္ခုနှိုတို့ သံဃာဒိသေသ်အာပတ်ကုစားပုံကိုလည်း ဖြေဆိုပြပါ။

http://www.dhammadownload.com

၆။ အာရာမနှင့်ဥယျာန၊ အာသန္နိနှင့်ပလ္လင်္ကော်–တို့ထူးခြားဟန်ကို ဖော်ပြ၍ ဂိဟိဂတသိက္ခာမာန်နှင့် ကုမာရီဘူတသိက္ခာမာန်တို့၏ အသက်အပိုင်းအခြားတို့ကိုလည်း ဖြေဆိုပါ။

၇။ ပါရာဇိကသရုပ် ၂၄–ပါးတို့တွင် နောက်ဆုံး ၃–မျိုးကိုသာ ထုတ်ပြပြီး ကဋ္ဌကာရသိက္ခာပုဒ်ကို ပညတ်ရာအရပ်, ပညတ်အပ်သောပုဂ္ဂိုလ်, ပညတ်ခြင်းအကြောင်းရင်းတို့ကိုဖြေဆိုပါ။

၈။ အနုပခဇ္ဇသိက္ခာပုဒ်၌ 'ဇာနံ'အရ အဘယ်ကဲ့သို့သိခြင်းကို 'ဇာနံ'ဟုဆိုလိုပါသနည်း? ဖြေဆို၍၊ ဟသဓမ္မသိက္ခာပုဒ်၌ ဥဒကေအရ အဘယ်ဌာနမှ အဘယ်မျှလောက်သော ရေကိုယူရမည်ကိုလည်း ကခဏိအဋ္ဌကထာလာသည့်အတိုင်း ဖြေဆိုပါ။

၉။ ဥဇ္ဇဂ္ဃာဏုမဏ္ဍလိကာသိက္ခာပုဒ်၌ ပုရိသပုဂ္ဂလဿ ပါဠိဝယ် ပုရိသ–အရ ကောက်ပြ၍၊ ဝဇ္ဇပွင့်ဆွဲဒိကာသိက္ခာပုဒ်၌ နာသိတာအရ အဘယ်ကိုယူရပါမည်နည်း?ကခဏိလာအတိုင်း ဖြေဆိုပါ။

၁၀။ ဥဿယဝါဒိကာဘိက္ခုနီ ဟုခေါ်ရုံကို ရေးပြ၍၊ ဘိက္ခုနီမများ ဝါမဆိုကောင်းသော ကျောင်းများကိုလည်း ကခဏိဆရာအာဘော်ကျ ဖော်ပြခဲ့ပါ။

၂။ ကယဒေပြည်နယ် (အဓေပြ)
ပထမကြိမ်တန်း ။ ။ ဓဒွမာတိကာဘာသာ

၁။ စာရိတ္တသိက္ခာပုဒ်, အဓိကရဏသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်, ဥဒကသာဋိကသိက္ခာပုဒ်တို့ကို အနက်ရေးလေ။

၃။ ၁။ သာရမ္ဘ– ပိုးရွှံ့ပုံးစသည်တို့၏ အမြဲနေရာဒေသော ဘေးရန် ၁၃–ပါး, ကောက်စိုက်ပျိုးရာ, ပဲစိုက်ပျိုးရာအရပ်စသော ဘေးရန် ၁၆–ပါးတို့နှင့် တကွဖြစ်သော အရပ်။

http://www.dhammadownload.com

၂။ အပရိဂ္ဂဟမန- နွားလား ၂-ကောင်, ၄-ကောင် ကပ်ယှဉ်အပ်သော လှည်းဖြင့် လှည်းတစ်ဘီးကို တံစက်မြိတ်ရေကျရာအရပ်၌ အခြားတစ်ဘီးကို အငြင်ဘက်၌ ထား၍ လှည့်ပတ်နိုင်လောက်ရာ ဥပစာမရှိသော အရပ်။

မိုးရေခံသက်နှုန်းရှာမှီးကောင်းသောအခါ-

နယုန်လပြည့်ကျော် ၁-ရက်မှ ဝါဆိုလပြည့်အထိ ၁-လ။

(တစ်နည်း) နယုန်လပြည့်ကျော် ၁-ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ၅-လ။

သာဓက- မှသော သေသော ဂိမှာနန္တိ ဘိက္ခုနော ဝဿိကာသာဋ္ဌိကစိဝရံ ပရိယေသိတဗ္ဗံ။

၇။ ဝတ္တရား ၃-ပါး-

၁။ သင့်လျော်သောအရပ်၌ ကိုယ်တိုင်ရပ်သိမ်း၍ ထားခြင်း၊

၂။ သင့်လျော်သောအရပ်၌ သူတစ်ပါးကို ရပ်သိမ်းထားစေခြင်း၊

၃။ သာမဏေ, အာရာမိစောင့်-စသူတို့ကို ပန်ကြား၍သွားခြင်း။

ကပ္ပဗိန္ဒုထိုးရမည့် အရောင်-

နီလ- စိမ်းညိုရောင်၊ ကဒ္ဒမ-ရွှံ့ညွန်ရောင်၊ ကာဠသာမ- မဲညိုရောင်။

၈။ အိမ့်ရှင်ယောကျ်ား, အိမ့်ရှင်ယောကျ်ား၏ သား, ကျွန်, အလုပ်သမား, သိတင်းသုံးဖော် ၅-ဦးမှတစ်ပါး ရသေ့ ပရိဖို့ဖ်။

ဘိက္ခုနီတို့ သံဃာဒိသေသ်အာပတ်ကုစားပုံ-

ဥာဘောသံဃာ၌ ပက္ခမာနတ် ကျင့်ရမည်၊ မာနတ်ကျင့်ပြီးလျှင် အာပတ်သင့်ဘိက္ခုနီကို ၂-ကျိပ်ဂိုဏ်းရှိသော ဘိက္ခုနီသံဃာ၌ အဗ္ဘာန်သွင်းရမည်။

၆။ **အာရာမ-** လူအများ၏ မြူးတူးပျော်ပါး ကစားရာ မြို့တွင်း ဥယျာဉ်။

ဥယျာန- လူအများ၏ မြူးတူးပျော်ပါး ကစားရာ မြို့ပြင် ဥယျာဉ်။

အာသန္ဒီ- လက် ၈-သစ်ထက် ပိုသော အခြေရှိသည့် အလျားရှည် အနံတို လေးထောင့် ညောင်စောင်းနှင့် အင်းပျဉ်။

ပလ္လင်- မပြောင်းရွေ့နိုင်သော သားရဲရုပ်တို့ဖြင့် ပြုလုပ်အပ်သည့် ညောင်စောင်း။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ဒိတိဂတသိက္ခာမာန်- အသက် ၁၂-နှစ်။ (၁၀-နှစ်မှ ၁၈-နှစ်အထိ)။
ကုမာရီဘူတသိက္ခာမာန်- အသက် ၂၀။ (၁၈-နှစ်မှ ၂၀-အထိ)။

၎။ ၁။ ပျော့ပျောင်းသော ကျောက်ကုန်းရှိသော ရဟန်းဟူသော ပါရာဇိက။
၂။ သူတစ်ပါးအဂါဇာတ်ကို ပါးစပ်ဖြင့် စုပ်သော ရဟန်းဟူသော ပါရာဇိက။
၃။ သူတစ်ပါးအဂါဇာတ်ပေါ် ဖိထိုင်သောရဟန်း ဟူသော ပါရာဇိက။
ကုဋိကာရသိက္ခာပုဒ်-
ပညတ်ရာအရပ် (နိဒါန်း)- အာဠဝိပြည်၊
ပညတ်အပ်သောပုဂ္ဂိုလ်- အာဠဝိပြည်သား ရဟန်းများ၊
ပညတ်ရခြင်း အကြောင်းရင်း- ကိုယ်တိုင်ဇေတင်းအပ်သောအဆောက်အဦဖြင့် ကုဋိဆောက်လုပ်ခြင်း။

၁၀။ ဥဿယဝါဒိကာဘိက္ခုနီ- ထောင်လွှားတက်ကြွသော မာန်မာန, ကောဓ-တို့၏ အစွမ်းဖြင့် တရားစွဲမှုပြုခြင်းအကျိုးငှါ တရားဆုံးပြတ်သော အမတ်ကြီးတို့ အထံ၌ ငြင်းခုံနေသော ရဟန်းမ။
ဝါမဆိုကောင်းသောကျောင်းများ- ဘိက္ခုနီတို့ကျောင်းမှယူဇနာဝက်အတွင်းဩဝါဒပေးစွမ်းနိုင်သော ရဟန်းများမရှိ,မနေသောကျောင်း၊ ရဟန်းများရှိသော်လည်းလမ်းခရီးက ဘေးရန်ရှိသဖြင့် အန္တရာယ်ကင်းစွာ မသွားနိုင်သော ကျောင်း။

၃။ ပထမပြန်စာဓမ်းပွဲကျင်းပဓရေဗဟို့အဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဓဒွမာတိကာဘာသာ

ဘုဝပ-စုန့်စ်၊ တဓပါင်းလပြည့်ကျော် (၁၂) ရက်၊ (၂- ၄-၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ ဘိက္ခုနီမများစပါးစိမ်းမတောင်းရ-ဟုပညတ်ထားသောသိက္ခာပုဒ်နှင့်ရေသနုပ်သက်နိုး ပြုလုပ်ပုံပြသိက္ခာပုဒ်ကို ပါဠိမှန်မှန် ရေးသားဖြေဆိုပါ။

http://www.dhammadownload.com

၂။ ရဟန်းမများချက်အောက်၌ပေါက်သောအနာကိုယောကျ်ားနှင့်တစ်ယောက်ချင်းခွဲစိတ်ကုသမှုမပြုလုပ်ရဟု တားမြစ်သောသိက္ခာပုဒ်ကို အနက်ယောဇနာပါ။

၃။ ပဒသောဓမ္မသိက္ခာပုဒ်၌ ''ပဒ'' အရနှင့်ပထမသဟသေယျသိက္ခာပုဒ်၌ ''အနုပသမ္ပန္န'' အရတို့ကို ကောက်ပြ၍၊ ဥနဝိသတိဝဿသိက္ခာပုဒ်နှင့် ထေယျသတ္ထသိက္ခာပုဒ်တို့၌ပါသော ''ဇာနံ'' ပုဒ်တို့၏ အထူးကိုလည်း ဖြေဆိုပါ။

၄။ လူတို့မေ့ကျန်ရစ်သောလက်ဝတ်ရတနာတို့ကိုရဟန်းတော်များကောက်ယူသိမ်းထားကြရာကောက်ယူနိုင်ရာအရပ်,ကောက်ယူခြင်း၏ရည်ရွယ်ချက်တို့ကိုဖော်ပြ၍၊မယူသင့်သော အရပ်၌ယူခဲ့သော် မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အပြစ်သင့်သည်ကိုလည်း ညွှန်ပြပါ။

၅။ ဘိက္ခုနီမများသိတင်းဝါလကျွတ်လျှင်ပြုလုပ်ဆောင်ရွက်ရမည့်ဝတ္တရားများကိုသိက္ခာပုဒ်အမည်နှင့်တွဲစပ် ဖြေဆို၍၊ရဟန်းမများလွန်ခွဲတစ်ကြိမ် ရဟန်းတို့ထံ တောင်းအပ်သောတရားတို့ကိုလည်း ဖြေဆိုပါ။

၆။ ခေတ်ကာလအားလျော်စွာ ကမ္ဘာအနှံ့သာသနာပြုရန်ရည်ရွယ်လျက် အင်္ဂလိပ်စာသင်ကြားနေကြသောရဟန်းတော်များ၌အပြစ်သံ့/မသင့်တိရစ္ဆာန၀ိဇ္ဇာပရိယာပုဏာနသိက္ခာပုဒ်အဖွင့်နှင့်အညီ လိုရင်းအကြောင်းပြကာ ဆုံးဖြတ်ဖြေဆိုပါ။

၇။ စတုတ္ထပါရာဇိကလာ အညတြ အဓိမာနာ–၌ အဓိမာနဖြစ်ထိုက်သော ပုဂ္ဂိုလ်မျိုးကိုဖြေဆို၍၊ဘူတာရောစနသိက္ခာပုဒ်အရအာပတ်မသင့်နိုင်သောပုဂ္ဂိုလ်များတွင်ဥမ္မတ္တကပုဂ္ဂိုလ်မပါဝင်ရခြင်းအကြောင်းကိုလည်းရှင်းပြဖြေဆိုပါ။

၈။ ''သိက္ခမာန်'' မည်ခြင်းအကြောင်းရင်းကို ဖြေဆို၍၊ ယင်းသိက္ခမာန်တို့နှစ်နှစ်ပတ်လုံးကျင့်သုံးရမည့်တရား ၆–မျိုးကိုလည်း ကဆိုလာအတိုင်း ဖြေဆိုပါ။

http://www.dhammadownload.com

၉။ စောရိုဂ္ဂပိကာသိက္ခာပုဒ်လာ "ခိုးသူမ" ဟုသတ်မှတ်ထိုက်သူကို ဖြေဆိုချ၍ အကပ်ပျက်ကြောင်း အင်္ဂါ ၆-ပါးကိုလည်း ရေတွက်ဖြေဆိုပါ။

၁၀။ ဖော်ပြပါ ရဟန်း. ရဟန်းမတို့အား သင့်ရောက်နိုင်သောအာပတ်တို့ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲဖြေဆိုပါ။

(က) စစ်တပ်ချီတက်ပွဲသို့ ကြည့်ရှုရန်သွားသော ရဟန်း၊

(ခ) သမ္မုတိမရဘဲ ဘိက္ခုနီမကို ဆုံးမသော ရဟန်း၊

(ဂ) ဆွမ်းစားနေသောရဟန်းအား ယပ်ခပ်ပေးသော ရဟန်းမ၊

(ဃ) သေလျှင် ပြိတ္တာမ, ဖြစ်ပါရစေဟု ကျိန်ပြောသော ရဟန်းမ၊

(င) အတူနေတပည့်မကို ရဟန်းခံပေးပြီး စာမချပေးသော ရဟန်းမ။

ခု။ ကရင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဓဒ္ဓမာတိကာဘာသာ

၁။ အာမကဓညသိက္ခာပုဒ်နှင့် ဥဒကသာဋိကာသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ ပသာခေဇာတသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ ပဒ အရ- ပဒ, အနုပဒ, အနွက္ခရ, အနုဗျဉ်ဇန။

အနုပသမ္မန္ဒ အရ- ရဟန်းမှတစ်ပါး ကြွင်းအထီးသတ္တဝါများ၊ အယုတ်ဆုံးအားဖြင့် ပါရာဇိကဝတ္ထုဖြစ်သော တိရစ္ဆာန်အထီးများကို ယူရမည်။

ဇာနံ အရ-

ဥိနဝိသတိဝဿသိက္ခာပုဒ်- အသက် ၂၀-မပြည့်သေးသူဟု သိခြင်း၊

ထေယျသတ္ထသိက္ခာပုဒ်- ခိုးရှိလာသည့်ကုန်သည်, ခိုးရန်သွားမည့်ကုန်သည် အပေါင်းဟု သိခြင်း။

http://www.dhammadownload.com

၇။ ကောက်ယူနိုင်ရာ အရပ်–

ကျောင်းတိုက် အာရာမ်အတွင်း၊ မိမိ တည်းခိုနေထိုင်ရာ အိမ်; ဇရပ်အတွင်း။

ရည်ရွယ်ချက်– ဥစ္စာရှင်ဖြစ်သူ လာယူလိမ့်မည်ဟူသော ရည်ရွယ်ချက်။

မယူသင့်သောအရပ်၌ယူခဲ့သော် ရတနာသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်သည်။

၈။ ဝတ္ထုရာများ–

၁။ ၅–ယူဇနာ, ၆–ယူဇနာတိုင်တိုင် ခရီးသွားရခြင်း– စာရိက နှ ပက္ကမနသိက္ခာပုဒ်။

၂။ ဥဘတောသံဃာ၌ ပဝါရဏာပြုရခြင်း– အပဝါရဏာသိက္ခာပုဒ်။

လခွဲတစ်ကြိမ် တောင်းအပ်သောတရားများ–

ဥပုသ်နေ့ကို မေးလျှောက်ခြင်း, ဩဝါဒခံဖို့ရန် ခွင့်ဖိတ်ခေါ်သွားခြင်း။

၆။ သာသနာပြုရန် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်စာ သင်ကြားနေသောရဟန်းတော်များ၌ အပြစ်မသင့်ပါ။

အကြောင်းကား– ဤသိက္ခာပုဒ်၌ တိရစ္ဆာနဝိဇ္ဇာဟူသည် သာသနာမှ အပဖြစ်သည်၊ အကျိုးစီးပွားမဲ့နှင့်သာ စပ်ယှဉ်သည်၊ သူတစ်ပါးကို ညှင်းဆဲနှိပ်စက်မှု ပြုတတ်သည့် ဆင်အတတ်–စသော အတတ်များသာဖြစ်သောကြောင့် (တစ်နည်း) သုဂတိလမ်း နိဗ္ဗာန်လမ်း၏ ဆန့်ကျင်ဘက်ကန့်လန့်ဖြစ်သောအတတ်များသာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

၇။ **အဓိမာနဖြစ်ထိုက်သော ပုဂ္ဂိုလ်–**

လက္ခဏာယာဉ် ၃–ပါးသို့ တင်၍ သဒ္ဓါရတနာတို့ ဆင်ခြင်သုံးသပ်သော အာရဒ္ဓဝိပဿက–ယောဂီရဟန်းပုဂ္ဂိုလ်များ။

ဥမ္မတ္တကပုဂ္ဂိုလ် မပါရခြင်းအကြောင်း–

အရိယာပုဂ္ဂိုလ်များ၌ ဂူးသွပ်မှုမရှိ၊ ဈာနလာဘီပုဂ္ဂိုလ်များလည်း ဂူးသွပ်မှုဖြစ်လျှင် ဈာန်မှ လျော်ကျကြသည်၊ ထို့ကြောင့် ဥမ္မတ္တကပုဂ္ဂိုလ်များ မပါရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

၈။ သိက္ခာမာန်-

၆-ပါးသော သိက္ခာပုဒ်၌ ကျင့်ဆဲဖြစ်သောကြောင့်လည်းကောင်း, သိက္ခာတရား ၆-ပါးတို့ကို မြတ်နိုးတတ်သောကြောင့်လည်းကောင်း သိက္ခမာန်မည်သည်။
တရား၆-ပါး-ပါဏာတိပါတာဝေရမဏိအစဝိကာလဘောဇနာဝေရမဏိအဆိုးရှိသော သိက္ခာပုဒ် ၆-ပါး။

၉။ နိုးသူမသတ်မှတ်ထိုက်သူ- (ကချင် ၁၀-တွင်ရှု)
အကပ်ပျက်ကြောင်း အဂတိ ၆-ပါး-
၁။ သူတစ်ပါးအား စွန့်ခြင်း၊ ၂။ သိက္ခာချခြင်း၊ ၃။ သူတစ်ပါးအား ပေးခြင်း၊
၄။ လူ-စသူတို့က လုယူသွားခြင်း၊ ၅။ သေဆုံးခြင်း၊
၆။ ဘိက္ခုအဖြစ်မှ ဘိက္ခုနီအဖြစ်, ဘိက္ခုနီအဖြစ်မှ ဘိက္ခုအဖြစ်သို့ လိင်ပြန်ခြင်း။
ဆောင်- စွန့်, ခူး, ပေး, လု၊ ဗျဉ်း, လိင်ပြန်၊ ဤခြောက်တန်၊ ထပ်ခံပျက်ကြောင်းတည်း။ (ဘာသာဋီကာ)

၁၀။ (က) ဥယျောဓိကသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ခ) ဩဝါဒသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) ဥပတိဋ္ဌနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) ပရအဘိသဝနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(င) ပထမသဟဇီဝိနီသိက္ခာပုဒ်ဖြင့် ပါစိတ်။

၄။ ပထမပြန်စာဓမ်းပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြိုးတန်း ။ ။ ဓဇမာတီကာဘာသာ

၁၃၆၉-စုနှစ်၊ တဓပါင်းလပြည့်ကျော်(၁၂)ရက်၊ (၂-၄-၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ ဘိက္ခုပါတိမောက်သုဒ္ဓပါစိတ္တိယ-လာဒုတိယပဓါရဏာသိက္ခာပုဒ်ကိုပါဠိသက်သက်မျှသာ ရေးသားပြပါ။

http://www.dhammadownload.com

၂။ ဘိက္ခုနိပါတိမောက်သံဃာဒိသေသလာဘောဇနပဋိဂ္ဂဟဏာပဌမသိက္ခာပုဒ်ကိုမှန်ကန်စွာ အနက်ပေးပြပါ။

၃။ ပါရာဇိကကျသောရဟန်း၏သာသနာတော်မှဆုံးရှုံးရပုံကိုမှန်ကန်စွာရေးသားဖော်ပြခဲ့ပါ။

၄။ ကျောင်းတိုက်အတွင်း၌ ကထိန်မခင်းပါက ၎င်းကျောင်းတိုက်အတွင်း၌ သိတင်းသုံးနေထိုင်ကြကုန်သော ရဟန်းတော်တို့အနေဖြင့် အဓိဌာန်ဝိကပ္ပနာပြုသောသင်္ကန်းမှပို၍လွန်သောသင်္ကန်းကိုဆောင်နိုင်ခွင့်ရှိသောရက်အပိုင်းအခြားကိုအတိအကျဖော်ပြ၍၊ သူခိုး ခိုးခံရသည့်အတွက် သင်္ကန်းဝတ်စရာမရှိသောရဟန်းအား ဆွေမျိုးမတော်စပ်သောစေတနာရှင်ဒါယကာမကြိုးတစ်ဦးကသင်္ကန်းများအလှူခံဖို့ဖိတ်ကြားရာ၌ရဟန်းတော်အနေဖြင့် အလှူခံသင့်သော သင်္ကန်းအရေအတွက်ကို မှန်ကန်စွာ ဖြေဆိုပြပါ။

၅။ ဘုရင့်အမှုတော်ထမ်း အမတ်ကြီးတစ်ယောက်၏ စေခိုင်းချက်အရ တမန်တော်တစ်ယောက်ကရဟန်းတစ်ပါးထံသွားရောက်၍ ရှေးဦးစွာလျှောက်ထားပုံပြုစကားရပ်ကို ရာဇသိက္ခာပုဒ်လာအတိုင်းမြန်မာဘာသာဖြင့်မှန်ကန်စွာဖော်ပြပြီးလျှင်၊ အဘယ်သည်ကောသိယမိဿက-မည်ပါသနည်း? မှန်ကန်စွာဖြေဆိုပြပါ။

၆။ ဂိလာနရဟန်းတော်တို့အတွက် ဘုရားရှင်ခွင့်ပြုတော်မူထားသော ဆေး ၅-မျိုးအမည်များကိုဘေသဇ္ဇသိက္ခာပုဒ်အရပါဠိ/မြန်မာနှစ်ဘာသာဖြင့်ယှဉ်တွဲဖော်ပြ၍၊ ဩဇဝဋ္ဌသိက္ခာပုဒ်အရ အာပတ်သင့်ရခြင်း၏ အကြောင်းရင်းကိုလည်း မှန်ကန်စွာ ဖြေဆိုပြပါ။

၇။ ဂန္ထပါတိမောက်အပြား ၂-ပါးကို မှန်ကန်စွာ ဖော်ထုတ်ပြ၍၊ သံဃဥပုသ်ပြုရာ၌ နိဒါနဒွေသကို ပြီးဆုံးသည်အထိ မပြတဲ့ ကြွင်းသော ဥဒ္ဒေသများကို သုတသန္ဓိဖြင့် သိမ်းနိုင်ခွင့် ရှိ/ မရှိကိုလည်း ဖြေဆိုပြပါ။

၈။ ဝတ္ထုဥတ္တိအနုဿာဝနသီမာပရိသာသမ္ပတ္တိဝသေန အကုပ္ပတာ ဝေဒိတဗ္ဗာ-၌ ဝတ္ထု-ဟူသည်အဘယ်ကိုဆိုလိုပါသနည်း? မှန်ကန်စွာဖြေဆိုပြ၍၊ထေယျသံဝါသကပုဂ္ဂိုလ် ၃-မျိုးကိုလည်း မှန်ကန်စွာ ရေတွက်ပြပါ။

http://www.dhammadownload.com

၉။ သြမသဒါဒသိက္ခာပုဒ်၌ လူ, သာမဏေကို ဆဲရေးသောရဟန်းအား သင့်ရောက်ထိုက်သော အာပတ်ကို အတိအကျ ဖြေဆိုပြ၍ ၎င်းသိက္ခာပုဒ်၌ အနုပသမ္ပန္န–အရ ရဟန်းဖိန်းမကိုလည်း ယူနိုင်/ မယူနိုင် ဖြေဆိုပြပါ။

၁၀။ ယာ ပန သာ သဗ္ဗပဌမာ ဒ္ဝေ မဟာသိက္ခာမာနာ–၌ ဒ္ဝေ–သရုပ်ကို ဖော်ထုတ်ပြ၍ ထို မဟာသိက္ခာမာန်များသည် အကယ်၍ ဂိဟိဂတာပုဂ္ဂိလ်များ ဖြစ်ခဲ့ပါမူ သမ္မုတိကံ–စသည်တို့၌ သိက္ခာမာန်–ဟု ဆိုမည်လော ဂိဟိဂတာ–ဟုဆိုမည်လော ကမ်းအလိုက္ခ ဖြေဆိုပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ ဓဒ္ဓမာတိကာဘာသာ

၁။ (ပါဠိထင်ရှားပြီ)

၂။ (အနက်ထင်ရှားပြီ)

၃။ **ပါရာဇိကကျ ရတန်း၏ သာသနာတော်မှ ဆုံးရှုံးရပုံ–**
ရှေးလူဖြစ်စဉ်, သာမဏေဖြစ်စဉ်အခါ၌ ရဟန်းကောင်းတို့နှင့် ဥပုသ်ပဝါရဏာစသော ကံကြိုး, ကံငယ်၌ အတူပေါင်းဖော်ခွင့်သံဃာသမရရှိသကဲ့သို့ ပါရာဇိကကျပြီးနောက်၌လည်း မရရှိတော့ပါ။

၄။ **ရက်အပိုင်းအခြား–** ၁၀–ရက်။
သက်နှံးအရေအတွက်– သင်းပိုင်နှင့်တကွ ကိုယ်ရုံဟူသော ဒွိစုံ။

၅။ အရှင်ဘုရား အရှင်ဘုရားကို ရည်ရွယ်၍ ဤသက်နှံးဖိုးကို ဆောင်ယူခဲ့ပါသည်၊ အရှင်ဘုရားသည် သက်နှံးဖိုးကို လက်ခံတော်မူပါ။
ကောသိယမိဿက– ပိုးချည်ဖြင့် ရောနှော၍ ပြုအပ်သောအခင်း။

http://www.dhammadownload.com

(ပိုးချည် ၁-မျှင်မျှဖြင့် ရောနှောပြုအပ်သောအခင်း၊ အယုတ်ဆုံးအားဖြင့် အခင်းပြုရာ အရပ်၌ လေအဟုန်သည် ကျရောက်စေအပ်သော (လေတိုက်၍ကျလာသော) ပိုးချည် မျှင်ဖြင့် ရောနှော၍ ပြုအပ်သော အခင်း။)

၆။ သပွိ-ထောပတ်၊ နဝနီတံ-ဆီဥ၊ တေလ-ဆီ၊ မဓု-ပျားရည်၊ ဖာဏိတ-တင်လဲ။
အာပတ်သင့်ရခြင်း၏ အကြောင်းရင်း-
ရဟန်းအား ဆဲရေးခြင်းကြောင့် (နာနှင့် နှလုံးသားကို ထိုးဆွကြောင်းစကားကို ပြောဆိုခြင်းကြောင့်) ဩမသဒါဒသိကာပုဒ်အရ အာပတ်သင့်ရခြင်း ဖြစ်ပါသည်။

၇။ **ဂန္ဆပါတိမောက်အပြား-** ဘိက္ခုပါတိမောက်၊ ဘိက္ခုနီပါတိမောက်။
သုတသန္နိဖြင့် သိမ်းနိုင်ခွင့် မရှိ- သံဃာဥပုသ်ပြုရာ၌ နိဒါနုဒ္ဒေသ မပြီးဘဲ ကြွင်းဥဒ္ဒေသများကို သုတသန္နိဖြင့် သိမ်းနိုင်ခွင့် မရှိပါ။

၈။ **ဝတ္ထု-** (အသက် ၂၀-မပြည့်သေးသူ, ပါရာဇိကကျူးသူ, ပဏ္ဍုက်စသော အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက် ပေါင်း ၁၃-ယောက်မှ အခြားသော) ရဟန်းအဖြစ်ကို ရှုံ့ချသော-ရဟန်းလောင်း ပုဂ္ဂိုလ်။
ထေယျသံဝါသက ၃-မျိုး-
လိင်္ဂတ္ထေနက (အသွင်ကိုသာ ခိုးသူ)၊ သံဝါသတ္ထေနက (သံဝါသကိုသာ ခိုးသူ)၊ ဥဘယတ္ထေနက (အသွင်, သံဝါသ ၂-ပါးလုံးကို ခိုးသူ)။

၉။ လူ, သာမဏေကို ဆဲရေးသောရဟန်း ဒုက္ကဋ်အာပတ်သင့်ပါသည်။
အနုပသမ္မန္ဒ အရ- ရဟန်းမိန်းမကိုလည်း ယူနိုင်ပါသည်။

၁၀။ **ဒွေ သရုပ်-** ပထမသိက္ခာနသိက္ခာပုဒ်, ဒုတိယသိက္ခာနသိက္ခာပုဒ်တို့၌လာသော အသက် ၂၀-ကျော် သိက္ခာမာန် ၂-ပါး။
သမ္မုတိတံ စသည်၌ ရှုတ်ဆိုပုံ- သိက္ခာမာနာဟုသာ ရှုတ်ဆိုရမည်။

http://www.dhammadownload.com

၅။ ပထမပြန်စာဓမ္မေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)
ပထမကြိုးတန်း ။ ။ ဓဒ္ဓမာတိကာဘာသာ
၁၃၆၉-ခုနှစ်၊ တဇေပါင်းလဆုတ် (၃) ရက်၊ (၂၄- ၃- ၂၀၀၈) တနင်္ဂနွေ။

၁။ (က) ဘိက္ခုပါတိမောက်လာ စတုတ္ထပါဠိဒေသနိယသိက္ခာပုဒ်၊
(ခ) ဘိက္ခုနီပါတိမောက်လာ ဥဒကာသာဠိကသိက္ခာပုဒ်တို့ကို မှန်ကန်စွာ ပါဠိရေးခဲ့ပါ။

၂။ (က) ဘိက္ခုပါတိမောက်လာ ဆဇ္ဇကရဏသိက္ခာပုဒ်၊
(ခ) ဘိက္ခုနီပါတိမောက်လာ အဓိကရဏသိက္ခာပုဒ်တို့ကို မှန်ကန်စွာ အနက်ဖော်ဇနာခဲ့ပါ။

၃။ သံဃာညီညွတ်ခြင်း၏ အကျိုးနှင့် မြတ်ဗုဒ္ဓ၏ ပရိသတ်ကြီးပွားကြောင်း နည်းလမ်းကောင်းများကို ဖော်ပြ၍ ရာဇသိက္ခာပုဒ်လာ သုံးကြိမ်တောင်းခြင်း၊ ခြောက်ကြိမ်ရပ်ခြင်း ပြုလုပ်ပုံ လျက် သက်နိုးမရသေးလျှင် ရဟန်းတော်က ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကို ကျန်စွာ ဖြေဆိုခဲ့ပါ။

၄။ အမျိုးမတော်သော ဘိက္ခုနီမအား သိုးမွေးနှင့်စပ်၍ မခိုင်းကောင်းသော ကိစ္စများကို ဖော်ပြ၍၊ ဘူတဂါမဝဂ်လာ သံဃိကအသုံးအဆောင်ပစ္စည်းများကို ဖော်ပြပြီးလျှင်၊ ထိုပစ္စည်းတို့ကို မိမိခရီးထွက်သောအခါ ပြုလုပ်ရမည့် အစီအစဉ်တို့ကိုလည်း သိက္ခာပုဒ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၅။ အောက်ပါ ဘိက္ခု, ဘိက္ခုနီမတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်အမည် နှင့်တကွ ဖြေဆိုခဲ့ပါ။
(က) ကျန်းမာပါလျက် မိမိအတွက် ထောပတ် တောင်းစားသောရဟန်း၊
(ခ) လူ, သာမဏေအား ၈ သောတာပန်ဖြစ်ပြီဟု ပြောသော သောတာပန် ရဟန်း၊
(ဂ) သိက္ခာပုဒ်ဖြင့် ဆုံးမသည်ရှိသော် မကျင့်နိုင်ပါဟု ငြင်းပယ်သောရဟန်း၊
(ဃ) မိမိကိုယ်ကို ထု၍ ထု၍ ငိုသော ဘိက္ခုနီ၊
(င) ရဟန်းရှိမှန်းသိပါလျက် အခွင့်မတောင်းဘဲ ကျောင်းတွင်းသို့ ဝင်သောဘိက္ခုနီ။

http://www.dhammadownload.com

၆။ ဘိက္ခုနိမများ ပုရောဘတ္တ, ပစ္ဆာဘတ္တ, ဝိကာလအဓိဝါသိတ္ဌ မပြုလုပ်ကောင်းသည့် အရာများကို သိက္ခာပုဒ်လာအတိုင်း ဖော်ပြ၍၊ ဘိက္ခုနိမတို့သည် ရဟန်းတို့ထံ ပဓါရဏာ ပြုသင့်/ မပြုသင့် သိက္ခာပုဒ်ပါဠိ အထောက်ပြဆုံးဖြတ်ကာ အပျိုစင် မိန်းကလေးများ ဘိက္ခုနီပြုရာ၌ ပြည့်စုံရမည့် အင်္ဂါများကို ကုမာရိဘူတသိက္ခာပုဒ်များကို တွေ့ဆဲလျက် ဖြေဆိုခဲ့ပါ။

၇။ ဝဇ္ဇနီယပုဂ္ဂိုလ်တို့တွင် ပါစိတ်အာပတ် သင့်စေနိုင်သော ပုဂ္ဂိုလ်နှင့် အက္ကဋ္ဌအာပတ် သင့်စေနိုင်သောပုဂ္ဂိုလ်များကို ခွဲခြားပြ၍၊ ''လိင်္ဂတ္ထေနက'' အဓိပ္ပါယ်ကိုလည်း ကခ်ီလာအတိုင်း ဖြေဆိုခဲ့ပါ။

၈။ ကထိနသိက္ခာပုဒ်လာ–

(က) ကထိန်ခင်းခွင့်ရှိသော ရဟန်း၊

(ခ) ကထိန်ခင်းရာ၌ အနည်းဆုံး လိုအပ်သော သံဃာအရေအတွက်၊

(ဂ) ကထိန်သင်္ကန်း လျှော်ဖြန်းနိုင်သည့် ပုဂ္ဂိုလ်၊

(ဃ) ကထိန်ခင်းရာ၌ အသုံးပြုသော ကမ္မဝါစာအမည်၊

(င) ကထိန်ခင်းနိုင်သော သင်္ကန်းတို့ကို ကခ်ီလာအတိုင်း ဖြေဆိုခဲ့ပါ။

၉။ စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်လာ ''အညတြကပ္ပါ''၌ ကပ္ပအရာကို ကောက်ပြ၍ ဝဇ္ဇပုဒ်ဆိုဒါ ဒီကာ၌ ဝဇ္ဇ–အရာကိုလည်း ကခ်ီလာအတိုင်း ကောက်ပြခဲ့ပါ။

၁၀။ ကထိန္ဒါရသိက္ခာပုဒ်လာ ''ဓမ္မိကံ ကထိန္ဒါရံ'' ဓမ္မိက–ဖြစ်ပုံကို ကခ်ီလာအတိုင်း ဖြေဆိုခဲ့ပါ

၅။ ဓစ်ကိုင်းတိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓဒွမာတိကာဘာသာ

၁။ (ပါဠိထင်ရှားပြီ)။

၂။ (အနက်ထင်ရှားပြီ)။

http://www.dhammadownload.com

၃။ အချင်းချင်း ဝမ်းမြောက်ဝမ်းသာရှိခြင်း၊ ဓမ္မ, အဓမ္မစသည်ဖြင့် ငြင်းခုံမှုမရှိခြင်း၊ ပါတိမောက် အတူ ပြုနိုင်ခြင်း၊ ချမ်းသာစွာနေနိုင်ခြင်း။

ဗုဒ္ဓ၏ ပရိသတ်ကြီးပွားကြောင်း–

အချင်းချင်း ပြောဆိုဆုံးမခြင်း၊ အချင်းချင်း အာပတ်မှ ထစေခြင်း။

ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များ–

အလျှုရှင်ထံ ကိုယ်တိုင်သွား၍ ဖြစ်စေ, တမန်စေ၍ ဖြစ်စေ "သင်တို့ ပို့လိုက်သော သက်နှံဖိုးသည် ထိုရဟန်း၏ ကိစ္စတစ်ခုကိုမျှ မပြီးစေ (ထိုရဟန်းသည် သက်နှံးမရ) သို့ဖြစ်၍ ကိုယ့်ဥစ္စာ ကိုယ်ပြန်ရအောင် အားထုတ်ကြပါကုန်၊ ကိုယ့်ဥစ္စာကို သူများလက်၌ မယျောက်ျက်စေသင့်" ဟု ပြောဆိုရမည်။

၄။ သိုးမွေးတို့ကို ဖွပ်လျှော်စေခြင်း၊ ဆိုးစေခြင်း၊ ဖြေရှင်းစေခြင်း။

သံဃိက အသုံးအဆောင်ပစ္စည်းများ–

ညောင်စောင်း, အင်းပျဉ်, ဘုံလျှို, ခတ်အခင်း, အိပ်ရာ နေရာအခင်း။

ပြုလုပ်ရမည့် အစီအစဉ်– (ကယား ၃–တွင်ရှု)

၅။ (က) ပဏ္ဍိတဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ခ) ဘူတာရောစနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဂ) သဟဓမ္မိကသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဃ) ရောဒနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(င) အာရာမပဝိသနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၆။ **ပုရေဘတ္တအဒါ** – အိမ်သို့သွား၍ နေရာထိုင် (ထိုင်ခုံ, အခင်း) ပေါ်၌ ထိုင်ပြီးနောက် အိမ်ရှင်တို့ကို မပန်ကြားဘဲ ပြန်သွားခြင်း။

ပစ္ဆာဘတ္တအဒါ– အိမ်သို့သွား၍ အိမ်ရှင်တို့ကို မပန်ကြားဘဲ နေရာထိုင် (ထိုင်ခုံ,အခင်း) ပေါ်၌ ထိုင်ခြင်း, အိပ်ခြင်း။

ဝိကာလအဒါ– အိမ်သို့သွား၍ အိမ်ရှင်တို့ကို မပန်ကြားဘဲ အိပ်ရာနေရာအခင်းကို ကိုယ်တိုင်ခင်းပြီး ထိုင်ခြင်း, အိပ်ခြင်း၊ သူတစ်ပါးကို ခင်းစေပြီး ထိုင်ခြင်း, အိပ်ခြင်း။

http://www.dhammadownload.com

ဘိက္ခုနိများ ရဟန်းများထဲ ပဓါရဏာ ပြုသင့်/မပြုသင့်- ပြုသင့်ပါသည်။
အထောက်- ယာ ပန ဘိက္ခုနိ ဝသံဝုဋ္ဌာ ဥဘတောသံဃေ တိဟိ ဌာနေဟိ န ပဓါ
ရေယျ ဒိဋ္ဌေန ဓါ သုတေန ဓါ ပရိသင်္ကာယ ဓါ။ ပါစိတ္တိယံ။

ပြည့်စုံရမည့် အင်္ဂါများ-

၁။ အသက် ၂၀-ပြည့်ခြင်း၊
၂။ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါး၌ ကျင့်ပြီးသောသိက္ခာရှိခြင်း၊
၃။ ဝုဋ္ဌာနသမ္မုတိရပြီးခြင်း။

၇။ **ပါစိတ်သင့်စေနိုင်သော ပုဂ္ဂိုလ်-** ဥက္ခိတ္တကပုဂ္ဂိုလ် ၃-ယောက်။
ဒုက္ကဋ်သင့်စေနိုင်သော ပုဂ္ဂိုလ်- ကြွင်း ၁၈-ယောက်။
လိင်္ဂဏ်ထွေနာ- မိမိကိုယ်တိုင် ရှင် ရဟန်းပြုပြီးနောက် ရဟန်းဓါတ်ကို မရေတွက်, ကြိုးစဉ်ငယ်လိုက် ရဟန်း သာမဏေတို့၏ ရှိခိုးမှုကို မသာယာ, နေရာဖြင့် မတားမြစ်, ဥပုသ်ကံစသည်၌ မပါဝင်၊ ဤပုဂ္ဂိုလ်မျိုးကို မသန့်ရှင်းသောစိတ်ဖြင့် အသွင်မျှကိုသာ ခိုးသောကြောင့် လိင်္ဂဏ်ထွေနာကဟုခေါ်သည်။

၈။ (က) ပုရိမဓါကျွတ် ရဟန်းတော်များ၊
(ခ) ကထိန်သင်္ကန်းပေးမည့် ရဟန်း ၄-ပါး, ခံယူမည့် ရဟန်း ၁-ပါး ပေါင်း ၅-ပါး၊
(ဂ) လူဝတ်ကြောင်, ရသေ့, ရဟန်း-စသူတို့တွင် မည်သူမဆို လျှုပ်နိုင်သည်၊
(ဃ) ဥ ဏ္ဍိုတိယကမ္မဓါစာ၊
(င) ဒုက္ခဋ်, ကိုယ်ရုံ, သင်းပိုင် ၃-ထည်တို့တွင် ၁-ထည်ထည်။

၉။ **ကပ္ပ အရ-** တိတ္ထိတို့ထံ ပရိဗိုဇ်မ ပြုပူးသော ခိုးသူမ၊ အခြားဘိက္ခုနီတို့ထံ သိက္ခမာန်, သာမဏေမ လုပ်ပူးသော ခိုးသူမ။
ဝဇ္ဇ အရ- ခုန်နုခုဒ္ဒကဖြစ်သော အပြစ်။

၁၀။ **ဓမ္မိကဖြစ်ပုံ-** ဘိက္ခုနိအားလုံးတို့အား အကာလသင်္ကန်းလျှူလိုသော ဥပါသကာက ကထိန်ခင်းသဖြင့် ရရှိသော အကျိုးအာနိသင်လာဘ်ထက် အပိုအလွန်ဖြစ်စေ အညီအမျှ

http://www.dhammadownload.com

ဖြစ်ဧ လျှပြီးနောက် တောင်းပန်အပ်သော သမဂ္ဂဘိက္ခုနိသံဃာက ဥတ္တိဒုတိယကမ္မ ဝါစာဖြင့် တပေါင်းလမပြည့်မီ ကထိန်နှုတ်ခြင်းကို ဓမ္မိက ဖြစ်သည်ဟု ဆိုပါသည်။

၆။ ပထမပြန်စာဓမးပဲ့ ကျင်းပဓရးဗဟိုအဖဲ့ခွဲ (တနင်္သာရီတိုင်း) ပထမကြိုးတန်း ။ ။ ဓဒွမာတိကာဘာသာ

ခဒ၆၉--ခုနှစ်၊ ဓနှာင်းတန်ခူးလပြည့်ကျော် (၂) ရက်၊ (၉--၄--၂၀၀၇) အင်္ဂါဓနေ့။

၁။ အောက်ပါ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးသားခဲ့ပါ။
(က) ဘိက္ခုဥဒ္ဒပါစိတ် သပ္ပါဏကဝဂ်၌ ဇာနံ-သန္ဒိပါသော သိက္ခာပုဒ်တို့တွင် နောက်ဆုံး သိက္ခာပုဒ်၊
(ခ) ဘိက္ခုနီ စတုတ္ထသံဃာဒိသေသ်သိက္ခာပုဒ်။

၂။ ရဟန်းတော်များအတွက် တိရိစ္ဆာန်တိရစ္ဆာန်များတစ်ပါး သိုးခြောင်္ကျွဉ်ပြုထားသောအမာလွှမ်း သင်္ကန်း၏ အတိုင်းအတာပမာဏပြ သိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ရေးသားခဲ့ပါ။

၃။ လူပုဂ္ဂိုလ်ကိုသတ်ရန် ပရိယာယ်အားဖြင့် စေခိုင်းပါက ပါရာဇိကကျ/မကျ ဝိနယသာဓကပြဖြေဆို၍၊ ကုလဒူသကသိက္ခာပုဒ်၏ နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထု-တို့ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

၄။ ကျောင်းဒါယကာရှိ၍ ကျောင်းကြီးကြီး ဆောက်လုပ်လိုသော ရဟန်း၏ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဘူတဂါမဝဂ် မဟာလွကဝိဟာရသိက္ခာပုဒ်အလို မြန်မာဘာသာဖြင့် ရေးသားပြ၍၊ ကပ္ပဗိန္ဒုထိုးရန် မြတ်ဗုဒ္ဓခွင့်ပြုတော်မူခဲ့သော အရောင်အဆင်းများကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုခဲ့ပါ။

၅။ ဘိက္ခုနီမတစ်ပါးတည်း မပြုလုပ်သင့်သော ကိစ္စများကို ဝိနယသာဓကပြ ဖြေဆို၍၊ ကုမာရိဘူတသိက္ခာမာန်အား ပဋိဉာဉ်ခံပေးထိုက်သော အဂါရဝပျများကိုလည်း ရေးသားခဲ့ပါ။

၆။ အောက်ပါ ရဟန်း/ ရဟန်းမတို့အား သင့်ရောက်သော အပြစ်များကိုသိက္ခာပုဒ်နှင့်ယှဉ်တွဲပြပါ။

http://www.dhammadownload.com

(က) အညာတိုင်းဘဂ္ဂနိုမထံ သင်္ကန်းအလှူခံသောရဟန်း၊
(ခ) မယ်တော်၏ လက်ဝဲပုခုံးကို သိမ်းဆည်းပေးသောရဟန်း၊
(ဂ) ညောင်ဧောင်းတစ်ခုတည်း၌ နှစ်ယောက်အတူအိပ်သောရဟန်းမ၊
(ဃ) လူမိန်းမတို့ကို နှိပ်ခိုင်းသောရဟန်းမ၊
(င) ညဉ့်အမှောင်ဝယ် အမျိုးသားတစ်ယောက်နှင့် ချိန်း၍ စကားပြောသောရဟန်းမ။

၇။ ဂိလာနသော်မှ လွတ်လပ်ခွင့်မရသော သေခိယသိက္ခာပုဒ်အမည်များကို ရေးသားပြဆို၍၊ ဘေဒါနဝတ္ထုကာသိက္ခာပုဒ်၌ ''ဧကော ဓံ ဒွေ ဓံ တယော ဓံ''ဟု သုံးပါးအထိသာ ဟောတော်မူခြင်းအကြောင်းကို ကခ်ီအလိုကျ ရေးသားခဲ့ပါ။

၈။ ပထမကထိနသိက္ခာပုဒ်-နှင့် အစွေ့ကစိဝရသိက္ခာပုဒ်-တို့၏ ထူးခြားမှုကို ကခ်ီဆရာအလိုကျ ရေးသား၍၊ စိဝရအဋ္ဌ ဆုန္နသိက္ခာပုဒ်လာသာမံ စိဝရံ-၌ စိဝရ-အရ အာဘယ်သို့သော သင်္ကန်းကို ယူရပါမည်နည်း ကခ်ီအလိုကျ ရေးသားခဲ့ပါ။

၉။ ပဒသောဓမ္မသိက္ခာပုဒ်လာ အနုပသမ္ပန္နနှင့် ပထမသဟသေယျသိက္ခာပုဒ်လာ အနုပသမ္ပန္နတို့ တူ/မတူ ကခ်ီအလိုကျ ရှင်းပြ၍၊ ဥယျုတ္တသေနာသိက္ခာပုဒ်လာ ''သေနံ''အရ စစ်အင်္ဂါလေးပါး သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

၁၀။ ကမ္မပ္ပဋိဗာဟနသိက္ခာပုဒ်လာ ဓမ္မိကာနံ ကမ္မာနံ-၌ သိသင့်သိထိုက်သော ကံ-လေးပါး တို့ကို ကခ်ီအလိုကျ ထုတ်ဆောင်ပြ၍၊ ဘိက္ခုနိသိက္ခာပုဒ်တိုင်း၌ ''သိက္ခာသာဇီဝ သမာပန္နော သိက္ခံ အပ္ပစ္စက္ခာယ''စသည် မပါခြင်းအကြောင်းကို ကခ်ီဆရာညွှန်ကြားချက်အတိုင်း ရေးသားခဲ့ပါ။

၆။ တနင်္သာရီတိုင်း (အဖြေ)
ပထမကြိတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) ဥက္ခိတ္တာသမ္ဘောဂသိက္ခာပုဒ်ကို ပါဠိရေးလေ၊

http://www.dhammadownload.com

မှတ်ချက်–ဇာနံ သန္ဒိပါသော နောက်ဆုံးသိက္ခာပုဒ်သည် ကဏ္ဍကသိက္ခာပုဒ် ဖြစ်သည်၊ သို့သော် ဥက္ခိတ္တာသမ္ဘောဂသိက္ခာပုဒ်ကို မေးလိုဟန်ရှိ၍ ၎င်းကို ဖြေဆိုသည်။

(ခ) ဥက္ခိတ္တကဩသာရဏာသိက္ခာပုဒ်ကို ပါဠိဇရေးလေ။

၂။ ကဏ္ဍကပ္ပဋိစ္ဆာဒိသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ လူကို သတ်ရန် ပရိယာယ်ဖြင့် စေခိုင်းပါက ပါရာဇိကကျသည်။
သာဓက– မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ။
နိဒါန်း– သာဝတ္ထိပြည်၊
ပုဂ္ဂိုလ်– အသဇီ, ပုနဗ္ဗသုကရဟန်းများ၊
ဝတ္ထု–ဆန္နာဂတိစသည်တို့သို့ ရောက်စေခြင်း။

၄။ ကျောင်းဒကာရှိ၍ (ဥလ္လိတ္တာဝလိတ္တာ) ကျောင်းကြီးကြီး ဆောက်လုပ်လိုသောရဟန်းသည်
၁။ တံခါးရွက်, တံခါးပေါင်တို့ကို မလှုပ်ရှားအောင် ထားခြင်းဟူလည်းကောင်း လေသောက်ပြူတင်း တံခါးရွက်တို့ကို ခိုင်မြဲအောင် ပြုခြင်းဟူလည်းကောင်း တံခါးပေါင်၏ ထက်ဝန်းကျင် ၂–တောင်ထွာ အရပ်ကို အင်္ဂတေ သို့မဟုတ် မြေညက်ဖြင့် ကိုယ်တိုင် အထပ်ထပ် လိမ်းကျံနိုင်သည်၊ သူတစ်ပါးကိုလည်း လိမ်းကျံစေနိုင်သည်။
၂။ ဆိုခဲ့ပြီးသော တံခါး၏ ၂–တောင့်ထွာအရပ်နှင့် လေသာပြူတင်း၏ တံခါးရွက် ပမာဏပတ်လည် အရပ်ထက် ပို၍ အထပ်ထပ်လိမ်းကျံခြင်း မပြုရ။
၃။ အမိုး၏ ဝန်းကျင်လှည့်ပတ် ၂–ထပ် ၃–ထပ်မိုးခြင်းကို စိမ်းစိုသော ကောက်ပဲသီးနှံ မရှိရာ အရပ်၌ ကိုယ်တိုင်စိမ်နိုင်သည်။
၄။ ဆိုခဲ့ပြီးသော ၂–ထပ် ၃–ထပ်ထက် ပို၍ မစီမံရ။
ကပ္ပဗိန္ဒုအရောင်– (ကရင် ၄–တွင်ရှု)

၅။ အခြားရွာသို့သွားခြင်း၊ မြစ်တစ်ဖက်ကမ်းသို့ သွားခြင်း၊ ညဉ့်အခါ အရုဏ်တက်ချိန်၌ အဖေါ်ရဟန်းမနှင့် ခွဲနေခြင်း၊ ဂိုဏ်းမှ ချန်ရစ်နေခြင်း။

http://www.dhammadownload.com

သာဓက– ယာ ပန ဘိက္ခုနိ ကော ဝါ ဂါမန္တရံ ဂစ္ဆေယျ၊ ဇကော ဝါ နဒီပါရံ ဂစ္ဆေယျ၊ ကော ဝါ ရတ္တိ ဝိပ္ပဝသေယျ၊ ကော ဝါ ဂဏမှာ ဩဟီယေယျ၊ အယမ္ပိ ဘိက္ခုနိ ပဌမာ ပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။

အဂ်ါရပ်များ– (စစ်ကိုင်း ၆–တွင်ရှု)

၆။ (က) စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယဝါစိတ်၊
(ခ) ရတနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) ဇောမဋ္ဌတုဝဋ္ဋနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) ဂိဟိနိဉ္စမ္မဒ္ဒါပနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(င) ရတ္တန္ဓကာရသိက္ခာပုဒ်ဖြင့် ပါစိတ်။

၇။ **ဂိလာနမလွတ် သေခိယသိက္ခာပုဒ်များ–**
သမတိတ္တိက, ဩဒနပ္ပဋိစ္ဆာဒန, ဥဇ္ဈာနသညိသိက္ခာပုဒ်။
ဇကော ဝါ ဒွေ ဝါ တယော ဝါ–ဟုသာ ဟောတော်မူရကြောင်း–
၃–ပါးထက်ပိုလွန်သော ရဟန်းများသည် နိဂ္ဂဟကံပြုထိုက်သူများ မဟုတ်ကြသောကြောင့် လည်းကောင်း, ၃–ပါးထက်ပိုလျှင် သံဃာဖြစ်၍ သံဃာသည် သံဃာအား နိဂ္ဂဟကံ မပြုကောင်းသောကြောင်းလည်းကောင်း ဇကော ဝါ ဒွေ ဝါ တယော ဝါ–ဟုသာ ဟောတော်မူရသည်။

၈။ **ထူးခြားမှု–**
ပထမကထိနသိက္ခာပုဒ်၌ သင်္ဃန်းကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ၁၀–ရက်သာ ထားခွင့်ရှိသည်၊ အစွေ့ကစီဝရသိက္ခာပုဒ်၌ကား ၁၁–ရက် ထားခွင့်ရှိသည်။
စီဝရ အရ– ဝိကပ္ပနာလောက်သော အငယ်ဆုံးသင်္ဃန်း။

၉။ **အနုပသမ္ပန္န–**
ပဒသောဓမ္မသိက္ခာပုဒ်– ဘိက္ခု, ဘိက္ခုနီမှတစ်ပါး လူ, သာမဏေများကို ယူရမည်။

http://www.dhammadownload.com

ပထမသဟသေယျသိက္ခာပုဒ်– ဘိက္ခုမှတစ်ပါး ကြွင်း အထီးသတ္တဝါများ, အယုတ်ဆုံး အားဖြင့် ပါရာဇိကဝတ္ထုဖြစ်သော တိရစ္ဆာန်အထီးများကို ယူရမည်၊ ထို့ကြောင့် မတူပါ။

စစ်အင်္ဂါလေးပါး သရုပ်–

ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်။

၁၀။ ကံ ၄–ပါး– ဟုတ်မှန်သောသဘော (ဓမ္မ), စောဒနာသာရဏာဝိနည်း (ဝိနယ), မြတ်စွာဘုရားအဆုံးအမဖြစ်သော ဥတ်ကမ္မဝါစာ (သတ္ထုသာသန) ဖြင့် ပြုအပ်သော အပလောကနကံ, ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံ။

သိက္ခာသာဇီဝသမာပန္နော– စသည် မပါရကြောင်း–

ဘိက္ခုနီများသည် ဘိက္ခုများကဲ့သို့ သိက္ခာချခြင်းမည်သည် မရှိသောကြောင့် သိက္ခာသာဇီဝ သမာပန္နော–စသည် မပါရခြင်း ဖြစ်ပါသည်။

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း (အနောက်ပိုင်း) ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၆၉–ခုနှစ်၊ တပေါင်းလဆုတ် (၃) ရက်၊ (၂၄–၃–၂၀၀၈) တနင်္လာနေ့။

၁။ အောက်ပါဘိက္ခုနီမများအား သင့်ရောက်သည့် အပြစ်ပြသိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးပြပါ။

(က) ပါရာဇိကအာပတ်သင့်နေသော ဘိက္ခုနီဟုသိလျက် မသိကျိုးကျဲပြုနေသော ဘိက္ခုနီ၊

(ခ) နှစ်ဦးသဘောတူ သင်္ကန်းလဲလှယ်ပြီးနောက် မိမိ၏သင်္ကန်းကို ပြန်လုယူသော ဘိက္ခုနီ။

၂။ ဘိက္ခုသုဒ္ဓပါစိတ်၌ ''အယံ တတ္ထ သာမိစိ'' ပါဝင်သော သိက္ခာပုဒ်တို့တွင် အစဆုံးသိက္ခာပုဒ်ကို အနက်မှန်မှန် ယောဇနာခဲ့ပါ။

၃။ သဟဓမ္မိကသိက္ခာပုဒ်၌ ကျင့်လိုသောရဟန်းများ၌လိုက်နာရမည့် ဝတ္တရားများကို ပါဠိ+မြန်မာ တွဲစပ်ဖြေဆိုရှု၊ ပါတိမောက်ပြရာတွင် မောဟနရဟန်းအား ရဟန်းကောင်းတို့က မောဟနကံသို့ တင်ပုံစကားရပ်တို့ကိုလည်း မြန်မာစကားပြေဖြင့် ဖြေဆိုပါ။

http://www.dhammadownload.com

၄။ အောက်ပါတို့၏ အလျား, အနံ, ပမာဏတို့ကို ကျမ်းရင်းခ် စာဖြေအရှင် လေ့လာထား သည့်အတိုင်း ဖြေဆိုခဲ့ပါ။
(က) နိသိဒိုင်၊ (ခ) အမာလွှမ်းသက်နှံး၊ (ဂ) ပိုးရေခံသက်နှံး၊
(ဃ) ဘုရားရှင်၏သက်နှံးတော်။

၅။ အဋ္ဌဝတ္ထုကာ၌ အဋ္ဌသရုပ်ကို မြန်မာစကားပြေဖြင့် ဖော်ထုတ်ရေးသားပြီးလျှင်၊ သူကြွယ် သူကြွယ်သားတို့နှင့် ရောနှောနေသောဘိက္ခုနီကို အခြားဘိက္ခုနီတို့က ပြောဆိုဆုံးမပုံ စကားကိုလည်း မြန်မာစကားပြေဖြင့် ရေးပြခဲ့ပါ။

၆။ အောက်ပါ ဘိက္ခု ဘိက္ခုနီတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲ ဖော်ပြဖြေဆိုခဲ့ပါ။
(က) ကိုယ်တိုင်ချည်တောင်း၍ သက်နှံးရက်စေသော ဘိက္ခု၊
(ခ) ကျန်းမာရေးကောင်းလျက် မိုးမွှေး၍လှုံသော ဘိက္ခု။
(ဂ) ညအခါ အဖော်မပါ တစ်ယောက်တည်းနေသော ဘိက္ခုနီ၊
(ဃ) မိဘတို့၏ အမှုကိစ္စကို ဆောင်ရွက်ပေးသော ဘိက္ခုနီ၊
(င) လက်ကောက်ဝတ်ဆင်သော ဘိက္ခုနီ။

၇။ အလမရိယဉာဏဒဿနံ-၌ ဉာဏမည်ပုံ ဒဿနမည်ပုံ အဓိပ္ပါယ်များကို ဖော်ပြပြီး၊ စတုတ္ထပါရာဇိကအာပတ်တို့ကိုလည်း ပီပြင်ကျနတင်ပြရေးသားခဲ့ပါ။

၈။ ဒုတိယသေနာသန သိက္ခာပုဒ်ပါ သေယျံ သန္တရိတ္တာပါဠိဖြင့် ညွှန်ပြအပ်သော သန္တရိတ္တ သေယျ အခင်းအမျိုးအစား (၁၀)ပါးတို့ကို မြန်မာဘာသာဖြင့် မမှားအောင်ရေးခဲ့ပါ။

၉။ အဓိကရဏ်းငြိမ်းစေရာ၌ အဘယ်အဓိကရဏ်းကို အဘယ်အဓိကရဏသမထတို့ဖြင့် ငြိမ်းနိုင်သည်ကို ရှင်းလင်းအောင် အသီးသီးတွဲစပ် ဖြေဆိုပြီး၊ သမ္မုခသရုပ်ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

၁၀။ တုဝဋ္ဋ ဝဂ် အဖာသုကရဏသိက္ခာပုဒ်ဝယ် အဘယ်သို့ပြုမူသည်ကို စိတ်မချမ်းမသာအောင် ပြုသည်ဟု မှတ်ရမည်ကို ဖော်ပြပြီး၊ ယင်းသိက္ခာပုဒ်၏ အဂ်ိကိုလည်း ပြည့်စုံစွာ ရေးခဲ့ပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၇။ ပဲခူးတိုင်း/အဓနာက် (အဖြေ)

ပထမကြီးတန်း ။ ။ ဓဒ္ဓမာတိကာဘာသာ

၁။ (က) ဝဇ္ဇပုဋ္ဌဒီကာသိက္ခာပုဒ်ကို ပါဠိဖြင့်ရေးလော်၊
(ခ) စိဝရပရိဝတ္တနသိက္ခာပုဒ်ကို ပါဠိဖြင့်ရေးလေ။

၂။ ကာဏာမာတုသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ အညာတဗ္ဗံ– သိက္ခာပုဒ်ဆိုင်ရာ၌ မသိလျှင် သိအောင်ပြုရမည်၊
ပရိပုစ္ဆိတဗ္ဗံ– သိအောင်ပြုပါလျက် မသိလျှင်လည်း မေးရမည်၊
ပရိပဥ္ဉိတဗ္ဗံ– မေးပြီးနောက်လည်း အဖန်ဖန် အထပ်ထပ် ကြံစည်ရ နှိုင်းချိန်ရမည်။
မောတကံသို့ တင်ပုံ စကားရပ်–
ဤရှင် သင်္ဃသည် ပါတိမောက်ရွတ်ပြစဉ် ကောင်းမွန်စွာ အကျိုးရှိသည်ကို ပြု၍ နှလုံးမသွင်း၊ သင်္ဃသည် ဒိဋ္ဌမင်္ဂိက သမ္မရာယိကလာဘ်တို့ကို မရအပ်လေကုန်စွ၊ ကံကောင်းထောက်မ သဖြင့် ရအပ်သော လူ့အဖြစ်ကို မကောင်းသဖြင့် ရအပ်လေစွ ဇီ–အရ မတော်လေစွ။
မှတ်ချက်– ဤစကားရပ်သည် မောဟကံမတင်မီ ပြောဆိုရမည့် စကားရပ်ဖြစ်သည်၊ ဤသည်ကို မေးလိုဟန်ရှိ၍ ဖြေလိုက်သည်၊ မောဟကံသို့ တင်ပုံစကားရပ် မဟုတ်ပါ။

၄။ (က) ဘုရား၏ အထွာတော်ဖြင့် အလျား ၂–ထွာ၊ အနံ ၁–ထွာခွဲ၊ အမြင့် ၁–ထွာ။
(ခ) ဘုရား၏ အထွာတော်ဖြင့် အလျား ၄–ထွာ၊ အနံ ၂–ထွာ။
(ဂ) ဘုရား၏ အထွာတော်ဖြင့် အလျား ၆–ထွာ၊ အနံ ၂–ထွာခွဲ။
(ဃ) ဘုရား၏ အထွာတော်ဖြင့် အလျား ၉–ထွာ၊ အနံ ၆–ထွာ။

၅။ **အဋ္ဌ သရုပ်–**
၁။ ယောကျ်ားက မိမိလက်ဆွဲသည်ကို သာယာခြင်း၊
၂။ မိမိသက်နှံးဆွဲသည်ကို သာယာခြင်း၊
၃။ ကာယသံသဂ္ဂပြုချင်လာအောင် ယောကျ်ား၏ ဟတ္ထပါသ်၌ ရပ်တည်နေခြင်း၊

http://www.dhammadownload.com

၄။ ကာယသံသဂ္ဂပြုချင်လာအောင် ယောကျ်ားဏ် ဟတ္ထပါသ်၌ စကားပြောခြင်း။

၅။ မည်သည့်နေရာသို့ လာခဲ့ပါဟု ချိန်းချက်လျှင် ထိုနေရာသို့သွားခြင်း။

၆။ ယောကျ်ားက ချိန်းချက်ရာသို့ လာလျှင်လည်း သာယာခြင်း။

၇။ သစ်ပင်ခြုံနွယ် အကာအရံရှိရာသို့ ဝင်သွားခြင်း။

၈။ ယောကျ်ားက ကာယသံသဂ္ဂပြုပြုအောင် မိမိကိုယ်ကို ယောကျ်ားဘက်သို့ ညွှတ်ပေးခြင်း။

ပြောဆိုဆုံးမပုံ–အရှင်မ အိမ်ရှင်ယောကျ်ားနှင့်လည်းကောင်း, အိမ်ရှင်ယောကျ်ား၏ သားနှင့်လည်းကောင်း ရောရောနှောနှော မနေပါနှင့်၊ ကင်းကင်းရှင်းရှင်း နေပါ။ ညီမ၏ ကင်းရှင်းခြင်းကိုသာလျှင် သံယာက ချီးမွမ်းပါ၏။

၆။ (က) သုတ္တဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယိစတ်၊

(ခ) ဇောတိသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဂ) ဇောဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊

(ဃ) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(င) ဂ္ဂဏ္ဌာလင်္ကာရသိက္ခာပုဒ်ဖြင့် ပါစိတ်။

၇။ ဥဒ္ဒေသ– မဟာဂ္ဂါတ်, လောကုတ္တရာပညာသည် သိတတ်သော အနက်သဘောကြောင့် ဥဒ္ဒေသမည်၏။

ဒေသနာ– မဟာဂ္ဂါတ်, လောကုတ္တရာပညာသည် ပကတိမျက်စိဖြင့် မြင်အပ်သကဲ့သို့ တရားကို မျက်မှောက်ပြုခြင်းအားဖြင့် မြင်တတ်အနက်သဘောကြောင့် ဒေသနာမည်၏။

စတုတ္ထပါရာဇိက အင်္ဂါ–

၁။ ဥတ္တရိမနုဿဓမ္မ၏ မိမိ၌, မရှိခြင်း၊

၂။ ယုတ်မာသော အလိုဖြင့် ဥတ္တရိမနုဿဓမ္မကို ပြောခြင်း၊

၃။ သူတစ်ပါးကိုကဲ့သို့ ညွှန်ပြသောအရာ မဟုတ်ခြင်း၊

၄။ အပြောခံရသူ လူသားစင်စစ် ဖြစ်ခြင်း၊

၅။ ပြောပြီးသည်နှင့် တစ်ပြိုင်နက် ဥတ္တရိမနုဿဓမ္မရှိသူဟု သိခြင်း။

http://www.dhammadownload.com

၈။ သေယျ အမျိုးအစား ၁၀-ပါး-

ဘုံလျှို၊ အဝတ်ကြမ်း၊ အပေါ်လွှမ်း အခင်း၊ သင်ဖြူးစသော မြေပေါ်အခင်း၊ ဗျာကြမ်း၊ သားရေဝိုင်း၊ နိသီဒိုင်၊ ကော်ဇောစသော သိုးခြားအခင်း၊ မြက်အခင်း၊ သစ်ရွက်အခင်း။

ဆောင်- *ဘိသိ, စိမိ၊ ဥတ်, ဘူမိ၊ တဋ္ဋိ, စမ္မကွက်။ နိသီ, ပစ္စ၊ တိ, ဝတ္ထာ၊ ဆယ်ဝ သေယျမှန်။*



၉။ ဝိဝါဒါဓိကရဏ်း- သမ္မုခါဝိနယ၊ ယေဘုယျသိကာ၊ ၂ ။

အနုဝါဒါဓိကရဏ်း-သမ္မုခါဝိနယ၊ သတိဝိနယ၊ အမူဠှဝိနယ၊ တဿပါပိယသိကာ၊ ၄။

အာပတ္တာဓိကရဏ်း-သမ္မုခါဝိနယ၊ ပဋိညာတကရဏ၊ တိဏဝတ္ထာရက၊ ၃ ။

ကိစ္စာဓိကရဏ်း- သမ္မုခါဝိနယ၊ ၁ ။

ဆောင်- ဝိဝါ, နုဝါ၊ အာ, ကိစ္စာ၊ လေးခြာ ဓိကရဏ်း။

သမ်, သ, အ, ဝ၊ ယေ, တဿနှင့်၊ တိဏဝတ္ထာ၊ သမထာ၊ မှတ်ပါ ဥဒ္ဒစ်လုံး။

သမထ ၇-ခြာ၊ စဉ့်တိုင်းသာ၊ ထေးဝါ မှန်မလွဲ။

၄-ခြာ သမ်မှာ၊ နု, နု, အာ၊ ဝိ, နု, အာ-ဟု တွဲ။

အဓိကဝဏ်း ၄-ခြာ၊ သမထာ၊ တွဲဝါ မဆက်ဒဲ။

သမ္မုခသရုပ် ၄-ပါး-

သံဃသမ္မုခ, ဓမ္မသမ္မုခ, ဝိနယသမ္မုခ, ပုဂ္ဂလသမ္မုခ။

၁၀။ **စိတ်မချမ်းသာအောင် ပြုမူပုံ-**

ဤစကြံ့သွားခြင်း-စသည်ကြောင့် ဤရဟန်းအား မချမ်းသာခြင်း ဖြစ်လိမ့်မည်ဟု နှလုံးသွင်း၍ မပန်ကြားဘဲ ရှေ့၌ စကြံ့သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်းစသည်များကို ပြုခြင်း၊ ကိုယ်တိုင်ပါဠိရွတ်ခြင်း, သူတစ်ပါးကို ရွတ်စေခြင်း, အနက်အဓိပ္ပါယ်မေးခြင်း, သရဇ္ဈယ်ခြင်းများကို ပြုခြင်း-တို့သည် စိတ်မချမ်းသာအောင် ပြုမူပုံများ ဖြစ်ပါသည်။

ယင်းသိက္ခာပုဒ် အင်္ဂါ-

၁။ ရဟန်းမဖြစ်ခြင်း၊

၂။ မချမ်းသာမှုကို ပြုလိုခြင်း၊

၃။ မချမ်းသာမှုကို ပြုခြင်း၊

၄။ မပန်ကြားခြင်း။

http://www.dhammadownload.com

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အရှေ့)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၆၉-ခုနှစ်၊ တဇပါင်းလပြည့်ကျော်(၃)ရက်၊ (၂၄-၃-၂၀၀၈) တနင်္လာနေ့။

၁။ အောက်ဖော်ပြပါ ရဟန်း၊ ရဟန်းမတို့အား သင့်ရောက်သော အပြစ်ပြသိက္ခာပဒတို့ကို ပါဠိဖွင့်ရေးပြခဲ့ပါ။

(က) ''ဝိနည်းပိဋကတ် အကျဉ်းမြတ်ကို သင်အံကျက်မှတ်နေရခြင်းသည် အကျိုးမရှိ-မောရုံပန်းရုံသာ'' ဟု ကဲ့ရဲ့ ပြစ်တင်သောရဟန်း၊

(ခ) ဥပဇ္ဈာယ်ဆရာ-မပြုလုပ်ရန် ပြောဆို တားမြစ်သည်ကို ဝန်ခံပြီးပါလျက် ကဲ့ရဲ့ ရှုတ်ချသော ရဟန်းမ။

၂။ ဘတ်(စ်)ကားမှတ်တိုင်၌ ယောကျ်ားတစ်ယောက်နှင့်အတူရပ်လျက် စကားတီးတိုးပြော ဆိုနေသောရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်မှန်ကန်စွာပေးပြခဲ့ ပါ။

၃။ မိုးရေးခံသက်နှင့်စပ်လျဉ်း၍ ရှားမှိုးနိုင်သော ''ကုစ္ဆိသမယ''၊ မရှားမှိုးနိုင်သော ''ဝိဋ္ဌိ သမယ'' တို့ကို ရက်အားဖြင့် ခွဲခြားပြေဆိုပြီးလျှင် ရွာတွင်း၌ သက်နှံးထားပြီး ညဉ့်ကင်း၍ နေနိုင်ရန် လိုအပ်သော အင်္ဂါရပ်တို့ကိုလည်း ကျမ်းရင်းလာသည့်အတိုင်း ရေးသား ဖြေဆိုခဲ့ပါ။

၄။ (က) မာတုဂါမအား သီလပေးရာ၌ ''ဗုဒ္ဓံသရဏံ ဂစ္ဆာမိ'' စသည်ဖြင့် ပါဠိများစွာ ပါ ရှိနေရာ ဓမ္မဒေသနာသိက္ခာပုဒ်အရ အပြစ်ရှိ/မရှိ အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်၊

(ခ) ဘိက္ခုပါတိမောက်လာ-သမ္ဘုတိ(၄)မျိုးကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

၅။ ''ဝိနိုးမတို့ချည်း တစ်ကိုယ်တည်း ဘယ်ခါမတည်ရာဘူး၊ တည်ပါတဲ့ကြား အပြစ်များဏ်'' လက်ဘအရ(က)တစ်ယောက်တည်းနေခြင်း(၄)မျိုး၊ (ခ)တစ်ယောက်တည်းနေသဖြင့်

http://www.dhammadownload.com

ရရှိသော အပြစ်တို့ကို ဘိက္ခုနီ ပါတိမောက်လာအတိုင်း ဖြေဆိုပြီးလျှင်၊ (၈) ဘိက္ခုနီ နိဿဂ္ဂိယိစ်တ်၌ သာဓာရဏာ၊ အသာဓာရဏာ သိက္ခာပုဒ်များကို သန့်ရှင်းသော ရေးပြခဲ့ပါ။

၆။ ရဟန်းမများ မိမိလက်ဖြင့် ခဲဘွယ်+ဘောဇဉ်များကို မပေးကောင်းသောပုဂ္ဂိုလ်များကို ပို့ဆို+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ပြပြီးလျှင်၊ အောက်ပါရဟန်းမတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကိုလည်း သိက္ခာပုဒ်ထောက်၍ ဖြေဆိုခဲ့ပါ။

(က)_ မိမိကိုယ်ကို ထုချိုင်သော ရဟန်းမ၊

(ခ) မဂ်ဖိုလ်မှ ဗိလာဖြစ်သော အတတ်ပညာကို သင်ယူသောရဟန်းမ။

၇။ ဘုရားရှင်၏ ဝိနည်းပညတ်တော်(၉)ပါးတွင် ပဒေသပညတ်၏ သရုပ်ကို ထုတ်ပြပြီးလျှင်၊ "ပကတတ် ရဟန်း" ဟူသည် မည်သည့်ရဟန်းမျိုးဖြစ်သည်ကိုလည်း ကခ်ီလာသည့် အတိုင်းဖြေဆိုခဲ့ပါ။

၈။ တိစီဝရိတ်သင်္ကန်းနှင့် ညဉ့်ကင်း၍ နေသော်လည်း ဥဒေါသိတသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်သော ပုဂ္ဂိုလ်များကို ဖော်ပြပြီးလျှင်၊ မုသာဝါဒ-၏အင်္ဂါတို့ကိုလည်းကခ်ီလာသည့်အတိုင်းရေတွက်ပြခဲ့ပါ။

၉။ ဂဏဘောဇနေ၌ ဂဏ-အရှင့် ဘောဇန-အရတို့ကို ခွဲခြားဖြေဆိုပြီးလျှင်၊ ဇတဒေဝ-ပစ္စယံ ကရိတ္တွာ အနုညံ-၌ ဇတဒေဝ-အရှင့် အညာ-အရတို့ကိုလည်း ကခ်ီလာသည့် အတိုင်း ဖြေဆိုပြခဲ့ပါ။

၁၀။ အသက်(၂၀)မပြည့်သူကို ရဟန်းခံပေးရာ၌ ဥပဇ္ဈာယ်ဆရာ သင့်သောအာပတ်ကိုရေးသားဖြေဆိုပြီးလျှင်၊ ကျန်ရစ်သော ပစ္စည်းများကို ကောက်ယူသိမ်းဆည်းထားနိုင်သော နေရာကိုလည်း ကခ်ီလာသည်အတိုင်း တိကျစွာဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၈။ ပဲခူးတိုင်း/အဓေ့ (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) ဝိလေခနသိက္ခာပုဒ်ကို ပါဠိရေးလေ၊
(ခ) ခိယျနဓမ္မသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဒုတိယိကဥယျာဇနသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ ကုစ္ဆိ သမယ– နယုန်လပြည့်ကျော် ၁–ရက်မှ တန်ဆောင်မုန်းလပြည့်အထိ၊ ၅–လ၊ ရက်ပေါင်း ၁၄၅–ရက်။
ဗိဠွသမယ– တန်ဆောင်မုန်းလပြည့်ကျော် ၁–ရက်မှ လာလတွဲ့ နယုန်လပြည့်အထိ ၇–လ၊ ရက်ပေါင်း ၂၀၇–ရက်။
လိုအပ်သော အင်္ဂါ–
၁။ ပုရိမဝါကျွတ်သူဖြစ်ခြင်း၊
၂။ သီတင်းကျွတ်လပြည့်ကျော် ၁–ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ကတ္တိကမာသ ဖြစ်ခြင်း၊
၃။ လေးအပြန် ၅၀၀–၀၀း၀သော တောကျောင်းဖြစ်ခြင်း၊
၄။ ယုံမှားဖွယ်နှင့်တကွ ဘေးရန်နှင့်တကွ ဖြစ်ခြင်း။

၄။ (က) သရဏဂုံသီလပေးမှုသည် ပါဠိတော်ဓမ္မဖြစ်သောကြောင့် မွေဒေသနာသိက္ခာပုဒ်အရ အပြစ်ရှိသည်။ (ရှေးဆရာတော်များ)
(တစ်နည်း) မွေဒေသနာသဘောမဟုတ်သောကြောင့် အပြစ်မရှိပါ။ (နောက်ဆုံးဆရာများ)
(ခ) ၁။ တိဏဝတ္ထာရကသိက္ခာပုဒ်နှင့် ညဉ့်ကင်းနေနိုင်ရန် ပေးအပ်သော အဝိပ္ပဝါသသမ္မုတိ၊
၂။ ၆–နှစ်အတွင်း အခင်းသစ်ပြုလုပ်ခွင့်ရှိရန် ပေးအပ်သော သန္ထတသမ္မုတိ၊
၃။ ရွာတွင်းဦးထားသော သင်္ကန်းနှင့် ၆–ညဉ့်ထက် ပို၍ ကင်းနေနိုင်ရန် ပေးအပ်သော အဝိပ္ပဝါသသမ္မုတိ၊

http://www.dhammadownload.com

၇၊ ရဟန်း၏ ဒုဋ္ဌုလ္လအပြစ်ကို လူ, သာမဏေတို့အား ပြောကြားနိုင်ရန် ပေးအပ်သော (ကတိကဝတ်ဟူသော) သမ္မုတိ။

၅။ (က) (တနည်းရှိ ၅-တွင်ရှု)။

(ခ) ဇါမန္တရဂမနသံဃာဒိသေသ်အာပတ်၊ နဒီပါရဂမနသံဃာဒိသေသ်အာပတ်၊ ရတ္တိဝိပ္ပဝါသသံဃာဒိသေသ်အာပတ်၊ ဂဏာဩဟီယနသံဃာဒိသေသ်အာပတ်။

(ဂ) သာဓာရဏာသိက္ခာပုဒ်- ၁၈၊ အသာဓာရဏာသိက္ခာပုဒ်- ၁၂။

၆။ အဇ်ဈိရိက-လူဝတ်ကြောင်၊ ပရိဇ္ဇာဇက- ပရိဗိုဇ်ယောကျ်ား၊ ပရိဇ္ဇာဇိကာ- ပရိဗိုဇ်မ။

(က) ရောဒနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ခ) တိရစ္ဆာနဝိဇ္ဇာပရိယာပုဏာနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၇။ **ဗဒေသပညတ်-**

၁။ ဝိနည်းမိုရ်လျှင် ၅-ပါးမြောက်ရှိသော ဂိုဏ်းဖြင့် ရဟန်းပြုပေးခြင်း၊

၂။ အထပ်ထပ် အလွှာလွှာရှိသော ဖိနပ်တို့ကို စီးခြင်း၊

၃။ အမြဲ ရေချိုးခြင်း၊

၄၊ သားရေအခင်းကို အသုံးပြုခြင်း။

ပကတတ်ရဟန်း-

ဥက္ခိတ္တကပုဂ္ဂိုလ်လည်း မဟုတ်၊ တူသောသံဃာသရှိသူလည်းဖြစ်သော ရဟန်း။

၈။ **ဥဒေါသိတသိက္ခာပုဒ်ဖြင့် အာပတ်မသင့် ပုဂ္ဂိုလ်များ-**

၁။ အရုဏ်တက်ချိန်အတွင်း ပစ္စုဿိရ်ပြုသော ရဟန်း၊

၂။ သူတစ်ပါးတို့အား စွန့်လွှတ်သော ရဟန်း၊

၃။ ခိုးသူ လုယက်သဖြင့် ပျောက်ပျက်သောသက်နှံရှိသော ရဟန်း၊ ပျက်စီးသော သက်နှံရှိသော ရဟန်း၊

၅။ သက်နှံမိုးလောင်ခံရသော ရဟန်း၊

၆။ ဓားပြတို့ လုယူအပ်သော သက်နှံရှိသော ရဟန်း၊

၇။ အကျွမ်းဝင်သဖြင့် ယူအပ်သော သက်နှံရှိသော ရဟန်း၊

http://www.dhammadownload.com

၈။ သမ္မုတိရဟန်း၊
၉။ ရူးသော ရဟန်း၊
၁၀။ အာဒိကမ္မိက ရဟန်း။

မုသာဝါဒ အဂတိ-

၁။ မပြောမီ ရှေ့အဖို့၌ " ငါ မုသားပြောမည် " ဟု သိခြင်း၊
၂။ ပြောဆဲခဏာ၌လည်း " ငါ မုသားပြောနေသည် " ဟု သိခြင်း။

၉။ **ဂဏ အရ-** ၄-ပါး, ၄-ပါးထက်ပိုသော ရဟန်း။
ဘောဇန အရ- ဘောဇဉ် ၅-ပါးနှင့် ၎င်းတို့ကို စားခြင်း ကိရိယာ။
တေဒေဝ အရ- မာတုဂါမနှင့်အတူ ရယ်ရွှင်ခြင်းစသော မလျောက်ပတ်သောအကျင့်၊
အညာ အရ- ၂-ပါးအတူ ဆွမ်းခံလျှင် မမျှတခြင်းစသော အခြားသင့်လျော်သော အကြောင်းများ။ (ကခ၊ ၄၊ ၂၃၃)

၁၀။ အသက် ၂၀-မပြည့်သူအား ရဟန်းခံပေးရာတွင် ဥပဇ္ဈာယ်ဆရာအား ပါစိတ်အာပတ် သင့်ပါသည်။

ကောက်ယူသိမ်းဆည်း ထားနိုင်သော နေရာ-

အဇ္ဈာရာမ, အဇ္ဈာဝသထ အရပ်အတွင်း၌လည်း ရဟန်းတို့သည်သော်လည်းကောင်း သာမဏေတို့သည်သော်လည်းကောင်း ယူအပ်သည် ဖြစ်လိမ့်မည်ဟု သံယဇဖြစ်နိုင် လောက်သည့် နေရာမျိုး။

၉။ ပထမပြန်စာဓမ်းပွဲကျင်းပဓရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမကြိုးတန်း ။ ။ ဓဒ္ဓမာတိကာဘာသာ
၁၃၆၉-ခုနှစ်၊ တဓပါင်းလပြည့်ကျော် (၃)ရက်၊ (၂၄- ၃-- ၂၀၀၈) တနလာဓနေ့။

၁။ ဖော်ပြပါ သိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။
(က) သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုမထိုးဘဲ သုံးဆောင်သောရဟန်းအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်၊

5A

http://www.dhammadownload.com

(ခ) ပမာဏထက်ပိုလွန်သော ရေသနုပ်ကို သုံးစွဲသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်။

၂။ ညှပ်ရိုးနှင့် ပုဆစ်ဒူးဝန်းကြားအရပ်၌ အမျိုးသားတစ်ယောက်က သုံးသပ်သည်ကို သာယာသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ ပါရာဇိကကျသောရဟန်း၏ သာသနာတော်မှ ဆုံးရှုံးပုံဥပမာကို ထင်ရှားအောင် ဖော်ပြ၍ ရဟန်းကောင်းတို့က သိက္ခာပုဒ်ဖြင့်ဆုံးမရာ၌ ဒုဗ္ဗစရဟန်းက ဆုံးမ, မခံ ပြန်လှန်ပြောဆိုပုံကိုလည်း မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။

၄။ ရဟန်းတော်များ တိုင်ပင်လျက် အချိန်းအချက်ပြု၍ ခရီးမသွားကောင်းသော ပုဂ္ဂိုလ်တို့ကိုဖော်ပြ၍ အောက်ဖော်ပြပါ သင်္ကန်းတို့၏ ပမာဏကိုလည်း ပါတိမောက်ကျမ်းရင်းလာအတိုင်းဖော်ပြခဲ့ပါ။

(က) နိသီဒိုင်သင်္ကန်း၊ (ခ) အမာလွှမ်းသင်္ကန်း၊ (ဂ) မိုးရေးခံသင်္ကန်း။

၅။ ရဟန်းမများ ယောကျ်ားပုဂ္ဂိုလ်နှင့် အတူတကွ တစ်ယောက်ချင်းချင်း မရပ်ကောင်း, စကားမပြောကောင်းသော အချိန်အခါနှင့် အရပ်ဒေသတို့ကို ဖော်ပြ၍ ကျန်းမာရေးကောင်းပါလျက်တောင်းစားလျှင် အာပတ်သင့်နိုင်သော ပစ္စည်းတို့တွင် ရှေ့လေးပါကိုသာ ဖြေဆိုခဲ့ပါ။

၆။ ဖော်ပြပါ ရဟန်းနှင့် ရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်နှင့်ယှဉ်တွဲ၍ဖြေဆိုခဲ့ပါ။

(က) အမူလက ပါရာဇိကဖြင့် ရဟန်းတစ်ပါးကို စွပ်စွဲသောရဟန်း၊

(ခ) ဆွေမျိုးမတော်သော ဒါယကာထံ သင်္ကန်းတောင်းသောရဟန်း၊

(ဂ) သိလျက် ငြိမ်းအေးပြီးသောအမှုကို ပြန်ဖြစ်ပေါ်အောင် လှုံ့ဆော်သောရဟန်း၊

(ဃ) အဖော်မပါ အခြားတစ်ရွာသို့ သွားသောရဟန်းမ၊

(င) ကျန်းမာပါလျက် ထိုး, ဘိုနပ်ဆောင်သောရဟန်းမ။

http://www.dhammadownload.com

၇။ ကမ္မဝါစာ ရွတ်ဖတ်၍ သမုတ်သောသိမ် အောင်မြင်စေရန် ပြည့်စုံရမည့် အင်္ဂါရုပ်များကို ဖြေဆိုရ၍၊ သံဃာဒိသေသ် ကဋ္ဌိကာရသိက္ခာပုဒ်၏ အင်္ဂါတို့ကိုလည်း ရေးခဲ့ပါ။

၈။ ''အတိရေကစီဝရံ ဓာရေတဗ္ဗံ''၌ အတိရေကစီဝရ-၏ အဓိပ္ပါယ်ကို ဖြေဆို၍၊ အမျိုးဇာတ် အားဖြင့် ပြားသော သင်္ကန်း ၆-မျိုးကိုလည်း မြန်မာဘာသာဖြင့် ဖော်ပြခဲ့ပါ။

၉။ ဘိက္ခုပါတိမောက် ဘူတဂါမဝဂ်လာ အနုပခဇ္ဇသိက္ခာပုဒ်၊ သပ္ပါဏကသိက္ခာပုဒ်တို့၌ ပါရှိသော ဇာနံ-သဒ္ဒါနှစ်ခုတို့၏ အထူးကို ဖြေဆို၍၊ ဘိက္ခုပါတိမောက် ပါဠိဒေသနီယ သိက္ခာပုဒ်တို့၌ပါရှိသော အဂိလာနဟူသည် အဘယ်ရဟန်းမျိုးဖြစ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ ဘိက္ခုနီ မေထုနဓမ္မ သိက္ခာပုဒ်၌ သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတ္တာ-ဟူ၍ မဟောရခြင်းအကြောင်းကို ဖြေဆို၍၊ ဆန္နသော အရကိုလည်း ဖော်ပြခဲ့ပါ။

၉။ မဓကွးတိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓဒွမာတိကာဘာသာ

၁။ (က) ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်၊ (ခ) ဥဒကသာဋိကာသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ ဥဇ္ဇာဏမဏ္ဍလိကာသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **ဆုံးရှုံးပုံဥပမာ-** (ချင်း ၃-တွင်၍)

ပြန်လှန် ပြောဆိုပုံ-

အရှင်တို့ သင်တို့သည် တပည့်တော်ကို ကောင်းသောစကားကိုပြစ်စေ, မကောင်းသော စကားကိုပြစ်စေ တစ်စုံတစ်ခုကိုမျှ မဆိုကြပါ။ကုန်လင့်၊ တပည့်တော်သည်လည်း အရှင်တို့ကို ကောင်းသောစကားကိုပြစ်စေ, မကောင်းသောစကားကိုပြစ်စေပြောလိမ့်မည် မဟုတ်ပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

အရှင်ထို့သင်ထို့သည် တပည့်တော်ကို ပြောဆိုကြောင်းဖြစ်သော စကားမှ ရှောင်ကြဉ်ကြပါကုန်။

၇။ ၁။ ဘိက္ခုနီမ၊
၂။ ခိုးချိုလာသည့် ကုန်သည်, ခိုးရန်သွားမည့် ကုန်သည်ဟူသော ထေယျသတ္ထ၊
၃။ ,မာတုဂါမ။
(က) (ခ) (ဂ)– (ပဲခူး/အနောက် ၄–တွင်ရှ)

၈။ **အချိန်အခါ–** ည၌မှောင်မိုက်ရာအခါ၊
ချောင်ကျခြင်းစသည်ကြောင့် မှောင်နေသော နေ့အခါ။
အရပ်ဒေသ– ဆီမီးစသော အလင်းအရောင် မရှိသည့် အရပ်၊
နံရံစသည်ဖြင့် ဖုံးကွယ်အပ်သော အရပ်၊
အပိုးအကာမရှိသည့် လွင်ပြင် အရပ်၊
ထုတ်ချင်းပေါက် လမ်း၊ ထုတ်ချင်းမပေါက် လမ်း၊ လမ်းဆုံလမ်းခွ။
ရှေ့ ၄–ပါး– ထောပတ်၊ ဆီ၊ ပျားရည်၊ တင်လဲ။

၆။ (က) ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ၊
(ခ) အညာတကဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(ဂ) ဥဇ္ဇော်ဂဒုနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) ဇောဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ၊
(င) ဆတ္တုပါဟနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၅။ **ပြည့်စုံရမည့် အင်္ဂါရပ်များ–**
၁။ ဝိပတ္တိသိမ် ၁၁–လုံးကို ကျော်လွန်ခြင်း (ဝိပတ္တိသိမ် မဖြစ်ခြင်း)၊
၂။ နိမိတ်, ပရိသတ်, ကမ္မဝါစာဟူသော သမ္မတ္တိ ၃–ပါးနှင့် ယှဉ်ခြင်း၊
၃။ နိမိတ် တစ်ခုနှင့် တစ်ခု ဆက်စပ်ခြင်း။

http://www.dhammadownload.com

ကုဋိကာရသိက္ခာပုဒ်၏ အင်္ဂါ-

၁။ ဥလ္လိတ္တစသော ကုဋိ ၃-မျိုးတွင် ၁-မျိုးမျိုး ဖြစ်ခြင်း၊
၂။ အောက်ထစ်ဆုံး ကုဋိပမာဏ (၄-တောင်) ရှိခြင်း၊
၃။ ကုဋိရာကို မည္ဆန်ပြုအပ်ခြင်း၊
၄။ ပမာဏကိုလွန်ခြင်း၊
၅။ မိမိအတွက်ဖြစ်ခြင်း၊
၆။ နေထိုင်ဖို့ရာဖြစ်ခြင်း၊
၇။ အင်္ဂတေမြေညက်တို့ ဆက်စပ်မိခြင်း။

မှတ်ချက်- (၃- ၄) အင်္ဂါ ၂-မျိုးတွင် ၁-မျိုးဖြစ်လျှင် သံဃာဒိသေသ် ၁-ချက် သင့်၏၊
ထင်းကို ရည်ရွယ်လျှင် ၁-ပါးလျော့၍ အင်္ဂါ ၆-ပါး။
၂-မျိုးဖြစ်လျှင် ၂-ချက် သင့်၏၊ ထင်းကို ရည်ရွယ်လျှင် အင်္ဂါ ၇-ပါး။

၈။ **အတိဒေရကစီဝရ-** အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သော သင်္ကန်းတွင် အကျုံးမဝင်သောကြောင့် ထင်းတို့မှာ အပိုဖြစ်သော သင်္ကန်း။

အမျိုးဇာတ်အားဖြင့် သင်္ကန်း ၆-မျိုး-

၁။ ခေါမတိုင်းဖြစ် သင်္ကန်း၊ ၂။ ဝါဂျည် သင်္ကန်း၊
၃။ ပိုးချည် သင်္ကန်း၊ ၄။ သားမွေး သင်္ကန်း၊
၅။ ပိုက်ဆံလျှော်ချည် သင်္ကန်း၊
၆။ အထက်ပါ ၅-မျိုးဖြင့် ရောရှ် ယက်အပ်သော သင်္ကန်း၊
(တစ်နည်း) ဘင်္ဂချည် သင်္ကန်း။
ဆောင်-ခေါ, ဝတိ, ဃော, ဝမိ၊ သာ, ဘင်္ဂ၊ ခြောက်တန် ဇာတ်သင်္ကန်း။

၉။ **ဇာနံ-**

အနုပခဇ္ဇသိက္ခာပုဒ်- (ကယား ၈-တွင်ရှု)
သပ္ပါဏကသိက္ခာပုဒ်- " ဤရေသည် ပိုးရှိ၏ " ဟု မြင်၍သော်လည်းကောင်း,
ကြား၍သော်လည်းကောင်း အမှတ်မရှိ တစ်စုံတစ်ခုသော အခြင်းအရာအားဖြင့် သိခြင်း။

http://www.dhammadownload.com

အဂိလာန_ (တတိယ, စတုတ္ထပါဠိဒေသနာ) ဆွမ်းအလို့ငှါ လှည့်လည်နိုင်သော (ဆွမ်းခံကြွနိုင်သော) ရဟန်း၊

၁၀။ သိက္ခာသာဇီဝသမာပန္နော_စသည် မဟာရဂ္ဂကြောင်း_(တနင်္သာရီ ၁၀_တွင်ရှု) ဆန္နသော အရ_ မေထုနရာဂနှင့် စပ်ယှဉ်သော ချစ်ခြင်း (ဆန္ဒ) နှင့် ကြိုက်ခြင်း (ရာဂ)။

၁၀။ ပထမပြန်စာဓမးပွဲကျင်းပဓရေဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း) ပထမကြိုးတန်း ။ ။ ဓဒွမာတိကာ ဘာသာ

ခဒ၆၉--ခုန့၈၊ တဓပေါင်းလပြည့်ကျော်(၃)ရက်၊ (၂၄--၃--၂၀၀၈)တနလာ်ဓနေ့။

၁။ ရဟန်းကောင်းတို့က ဝိနည်းသိက္ခာပုဒ်ဖြင့် ပြောဆိုဆုံးမလာသည်ရှိသော် ဝိနည်းသိက္ခာပုဒ်ကို သွယ်ဝိုက်၍ ငြင်းဆန်သောရဟန်းအား အပြစ်သင့်ရောက်ပုံပြု သိက္ခာပုဒ်ကို ပါဠိဋေးခဲ့ပါ။

၂။ အမျက်မာန်ပွား တရားတွေ့သောရဟန်းမအား အပြစ်သင့်ရောက်ပုံပြု သိက္ခာပုဒ်ကို အနက်ဋေးခဲ့ပါ။

၃။ ရဟန်းတော်များ ဥပုသ်ပြုရာ၌ ဗိမိဇ်၏ အာပတ်မှ စင်ကြယ်သည်၏အဖြစ်ကို အဘယ့်ကြောင့် ပြောကြားရပါသနည်း? ဖြေဆိုရ၍၊ ဒုတိယအနိယတသိက္ခာပုဒ်၌ ''ရဟ''အရကို ပါဠိအထောက်ပြင့် ကောက်ပြပြီးလျှင်၊ ပိုးရေခဲသင်္ကန်း ရှာမှီးခွင့်, ချုပ်ဆိုးခွင့်, ဝတ်ရုံခွင့်, အဓိဋ္ဌာန်တင်ခွင့် လေးမျိုးလုံး ရသောကာလကို တိတိကျကျ သတ်မှတ်ပြပါ။

၄။ သံဃိကကျောင်းတော်ကြီး၌ အဘယ်ရဟန်းမျိုးတို့ကို တိုးဝှေ့၍ မအိပ်သင့်ပါသနည်း? ဖြေဆိုရ၍၊ ဘိက္ခုနောဝါဒကသမ္မုတိရတိုင်း ရဟန်းမတို့ကို ဆုံးမသြဝါဒပေးခွင့်ရှိ/မရှိ အကြောင်းသွင်း ရှင်းပြပြီးလျှင်၊ ဥဒ္ဒိလနကပါစိတ်အပြစ်ပြု သိက္ခာပုဒ်အမည်ကိုလည်း ညွှန်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ ဥဇ္ဇာဏာမဏ္ဍလိကာပါရောဇိက ကျန်နိုင်သော အပြုအမူတို့ကို ဖြေဆိုရ၍ (က) အာဝသထ-ပိဏ္ဍ၊ (ခ) စီဝရသင်္ကမနီယ၊ (ဂ) ဂဏာစီဝရ၊ (ဃ) အာဝသထစီဝရ၊ (င) သမဏာစီဝရတို့၏ အရကိုလည်း လိုရင်းအကျဉ်းမျှ ကျမ်းရင်းလာအတိုင်း ကောက်ပြပါ။

၆။ ဘိက္ခုနီပါတိမောက် သုဒ္ဓပါစိတ် တုဝဋ္ဋဝဂ်, ဘူတဂါမဝဂ်တို့၌လာသော နိက္ကမ္မနသိက္ခာပုဒ် (၂)ခုတို့၏ အထူးကို သိသာရုံမျှ ဖော်ပြ၍၊ ဘိက္ခုနီမများ အသုံးမပြုကောင်းသော ညောင်စောင်းတို့ကို ပြဆိုပြီးလျှင်၊ ဥက္ခိတ္တကရဟန်းမနှင့်အတူ ဆွမ်းစားသောရဟန်း၏ အပြစ်ကိုလည်း သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖြေဆိုခဲ့ပါ။

၇။ ''အလမရိယဉာဏဒဿနံ''၌ ဉာဏဒဿန-အရတာရားကို ဖြေဆိုရ၍ ၎င်းအရတာရား၏ ''ဒဿန''အမည်ရပုံကို ဥပမာနှင့်ယှဉ်တွဲ ဖြေဆိုပြီးလျှင်၊ သမုဒါစရေယျ-၏ အဓိပ္ပါယ်ကိုလည်း ကခ်ီဖွင့်နှင့်အညီ ဖြေဆိုခဲ့ပါ။

၈။ ကိုယ်တိုင်ဆောက်လုပ်သောကျောင်း၌ အင်္ဂတေ, မြေညက်တို့ဖြင့် မလိမ်းကျံကောင်းသောအရပ်တို့ကို သတ်မှတ်ပြ၍၊ ယင်းကိုယ်တိုင်ဆောက်လုပ်သောကျောင်း၏ အလျား, အနံ တိုင်းတာပုံကိုလည်း ကခ်ီဖွင့်နှင့်အညီ ဖြေဆိုခဲ့ပါ။

၉။ အကပ္ပိယကုဋိ-၏ သဘောအဓိပ္ပါယ်ကို ဖြေဆိုရ၍၊ ဘုရားရှင် ကပ္ပိယကုဋိ ခွင့်ပြုတော်မူခြင်း၏ ရည်ရွယ်ချက်ကို ဖြေဆိုပြီးလျှင်၊ ကပ္ပိယကုဋိမရှိသောကျောင်းတိုက်၌ ယာဝ-ကာလိကဘောဇဉ်တို့ကို မည်သို့မည်ပုံ သုံးဆောင်ရမည်ကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ အနာပုစ္ဆာပက္ကန သိက္ခာပုဒ်လာ ပုရောဘတ္တနှင့် အာသန-အရတို့ကို ဖြေဆိုပြီးလျှင်၊ အိမ်ရှင်ကို မပန်ကြားဘဲ ဖဲသွားသောရဟန်းမအား အာပတ်အဆင့်ဆင့် သင့်ရောက်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၁၀။ မန္တဓလေးတိုင်း (အဓမြ)
ပထမကြီးတန်း ။ ။ ဓဒွမာတိကာဘာသာ

၁။ သဟဓမ္မိကသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဥဿယဝါဒိကာသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ ပါတိမောက်ပြတော့မည် ဖြစ်သောကြောင့် မိမိ၏ အာပတ်မှ စင်ကြယ်သည်ကို ပြောကြားရပါသည်။
ရတ အရ– သောတရတ (နားဖျိုကွယ်ရာ) ကိုယူ။
သာဓက– နု ဟေဝ ခေါ် ပန ပဋိစ္စ နွံ့ အာသနံ ဟောတိ နာလံ ကမ္မနိယံ။
လေးမျိုးလုံးရသော ကာလ–
ဝါဆိုလပြည့်ကျော် ၁–ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ၄–လ။

၄။ သိတင်းကြိုးရဟန်း, ဂိလာနရဟန်း, ဘဏ္ဍာဂါရိကရဟန်း, ဂဏဝါစကာစရိယရဟန်း။
ဘိက္ခုနောဝါဒက သမ္မုတိရတိုင်း ရဟန်းမတို့ကို ဩဝါဒပေးခွင့်ရှိပါသည်။
အကြောင်းကား– သမ္မုတိရပြုဖြစ်သည့်အတွက် ဂရုဓမ်ပါဠိဖြင့် ဆုံးမခြင်းဟူသော အဇ်ကြောင်းရှိသော ပါစိတ်အာပတ် မရှိ(မသင့်)သောကြောင့် ဖြစ်ပါသည်။
ဥဒ္ဒါလနကပါစိတ်ပြသိက္ခာပုဒ်– တူလောနဒ္ဓသိက္ခာပုဒ်။

၅။ ၁။ ထိရာအရပ် မရွှေ့လတ်ဘဲ သုံးသပ်ခြင်းကို သာယာခြင်း၊
၂။ ထိုက္ခါအရပ် ပြောင်းရွှေ့လတ်၍ သုံးသပ်ခြင်းကို သာယာခြင်း၊
၃။ ကိုင်ရုံမျှ ကိုင်ခြင်းကို သာယာခြင်း၊
၄။ ထိရုံမျှ ထိခြင်းကို သာယာခြင်း၊
၅။ ပွေ့ယူဖျစ်ညှစ်ခြင်းကို သာယာခြင်း။
(က) တည်းခိုရာ ဇရပ်စသည်တို့၌ ဝတ်တည်အပ်သော ဆွမ်း၊

http://www.dhammadownload.com

(ခ) ဥစ္စာရှင်ထံ ခွင့်မပန်ဘဲ ယူဝတ်ပြီးနောက် မိမိထံ အပြီးမထားနိုင်သည့် ပြန်ပေးအပ်သော သက်နံ။

(ဂ) ဘိက္ခုနီသံဃာ၏ ရထိုက်သော ဒသက်နံ။

(ဃ) ဘိက္ခုနီများ ဥတုလာချိန် သုံးဖို့ရန် ကျောင်း၌ လျှဒ်းထားသော (ဥတုနှီး)သက်နံ။

(င) ကပ္ပဝိန္ဒုထိုးပြီးသော ရဟန်းတို့၏ သက်နံ။

၆။ တုဝင္ဆဝဂ်၊ နိကာမုနသိက္ခာပုဒ်– ဘိက္ခုနီမကို ယဉ်ပုံ ပုဂ္ဂလိကကျောင်းမှ နှင်ထုတ်ခြင်း ဖြစ်သည်။
ဘူတဂါမဝဂ်၊ နိကာမုနသိက္ခာပုဒ်– ဘိက္ခုနီမကို သံဃိကကျောင်းမှ နှင်ထုတ်ခြင်း ဖြစ်သည်။
အသုံးမပြုကောင်းသော ညောင်စောင်း–

၁။ လက် ၈–သစ်ထက် ပိုသော အခြေရှိသည့် အလျားရှည် အနံတို လေးထောင့် ညောင်စောင်း၊

၂။ မပြောင်းရွေ့နိုင်သော သားရဲရုပ်တို့ဖြင့် ပြုလုပ်အပ်သည့် ညောင်စောင်း။

အပြစ်နှင့် သိက္ခာပုဒ်– ပါစိတ်အာပတ်၊ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်။

၇။ ဉာဏဒဿန အရ– မဟဂ္ဂတ်, လောကုတ္တရာပညာ။
ဒဿနအမည်ရပုံ–(ပဲခူးအနောက် ၇–တွင်ရှု)
သမုဒါစရေယျ အဓိပ္ပါယ်– ဥတ္တရိမနုဿဓမ္မကို မိမိ၌ ကပ်ဆောင်၍ ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ, ကိုယ်နှုတ် ၂–ပါးစုံဖြင့်ဖြစ်စေ-နားလည်သော လူဇာတ်ရှိသူအား ပြောကြားခြင်း ဖြစ်သည်။

၈။ မလိမ်းကျံကောင်းသော အရပ်–
တိုင်, ထုပ်လျောက်, တံခါးပေါက်, လေသာပြူတင်း, အိုးထွက်ပေါက်–စသည်။
အလျားတိုင်းတာပုံ–
ကုဋိ၏ နံရံအပြင်ဖက်၌ ရှေ့ဦးစွာ လိမ်းကျံအပ်သော ကြိုးစွာသော မြေညက်၏အဆုံးကို မယူမူ၍ ဖွဲနှင့်ရောသော မြေစိုင်ခဲ၏ အဆုံးဖြင့် အလျား ၁၂–ထွာကို တိုင်းတာရမည်၊ ဖွဲနှင့်ရောသော မြေစိုင်ခဲဖြင့်အလိုမရှိဘဲ ကြိုးစွာသော မြေညက်ကို သုတ်လိမ်းချင်းဖြင့်သာ ပြီးဆုံးစေလျှင် ၎င်းကြိုးစွာသော မြေညက်သည်ပင် အပိုင်းအခြား ဖြစ်သည်။

http://www.dhammadownload.com

အနံ တိုင်းတာပုံ-

နံရံ၏ အပြင်ဖက်အစွန်းကို မယူဘဲ အတွင်းအစွန်းပြင့်သာ အနံ ၇-ထွာ တိုင်းတာရမည်။
(အလျားနှင့် နံရံ၏ အပြင်ဖက်အစွန်း, အနံနှင့် အတွင်းဖက်အစွန်း)
(ကျဉ်ယော တော်ကုဋ္ဌေဝမံ ဒိန္နံ ဟောဇ္ဈော်ကဝဠိယန္တံ အဂ္ဂဟေတွာ ထုသပိဏ္ဍာဝဠိယန္တေန ခွါဒေသ ဝိဒတ္ထိယော မိနေတဗ္ဗာ။ ဟောဇ္ဈော်ကလေဝေနေဝ နိဋ္ဌာတေတိ၊ သေဝ ဝဠိဇ္ဈေဒေါ။) (ကုဋ္ဌသ ဟော်အန်တံ အဂ္ဂဟေတွာ အန္တမန္တရိမေန အန္တေန သတ္တ သုတသိဒတ္ထိယော)

၉။ **အကပ္ပိယကုဋိ-**

သံဃာ၏ ဥစ္စာ သို့မဟုတ် ရဟန်း၏ ဥစ္စာဖြစ်သော နေပို့ရန် ပြုအပ်သော ကျောင်း။

ခွင့်ပြုတော်မူခြင်း၏ ရည်ရွယ်ချက်-

အန္တောပက္ခ, အန္တောဝုဋ္ဌ-တို့မှ လွတ်စေခြင်း အကျိုးငှါ ခွင့်ပြုတော်မူသည်။

သုံးဆောင်ပုံ-

လူ, သာမဏေတို့အား ပေးစွန့်ကာ ၎င်းတို့ ဥစ္စာပြစ်အောင် ပြုလုပ်၍ သုံးဆောင်ရမည်။

၁၀။ **ပုရေဘတ္တ-** အရုဏ်တက်ချိန်မှစ၍ မွန်းတည်ချိန်တိုင်အောင်သော ကာလ။

အာသန အရ- ထက်ဝယ်ပလ္လင်၏ တည်ရာ (တင်ပျဉ်ခွေ၍ ထိုင်နေရာ) အရပ်။

အာပတ်အဆင့်ဆင့် သင့်ရောက်ပုံ-

အမိုးအတွင်း၌ ထိုင်၍ ထသွားသောအခါ မိုးမစိုသောအရပ်ကိုလွန်စေသော ရဟန်းမအား ပထမခြေလမ်း၌ ဒုက္ကဋ်၊ ဒုတိယခြေလမ်း၌ ပါစိတ်၊
လွင်တီးခေါင်အရပ်၌ ထိုင်၍ ထသွားသောအခါ ၁၂-တောင် ဥပစာကို လွန်စေသော ရဟန်းမအား ပထမခြေလမ်း၌ ဒုက္ကဋ်၊ ဒုတိယခြေလမ်း၌ ပါစိတ်။

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဓဒ္ဓမာတိကာ ဘာသာ
၁၃၆၉-ခုနှစ်၊ တဓေါင်းလပြည့်ကျော်(၁၂)ရက်၊ (၂- ၄-၂၀၀၇) ဗုဒ္ဓဟူးနေ့။

၁။ (က) ပဒါရိတ်သင့်သော ဆွမ်းကို ဘဉ်းပေးစေသော ရဟန်း၊

http://www.dhammadownload.com

(ခ) ရာဂတပ်မက်သော ယောကျ်ားဇာလက်မှ ခဲဖွယ်ဘောဇဉ်ကို ခံယူစေသော ရဟန်းမ။

၂။ (က)ဘိက္ခုနီမ စိမံသော ဆွမ်းကို ဘုဉ်းပေးသော ရဟန်း၊
(ခ) သြဝါဒ, သံဃသ အကျိုးပြု ၁၅-ရက် တစ်ကြိမ် ဘိက္ခုသံဃာအထံသို့ မကြွသွားသော ရဟန်းမတို့အား အာပတ်သင့်ရောက်ပုံပြု ဝိနယသိက္ခာပုဒ်တို့ကို အနက်ပေးခဲ့ပါ။

၃။ ပထမအနိယတသိက္ခာပုဒ်မှ ဒုတိယအနိယတသိက္ခာပုဒ်၏ ထူးခြားချက်တို့ကို ဖော်ပြရေးသား၍၊ ရူပိယသိက္ခာပုဒ်နှင့် ရူပိယသံဝေါဟာရသိက္ခာပုဒ်တို့၏ ခြားနားချက်ကိုလည်း ဖြေဆိုခဲ့ပါ။

၄၊ ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ်လာ လောကုတ္တရာအားလျော်သော ကျင့်ဝတ်တို့ကို ဆိုင်ရာသိက္ခာပုဒ်တို့နှင့်အညီ ရေးသားသိုးကုံး၍၊ (က) ပဌမသဟသေယျသိက္ခာပုဒ်၊ (ခ) ပဌမပဝါရဏာ သိက္ခာပုဒ်တို့၌ ''အနုပညတ်ပါဠိတော်'' များကိုလည်း ထုတ်ပြဖြေဆိုခဲ့ပါ။

၅။ ယာဝ, ယာမ, သတ္တာဟကာလိက ဘောဇဉ်တို့ကို အကပ်ခံပြီး၍ ဆိုင်ရာအခါတို့ကို လွန်ပြီးမှ သုံးဆောင်သော ရဟန်းတို့အား သင့်ရောက်သော အာပတ်တို့ကို ''သိက္ခာပုဒ်အမည်'' နှင့် တကွ ဆုံးဖြတ်ပြီး၍။ ဘေဒနကပါစိတ်၊ ဥဒ္ဒါနလကပါစိတ် အဓိပ္ပါယ်တို့ကိုလည်း ရေးသားခဲ့ပါ။

၆။ မိစ္ဆာအယူရှိ၍ ဆိုးမိုက်သော သာမဏေတို့ကြောင့် ရဟန်းတော်များ အာပတ်သင့်နိုင်ခြင်းအကြောင်းတို့ကို ''ကဏ္ဍကသိက္ခာပုဒ်နှင့်အညီ'' ဖြေဆိုပြီး၍၊ (က) အဖော်မပါ တစ်ပါး, တည်း မြစ်တစ်ဘက်ကမ်းသို့ ကြွသွားသောရဟန်းမ၊ (ခ) နှစ်စဉ်နှစ်တိုင်း တနှစ်လျှင် သိက္ခာမာန်မနှစ်ယောက်ကို ရဟန်းခံပေးသောရဟန်းမတို့အား သင့်ရောက်သောအာပတ်တို့ကိုလည်း သိက္ခာပုဒ်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

၇။ ဘိက္ခုနီသုဒ္ဓပါစိတ်လာ ရဟန်းမများ (က) မတားမြစ်ထိုက်သော အမှု၊ (ခ) အဖော်မပါ ခရီးမသွားကောင်းသော ဌာန၊ (ဂ) မသင်ကောင်းသော အုတ်တို့ကို သိက္ခာပုဒ်နှင့်

http://www.dhammadownload.com

တကွ ဖော်ပြ ရေးသား၍၊ ဘိက္ခုနီ ပုရောဘတ္တ၊ ပစ္ဆာဘတ္တ၊ ဝိကာလအချိန်အခါတို့ကို လည်း ပိုင်းခြားခဲ့ပါ။

၈။ ပဓါရိတ်သင့်ကြောင်း အဇီါတို့ကို ဖော်ပြ ရေးသား၍၊ စာရိတ္တသိက္ခာပုဒ်လာ ''သန္တံ ဘိက္ခုံ'' အရ ထင်ရှားရှိသော ရဟန်းဟူသည် အဘယ်နည်း? ရှင်းလင်းဖြေဆိုခဲ့ပါ။

၉။ အဓေလကဝဂ် မဟာနာမသိက္ခာပုဒ်လာ ''စတုမာသပစ္စယပဓါရဏာ သာဒိတဗ္ဗာ'' ၌ ပစ္စယ–အရကို ဖြေဆိုပြီး၍၊ သေရည်အရက်ကို သောက်ခိုင်းသော ရဟန်းအား သုရာပါနသိက္ခာပုဒ်အရ ပါစိတ် သင့်/ မသင့်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၁၀။ ဘိက္ခုနီသုဒ္ဓပါစိတ်လာ (က) စိဝရသင်္ကမနီယ၊ (ခ) အာဝသထစိဝရ၊ (ဂ) အာဘိက္ခုကာဓါသ အဓိပ္ပါယ်တို့ကို ကခဏ်အဖွင့်နှင့်အညီ ဖြေဆိုပြီး၍၊ တရားစွဲဆိုသော ရဟန်းမအား အဘယ်ကြောင်းကြောင့် အဘယ်အာပတ်သင့်သည်ကိုလည်း အသီးအသီး ဖြေဆိုခဲ့ပါ။

၁၁ မွန်ပြည်နယ် (အဖြေ)

ပထမကြိမ်းတန်း ။ ။ ဓဒ္ဓမာတိကာဘာသာ

၁။ (က) ဒုတိယပဓါရဏာသိက္ခာပုဒ်ကို ပါဠိရေးလေ၊
(ခ) ဘောဇနပဋိဂ္ဂဏဒုတိယသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ (က) ဘိက္ခုနိုပရိပါစိတသိက္ခာပုဒ်၊
(ခ) ဩဝါဒသိက္ခာပုဒ်တို့ကို အနက်ရေးလေ။

၃။ ထူခြားချက်–
၁။ ရဟော–အရ သောတရဟာကို ယူရခြင်း၊
၂။ မြင်, ကြား, နားလည် အသိကြွယ်သောမိန်းမကိုလည်း အဖော်အဖြစ်ယူရခြင်း၊
၃။ ပါရာဇိကာအာပတ်မပါခြင်း၊

http://www.dhammadownload.com

၇။ သံဃာဒိသေသေန အရ ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာ ၂-ပါးသော သံဃာဒိသေသ် အာပတ်တို့ကို ယူရခြင်း၊

၅။ ပါစိတ္တိယေန အရ ဘိက္ခုနောဝါဒဂဂ်, အစေလကဂဂ်တို့လာ ရဟောနိသဇ္ဇ အာပတ်တို့ကို ယူရခြင်းတို့ ဖြစ်ပါသည်။

ခြားနားချက်-

ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယဝတ္ထု, ဒုက္ကဋ်ဝတ္ထုတို့ ကို ခံယူခြင်းကို တားမြစ်၏၊ ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် ခံယူထားသော ထိုနိဿဂ္ဂိယဝတ္ထု, ဒုက္ကဋ်ဝတ္ထုတို့ကို လဲလှယ်ခြင်းကို တားမြစ်၏၊ ဤသို့ ခြားနားပါသည်။

၈။ **လောကုတ္တရာ့အား လျော်သောကျင့်ဝတ်များ-**

ကာဏာမာတုသိက္ခာပုဒ်-၂-သပိတ်ပြည့် ၃-သပိတ်ပြည့် မုန့်များခံယူပြီးနောက် ထိုအရပ်မှ ယူဆောင်၍ အခြားရဟန်းများနှင့်အတူ ခွဲဝေသုံးဆောင်ရခြင်း။

သဟဓမ္မိကသိက္ခာပုဒ်- ရဟန်းမည်သည် ကျင့်လိုစိတ်ရှိသည်ဖြစ်၍

၁။ သိက္ခာပုဒ်ဆိုင်ရာ၌ မသိ သိအောင်ပြုရခြင်း၊

၂။ သိအောင်ပြုပါလျှက် မသိလျှင်လည်း မေးရခြင်း၊

၃။ မေးပြီးနောက်လည်း အဖန်ဖန် ကြံစည်ရခြင်း။

ရတနသိက္ခာပုဒ်- လူတို့ မွေ့ကျန်သော ရတန, ရတနသမ္မဲတပစ္စည်းကို တွေ့ရာ၌ ကိုယ်တိုင်ဖြစ်စေ, သူတစ်ပါးကို ခိုင်းခြင်းဖြစ်စေ ဥစ္စာရှင် လာယူလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် သိမ်းထားခြင်း။

(က) ဥတ္တရိဒိရတ္တတိရတ္တံ၊ (ခ) အနတိရိတ္တံ။

၅။ ယာဝကာလိကဘောဇဉ်ကို သုံးဆောင်လျှင် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ်၊ ယာမကာလိကဘောဇဉ်ကို သုံးဆောင်လျှင် သန္နိဓိကာရကသိက္ခာပုဒ်ဖြင့် ပါစိတ်၊ သတ္တာဟကာလိကဘောဇဉ်ကို သုံးဆောင်လျှင် ဘေသဇ္ဇသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။

ဘေဒနကပါစိတ်- ရှေ့ဦးစွာ အပ်ဘူးကို ခွဲပြီးမှ ဒေသနာကြားရသော ပါစိတ်အာပတ်။

ဥဒ္ဒါလနကပါစိတ်-

သွပ်ထားသော လဲအဆာကို ထုတ်ပြီးမှ ဒေသနာကြားရသော ပါစိတ်အာပတ်။

http://www.dhammadownload.com

၆။ အာပတ်သင့်နိုင်ကြောင်း-

၁။ သက်နှံးပေးမည်-စသည်ဖြင့် ဖြားယောင်းခြင်း၊

၂။ ပြုစု လုပ်ကျွေးစေခြင်း၊

၃။ အာမိသ, ဓမ္မ ၂-ဖြာသော သံဃ္ဘောဂကို ပြုခြင်း၊

၄။ အတူတကွ အိပ်ခြင်း။

(က) ကေဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊

(ခ) အနုဝဿသိက္ခာပုဒ်, ဇကဝဿသိက္ခာပုဒ်တို့ဖြင့် ပါစိတ်အာပတ် ၂-ချက်။

၇။ (က) ပဋိဘာဟနသိက္ခာပုဒ်- တရားနှင့်ညီသော သက်နှံးဝေဖန်ခြင်း၊
ကထိနဒွါရသိက္ခာပုဒ်- တရားနှင့်ညီသော ကထိန်နှုတ်ခြင်း၊

(ခ) ရတ္တန္ဓကာရသိက္ခာပုဒ်- ဆီမီးစသည့် အလင်းရောင် မရှိသောအရပ်၊
ပဋိစ္ဆန္နောကာသသိက္ခာပုဒ်- နံရံစသည်ဖြင့် တစ်ခုံတစ်ခု ဖုံးကွယ်အပ်သော အရပ်၊
အဇ္ဈောကာသသလ္လပနသိက္ခာပုဒ်- လွင်တီးခေါင် အရပ်၊
ဒုတိယကဉ်ယျောဇနသိက္ခာပုဒ်- ထုတ်ချင်းပေါက်လမ်း၊ ထုတ်ချင်းမပေါက်လမ်း၊
လမ်းဆုံလမ်းခွ။

ပုရေဘတ္တ- အရုဏ်တက်ချိန်မှစ၍ မွန်းတည်ချိန်တိုင်အောင်သော ကာလ။

ပစ္ဆာဘတ္တ- မွန်းလွဲချိန်မှစ၍ နေဝင်ချိန်တိုင်အောင်သော ကာလ။

ဝိကာလ- နေဝင်ချိန်မှစ၍ အရုဏ်တက်ချိန်တိုင်အောင်သော ကာလ။

မှတ်ချက်- အသာဓာရဏာများကို ရည်ရွယ်၍ ဖြေသည်။

၈။ ပဝါရိတ်သင့်ကြောင်း အင်္ဂါ-

၁။ စားဆဲဖြစ်ခြင်း၊ ၂။ ဘောဇဉ် ၅-ပါးတွင် ၁-ပါးပါး ဖြစ်ခြင်း၊

၃။ ပေးသူက ၂-တောင့်ထွာ ဟတ္ထပါသအတွင်းသို့ ဝင်ရောက်ခြင်း၊

၄။ ဆောင်ယူခိုက်ဖြစ်ခြင်း၊ ၅။ ကိုယ်နှုတ်ဖြင့် ပယ်ဖြစ်ခြင်း။

ဆောင်- စားဆဲ, ဘောဇဉ်၊ ဟတ်ထွင်းဝင်၊ ဆောင်စဉ် ကိုယ်နှုတ်ဖြစ်။

အဂ်ါငါးလီ၊ စုံပြည့်ညီ၊ သင့်ပြီ ပဝါရေတိ။ (ဘာသာဋီကာ)

http://www.dhammadownload.com

သန္ဓိ ဘိက္ခုံ အရ–ဥပစာရသိမ်အတွင်း ဒဿနုပစာ (၁၂–တောင် အရပ်)၌ တွေ့မြင်၍ ပင်ကိုယ်ပြောနေကျ စကားဖြင့် ပန်ကြားရန် ဖြစ်နိုင်သော ရဟန်း။

၉။ **ပစ္စယ အရ–** သပ္ပိ, နဝနီတ–စသော ဂိလာနဆေးပစ္စည်းများ။
ပါစိတ် သင့်/ မသင့်–
သုရာပါနသိက္ခာပုဒ်သည် အနာဏတ္တိကဖြစ်(စေခိုင်းခြင်းဖြင့် အာပတ်မသင့်)သောကြောင့် ပါစိတ်မသင့်။

၁၀။ (က) အခြားရဟန်းမ၏ ဥစ္စာဖြစ်သော, မပန်ကြားဘဲ ယူထားအပ်သည်ဖြစ်၍ တစ်ဖန် ပြန်ပေးထိုက်သော သင်္ကန်း ၅–ထည်တို့တွင် ၁–ထည်ထည်သော သင်္ကန်း။
(ခ) ဥတုလာသော ရဟန်းမတို့ သုံးစွဲကြကုန်ဟု လျှောက်၍ ပေးလှူအပ်သော ဥတုနှိုး သင်္ကန်း။
(ဂ) ဘိက္ခုနီတို့ကျောင်းမှ ယူဇနာဝက်အတွင်း သြဝါဒပေးစွမ်းနိုင်သော ရဟန်းများ မရှိ,မနေသော ကျောင်း၊ ရဟန်းများရှိသော်လည်း လမ်းခရီးက ဘေးရန်ရှိသဖြင့် အန္တရာယ်ကင်းစွာ မသွားနိုင်သော ကျောင်း။
တရားစွဲသော ရဟန်းမအား သင့်သောအာပတ်နှင့် အကြောင်း–
တရားစွဲမည်ဟု အကြံဖြင့် အဖော်ရှာခြင်းစသည်တို့ကြောင့် ဒုက္ကဋ်၊
တရားစွဲဖို့ သွားမည်ဟု စိတ်ဖြစ်ပေါ်ရာ အရပ်မှစ၍ တရားသူကြီးထံ သွားခြင်းကြောင့် ခြေလမ်းတိုင်း ခြေလမ်းတိုင်း ဒုက္ကဋ်၊
တရားသူကြီးတို့ကို တွေ့၍ မိမိစကားကို ပြောခြင်းကြောင့် ဒုက္ကဋ်၊
တရားတွေ့ဖက်က သူ့စကားကို ပြောပြီးခြင်းကြောင့် ဒုက္ကဋ်၊
မည်သည့်နည်းဖြင့် ဖြစ်စေ ပြောခိုင်းရာ၌ ပထမပြောခြင်းကြောင့် ဒုက္ကဋ်။
ဒုတိယပြောခြင်းကြောင့် ထုလ္လစ္စည်း။
ဆုံးဖြတ်ချက်ချပြီးသဖြင့် တရားစွဲခြင်းကိစ္စ ပြီးဆုံးသောကြောင့် နိဿဂ္ဂိယဖြစ်စေ ရှုံးသည်ဖြစ်စေ ရဟန်းမအား သံဃာဒိသေသ်။

http://www.dhammadownload.com

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း) ပထမကြီးတန်း ။ ။ ဓဒွမာတိကာ ဘာသာ

ခခပင၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃)ရက်၊ (၂၄– ၃–၂၀၀၈) တနလာနေ့။

၁။ အောက်ဖော်ပြပါ ရဟန်းမတို့အား သင့်ရောက်သော အပြစ်ပြ သိက္ခာပုဒ်တို့ကို ပါဠိ ရေးပြပါ။

(က) ''ငါ့ သက်နှံးယူခဲ့၊ သင့်သက်နှံးပြန်ယူ'' ဟုပြောဆို၍ မိမိသက်နှံးကို ပြန်လည်း လုယူသော ရဟန်းမ၊

(ခ) ရေသနုပ်သက်နှံးကို ဘုရားရှင်ခွင့်ပြုတော်မူသော ပမာဏထက် ကျော်လွန်၍ပြု သော ရဟန်းမ။

၂။ အရိဋ္ဌသိက္ခာပုဒ်လာ အရိဋ္ဌရဟန်းက မိမိ၏ မိစ္ဆာအယူကို ပြောပြသောပါဠိနှင့် ရဟန်း ကောင်းတို့က ပြောဆိုဆုံးမရမည့်ပါဠိတို့ကိုသာ အနက်ပေးခဲ့ပါ။

၃။ အကာလစိဝရသိက္ခာပုဒ်၌ စိဝရကာလ, စိဝရအကာလတို့ကို ခွဲခြားပြ၍၊ နဟာနသိက္ခာ ပုဒ်လာ ဥဏှသမယ, ပရိဠာဟသမယတို့၏ အရကို ရက်တို့ဖြင့် ပိုင်းခြားပြပါ။

၄။ တတိယပါရာဇိကသိက္ခာပုဒ်၌ပါသော သဉ္စိစ္စပုဒ်နှင့် သပ္ပါဏကဝဂ်လာ သဉ္စိစ္စသိက္ခာပုဒ် ၌ပါသော သဉ္စိစ္စပုဒ်တို့၏ ထူးခြားပုံကို ဖော်ပြ၍၊ အမာလွှမ်းသက်နှံးပြုလုပ်ရမည့် ပမာ ဏကိုလည်း (က) ဘုရားရှင်၏ ပမာဏ၊ (ခ) ပကတိလူသားတို့၏ ပမာဏအားဖြင့် ခွဲ ခြားပြပါ။

၅။ ဂဇ္ဈနိဝဂ်လာ သိက္ခာမာန သိက္ခာပုဒ်တို့၌ ပါသော ဆသု ဓမ္မေသု–အရတို့ကို ကောက်ပြ ပြီလျှင်၊ ဘိက္ခုနီမတို့ ယောကျ်ားများနှင့် တစ်ယောက်ချင်း မနေသင့်သော နေရာများ ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

၆။ အောက်ပါတို့ကို သိက္ခာပုဒ်ထောက်၍ အာပတ်ဆုံးဖြတ်ပြပါ။

(က) သိုးမွေးတို့ကို အလျှူခံ၍ လေးယူဇနာတိုင်အောင် သယ်ယူလာသော ရဟန်း၊

(ခ) မိမိ၌ တကယ်ရှိသော ချာန်မဂ်ဖိုလ်တရားကို ရှင်သာမဏေတို့အား ပြောကြားသော ရဟန်း၊

(ဂ) မနာမဖျားဘဲ မိမိအတွက် အမဲ, ငါး ဟင်းလျှာကို တောင်း၍ စားသော ရဟန်း၊

(ဃ) သူဌေးသားအား တရားစွဲသော ရဟန်းမ၊

(င) ကလေးထိန်းနေသော မိန်းမကို ရဟန်းပြုပေးသော ရဟန်းမ။

၇။ အညတြ ဝိညုနာ့ ပုရိသဝိဂ္ဂဟေန–၌ ဝိညုနာပုရိသ အရတွင် မပါဝင်သော ပုဂ္ဂိုလ်များကို ဖော်ပြ၍၊ အနုပခဇ္ဇ သိက္ခာပုဒ်၌ အနုပခဇ္ဇ–၏အဓိပ္ပါယ်ကိုလည်း ကခ်ီအလိုက္ခ ဖြေဆိုခဲ့ပါ။

၈။ အောက်ပါတို့ကို ကခ်ီဆရာအလိုက္ခ ဖြေဆိုခဲ့ပါ။

(က) မုခန္ဒိရံ အာဟာရံ အာဟာရေယျ–၌ အာဟာရ အရ၊

(ခ) သာမံ စိဝံရံ ဝိကပ္ပေတွာ–၌ ဝိကပ္ပနာအပြား။

၉။ အန္တေပုရသိက္ခာပုဒ်, ရတနသိက္ခာပုဒ်တို့၌ ပါသော ရတန–သဒ္ဒါနှစ်ခုတို့၏ အထူးကို ဖြေဆိုပြီးလျှင်၊ စတုတ္ထပါဠိဒေသနီယသိက္ခာပုဒ်၌ ပဋိသံဓိမိတ ခဲဘွယ်ဘောဇဉ်ဟူသည် အဘယ်ကဲ့သို့သော ခဲဘွယ်ဘောဇဉ်ကို ဆိုလိုပါသနည်? သိသာရုံမျှ ဖြေဆိုပါ။

၁၀။ အတင်းအဓမ္မ ဗလက္ကာရဖြင့် ဖျက်ဆီးခြင်းခံရသော ဘိက္ခုနီမအား ပါရာဇိကကျ/မကျအကြောင်းပြ ဆုံးဖြတ်ပြီး၊ ဓမ္မိကကထိနဒ္ဒါရ–၏ အဓိပ္ပါယ်ကိုလည်း ရေးသားခဲ့ပါ။

၁၂။ ရန်ကုန်တိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓဒွမာတိကာဘာသာ

၁။ (က) စိဝရပရိဝတ္တနသိက္ခာပုဒ်ကို ပါဠိရေးလေ၊

7A

http://www.dhammadownload.com

(ခ) ဥဒကသာဋ္ဌိကသိက္ခာပုဒ်ကို ပါဠိဖွင့်ရေးလေ။

၂။ (အနက်ထင်ရှားပြီ)

၃။ **စိဝရကာလ**– ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁–ရက်မှ တန်ဆောင်မုန်း လပြည့်အထိ ၁–လ၊ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁–ရက်မှ တပေါင်း လပြည့်အထိ ၅–လ။

စိဝရအကာလ–ကထိန်မခင်းလျှင် တန်ဆောင်မုန်းလပြည့်ကျော် ၁–ရက်မှ လာလတ္တံ့ သီတင်းကျွတ်လပြည့်အထိ ၁၁–လ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်ကျော် ၁–ရက်မှ လာလတ္တံ့ သီတင်းကျွတ်လပြည့်အထိအထိ ၎–လ။

ဥဏ္ဏာသမယ– နယုန်လဆန်း ၁–ရက်မှ ဝါဆိုလပြည့်အထိ ၁–လခွဲ၊

ပရိဠာဟသမယ– ဝါဆိုလပြည့်ကျော် ၁–ရက်မှ ဝါခေါင်လပြည့်အထိ ၁–လ။

၄။ **သဉ္စိစ္စ**–

တတိယပါရာဇိကသိက္ခာပုဒ်– လူသတ္တဝါဟုသိသော သညာနှင့်တကွ သေစေလိုသော စေတနာဖြင့် စေ့ဆော်ခြင်း။

သဉ္စိစ္စသိက္ခာပုဒ်– တိရစ္ဆာန်သတ္တဝါဟုသိသော သညာနှင့်တကွ သေစေလိုသော စေတနာဖြင့် စေ့ဆော်ခြင်း။ ဤသို့ထူးပါသည်။

မှတ်ချက်– ထူးခြားပုံဟု မေးသဖြင့် အထူးအနေဖြင့် ဖြေသည်၊ သိက္ခာပုဒ်အဂ်ီများ၌ သတ္တဝါဟုသိခြင်းဟု လာသဖြင့် ထူးခြားမှု မရှိပါ။

(က) အလျား ၄–ထွာ၊ အနံ ၂–ထွာ။

(ခ) အလျား ၁၈–ထွာ၊ အနံ ၉–ထွာ။

၅။ **ဆသု ဓမ္မေသု အရ**– ပါဏာပါတာ ဝေရမဏိ အစ– ဝိကာလဘောဇနာ ဝေရမဏိ အဆုံး ၆–ပါးသော သိက္ခာပုဒ်ကိုပြု။

တစ်ယောက်ချင်း မနေသင့်သော နေရာများ– (မကွေး ၅–တွင်ရှု)

http://www.dhammadownload.com

၆။ (က) ဇွေကလောမသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊
(ခ) ဘူတာရောစနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) ပဏီတဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) ဥဿယဝါဒိကာသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊
(င) ပါယန္တိသိက္ခာပုဒ်ဖြင့် ပါစိတ်။

၇။ **ဝိညုနာပုရိသ အရတွင် မပါဝင်သော ပုဂ္ဂိုလ်များ–**
လူယောင်ဆောင်ထားသော ဘီလူး, ပြိတ္တာ, နဂါး, ဂဠုန်–စသော တိရစ္ဆာန်။
အနုပခဇ္ဇအဓိပ္ပါယ်–
ညောင်စောင်း အင်းပျဉ်တို့၏ ဥပစာအရပ်သို့ ဝင်ရောက်ခြင်း၊ အတွင်းဝင်သောရဟန်း အပြင်ထွက်သော ရဟန်းတို့၏ ဥပစာအရပ်သို့ ဝင်ရောက်ခြင်းကို ဆိုလိုသည်။

၈။ (က) အာဟာရ အရ– ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက ဟူသော ကာလိက ၄–မျိုး။
(ခ) သမ္မုခဝိကပ္ပနာ, ပရမ္မုခဝိကပ္ပနာ။

၉။ **ရတနသုန္ဒါ–**
အန္တောပုရသိက္ခာပုဒ်– မိဖုရားရတနာကို ယူရမည်။
ရတနသိက္ခာပုဒ်– ပုလဲ–စသော ရတနာ ၁၀–ပါးကို ယူရမည်။
ပဋိသံဝိဒါတ ခဲဘွယ်ဘောဇဉ်–
၁။ ကြိုတင်လျှောက်ထားပြီး လျှောက်ထားသည့်အတိုင်း ဆောင်ယူလာသော ခဲဘွယ်ဘောဇဉ်၊
၂။ ၎င်းတို့၏ အခြံအရံဖြင့် ဆောင်ယူလာသော ခဲဘွယ်ဘောဇဉ်၊
၃။ သတင်းကြား၍ ကြိုတင်သိစေသော အမျိုးတို့နှင့် အတူ အခြားအမျိုးတို့ ဆောင်ယူလာသော ခဲဘွယ်ဘောဇဉ်။
ဆောင်–လျှောက်သည့်တိုင်းဆောင်၊ ဝိဂ္ဂိုဆောင်၊ ကြားဆောင် ဤ ၃–ပါး။

http://www.dhammadownload.com

၁၀။ ပါရာဇိက မကျပါ။ ဆန္ဒသော-ဟု ဟောတော်မူသောကြောင့် ဖြစ်ပါသည်။
ဓမ္မိကကထိနဒ္ဓါရ အဓိပ္ပါယ်- (စစ်ကိုင်း ၁၀-တွင်ရှု)

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဓဒွမာတိကာ ဘာသာ
၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက်၊ (၂- ၄- ၂၀၀၇) ဗုဒ္ဓဟူးနေ့။

၁။ လူဝတ်ကြောင်, ပရိဗိုဇ်စသူတို့အား ဆွမ်း, သင်္ကန်းပေးကမ်းမှုကြောင့် ဘိက္ခုနီများ အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပြခဲ့ပါ။

၂။ ဝေယျာဝစ္စကရထံ အပ်နှံခဲ့သောသင်္ကန်းဖိုးက ရဟန်းတော်၏ သင်္ကန်းကိစ္စကို မပြီးစေရာ၌ နောက်ဆုံးဆောင်ရွက်ရမည့် စကားရပ်မျှကိုသာ အနက်မှန်ကန်စွာပေးပြခဲ့ပါ။

၃။ ဘိက္ခုပထမပါရာဇိက၌ မူလပညတ်, အနုပညတ်ပြ စကားရပ်များကို မမှားရအောင် ဖြေဆို၍၊ ကိုယ်ပိုင်ကျောင်းဆောက်လုပ်ရာ၌ ကျောင်းရာမြေကို ကိုယ်တိုင်သတ်မှတ် ရွေးချယ်ပိုင်ခွင့် ရှိ/ မရှိ အထောက်ပြ ဖြေဆိုပြီး၊ နာနုပ္ပကာရနိဿဂ္ဂိယ အာပတ်နှစ်ခုတို့ ထူးခြားချက်ကိုလည်း ဖြေဆိုခဲ့ပါ။

၄။ ဘိက္ခုနီများသည် အမျိုးသားများနှင့် နှစ်ဦးသဘောတူ မနေသင့်ရာအရပ်ဌာနတို့ကို ရည်ညွှန်ကာရဝဂ်မှ ထုတ်နုတ်တင်ပြ၍ ဂိဟိဂတသိက္ခာမာန်၏ ရဟန်းခံရန်လိုအပ်သောအရှိ ရပ်များကိုလည်း ဖော်ပြခဲ့ပါ။

၅။ နိဿဂ္ဂိယ ဂိလာနရဟန်းတော်များအား အထူးအခွင့်အရေးပေးထားသော သိက္ခာပုဒ် အမည်များကို ဖော်ပြ၍၊ ခရီးသွားရဟန်းတော်များ သံဃိကကျောင်းအသုံးအဆောင်နှင့် ပတ်သက်၍ လိုက်နာရမည့်ကျင့်ဝတ်သုံးမျိုးကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြ ပြီးလျှင်၊ အဘယ်အကျိုးဟု သမ္မုခါဝိနည်းကို ပေးရပါသနည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၆။ အောက်ပါ ရဟန်း/မတို့ အာပတ်သင့် မသင့်ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုခဲ့ပါ။
(က) အမည်းသက်သက်သိုးမွေးဖြင့် မျက်နှာကြက်ပြုလုပ်သော ရဟန်း၊
(ခ) သမ္မုတိမရဘဲ သိက္ခာမာန်သာမဏေမတို့ကို ဆုံးမသော ရဟန်း၊
(ဂ) ခေါက်ဆွဲကြော်ကို ကိုက်ဖြတ်၍စားသောရဟန်း၊
(ဃ) ရင်စည်းမပါဘဲ မြို့ရွာတွင်းသို့ဝင်သော ရဟန်းမ၊
(င) မြက်ခင်းပေါ်၌ ကျင်ငယ်ရည်ကို စွန့်ပစ်သော ရဟန်းမ။

၇။ သံဃာ ဥပေါသထံ ကရေယျ-ပါဠိဖြင့် ဥပုသ်ပြုသောပုဂ္ဂိုလ်၏ အစွမ်းဖြင့် ယူရမည့် ဥပုသ်ကို အကြောင်းပြ ဖြေဆို၍၊ တ္ဟတိစိတ္တာမနော-၌ မနသဒ္ဒါဆိုရခြင်းအကြောင်းကို ဖြေဆိုပြီးလျှင်၊ ဘိက္ခုနီများ လူဝတ်ကိုဝတ်ရုံခြင်းဖြင့် သိက္ခာကျ/ မကျ အပြစ်သင့်/ မသင့်အကြောင်းပြ ဖြေဆိုခဲ့ပါ။

၈။ (က) ပဏ္ဏာက်ကို မိန်းမအမှတ်ဖြင့် အတ္တကာမပါရိစရိယကို ပြောသောရဟန်း၊ (ခ) သင်္ကန်းစသောဝတ္ထုကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောသောရဟန်းတို့၌ အာပတ်သင့်/ မသင့် သိက္ခာပုဒ်ဖြင့် ဆုံးဖြတ်၍၊ အဓိဋ္ဌာတဗ်ဝရ၏ အဓိဋ္ဌာန်စွန့်ခြင်းအင်္ဂါရပ်များကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၉။ သေယျံ သန္တိတ္ထာ ဝါ-၌ သေယျအရကို ပြည့်စုံစွာကောက်ပြ၍၊ ဒုတိယအနိယတသိက္ခာပုဒ်, အစေလကဝဂ် စတုတ္ထမြောက်သိက္ခာပုဒ်တို့နှင့် သဘောတူပါလျက် ဩဝါဒဝဂ် ရဟောနိဿဇ္ဇသိက္ခာပုဒ်ကို သိမ်ကြားဆိုရခြင်းအကြောင်းကို အဋ္ဌကထာအလိုကျရှင်းလင်း ဖြေဆိုခဲ့ပါ။

၁၀။ ဥယျာဇနသိက္ခာပုဒ်၌ မြင်လောက်, ကြားလောက်ရာယူရမည့်ဥပစာကို သတ်မှတ်ပြ၍၊ အဘယရဟန်းမျိုးကို ဥဿယဝါဒိကာဟုခေါ်ဆိုရပါသနည်း အဋ္ဌကထာအဖွင့်ကို ရှာလျက် ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၁၃။ ရဒိုင်ပြည်နယ် (အဖြေ)

ပထမကြီးတုန်း ။ ။ ဒွေမာတိကာဘာသာ

စီဝရဒါနသိက္ခာပုဒ်, ဘောဇနဒါနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ ယံ ဧဒါ တုမှေ အာယသ္မန္တော --ပ-- မာ ဧတိ သကံ ဝိနဿ-ကို အနက်ရေးလေ။

၃။ **မူလပညတ်-**
ယော ပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ ပါရာဇိကော ဟောတိ အသံဝါသော။
အနုပညတ်-
ဘိက္ခုနံ သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတ္တာ၊ အန္တမသော တိရစ္ဆာနဂတာယပိ။
ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့် ရှိ/မရှိ- ကိုယ်တိုင်သတ်မှတ် ရွေးချယ်ပိုင်ခွင့် မရှိပါ။
အထောက်- ဘိက္ခု အဘိနေတဗ္ဗာ ဝတ္ထုဒေသနာယ၊ တေဟိ ဘိက္ခုဟိ ဝတ္ထုဒေသေတဗ္ဗံ၊ ဘိက္ခု ဇါ အနဘိနေယျ ဝတ္ထုဒေသနာယ။
နာနုပ္ပကာရနိဿဂ္ဂိယ အာပတ် ၂-ခုတို့ အထူး-
ရူပိယသံဝေါဟာရသိက္ခာပုဒ်- လက်ဝတ်တန်ဆာ ပြုလုပ်ပြီး ရွှေငွေစသော အကပ္ပိယဘဏ္ဍာကို လဲလှယ်ခြင်းကြောင့် သင့်ရောက်သော အာပတ်ဖြစ်သည်၊
ကယဝိက္ကယသိက္ခာပုဒ် သက်နှံးစသော ကပ္ပိယဘဏ္ဍာကို လူစသည်နှင့် လဲလှယ်ခြင်းကြောင့် သင့်ရောက်သော အာပတ်ဖြစ်သည်၊ ဤသို့ထူးသည်။

၄။ **မနေသင့်ရာ အရပ်ဌာန-** (မကွေး ၅-တွင်ရှု)
လိုအပ်သောအင်္ဂါရပ်များ-
၁။ အသက် ၁၂-နှစ်ပြည့်ခြင်း၊
၂။ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးခွဲ ကျင့်ပြီးသော သိက္ခာရှိခြင်း၊
၃။ ဝုဋ္ဌာနသမ္မုတိ ရပြီးခြင်း။

http://www.dhammadownload.com

၅၂ သိက္ခာပုဒ်များ– ဥဒေါသိတ၊ ဆဗ္ဗဿ၊ သာသက်သိက္ခာပုဒ်များဖြစ်သည်။

၁။ နေဝ ဥဒ္ဓရေယျ– ကိုယ်တိုင် သင့်လျော်သောအရပ်၌ ရုတ်သိမ်းထားခြင်း၊

၂။ နှ ဥဒ္ဓရာပေယျ– သူတစ်ပါးကို သင့်လျော်သောအရပ်၌ ရုတ်သိမ်းထားစေခြင်း၊

၃။ အနာပုစ္ဆံ ဝါ ဂဆ္ဆေယျ– သာမဏေ၊ အရံစောင့်တို့ကို ပန်ကြားအပ်နှံ၍ သွားခြင်း။

သမ္မုခါဝိနည်း ပေးရကျိုး–

ဖြစ်ကုန်ဖြစ်ကုန်ပြီးသော အဓိကရဏ်တို့ ငြိမ်းအေးခြင်း ငြိမ်ဝပ်ပိပြားခြင်း အကျိုးရှိသည်။

၆။ (က) သုဒ္ဓကာဠကသိက္ခာပုဒ်ကိုထောက်၍ နိဿဂ္ဂိယဝိစိတ် အာပတ်မသင့်၊

(ခ) ဩဝါဒသိက္ခာပုဒ်ကို ထောက်၍ အာပတ်မသင့်၊

(ဂ) ကဗ္ဘာဝေဋ္ဌဒကသိက္ခာပုဒ်ကို ထောက်၍ အာပတ်မသင့်၊

(ဃ) အသံကစွဲကသိက္ခာပုဒ်ကိုထောက်၍ ပါစိတ်အာပတ်၊

(င) ဟရိတေ ဥစ္စာရ သိက္ခာပုဒ်ကို ထောက်၍ နုက္ကဋ်။

၇။ သံဃော ဥပေါသထံ ကရေယျ–ဟု ဟောတော်မူသောကြောင့် သံဃာ့ဥပုသ်ကို ယူရမည်။

မန–သန္နိ ဆိုရကြောင်း– စိတ္တ–သန္နိ၏ အနက်ကို ထင်ရှားပြလိုသောကြောင့်၊

သိက္ခာကျ/ မကျ– ဘိက္ခုနီများ လူဝတ်ကို ဝတ်ရုံခြင်းဖြင့် သိက္ခာကျပါသည်။

နောက်ထပ်ရဟန်းပြုခွင့်လည်း မရတော့သဖြင့် ယင်းသို့ ဝတ်ခြင်းသည် ပါရာဇိကကျခြင်း နှင့် အလားတူသောကြောင့် ပါရာဇိကကျခြင်း အပြစ်သင့်ပါသည်။

၈။ (က) အတ္တကာမပါရိစရိယသိက္ခာပုဒ်အရ နုက္ကဋ်အာပတ် သင့်ပါသည်။

(ခ) အတ္တကာမပါရိစရိယသိက္ခာပုဒ်အရ အာပတ်မသင့်ပါ။

အဓိဋ္ဌာန်စွန့်ခြင်း အင်္ဂါရုပ်များ–

၁။ သူတစ်ပါးအား ပေးစွန့်ခြင်း၊ ၂။ သူတစ်ပါးတို့ လုယက်ခိုးယူသွားခြင်း၊

၃။ အကျွမ်းဝင်သဖြင့် ယူသွားခြင်း၊ ၄။ သိက္ခာမချဘဲ လူဝတ်လဲခြင်း၊

၅။ သိက္ခာချခြင်း၊ ၆။ သေဆုံးခြင်း၊

၇။ လိင်ပြန်ခြင်း၊ ၈။ ပစ္စုဒ္ဓိရပြုခြင်း။

http://www.dhammadownload.com

ဆောင်- ဝေးစွန်၊ ခိုးဂုတ်၊ ဝိဿာသဂံ၊ လူထွတ်၊ ချသိက္ခာ၊
သေဆုံး၊ လိင်ပြန်၊ ဝစ္ဆဂုဒ်၊ ဂူစိတ်၊ ကျစိဋ္ဌာ။ (ဘာသာဋီကာ)

၉။ သေယျ အရ- (ပဲခူး/အနောက် ၈-တွင်ရှု)
ဩဝါဒဝဂ်၊ ရတောနိသဇ္ဇသိက္ခာပုဒ်ကို သီးခြားဆိုရကြောင်း-
အကြောင်းဝတ္ထု ဖြစ်ပေါ်လာခြင်း အဋ္ဌုပ္ပတ္တိ၏ အစွမ်းကြောင့် သီးခြားပညတ်တော်မူသည်။

၁၀။ မြင်လောက်, ကြားလောက်ရာ ဥပစာ-
လွတ်တီးခေါင်၌ ၁၂-တောင် အရပ်အတွင်းသည်လည်းကောင်း, အကြား၌ နီးစပ်သည်တို့ ရှိလျှင် ထင်းနီးစပ်သည်တို့ အတွင်းအရပ်သည်လည်းကောင်း မြင်လောက်, ကြားလောက်ရာ ဥပစာဖြစ်သည်။
ဥဿယဝါဒိကာ- (ကယား ၁၀-တွင်ရှု)

၁၄။ ပထမပြန်စာဓမ်းပဲ့ကျင်းပဓရေဗဟို့အမဲ့ခွဲ (ရှုမ်းပြည်နယ်တောင်ပိုင်း)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာ ဘာသာ
၁၃၆၈-ခုနှစ်၊ ဓနှာင်းတန်ခူးလပြည့်ကျော် (၂) ရက်၊ (၃-၄-၂၀၀၇) ဗုဒ္ဓဟူးဓနွ့

၁။ ရှင်တော်ဘုရား၏ သက်နှံးတော်နှင့် ညီမျှသောသက်နှံးကို ပြုလုပ်သော ညီတော်နန္ဒထေရ်ကို အကြောင်းပြု၍ ပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးပြပါ။

၂။ ခက်မဲ၌ ပေါက်သောအနာကို သံဃာအား မပန်ကြားဘဲ ယောကျ်ားတစ်ယောက်ကို ဆေးလိမ်းစေသော ရဟန်းမအား အာပတ်သင့်စေနိုင်သော သိက္ခာပုဒ်ကို အနက်ယောဇနာ ပြပါ။

၃။ ဒုတိယပါရာဇိကသိက္ခာပုဒ်အရ သူတစ်ပါးပစ္စည်းကို ခိုးယူရာ၌ ဌာနာစဝနအားလျော်စွာ ဖြစ်သင့်သော အာပတ်အစုတို့ကို ခွဲခြားပြ၍၊ သော စ ဘိက္ခု အနုဇ္ဇိတော၊ တေ စ

http://www.dhammadownload.com

ဘိက္ခူ ဂါရယှာ-၌ ဘိက္ခုအရ, ဘိက္ခူအရှ, ဂါရယှာ-အရတို့ကိုလည်း အသီးသီး ကောက်ပြခဲ့ပါ။

၇။ ဝိုရှင်တို့ ဝိမိအာရာမ်အတွင်း၌ ဒီယိကာမတစ်ဦး၏ ရှေ့ဆွဲကြိုးကျ၍ ကောက်ယူသိမ်းထားခဲ့ရာ၌ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်ကို ရတနသိက္ခာပုဒ်အရ ညွှန်ပြ၍၊ ဝိကာလဂါမပွဝေသန သိက္ခာပုဒ်၌ ဝိကာလအရ ယူရမည့်အချိန်အခါကိုလည်း ပိုင်းခြားပြခဲ့ပါ။

၈။ အသက် ၂၀-မပြည့်မှန်းသိလျက် ပဉ္စင်းခံပေးရာ၌ ဥပဇ္ဈာယ်ဆရာနှင့် ကာရကသံဃာတို့အား မည်သည့်အပြစ်ရှိသည်ကို အသီးသီးဖော်ပြ၍၊ အသက် ၂၀-မပြည့်ဘဲ ပဉ္စင်းခံလာသောပုဂ္ဂိလ်သည် မဂ်, ဖိုလ်, နိဗ္ဗာန်၏ အနန္တရာယ် ဖြစ်နိုင်/ မဖြစ်နိုင် ဖော်ပြပြီး၊ ဝိမိကိုယ်တိုင်က ပဉ္စင်းမဖြစ်မှန်းသိလျှင် မည်သို့ဆက်လုပ်ရမည်ကိုလည်း ဖြေဆိုပါ။

၉။ မိုးရေခံသက်နှံးကို ရှာမိုး, ချူပ်ဆိုးခွင့် ရသောကာလ၊ ရှာမိုး, ချူပ်ဆိုးခွင့် မရသောကာလတို့ကို ပိုင်းခြားပြပြီး၊ သက်နှံးကိုးထည်တို့တွင် ကပ္ပဒိန္ဓထိုးရမည့်သက်နှံး၊ မထိုးရမည့် သက်နှံးတို့ကိုလည်း ခွဲခြားပြပါ။

၁၀။ ဒိဟိဂတသိက္ခာမာန်၏ ပဉ္စင်းခံပေးထိုက်သောအဂါရဝ်များကို ဖော်ပြ၍၊ မည်ကဲ့သို့ ဝန်တို ခြင်းမျိုးရှိပါမှ ကုလမဒ္ဒ ရိန္ဒိသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်သည်ကိုလည်း ရှင်းပြခဲ့ပါ။

၁၁။ ဆွေမျိုးသားချင်း သေဆုံး၍ ဝိုကြွေးသောရဟန်းမအား အာပတ်သင့်/ မသင့်ဆုံးဖြတ်၍၊ အဋ္ဌဝတ္ထုက ၈-ပါးတို့တွင် တစ်ပါးပါးကို လွန်ကျူးသောခဏ၌ မည်သည့်အာပတ် သင့်ရောက် နိုင်သည်ကိုလည်း သင့်ရောက်ပုံနှင့်တကွ ဖော်ပြပါ။

၁၂။ ရဟန်းတို့အား စားဖွယ်, သောက်ဖွယ်ပေးကပ်ရာတွင် ပေးကပ်နိုင်ခွင့်ရှိသော ပုဂ္ဂိလ်တို့ကို ဖော်ပြ၍၊ အကပ်မြောက်ခြင်း၏ အင်္ဂါတို့ကိုလည်း စုံလင်စွာ ဖော်ပြပါ။

http://www.dhammadownload.com

၁၀။ အောက်ပါ ရဟန်း/ ရဟန်းမတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်တပ်၍ ဆုံးဖြတ်ခဲ့ပါ။

(က) ၁၂-တောင်ကွာ လူမမြင်ရာအရပ်၌ မာတုဂါမနှင့် တစ်ယောက်ချင်း အတူနေထိုင်သော ရဟန်း။

(ခ) အကြောင်းမဲ့သက်သက် နှစ်ရက်သုံးရက် ကျော်လွန်၍ စပ်ပွဲ, စစ်သည်, စစ်ဆင်ရာ ဆင်တပ်, မြင်းတပ်သို့ သွားလာကြည့်ရှုသော ရဟန်း။

(ဂ) လခွဲတိုင်း ဘိက္ခုသံဃာထံမှ ဩဝါဒခံယူရန် ချဉ်းကပ်မှု မပြုသော ရဟန်းမ။

၁၄။ ရှမ်းပြည်နယ်တောင်ပိုင်း (အဖြေ)
ပထမကြိမ်တန်း ။ ။ ဓဇမာတိကာဘာသာ

၁။ နန္ဒသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ပသာခေဇာတ်သိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **အာပတ်အစု-**

ကျောက်ကုန်းပေါ်ရှိ ဘက္ခာကို ခိုးလိုစိတ်ဖြင့် သုံးသပ်လျှင် ဒုက္ကဋ်၊
လှူပ်ရှားစေလျှင် ထုလ္လစ္စည်း၊
မူလတည်ရာအရပ်မှ ရွှေ့စေလျှင် ပါရာဇိက။

ဘိက္ခု အရ- ပရိဝါသ်ဆောက်တည်ပြီး, မာနတ်ကျင့်ပြီးသော ရဟန်း၊

ဘိက္ခူ အရ- အဇ္ဈာနကံပြုသော ရဟန်းမျာ၊

ဂါရယှာ အရ- ဒုက္ကဋ်အာပတ်သင့်ခြင်း။

၄။ **ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်-**

၁။ အမှတ်အသားပြု၍ သိမ်းထားရခြင်း၊

၂။ ပစ္စည်းပျောက်သူ လာယူပါဟု ကြေငြာရခြင်း၊

http://www.dhammadownload.com

၃။ လာယူသောအခါ သင့်ပစ္စည်းက ဘယ်လိုဟာလဲစသည်ဖြင့် မေးရခြင်း၊
၄။ အမှတ်အသားနှင့် ကိုက်ညီလျှင် ပေးရခြင်း၊
၅။ မကိုက်ညီလျှင် ရှာပါဦးဟု ပြောရခြင်း၊
၆။ သိမ်းထားသူရဟန်းက ကျောင်းတိုက်မှ ဖဲသွားလိုလျှင် သင့်လျော်သောရဟန်းများ, ၎င်းတို့မရှိလျှင် သင့်လျော်သော ဒကာများ၏လက်၌ အပ်နှံသွားရခြင်း၊
၇။ အခြားကျောင်းလည်း မပြောင်း၊ ပိုင်ရှင်လည်း မတွေ့သော် ထာဝရဖြစ်သော ကျောင်း, စေတီ, ရေကန် တစ်ခုခု ပြုလုပ်စေခြင်း၊
၈။ အချိန်လွန်မှ ပိုင်ရှင်လာလျှင် ၎င်းစေတီစသည်ကို ပြု၍ ဝမ်းမြောက်ပါဟု ပြောရခြင်း၊
၉။ အကယ်၍ ဝမ်းမမြောက်နိုင်ဘဲ ပစ္စည်းပြန်တောင်းလျှင် အရိယာတို့တောင်းနည်းဖြင့် တောင်း၍ အစားပြန်လျော်ဖေးရခြင်း။

ဆောင်- [၁] *မှတ်ပြုသိမ်းထား၊* [၂] *ကြေငြာထား၊* [၃] *စေးထား ငှဲ့ ယူ နှံ။*
[၄] *မှန်းသေး၊* [၅] *မှားတာ၊ ကွဲဦးဆု၊* [၆] *ပြောင်းက အပ်ထားထွန်း။*
[၇] *ပို့ရှင်းပေါ်၊ ခြစ်ခဲ့သော်၊ ကျောင်းတော်ဆူထူး၊ ရေကန်များ၊ ပြုထား မှတ်ကန်။*
[၈] *နောင်ခါပေါ်ပြား၊ ပိုင်ရှင်အား၊ ပြောကြား ဝမ်းမြောက်ရန်၊*
[၉] *သာစုစေခေါ်၊ ပြန်တောင်းသော်၊ အလျော်ဖေးရမှန်။*
ပစ္စည်းသိမ်းထား၊ ဤ ၉-ပါး၊ မှတ်သားပြုကြရန်။

ဝိကာလ အရ- မွန်းတည့်လွန်ရာ အခါမှစ၍ အရုဏ်တက်ချိန် အခါကာလ။

၅။ ဥပဇ္ဈာယ်ဆရာ- ပါစိတ်အာပတ်။ ကာရကသံဃာများ-ဒုက္ကဋ်အာပတ်။
အသက် ၂၀-မပြည့်ဘဲ ရဟန်းခံလာသူနှင့် မဂ်, ဖိုလ်, နိဗ္ဗာန်-
ပဋိဉာဏ်မဖြစ်မှန်း မသိဘဲ ဖိုဖိုကိုယ်ကို ဖိုဖို ရဟန်းဟု အထင်ရှိနေသမျှ မဂ်, ဖိုလ်, နိဗ္ဗာန်၏ အန္တရာယ် မဖြစ်နိုင်ပါ။
ဖိုဖိုကိုယ်တိုင်က ပဋိဉာဏ်ဖြစ်မှန်း သိလျှင် ထပ်၍ရဟန်းခံရမည်။

၆။ **ရှာမှီး, ချုပ်ဆိုးခွင့် ရသောကာလ-** နယုန်လပြည့်ကျော် ၁-ရက်နေ့မှ လာမည့် တန်ဆောင်မုန်းလပြည့်နေ့ အထိ ၅-လ။

http://www.dhammadownload.com

ရှာမှီး, ချုပ်ဆိုးခွင့် မရသောကာလ–တန်ဆောင်မုန်းလပြည့်ကျော် ၁–ရက်နေ့မှ လာမည့် နယုန်လပြည့် အထိ ၇–လ။

ကပ္ပဗိန္ဒု ထိုးရမည့်သင်္ကန်း– သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ်, အမာလွှမ်းသင်္ကန်း, ပိုးရေခံသင်္ကန်း။

ကပ္ပဗိန္ဒု မထိုးရမည့်သင်္ကန်း– နိသိဒိုင်, အပေါ်လွှမ်းအိပ်ရာအခင်း, မျက်နှာသုတ်ပုဝါ, ရေစစ်–စဖေသော ပရိက္ခရာအဝတ်။

ဆောင်– သင်း, တိုယ်, ဒုဿီး၊ ကောင်းစွာဆိုး၊ မာ, မိုး ဖြတ်ဝံသာ။
ထဗ္ဗမိန္ဒု၊ ထိုးပိုးပြု၊ သိန္ဓု ထို ၅–ဖြာ။

၇။ **ဂိတိဂတသိက္ခာမာန် ပဥ္စင်းခံအင်္ဂါ**– (ရခိုင် ၄–တွင်ရှု)

ပါစိတ်အာပတ်သင့်ပုံ–

၁။ ဘိက္ခုနီများအား ပစ္စည်းလေးပါးလျှုလိုသောအမျိုးသို့ အဘယ်နည်းဖြင့် ဘိက္ခုနီတို့ မသွားကုန်ရာအံ့နည်းဟု ကြဲ၍ ဘိက္ခုနီတို့အထံ အမျိုး၏ဂုဏ်းကျေးဇူးမဲ့ကို ပြောဆိုလျှင်–

၂။ ဤအလျှုရှင်များသည် အဘယ်နည်းဖြင့် ထိုဘိက္ခုနီတို့အား တစ်စုံတစ်ခုကို မပေးကုန်ရာအံ့နည်းဟု ကြဲ၍ အမျိုးတို့အထံ ဘိက္ခုနီတို့၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုလျှင်– ပါစိတ်အာပတ်သင့်ပါသည်။

၈။ ဆွေမျိုးသားချင်း သေဆုံး၍ ငိုကြွေးသောရဟန်းမအား အာပတ်မသင့်ပါ။

အဋ္ဌဝတ္ထုကာနှင့် အာပတ်သင့်ရောက်ပုံ–

သကေတဂမနကြောင့် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း·ဒုက္ကဋ်၊
သက်ရောက်ကာမျှဖြစ်လျှင် ထုလ္လစ္စည်း၊
ယေကျား၏ ရှေးရှုလာသည်ကို သာယာခြင်းကြောင့် ဒုက္ကဋ်၊
ဟတ္ထပါသ်သို့ သက်ရောက်ခြင်းကြောင့် ထုလ္လစ္စည်း၊
ကြွင်း ၆–မျိုးတွင် တစ်မျိုးမျိုးသော ဝတ္ထုကြောင့် ထုလ္လစ္စည်း၊
၈–ခုမြောက် ဝတ္ထုပြည့်လျှင် ပါရာဇိက။

http://www.dhammadownload.com

၉။ ပေးကမ်းနိုင်ခွင့်ရှိသော ပုဂ္ဂိုလ်–

၁။ အနုပသမ္ပန္နပုဂ္ဂိုလ်– (ရဟန်းမှတစ်ပါး နတ်, လူ, သာမဏေ, ဘိက္ခုနီမ)၊

၂။ အောက်ထစ်ဆုံးအားဖြင့် တိရစ္ဆာန်၊

အကပ်မြောက်ခြင်းအင်္ဂါ–

၁။ ကပ်မည့်သူက ရှေးရှုဆောင်ခြင်း၊

၂။ အကပ်ခံမည့် ရဟန်း၏ ၂–တောင်ထွာအတွင်း၌ ရောက်ခြင်း၊

၃။ အားအလယ်လတ်ရှိသူ မြောက်ချိုနိုင်သည့် ဝတ္ထုဖြစ်ခြင်း၊

၄။ ကိုယ်ဖြင့်ပေးခြင်း, ကိုယ်နှင့်စပ်သော ခွက်–စသည်ဖြင့်ပေးခြင်း, ပစ်၍ပေးခြင်း ဤ ၃–မျိုးတွင် တစ်မျိုးမျိုးဖြင့် ကပ်သူကပေးခြင်း၊

၅။ ကိုယ်ဖြင့်ခံယူခြင်း, ကိုယ်နှင့်စပ်သော ခွက်–စသည်ဖြင့် ခံယူခြင်း ဤ ၂–မျိုးတွင် တစ်မျိုးမျိုးဖြင့် အကပ်ခံရဟန်းက ခံယူခြင်း၊

ဆောင်– ရှေ့ရှုယည်ဆော် နှစ်ထောင်ကွာရော့၊ မြောက်ကိုယူတွဲ၊ သုံးဆယ်ခြောက်၊ ခံခြင်း နှစ်လှယ်၊ ကပ်ခြင်းတဲ့၊ မှတ်လေ့တော် အင်္ဂါငါးပါးတည်း။ (ဘာသာဋီကာ)

၁၀။ (က) ရဟောပဋိဉ္ဉာန္နသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊

(ခ) ဥယျုတ္တသေနာ၊ သေနာဓိသ၊ ဥယျောဓိကသိက္ခာပုဒ်တို့ဖြင့် ပါစိတ်အာပတ် ၃–ချက်၊

(ဂ) သြဝါဒူပသက်မနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်မြောက်ပိုင်း)
ပထမကြိုးတန်း ။ ။ ဓဒွမာတိကာဘာသာ
၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက်၊ (၂–၄–၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ မိဆွာအယူဝါဒ သက်ဝင်သော သာမဏေအား ရဟန်းများက ဆုံးမသော စကားရပ်များကိုသာ ပါဠိဝေးခဲ့ပါ။

၂။ အချင်းချင်း၏ အပြစ်ကို ပီးလွှမ်းလျက် လူတို့နှင့် ဂရောနောကာ နေထိုင်ကြသော ဘိက္ခုနီမတို့အား အခြားဘိက္ခုနီမတို့က ပြောဆိုဆုံးမသော စကားရပ်များသာ အနက်ယောဇနာပါ။

http://www.dhammadownload.com

၃။ အောက်ပါ ဘိက္ခု, ဘိက္ခုနီတို့အား သင့်ရောက်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(က) သုံးယူဇနာထက်အလွန် သိုးမွေးတို့ကိုကိုယ်တိုင်ဆောင်ယူ၍ ခရီးသွားသောရဟန်း၊

(ခ) ကျောင်းသူနှင့်အတူ မျက်စိဆိတ်ကွယ်ရာ၌ ထိုင်နေသောရဟန်း၊

(ဂ) ခိုးသူကုန်သည်နှင့် တစ်ဖက်နိုင်ငံသို့ သွားသောရဟန်း၊

(ဃ) နှုတ်ခမ်းတွင် ကပ်နေသော ဆွမ်းလုံးကို လျှာဖြင့် လျက်၍ စားသောရဟန်း၊

(င) အဝတ်မပါ ဗလာကိုယ်ထည်း ရေချိုးသော ရဟန်းမ။

၄။ ဒုတိယအနိယတ သိက္ခာပုဒ်လာ "တထာရူပေ အာသနေ"အရ နေရာအမျိုးအစားကို သိက္ခာပုဒ်လာအတိုင်း ဖော်ပြ၍ နိဿဂ္ဂိယိစိတ်လာ အကာလစီဝရ ဖြစ်ပေါ်ရာ၌ အာပတ်မသင့်အောင် လိုက်နာကျင့်ဆောင်ဖွယ်ကို သိက္ခာပုဒ်အတိုင်း ဖော်ပြပါ။

၅။ တစ်နှစ်၌ အပူဆုံးသောကာလနှင့် အအိုက်ဆုံးသောကာလတို့ကို ပိုင်းခြားပြ၍၊ သဉ္ဇစ္စ သိက္ခာမုဒ်လာ "သိဉ္စစ္စ ပါဏံ"၌ ပါဏနှင့် သပ္ပါဏကသိက္ခာပုဒ်လာ "ဇာနံ သပ္ပါဏကံ"၌ ပါဏ–အရ ၎င်းနှစ်ခုအထူးတို့ကို ရေးသားပြီး၊ အညတြ ကပ္ပိ–၌ ကပ္ပ–အရ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးထိုက်သော ကပ္ပ အမျိုးအစားကိုသာ ထုတ်ပြပါ။

၆။ ဘိက္ခုနီ သုဒ္ဓပါစိတ် အသာဓာရဏာ သိက္ခာပုဒ်တို့တွင် သွား၍ မကြည့်ရှုကောင်းသော အရာဝတ္ထုများကို ဖော်ပြ၍၊ (က) ဝါတွင်း၌ မပြုရသောကိစ္စ၊ (ခ) ဝါကျွတ်လျှင် ပြုရမည့် ကိစ္စတို့ကိုလည်း သိက္ခာပုဒ်လာ ပါဠိဝေါဟာရဖြင့် ဖြေဆိုပါ။

၇။ "ဓိမိ၌ ထင်ရှားရှိသော အာပတ်ကို ထင်စွာပြုအပ်၏"ဟုဆိုရာ အာယသ္မာ ထင်စွာပြုရမည်ကို ဖြေဆိုပြီးလျှင် "သတ္ထဟာရကံ ဝါသေ ပရိယေသေယျ"ဝယ် ပရိယေသေယျ၏ သဘောအဓိပ္ပါယ်ကိုလည်း ကခဏဆရာအလိုကျ ဖြေဆိုပြပါ။

၈။ "မာယသ္မာ ဇဝံ အဝစ နံ စ ဘိက္ခူ ဆန္ဒဂါမိနော"စသော စကားရပ်များကို မိန့်ဆိုခြင်း၏ ရည်ရွယ်ချက်ကို ဖြေဆိုပြီးလျှင်၊ အကပ်မခံမူ၍ မိမိကိုယ်တိုင် သိမ်းဆည်းထားအပ်

http://www.dhammadownload.com

သည့် ထောပတ်စသော ဆေးပစ္စည်းများ ခုနစ်ရက်ကျော်လွန်လျှင် နိဿဂ္ဂိထိုက်, မထိုက် ကိုလည်း မှန်ကန်စွာ စိစစ်ပြပါ။

၉။ အပ္ပဋိဉ္ဆန္နမာနတ်, ပဋိဉ္ဆန္နမာနတ်တို့၏ အဓိပ္ပါယ်ကို ဖြေဆိုပြီးလျှင် အပိုသင်္ကန်းဖြစ်ရခြင်း၏ အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ သီမာယဒေတိ–၌ သိမ်အပြားများကို ရေတွက်ပြပြီးလျှင် သဟသေယျ၏ အဓိပ္ပါယ်ကို လည်း ဖြေဆိုခဲ့ပါ။

၁၅။ ရှမ်းပြည်နယ်ဖြောက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။- ဒွေမာတိကာဘာသာ

၁။ မာဝုသော သမဏုဒ္ဒေသ –(ပ)– အလဉ္စ ပန တေ ပဋိသေဝတော အန္တရာယာယ ကို ပါဠိရေးလေ။

၂။ ဘဂိနိ ယော ခေါ သံသဋ္ဌာ ဝိဟရန္တိ, ပါပါစာရာ ပါပသန္ဒိ ပါပသိလောကာ ဘိက္ခုနိ သံဃသဿ ဝိဟေသိကာ အညမညိဿ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဝိဝိစ္စထာယေျ။ ဝိဝေကညေဝ ဘဂိနိနံ သံဃော ဝဏ္ဏေတိ–ကို အနက်ရေးလေ။

၃။ (က) ဇွေကလောမသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ခ) ရဟောပဋိဉ္ဆန္နသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) ထေယျသတ္ထသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) သြဒ္ဓိလ္လေဟကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(င) နဂ္ဂသိက္ခာပုဒ်ဖြင့် ပါစိတ်။

၄။ **တထာရူပေ အာသနေ အရ –**
မဗုံးကွယ်အပ်သည်ဖြစ်၍ မေထုန်မှီပြုခြင်းဟု မဖြစ်နိုင်သော နေရာ (ဗျတိရိတ်)၊

http://www.dhammadownload.com

မာတုဂါမကို ဝစ္ဆမဂ်, ပဿာဝမဂ်, မေထုန်နှင့်စပ်သည့် စကားတို့ဖြင့် ယုတ်ယုတ်မာမာ ပြောဆိုခြင်းဟု စွပ်နိုင်သော နေရာ (အနွယ်)။

အကာလစီဝရနှင့် လိုက်နာကျင့်ဆောင်ဖွယ်–

ခံယူပြီးနောက် ၁၀–ရက်မလွန်ခင် အလျင်အမြန်ချုပ်ရမည်၊ မချုပ်လောက်၍ နောက်ထပ် ရဖို့ မျှော်လင့်ချက်ရှိလျှင် ၎င်းအကာလစီဝရကို ဝိကပ္ပနာသော်လည်းပြု ပရိက္ခာရစောင့် အဓိဋ္ဌာန်သော်လည်း တင်ထားရမည်။

၅။ **အပူဆုံးကာလနှင့် အအိုက်ဆုံးကာလ–** (ရန်ကုန် ၃–တွင်ရှု)

ပါဏာ အရ–

သင်္ခါစ္စသိက္ခာပုဒ်– တိရစ္ဆာန်သတ္တဝါအားလုံး၊

သပ္ပါဏကသိက္ခာပုဒ်– သုံးစွဲခြင်းကြောင့် သေနိုင်လောက်သည့် ပိုးကောင်လေးများ။

ကပ္ပ အရ– (စစ်ကိုင်း ၉–တွင်ရှု)

၆။ ၁။ မင်းဏီအိမ်တော်၊ ၂။ ဆန်းကြယ်သောအိမ်၊ ၃။ အံ့ဖွယ်၊ ၄။ ဥယျာဉ်၊ ၅။ ရေကန်၊ (ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း)

(က) ခရီးဒေသစာရီ လှည့်လည်ခြင်း၊

အထောက်– အန္တောဝသဿံ စာရိကံ စရေယျ၊ ပါစိတ္တိယံ။

(ခ) (ကရင် ၅–တွင်ရှု)။

၇။ ၁။ သံဃာ့အလယ်၊ ၂။ နှစ်ပါး,သုံးပါးဟူသော ဂိုဏ်းအလယ်၊ ၃။တစ်ပါးတည်းသော ပုဂ္ဂိုလ်၏ အထံ။

ပရိယေသေယျ၏ သဘောအဓိပ္ပါယ်–

ရှာမှီးရုံမျှကိုသာ ဆိုလိုသည်မဟုတ်၊ လက်နက်ကို ရနိုင်သော နည်းလမ်းဖြင့် ရအောင် ပြုခြင်း, ရှာခြင်း, ယင်းသို့ ပြုပြီး, ရှာပြီးနောက် သေစေလိုသူ၏ အနီးဌာ ချထားခြင်းကို ဆိုလိုပါသည်။

http://www.dhammadownload.com

၈။ ဆန္ဒဂါမိနော စ ဘိက္ခု–စသော စကားကို စွန့်လွှတ်ရန်ရည်ရွယ်ချက်ဖြင့် မိန့်ဆိုခြင်း ဖြစ်ပါသည်၊ ကုလဒူသနအမှုကို တားမြစ်ရန် ရည်ရွယ်ချက်ဖြင့် မိန့်ဆိုသည် မဟုတ်ပါ နိဿဋ္ဌိထိုက်, မထိုက်–

ဘေသဇ္ဇသိက္ခာပုဒ်လာ ပဋိသာယနိယာနိ–ပါဠိဖြင့် အကပ်မခံဘဲ ကိုယ်တိုင်သိမ်းဆည်း ထားသော ထောပတ်–စသော ဆေးပစ္စည်းများ ရ–ရက်ကျော်လွန်သော်လည်း ဘေသဇ္ဇ သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ဟူသော အဓိပ္ပါယ်ကို ပြသောကြောင့် နိဿဋ္ဌိမထိုက်ပါ။

၉။ **အပဋိဆ္ဆန္နမာနတ်**– ဖုံးထားသောအာပတ်မရှိသောရဟန်းအား ပရိဝါသ်အဆုံး၌ ပေး ထိုက်သော မာနတ်။

ပဋိဆ္ဆန္နမာနတ်– ဖုံးထားသောအာပတ်ရှိသောရဟန်းအား ပရိဝါသ်အဆုံး၌ ပေး ထိုက်သော မာနတ်။

အပိုသက်နှံးဖြစ်ရခြင်း အကြောင်း–

အဓိဋ္ဌာန်တင်အပ် ဝိကပ္ပနာပြုအပ်သော သင်္ကန်းတို့၌ အကျုံးမသောကြောင့် အပိုသက်နှံး ဖြစ်ရသည်။

၁၀။ ၁။ ခဏ္ဍသိမ်၊ ၂။ ဥပစာရသိမ်၊ ၃။ သမာနသံဝါသကသိမ်၊
၄။ အဝိပ္ပဝါသသိမ်၊ ၅။ လာဘသိမ်၊ ၆။ ဂါမသိမ်၊ ၇။ နိဂမသိမ်၊
၈။ နဂရသိမ်၊ ၉။ အဇ္ဈောက္ခရသိမ်၊ ၁၀။ ဥဒကုက္ခေပသိမ်၊
၁၁။ ဇနပဒသိမ်၊ ၁၂။ ရဋ္ဌသိမ်၊ ၁၃။ ရဇ္ဇသိမ်၊ ၁၄။ ဒီပသိမ်၊
၁၅။ စက္ကဝါဠသိမ်။

ဆောင်– ခဏ်, ဥ, သမာ၊ အဝိပ္ပါ၊ လာ, ဂါ, နိ, နဂ, အဇ္ဈ နွှ။ ဥဒကုက်, ဇန၊ ရဋ္ဌ၊ ဒီ, စက္ကဝါ၊ သိမာဘေး ဆယ်ပါး၀။

သဟသေယျအဓိပ္ပါယ်–

အလုံးစုံပိုးအပ် ကာရံအပ်သောကျောင်း၌ဖြစ်စေ, များသောအားဖြင့် ပိုးအပ် ကာရံအပ် သောကျောင်း၌ဖြစ်စေ, ရှေ့နောက်သော်လည်းကောင်း တစ်ပြိုင်နက်သော်လည်းကောင်း လူ, သာမဏေတို့နှင့် အတူတကွ အိပ်ခြင်း။

http://www.dhammadownload.com

၁၆။ ပထမပြန်စာမေးပွဲကျင်းပခရေးဗဟိုဘဒ္ဒန္တဝိုဒ်း (ရှမ်းပြည်နယ်အရှေ့ပိုင်း) ပထမကြီးဘန်း ။ ။ ဓဒ္ဓမာတိကာဘာသာ

၁၃၆၉-ခုနှစ်၊ တပေါင်းလဆုတ် (၁၂)ရက် (၂- ၄- ၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ ရဟန်းတစ်ပါးကို ဆွမ်းခံအတူခေါ်သွားပြီးနောက် မလျောက်ပတ်သော အကျင့်ကို ကျင့်လို၍ အဖော်ရဟန်းကို ပြန်လွှတ်သောရဟန်းအား အာပတ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိဖွင့်ရေးခဲ့ပါ။

၂။ ဘုရားရှင်၏ ခွင့်ပြုတော်မူသော ပမာဏကို ကျော်လွန်၍ ရေသနုပ်ကိုပြုသော ဘိက္ခုနီအား အာပတ်သင့်ပုံပြ သိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။

၃။ သံဃာညီညွတ်သဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများကို ဖြေဆို၍၊ သံဃာဒိသိသ် အာပတ်ကုစားပုံ အစီအရင်ကိုလည်း ပြည့်စုံစွာ ရေးသားဖြေဆိုပါ။

၄။ ဝဿိကသာဋိကသိက္ခာပုဒ်လာ ''သြဇရေန ဧစေ မာသော''၌ ' သြဇရေန 'အရှေ့နှင့် '' သြဇရေနဓုမာသော ' '၌ 'သြဇရေန'အရတို့ကို တိကျစွာ ကောက်ပြ၍၊ အစွေ့ကစိဝရ သိက္ခာပုဒ်၌ 'အစွေ့ကသက်နှံး'ဟူသည် မည်ကဲ့သို့သော သက်နှံးပါနည်း ရှင်းလင်း ဖြေဆိုခဲ့ပါ။

၅။ ''ဗုန္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဇါနေသို့ ထွန်းစေသော်''ဟု လူတို့နှင့် သံပြိုင်သီဆိုသော ရဟန်းအား ပဒသောဓမ္မသိက္ခာပုဒ်အရ အပြစ်ရှိ/ မရှိ အကြောင်းပြ ဆုံးဖြတ်၍၊ အနုပဒ္ဒ သိက္ခာပုဒ်လာ 'ဇာနံ' အရ နေရာမှ မထစေထိုက်သူများကိုလည်း ဖော်ထုတ်ခဲ့ပါ။

၆။ ဘိက္ခု၊ ဘိက္ခုနီ နှစ်မျိုးလုံး ဆက်ဆံသော သံဃာဒိသေ သာဓာရဏာသိက္ခာပုဒ်များကို ရေတွက်ပြ၍၊ (က) ပါဂျိတ်သောအခါ ဘိက္ခုနီတို့ သွားရမည့် ခရီးပမာဏ၊ (ခ) ပြုလုပ်ရမည့် ဝတ္တရား၊ (ဂ) လခွဲတိုင်း တောင့်တရမည့် တရားနှစ်ပါးတို့ကို ပါတိမောက်လာ အတိုင်း ထုတ်နှုတ်တင်ပြပါ။

http://www.dhammadownload.com

၇။ သိမ်နိုမိတ် ၈-ပါးတို့တွင် 'ရေနိမိတ်'အရ အဘယ်ကဲ့သို့သော ရေကို ယူရပါမည်နည်း ဖြေဆို၍၊ အသန္တိယာ အာပတ္တိယာ-၌ အဘယ်အာပတ်မျိုးကို, 'အသန္တိအာပတ်'ဟု ခေါ်ပါသနည်း ကခ်ီနှင့်အညီ ဖြေဆိုခဲ့ပါ။

၈။ အညာတကဝိညတ္တိ သိက္ခာပုဒ်လာ 'ဂဟပတိ, ဂဟပတာနီ'အရတို့ကို တိကျစွာ ကောက်ပြ၍၊ သာသက်သိက္ခာပုဒ်၌ 'အရညကာနီ'အရ ရွာနှင့် တောကျောင်း၏ အကွာအဝေးပမာဏကိုလည်း ကခ်ီလာအတိုင်း ဖြေဆိုခဲ့ပါ။

၉။ မိမိတို့သီတင်းသုံးနေထိုင်ရာ ကျောင်းပရိဝုဏ်အတွင်း၌ လူပုဂ္ဂိုလ်တို့၏ ရတနာပစ္စည်းများကို တွေ့ပါက ရဟန်းတော်များ ပြုကျင့်ရမည့် တာဝန်ဝတ္တရားများကို ကခ်ီအဋ္ဌကထာ ဆရာအလိုကျ ဗဟုသုတဖြစ်ဖွယ် ရေးသားပါ။

၁၀။ ပဏီတဘောဇနာနိ-၌ 'ပဏီတသရပ်'ကို ကုန်စင်အောင် ထုတ်ပြ၍၊ အာသန္ဒိပရိဘုဥ်နသိက္ခာပုဒ်လာ 'အာသန္ဒိနှင့် ပလ္လင်'အထူးကိုလည်း ကခ်ီကျမ်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၁၆။ ရှမ်းပြည်နယ်အရှေ့ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ ဥယျာဇနသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဥဒကသာဋိကသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ ရဏ္ဍိနိုင်သောအကျိုးကျေးဇူး- (စစ်ကိုင်း ၃-တွင်ရှ)
သံဃာဒိသေသ်ကုစားပုံ-
၁။ သံဃာဒိသေသ်အာပတ်သင့်လျှင် သိလျှက်ဖုံးထားသော နေ့ရက်နှင့်အညီ ပရိဝါသ်၊ နေရမည်၊

http://www.dhammadownload.com

၂။ ပရိဝါသ်နေပြီးလျှင် ရဟန်းတို့၏ မြတ်နိုးနှစ်သက်ခြင်းအကျိုးကို ၆-ညဉ့်ပတ်လုံး မာနတ်ကျင့်ရမည်၊

၃။ မာနတ်ကျင့်ပြီးလျှင် သံဃာ ၂-ကျိပ်ရှိသော သိမ်အတွင်း၌ အဘ္ဘာန်သွင်းရမည်။

၄။ **ဩရေန ဧ မာသော-၌ ဩရေန အရ-**
တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ နယုန်လပြည့်အထိ ဂု-လ။
ဩရေနဋ္ဌ မာသော-၌ ဩရေန အရ-
နယုန်လပြည့်ကျော် ၁-ရက်မှ နယုန်လကွယ်အထိ ၁၄-ရက်။
အဧွေကသင်္ကိန်း-
ခရီးသွားမည်သူ၊ မကျန်းမာသူ၊ ကိုယ်ဝန်ရှိသူ၊ သန္ဓိတရားအသစ်ဖြစ်ပေါ်သူ၊ တစ်ယောက်ယောက်က ဝဿာဝါသိကံ ဒဿာမိ-ဟု အဧေးတကြိုး ပင့်၍ဖြစ်စေ, ကိုယ်တိုင်လာပြီးလျှင် ဝဿာဝါသိကံ ဒမ္မိ-ဟု လျှောက်၍ဖြစ်စေ လှူအပ်သောသင်္ကိန်း။
ဆောင်- ခရီးသွားမည်၊ ဂွမ်္ဘီနှင့်၊ မအီမကျန်း၊ သန္ဓိခွဲမိုးကြောင့်၊ ရုဟန်းထံရင်း၊ ရုတ်ချင်းပင့်ကာ၊ လာတန့်လာ၍၊ ဝဿာဝါသိ- ဒဿာမိဟု၊ ဆိုဘိလှူ၊ဒါန်း၊ ထိုသင်္ကိန်း၊ ဧဝါမှန်း အဧွေတ။ (ဘာသာဋီကာ)

၅။ သံဃိယနာသုံးတန်တင်ထားအပ်သော ပါဠိအဋ္ဌကထာဓမ္မကို ရွတ်ဆိုပို့ချမှသာ အပြစ်ရှိသောကြောင့် ပဒသောဓမ္မသိက္ခာပုဒ်ဖြင့် အပြစ်မရှိပါ။
နေရာမှ မထိုက်ဧထိုက်သူများ-
သီတင်းကြိုးရဟန်း၊ ဂိလာနရဟန်း၊ ဘဏ္ဍာဂါရိကရဟန်း၊ ဓမ္မကထိကရဟန်း၊ ဂဏဘောဇကရဟန်း။

၆။ သဉ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလဒူသက သိက္ခာပုဒ်များဖြစ်သည်။
(က) ၅-ယူဇနာ, ၆-ယူဇနာ၊
(ခ) (ဂ) (ကရင် ၅-တွင်ရှု)။

http://www.dhammadownload.com

၇။ ရေနိမိတ်အရ ယူရမည့်ရေ-

တွင်း၊ လေးထောင့်ကန်၊ တစ်ဘက်ဆည်ကန်၊ ဇာတသရအိုင်၊ ဆားငန်ချောင်း၊ သမုဒ္ဒရာစသည်တို့အတွင်း၌ မစီးဆင်းဘဲ တည်နေသောရေကို အစပြု၍ အောက်ထစ်ဆုံးအားဖြင့် နိမိတ်ကြားခါနီးမှ တူးအပ်သော တွင်းငယ်၌ အိုးစသည်တို့ဖြင့် ဆောင်ယူလောင်းထည့်အပ်သည်ဖြစ်၍ ကမ္မဇါစာဆုံးသည့်တိုင်အောင်တည်သောရေကိုယူရမည်။

အာသန္ဓိအာပတ်-

အာပတ်သင့်ကြောင်း ၆-ပါးတို့တွင် မည်သည့်အကြောင်းကြောင့်မျှ မသင့်ရောက်သော အာပတ်, သင့်ရောက်ပြီးသော်လည်း ထမြောက်ပြီး, ဒေသနာကြားအပ်ပြီး, ထင်ရှားပြောကြားအပ်ပြီးသောအာပတ်။

၈။ ဂဟပတိ အရ- ရဟန်းတို့၌ ရှင်, ရဟန်း မပြုသော လူယောကျ်ားအားလုံး၊
ဂဟပတာနီ အရ- ရဟန်းမတို့၌ ရှင်, ရဟန်း မပြုသော လူမိန်းမအားလုံး။
တောကျောင်း၏ အကွာအဝေး- ညှို့တင်ပြီးသော လေးဆရာ၏ လေးဖြင့် ရွာ၏ တံခါးခုံမှစ၍ လေးအပြန်ဇီးရာ ပမာဏဖြစ်ပါသည်။

၉။ တာဝန်ဝတ္တရာများ- (ရှမ်း/တောင် ၄-တွင်ရှု)

၁၀။ ပဏီတသရုပ်- ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ, ဇီး, ကုန်းသတ္တဂါအသား, နွေရည်, နွေဓမ်း။
အာသန္ဓိနှင့် ပလ္လင်္ကအထူး- (ကယား ၆-တွင်ရှု)

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စရာဝတီတိုင်း)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃)ရက်၊ (၂၄- ၃- ၂၀၀၈) တနလ်ာနေ့။

၁။ သူကြွယ် သို့မဟုတ် သူကြွယ်သားနှင့် ရောနှောသော ဘိက္ခုနီမကို ဘိက္ခုနီမတို့က

http://www.dhammadownload.com

သုံးကြိမ် တိုင်အောင်တားမြစ်ပြောဆိုပါသော်လည်း မလိုက်နာခြင်းကြောင့် အပြစ်သင့်ရောက်ပုံပြု သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးသားခဲ့ပါ။

၂။ ရှိရှားဖွယ်ဘေးဘျမ်းနှင့်တကွဖြစ်သော တောကျောင်း၌ တန်းဆောင်မုန်းလပြည့်နေ့တိုင် အောင် ပါဂပ်လိုသော ရဟန်းအား သင်္ကန်းနှင့်ပတ်သက်၍ လိုက်နာကျင့်ကြံရန် ညွှန်ပြထားသော သိက္ခာပုဒ်ကို အနက်ယောဇနာပါ။

၃။ အောက်ပါတို့ကို ပါဠိသာဓကနှင့်တကွ ဖေါ်ပြဖြေဆိုပါ။
(က) ဘုရားရှင်၏ သံဃာပရိသတ် ကြီးပွါးချမ်းသာခြင်း အကြောင်းများ၊
(ခ) နိဿဂ္ဂိယ သာသင်္ကာပုဒ်လာ ဘိက္ခု-အရ ယူရမည့်ရဟန်း။

၄။ အနိုးအနား၌ ချထား၍လှူဒါန်းအပ်သော ရွှေ,ငွေကို စိတ်ဖြင့်သာ အလှူခံသော် အပ်/မအပ် သိက္ခာပုဒ်အထောက်ပြ ဆုံးဖြတ်၍၊ ပိုးရှိသောရေမှန်းသိလျက် ထိုရေထဲသို့ အမှိုက်များ လောင်းထည့်နေသောရဟန်းတော်သည် အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်ပါသနည်း? ဖြေဆိုခဲ့ပါ။

၅။ အကြောင်းကိစ္စရှိ၍ စစ်တပ်သို့ ညဉ့်အိပ်ညဉ့်နေ သွားရောက်နေထိုင်သောရဟန်း လိုက်နာရမည့်စည်းကမ်းတို့ကို ဖော်ပြ၍၊ သေခိယသိက္ခာပုဒ်တို့တွင် အောက်ပါသိက္ခာပုဒ်တို့၏ အရေအတွက်ကို သချိ်္ဘာမျှသာ ပြဆိုခဲ့ပါ။
(က) သာရုပ္ပသိက္ခာပုဒ်၊ (ခ) ဘောဇနပဋိသံယုတ္တသိက္ခာပုဒ်၊
(ဂ) ဓမ္မဒေသနာပဋိသံယုတ္တသိက္ခာပုဒ်၊
(ဃ) ကျင်ကြီးကျင်ယဉ်စွန့်ပူနှင့်သက်ဆိုင်သောသိက္ခာပုဒ်။

၆။ ဘိက္ခုနီသံဃာ၏ သံဃာဒိသေသ်အာပတ် ကုစားပုံအစီအစဉ်ကို ကျမ်းရင်းလာအတိုင်း ဖြေဆိုရ၍၊ ဘိက္ခုနီပါတိမောက်၌ပါဝင်သောသိက္ခာပုဒ်တို့ကို ဥဒ္ဒေသအလိုက် ရေတွက်ပြပါ။

၇။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ စောဒနာသရုပ်ကို ဖေါ်ထုတ်ပြပြီးလျှင်၊ သံဃါသပဋိကွေပ စောဒနာခြင်း၏ အဓိပ္ပါယ်ကိုလည်း ကာရီနှင့်အညီ ဖြေဆိုပါ။

http://www.dhammadownload.com

၈။ ဆဗ္ဗညုသသိက္ခာပုဒ်ကို ဘုရားရှင်ပညတ်တော်မူခြင်း၏ အကြောင်းဝတ္ထုကို ကခဏီအလိုက် ဖြေဆိုပြ၍၊ မည်သည့်သဝိတ်မျိုးကို အတိရေကပတ္တ-ဟု ခေါ်ဆိုပါသနည်း? ဖြေဆိုပါ။

၉။ ဘိက္ခုပါတိမောက် အဂိဠသိက္ခာပုဒ်လာ အန္တရာယိကာ၌ အန္တရာယ်သရုပ်ကို ထုတ်ပြ၍၊ ဤသိက္ခာပုဒ်၌ အလိုရှိအပ်သော အန္တရာယ်ကိုလည်း ဖော်ပြပါ။

၁၀။ အလိုမတူပဲ အတင်းအဓမ္မ ဗလက္ကာရအပြုခံရသော ရဟန်းမအား ပါရာဇိက ကျ/မကျ ဝိနယသာဓကပြ. ဖြေဆို၍၊ ဘိက္ခုနီပါတိမောက် သမ္မာဓလောမသိက္ခာပုဒ်၌ သမ္မာဓ-အရ ယူရမည့်ဌာနတို့ကို ကခဏီအလိုက် ရေးပါ။

၁၇။ စရာဝတိတိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဒဠှမာတိကာဘာသာ

၁။ သံသဋ္ဌသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ သာသက်သိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ (က) အချင်းချင်း ပြောဆိုဆုံးမခြင်း၊ အချင်းချင်း အာပတ်မှ ထဓေခြင်း။
သာဓက- ဇဝံ သံဝဒ္ဓါ ဟိ တာသ ဘဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန။
(ခ) သာသက်သမ္မတ, သပ္ပဋိဘယဖြစ်သော တောကျောင်းနေ ရဟန်း၊
သာဓက- ယာနိ ခေါ် ပန တာနိ အရညကာနိ သေနာသနာနိ သာသက်သမ္မတာနိ သပ္ပဋိဘယာနိ၊ တထာရူပေသု ဘိက္ခု သေနာသနေသု ဝိဟာရန္တော။

၄။ ရူပိယသိက္ခာပုဒ်-ကိုထောက်၍-အနိဒ္ဒိဋ္ဌ ချ၍လျှုံ့နိုးအပ်သော ရွှေငွေကို အလျှုံ့ခံသော် မအပ်ပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

သိလျှက် ပိုးရှိသည့်ရေထဲသို့ အပြိုက်များ လောင်းထည့်နေသောရဟန်းသည် ဘုတဂါမဝဂ် သပ္ပါဏကသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

၅။ **လိုက်နာရမည့်စည်းကမ်း-**

၁။ စစ်တပ်၌ ၃-ည၌ထက်ပို၍ မနေရခြင်း၊

၂။ ၃-ည၌ပတ်လုံး စစ်တပ်၌နေစဉ် စစ်တိုက်ရာအရပ်, စစ်သည်အစုကို ရေတွက်ရာ အရပ်စသည်ကို ကြည့်ရှုခြင်းငှါ မသွားရခြင်း။

(က) ၂၆-ပုဒ်၊ (ခ) ၃၀-ပုဒ်၊ (ဂ) ၁၆-ပုဒ်၊ (ဃ) ၃-ပုဒ်။

၆။ **ဘိက္ခုနီသံဃာ၏ သံဃာဒိသေသ် ကုစားပုံ-** (ကယား ၅-တွင်ရှု)

၇။ **စောဒနာသရုပ်-**

ဝတ္ထုသန္နဿနာစောဒနာ, အာပတ္တိသန္နဿနာစောဒနာ, သံဝါသပဋိက္ခေပစောဒနာ, သာမီစိပဋိက္ခေပစောဒနာ ပေါင်း ၄-ပါး။

ဆောင်- *ဝတ္ထု, အာပတ်၊ သန္နဿ် နှစ်ဖြာ။*

သံဝါ, သာမီ၊ ပယ်ဘိ နှစ်ဖြာ။

စောဒနာလေး၊ ကြံတွေးစရာ။

သောထုချား၊ ဆောင်ထားနှုတ်ထက်သာ။

သံဝါသပဋိက္ခေပစောဒနာ အဓိပ္ပါယ်-

" သင်နှင့်အတူတကွ ဥပုသ်, ပဝါရဏာ, သံဃာ့ကံ မရှိ " ဟု ဥပုသ်စသော သံဝါသကို ပယ်သောအားဖြင့် စောဒနာခြင်း။

၈။ ဆဗ္ဗဿသိက္ခာပုဒ်ကို ဘုရားရှင်ပညတ်တော်မူရခြင်းမှာ နှစ်စဉ်နှစ်တိုင်း အခင်းကို ပြုလုပ်စေခြင်းဟူသော အကြောင်းဝတ္ထုကြောင့် ဖြစ်ပါသည်။

အတိရေကပတ္တ-

အဓိဋ္ဌာန်လည်းမတင်, ဝိကပ္ပနာလည်းမပြုအပ်သော သပိတ်။

http://www.dhammadownload.com

၉။ **အန္တရာယ်သရုပ်–**
ကမ္မန္တရာယ်, ကိလေသန္တရာယ်, ဝိပါကန္တရာယ်, ဥပဒါန္တရာယ်, ပညတ္တိဝိတိက္ကမန္တရာယ်။
အလိုရှိအပ်သော အန္တရာယ်–
ဤအာရဋ္ဌသိက္ခာပုဒ်၌ ပညတ္တိဝိတိက္ကမန္တရာယ်ကို အလိုရှိသည်။

၁၀။ အလိုမတူဘဲ အတင်းအဓမ္မ ဗလက္ကာရအပြုခံရသော ရဟန်းမအား ပါရာဇိကအာပတ် မသင့်ပါ။
သာဓက– ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံဓမ္မံ ပဋိသေဝေယျ အန္တမသော တိရစ္ဆာနဂတေနပိ၊ ပါရာဇိကာ ဟောတိ အသံဝါသော။
ယူရမည့်ဌာန– လက်ကတိုးကြား (ချိုင်းကြား), ပဿာဝမဂ်။

၁၈။ ပထမပြန်အထူးဇောင် ဧရွေးချယ်ရေးစာမေးပွဲ
ပထမကြိုးတန်း ။ ။ ဓဒွမာတိကာဘာသာ
၁၃၇၀–ပြည့်နှစ်၊ ဝါဆိုလဆန်း (၃)ရက် (၅– ၇– ၂၀၀၈) စနေနေ့

၁။ ပထမကထိနသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ်ကို ပါဠိရေးပြပါ။

၂။ လမ်းမပေါ်၌ ယောကျ်ားနှင့်နှစ်ကိုယ်ကြား စကားပြောဆိုသော ဘိက္ခုနီ သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို အနက်ပေးပြပါ။

၃။ သံဃော ဥပေါသထံ ကရေယျ။ ပါတိမောက္ခံ ဥဒ္ဒိသေယျ–ပါဠိတို့ဖြင့် ယူရ/ ပယ်ရမည့် ဥပုသ်တို့ကို ဖော်ပြ၍၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိနှင့် ကိ သံဃသ ပုဗ္ဗကိစ္စံ–တို့၌ ပုဗ္ဗကိစ္စ နှစ်ရပ်တို့၏ အထူးနှင့် အရုတို့ကို ဖော်ပြပါ။

၄။ အလမရိယဉာဏသမနံ–၌ ဉာဏသမ–အရကို တိကျစွာ ကောက်ပြ၍၊ အလိုဆိုးသော ဒုဿီလရဟန်းအား အညတြ အဓိမာနာ–အရ ပါရာဇိကအာပတ်မှ ကင်းလွတ်ခွင့်ရ/ မရကိုလည်း အကြောင်းနှင့်တကွ ဆုံးဖြတ်ပါ။

*http://www.dhammadownload.com

၅။ ဘိက္ခုသံဃာဒါသိသိ သိက္ခာပုဒ်များလာ အဓိကရဏ သန္နိသုံးပါးတို့၏ အထူးကို ခွဲခြားပြဆို၍၊ မည်သည့်သက်နှံးမျိုးကို အံစွေကသက်နှံးဟု ခေါ်ဆိုသည်ကိုလည်း ပြဆိုပါ။

၆။ သန္ဓိဓိကာရကဓ၏ အဓိပ္ပါယ်ကို ဖော်ပြ၍၊ သန္ဓိဓိဖြစ်နိုင်သော ကာလိက,မဖြစ်နိုင်သော ကာလိကတို့ကို ခွဲခြားပြကာ၊ ရှေးနေ့က အကပ်ခံထားသော ယာဝဇီဝိကနှင့် ယနေ့ အကပ်ခံအပ်သော ယာဝကာလိက ရောစားက အပ်/မအပ်ကိုလည်း ဆုံးဖြတ်ပြပါ။

၇။ ဝိလေခနသိက္ခာပုဒ်၌ (က) ခုဒ္ဒသာမည်၍ အနုခုဒ္ဒက မမည်၊ (ခ) အနုခုဒ္ဒကသာမည်၍ ခုဒ္ဒမမည်၊ (ဂ) နှစ်ပါးစုံမည်၊ (ဃ) နှစ်ပါးစုံ မမည်သောသိက္ခာပုဒ်တို့ကို ခွဲခြားပြ၍၊ ရတနသမ္မတံ–အရကိုလည်း သိသာရုံ ဖော်ပြပါ။

၈။ ရွှေတွေကို (က)ထေယျစိတ်ဖြင့် ကောက်သိမ်းသောရဟန်း၊ (ခ) မိမိအတွက် ကောက်သိမ်းသော ရဟန်း၊ (ဂ) သံဃာအတွက် ကောက်သိမ်းသော ရဟန်း၊ (ဃ) ဘဏ္ဍာစိုးသဘော မျိုးဖြင့် ကောက်သိမ်းသောရဟန်းတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့်တကွ ဆုံးဖြတ်ပြပါ။

၉။ သေခိယ သက္ကစ္စဝဂ် ဝိညာပနသိက္ခာပုဒ်၌ သူပ–အရကို အကြောင်းနှင့်တကွ ဖော်ပြပြီးလျှင်၊ နာတိမဟန္တသိက္ခာပုဒ်၌ မကြီးမငယ် အလယ်အလတ်ဆွမ်းလုပ်သာ သင့်လျော်သော ပမာဏဟု အဋ္ဌကထာဆရာဖွင့်ဆိုထားရာ ငယ်သောဆွမ်းလုပ်ကို ပြုလုပ်ရာ၌ အာပတ် သင့်/မသင့် သဘာဝယုတ္တိ, အာဂမယုတ္တိ ညှိလျက်ဆုံးဖြတ်ပါ။

၁၀။ သံဃာဒိစရံ–၌ သံဃာဒိအရကို အကြောင်းနှင့်တကွ ဖော်ပြပြီးလျှင်၊ စာရ,စိဝရသက်မနိယတို့၏ အဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

၁၈။ အထူးဓမ္မာဂ် (အဓဖြ)
ပထမကြိမ်းတန်း ။ ။ ဇဋ္ဌမာတိကာဘာသာ

၁။ အဋ္ဌကစိဝရသိက္ခာပုဒ်ကို ပါဠိရေးလေ။

http://www.dhammadownload.com

၂။ ဒုတိယိကဥယျောဇနသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ **သံဃော ဥပေါသထံ ကရေထျ-ဖြင့်** ယူရမည့်ဥပုသ်-သံဃာ့ဥပုသ်။
ပယ်ရမည့် ဥပုသ်-ဂဏဥပုသ်, ပုဂ္ဂလဥပုသ်။
ပါတိမောက္ခံ ဥဒ္ဒိသေယျ-ပါဠိဖြင့် ယူရမည့်ဥပုသ်- သုတ္တုဒ္ဒေသဥပုသ်။
ပယ်ရမည့် ဥပုသ်- ပါရိသုဒ္ဓိဥပုသ်, အဓိဋ္ဌာန်ဥပုသ်။

4/ **ပုဗ္ဗကိစ္စ ၂-ရပ်အထူး-**
ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ-၌ ပုဗ္ဗကိစ္စ အရ-ဆန္ဒကိလျောက်ကြားခြင်း-စသော ကိစ္စ ၅-မျိုးကို ယူရမည်၊
ကိ သံဃသ ပုဗ္ဗကိစ္စံ-၌ ပုဗ္ဗကိစ္စ အရ- ပုဗ္ဗကရဏ ၄-ပါး၊ ပုဗ္ဗကိစ္စ ၅-ပါး ပေါင်း ၉-ပါးတို့ကို ယူရမည်၊ ဤသို့ထူးပါသည်။
ဉာဏဒဿန အရ- မဟဂ္ဂုတ်, လောကုတ္တရာပညာ။
အလိုဆိုးသော ဒုဿီလရတန်းနှင့် အညတြ အဓိမာနာ-
ဒုဿီလရဟန်းအား အဓိမာန မဖြစ်နိုင်သောကြောင့် (တစ်နည်း) လက္ခဏာယာဉ် ၃-ပါး တင်၍ သခီရတနာတို့ကို ဆင်ခြင်သုံးသပ်သော အာရဒ္ဓဝိပဿကယောဂီရဟန်း၏ သန္တာန်၌ မရောက်အပ်, မရအပ်သေးသော ဗျာနိမဂ်ဖိုလ်တရား၌ ရအပ်ရောက်အပ်ပြီဟု မှတ်ထင်ခြင်းသည် အဓိမာနမည်သောကြောင့် အလိုဆိုးသော ဒုဿီလရဟန်းအား အညတြ အဓိမာနာအရ ပါရာဇိကာပတ်မှ ကင်းလွတ်ခွင့် မရပါ။

၅။ **အဓိကရဏသဒ္ဒါ ၃-ပါး အထူး-**
ဒုဋ္ဌဒေါသိကာပုဒ်- ပါရာဇိကာပတ်ဟူသော အာပတ္တာဓိကရဏ်း၊
အညဘာဂိယသိက္ခာပုဒ်- ဒဗ္ဗမလ္လပုတ္တ-ဟူသော အမည်၏ တည်ရာဖြစ်သော ဆိတ်ဖို၊
သံဃဘေဒကသိက္ခာပုဒ်- ဘေဒကဝတ္ထု ၁၈-ပါးဟူသော အကြောင်း။
အစွေ့ကသက်နှံ- (ရှမ်းရှေ့ ၄-တွင်ရှု)

http://www.dhammadownload.com

၆။ **သန္ဓိဓိကာရကအဓိပ္ပါယ်–**

အကုပ်ခံပြီး၍ မစွန့်ဘဲ ၁–ညှဉ်လွန်အောင် သိမ်းဆည်းထားသော ခဲဘွယ် ဘောဇဉ်များကို ဆိုလိုသည်။

သန္ဓိဓိဖြစ်နိုင်သော ကာလိက– ယာဝကာလိက, ယာမကာလိက။

သန္ဓိဓိမဖြစ်နိုင်သော ကာလိက– သတ္တာဟကာလိက, ယာဝဇီဝိက။

အပ်/ မအပ် အဆုံးအဖြတ်–မုခသန္ဓိဓိဖြစ်သောကြောင့် (တစ်နည်း) ယနေ့ အကပ်ခံအပ်သော ဝတ္ထုများ မဟုတ်သောကြောင့် ရောစားရန် မအပ်ပါ။

၇။ (က) သံယာဒိသေသ်သိက္ခာပုဒ်များ၊

(ခ) ဒုဇ္ဈာသိတသိက္ခာပုဒ်များ၊

(ဂ) ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီယ, ဒုက္ကဋ်သိက္ခာပုဒ်များ၊

(ဃ) ပါရာဇိကသိက္ခာပုဒ်များ။

ရတနသမ္မတိ အရ–ရတနာဟု သမုတ်အပ်သော ရတနာအတုများနှင့် အဝတ်အစားတန်ဆာစသော လူတို့ အသုံးအဆောင်။

၈။ (က) အဒိန္နာဒါနသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊

(ခ) ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်၊

(ဂ) ရူပိယသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

(ဃ) ရတနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

၉။ **သူပ အရ–** "သူပေါ် နာမ ဒွေ သူပါ"–စသည်ဖြင့် ပဏိတဘောဇနသိက္ခာပုဒ်၌ မစ္ဆ, မံသ, ခီရ, ဒဓိ–တို့ကို တောင်း စားလျှင် သူပေါ်ဒနဝိညတ္တိသိက္ခာပုဒ်အရ ဒုက္ကဋ်ဟု အဋ္ဌကထာတို့ ဖွင့်ကြသောကြောင့် ပဏိတဘောဇနမှ လွတ်သော စားဖွယ်အားလုံးကို ယူရမည်။

ငယ်သောဆွမ်းလုပ်နှင့် အာပတ်–

အတိမဟန္တ ကဗဠကိုပြုလုပ်၍ စားရာ၌သာ အာပတ်သင့်ပါသည်၊ (သဘာဝယုတ္တိ)

http://www.dhammadownload.com

(နာတိမဟန္တံ ကဇဋံ ကရိသာမိတိ သိက္ခာကရဏီယာ-ဟ) (အတိမဟန္တ ကဇဋကိုသာ တားမြစ်)ပညတ်တော်မူပါသည်၊ (အာဂမယုတ္တိ)၊ သို့ဖြစ်၍ သမဏသာရပ္ပ မဖြစ်ရုံသာရှိသဖြင့် ငယ်သောဆွမ်းလုပ်ကို ပြုလုပ်ရာ၌ အာပတ်မသင့်ပါ။

၁၀။ **သံဃာဒိ အရ-** ချုပ်စပ်အပ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့် တိစီဝရိက်, ရေသနုပ်, ရင်စည်းတဘက်-ဟူသော သက်နှံး ၅-ထည်ကို ယူရမည်။

စာရ အဓိပ္ပါယ်- သုံးစွဲခြင်း၏ အစွမ်းဖြင့်သော်လည်းကောင်း, နေလှန်းခြင်း၏ အစွမ်းဖြင့်သော်လည်းကောင်း သက်နှံး ၅-ထည်တို့ကို လဲလှယ်ခြင်း (သက်နှံး ၅-ထည်တို့ကို ဝတ်ရုံခြင်း, နေလှန်းခြင်း) ဖြစ်ပါသည်။

စီဝရသက်မနီယ အဓိပ္ပါယ်- အခြားရဟန်းမ၏ ဥစ္စာဖြစ်သော, မပန်ကြားဘဲ ယူထားအပ်သည်ဖြစ်၍ တစ်ဖန်ပြန်ပေးထိုက်သော သက်နှံး ၅-ထည်တို့တွင် ၁-ထည်ထည်သော သက်နှံး။

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ (၂-၄-၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ ထေရ. သမဏ, ဘိက္ခု-ဟုခေါ်ဆိုနိုင်ပုံနှင့် ပတ်သက်၍ မြတ်စွာဘုရား ဟောကြားတော်မူထားသော ဓမ္မဋ္ဌဝဂ်လာ ဂါထာတို့ကို ပါဠိသက်သက် ရေးပြခဲ့ပါ။

၂။ အညတရကုလပုတ္တာဝတ္ထု၌ အညစ်အကြေးမည်ပုံကိုလည်းကောင်း, လွန်ကဲသော အညစ်အကြေးတရားကို ပယ်သတ်ရန်လည်းကောင်း ဟောကြားတော်မူထားသော ဂါထာတို့ကို အနက်ပေးပြခဲ့ပါ။

၃။ သောကမှရှိသောပုဂ္ဂိုလ်များကို ပိယဝဂ်နှင့်အညီ ပြည့်စုံအောင် ဖော်ပြပြီးလျှင်၊ ကိလေသာအညစ်အကြေးတရားကို မည်ကဲ့သို့ ပယ်ထုတ်ရမည်ကိုလည်း ဥပမာပေးနှင့်တကွ မလဝဂ်လာ ဂါထာအတိုင်း ရေးသား ဖြေဆိုပြခဲ့ပါ။

http://www.dhammadownload.com

၅။ အဘယ့်ကြောင့် အရှက်မရှိသူသည် အသက်မွေးလွယ်ကူ၍, အရှက်ရှိသူသည် အသက်မွေးခဲယဉ်းရပါသနည်း ဂါထာဖြင့်၍ အသိုးသိုး ဖြေဆိုပြခဲ့ပါ။

၅။ ပဉ္စဥပါသကာဝတ္ထုလာ တူသော မရိတရားလေးပါကို ရေးသားဖြေဆို၍၊ အောက်ပါဂါထာကိုလည်း မြန်မာဘာသာ ပြန်ဆိုပြပါ။

အကတံ ဒုက္ကဋံ သေယျော၊ ပစ္ဆာ တပတိ ဒုက္ကဋံ။
ကတဉ္စ သုကတံ သေယျော၊ ယံ ကတ္တာ နာနုတပ္ပတိ။

၆။ သိကြားမင်း မေးလျှောက်သဖြင့် မြတ်စွာဘုရားရှင် ဖြေဆိုတော်မူသော ပြဿနာလေးရပ်၏ အဖြေကို ဂါထာနှင့်အညီ ဖြေဆို၍၊ ဗြာဟ္မဏ, သမဏ, ပဗ္ဗဇိတ-တို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

၇။ အခြားရောဂါတို့ထက် ဆာလောင်မွတ်သိပ်မှု ရောဂါကလွန်ကဲပုံကို အဋ္ဌကထာအဖွင့်နှင့်အညီ ဖြေဆို၍၊ ကုဋုမ္ဗိကဝတ္ထု အတိတ်ဇာတ်၌ မဠိကြွေးကြသော ပုဂ္ဂိုလ်ဒါးယောက်တို့သည် မည်သည့်အလောင်းအလျာပုဂ္ဂိုလ်များ ဖြစ်ကြပါသနည်း အသိုးသိုးယှဉ်တွဲဖြေဆိုပါ။

၈။ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု၌ (က) သုဘဒ္ဒပရိဗိုဇ်မေးလျှောက်သော ဓမ္မခွန်းသုံးခု၊ (ခ) မေးခွန်းအားလျော်သော မြတ်စွာဘုရားရှင်၏ ဖြေဆိုချက်သုံးခု၊ (ဂ) သိုးခြားပေါတော်မူသော အချက်သုံးခု၊ (ဃ) သုဘဒ္ဒပရိဗိုဇ် အမြင့်ဆုံးရရှိသော တရားထူးတို့ကို အသိုးသိုး ဖြေဆိုပြခဲ့ပါ။

၉။ ဟံသဃာတကဘိက္ခုဝတ္ထု အတိတ်ဇာတ်၌ သိလစောင့်ထိန်းခဲ့ကြသော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ အဘယ်ပုဂ္ဂိုလ်များဖြစ်လာသည်ကို အသိုးသိုး ဇာတ်ဖေါ်ငြင်းပြခဲ့ပါ။

http://www.dhammadownload.com

၁၀။ ဓမ္မာရာမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ–၌ ဓမ္မာရာမ, ဓမ္မရတ, ဓမ္မံ အနုဝိစိန္တယတို့၏ အဓိပ္ပါယ်ကို ရေးသား၍၊ ယသေ ပါရိဇိ အပါရံ စသည်၌ ပါရနှင့် အပါရသရုပ်ကိုလည်း သိသာရုံမျှ ဖြေဆိုပြခဲ့ပါ။

၁။ ကဗျင်ပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ စမ္မပဒဘာသာ

၁။ ဂါထာ– ၂၆၁၊ ၂၆၇၊ ၂၆၅။

၂။ ဂါထာ– ၂၄၂၊ ၂၄၃။

၃။ ဝိယ = (သတ္တဂါသခီါရကိုအမှီပြု၍ဖြစ်သော) ချစ်ခြင်းမှ ကင်းလွတ်သောပုဂ္ဂိုလ်၊
ပေမ = (သားသမီးကိုအမှီပြု၍ဖြစ်သော) ချစ်ခြင်းမှ ကင်းလွတ်သောပုဂ္ဂိုလ်၊
ရတိ = ကာမဂုဏ် ၅ပါး၌ မွေ့လျော်ခြင်းမှ ကင်းလွတ်သောပုဂ္ဂိုလ်၊
ကာမ = ဝတ္ထုကာမ ကိလေသာကာမမှ ကင်းလွတ်သောပုဂ္ဂိုလ်၊
တဏှာ = (၆) ခါရ ၌ ဖြစ်သော တဏှာ မှ ကင်းလွတ်သောပုဂ္ဂိုလ်၊
တို့ဖြစ်ပါသည်။ (ဂါထာ– ၂၁၂ – မှ ၂၁၆)

ကိလေသာအညစ်အကြေးကို ပယ်ထုတ်ပုံ–
ပန်းတိမ်သည်သည် ငွေ၏ အညစ်အကြေးကို တဖြည်းဖြည်းထုတ်သကဲ့သို့ ပညာရှိသည် မိမိသန္တာန်၌ထင်ရှားရှိသော ကိလေသာ အညစ်အကြေးကို အစဉ်သဖြင့် အနည်းငယ် အနည်းငယ် ခဏတိုင်း ခဏတိုင်း တဖြည်းဖြည်းထုတ်ရာ၏။ (ဂါထာ– ၂၃၉)

၄၊ အသက်မွေးလွယ်ကူခြင်းအကြောင်း/ ခဲယဉ်းခြင်းအကြောင်း–
အရှက်မရှိသူသည် ကျီးရဲနှင့်တူစွာကျင့်သဖြင့်လည်းကောင်း၊ သူတစ်ပါးဂုဏ်ကို ဖျက်ဆီးသဖြင့်လည်းကောင်း၊ သူတစ်ပါးပြုသည်ကို မိမိပြုယောင်လုပ်၍ ပြုသဖြင့်လည်းကောင်း၊ ကြမ်းကြုတ်သဖြင့်လည်းကောင်း၊ ညစ်ညူးသောအကျင့်ဖြင့်လည်းကောင်း အသက်မွေးသောကြောင့် အသက်မွေးလွယ်ကူပါသည်။

http://www.dhammadownload.com

အရှက်ရှိသူသည် အမြဲ စင်ကြယ်သည်ကို ရှာသဖြင့်လည်းကောင်း၊ မတွန့်တို သဖြင့်လည်းကောင်း၊ မကြမ်းကြုတ်သဖြင့်လည်းကောင်း၊ သင့်မသင့်ကို မြင်မြော်သဖြင့်လည်းကောင်း၊ စင်ကြယ်စွာအသက်မွေးသောကြောင့် အသက်မွေးခဲယဉ်းပါသည်။ (ဂါထာ- ၂၄၄/၂၄၅)

၅။ ရာဂနှင့်တူသော မိုးမရှိ၊ ဒေါသ နှင့်တူသော ဖမ်းတတ်သောသဘောမရှိ၊
မောဟ နှင့်တူသော ကွန်ယက်မရှိ၊ တဏှာ နှင့်တူသော မြစ်မရှိ။ (ဂါထာ- ၂၅၁)

မြန်မာပြန်-

မကောင်းမှုကို မပြုခြင်းသည် မြတ်၏၊ မကောင်းမှုသည် နောက်၌ ပူပန်စေတတ်၏၊ ပြုပြီး၍ နောင်တတစ်ဖန်မပူပန်ရသော ကောင်းမှုကုသိုလ်ကို ပြုခြင်းသည်သာလျှင် မြတ်၏။

၆။ တရားအလှူသည် ခပ်သိမ်းသောအလှူကို အောင်၏၊
တရားအရသာသည် ခပ်သိမ်းသောအရသာကို အောင်၏၊
တရားဖြင့် မွေ့လျော်ခြင်းသည် ခပ်သိမ်းသောမွေ့လျော်ခြင်းကို အောင်၏၊
တဏှာကုန်ရာဖြစ်သော အရဟတ္တဖိုလ်သည် ခပ်သိမ်းသောဆင်းရဲကိုအောင်၏။
(ဂါထာ- ၃၅၄)

ဗြာဟ္မဏ, သမဏ, ပဗ္ဗဇိတ တို့၏အထူး-

အပ,ပြုအပ်ပြီးသော မကောင်းမှုရှိသောကြောင့် ဗြာဟ္မဏ၊
မကောင်းမှုကို ငြိမ်းစေတတ်သောကြောင့် သမဏ၊
မိမိ၏ ကိလေသာအညစ်အကြေးကို နှင်ထုတ်တတ်သောကြောင့် ပဗ္ဗဇိတ။
(ဂါထာ- ၃၈၈)

၇။ အခြားသောရောဂါသည် တစ်ကြိမ်ဆေးကုလိုက်သော် အမြဲပျောက် ကင်းသောအားဖြင့် ဖြစ်စေ၊ ခဏသက်သာသောအားဖြင့် ဖြစ်စေ ပျောက်ကင်း၏၊ ဆာလောင်မွတ်သိပ်ခြင်းရောဂါသည်ကား နေ့စဉ်အမြဲ အစာစားခြင်းဟူသော ဆေးဖြင့်ကုနေရသည်သာဖြစ်သောကြောင့် အခြားသောရောဂါတို့ထက် ဤဆာလောင်မွတ်သိပ်မှုရောဂါသည် လွန်ကဲပါသည်။
(ဓမ္မ- ၄၊ ၂၊ ၁၇၁)

http://www.dhammadownload.com

မဇိုကြွေးကြော်သော ပုဂ္ဂိုလ် ၎င်းယောက်–

အိမ်ကျွန်မိန်းမသည် ခုလုတ္တရာ၊ ပုဏ္ဏားအမျိုးသမီးသည် ဥပ္ပလဝဏ် ထေရီမ၊
သားဖြစ်သောသူသည် ရာဟုလာ၊ မိခင်ပုဏ္ဏားမသည် ခေမာထေရီ၊
လယ်ထွန်ယောကျ်ားပုဏ္ဏားကြီးသည် မြတ်စွာဘုရား။ (ဓမ္မပဒ- မြန်၊ ဓာတ္တာ၊ ၃၆)

၈။ (က) ကောင်းကင်၌ ခြေရာမည်သည် ရှိကောင်းပါအံ့လော့၊
အရှင်ဘုရား၏ သာသနာတော်မှအပ ရဟန်းမည်သည် ရှိကောင်းပါအံ့လော့၊
မြဲသောသဘီရတို့ မည်သည် ရှိပါကုန်အံ့လော့၊ (ဓမ္မ- ၌၊ ၂၊ ၂၄၀)

(ခ) ကောင်းကင်၌ ခြေရာမည်သည် မရှိ၊
သာသနာတော်မှအပ၌ မဂ်ရ ဖိုလ်ရ ရဟန်းမည်သည်မရှိ၊
မြဲသောသဘီရတို့မည်သည် မရှိကုန်။

(ဂ) သတ္တဝါတို့သည် သံသရာချဲ့ထွင်တတ်သော (တဏှာ မာန ဒိဋ္ဌိ) တရား၌ မွေ့လျော်ကုန်၏၊
ဘုရားရှင်တို့သည် သံသရာချဲ့ထွင်တတ်သော (တဏှာ မာန ဒိဋ္ဌိ) တရားမှ ကင်းကုန်၏။
ဘုရားရှင်တို့အား တုန်လှုပ်ခြင်း မရှိ။ (ဝိဏာ- ၂၅၄/၂၅၅။ ဓမ္မ- ၌၊ ၂၊ ၂၄၀)

(ဃ) **သုဘဒ္ဒ ရရှိသောတရားထူး–** အနာဂါမိဖိုလ်။ (ဓမ္မ- ၌၊ ၂၊ ၂၄၀)

၉။ **တံသဃာတကဘိက္ခုဝတ္ထုလာ သီလစောင့်ထိန်းခဲ့သောပုဂ္ဂိုလ်များ–**

ပြည့်တန်ဆာမသည်	–	ဥပ္ပလဝဏ္ဏာထေရီမ၊
တံခါးဖိုလ်သည်	–	ပုဏ္ဏမထေရ်၊
မြေတိုင်းအမတ်သည်	–	ကစ္စည်းမထေရ်၊
ထင်းခြင်အမတ်သည်	–	မောဂ္ဂလာန်မထေရ်၊
သူဌေးကြီးသည်	–	သာရိပုတ္တရာမထေရ်၊
ရထားထိန်းသည်	–	အနုရုဒ္ဓါမထေရ်၊
ပုရောဟိတ်ပုဏ္ဏားသည်	–	ကဿပမထေရ်၊
အိမ်ရှေ့မင်းသည်	–	အာနန္ဒာမထေရ်၊

http://www.dhammadownload.com

မိဖုရားကြီးသည် – ရာဟုလာမယ်တော် ယသော်ဓရာ
မယ်တော်သည် – မဟာမာယာ မိဖုရားကြီး၊
ကုရုမင်းသည် – မြတ်စွာဘုရား။ (ဓမ္မ- ဋ္ဌ၊ ၂။ ၃၆၂)

၁၀။ **ဓမ္မာရာမ**– ထိုရဟန်း၏ တည်ရာ၏အဖြစ်ပြင့် သမထ ဝိပဿနာ တရားတည်းဟူသော မွေ့လျော်ရာဖြစ်သောကြောင့် ဓမ္မာရာမ မည်၏။
ဓမ္မာရတ–
ထိုသမထ ဝိပဿနာ တရားဌ်သာလျှင် မွေ့လျော်တတ်သောကြောင့် ဓမ္မာရတ မည်၏။
ဓမ္မံ အနုဝိစိန္တယ– ထိုသမထ ဝိပဿနာ တရားကိုသာလျှင် အဖန်ဖန်ကြံစည် နှလုံးသွင်းခြင်းကြောင့် ဓမ္မံ အနုဝိစိန္တယ မည်၏။ (ဓမ္မ- ဋ္ဌ၊ ၂။ ၃၆၅)
ပါရ– အဖျတ်တိကာယတန (၆) ပါးတို့တည်း၊
အပါရ– ဗာဟိရာယတန (၆) ပါးတို့တည်း၊ (ဓမ္မ- ဋ္ဌ၊ ၂။ ၃၉၅)

ခု။ ပထမပြန်စာဓမ်းပဲ့ကျင်းပရေးဗဟို့အဖဲ့ခွဲ (ကရင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
ခုဝဂ္ဂ–ခုနှစ်၊ တဇေပါင်းလပြည့်ကျော်(၁၂)ရက်၊ (၂–၄–၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော အောက်ပါဂါထာများကို အနက်ရေးသားပြေကြားခဲ့ပါ။
(က) သုခဝဂ်၊ အညတရကုလဒါရိကာဝတ္ထု၊ မဂ်လာဆောင်တရား၊
(ခ) ပိယဝဂ်၊ ဝိသာခါဝတ္ထု၊ သောကကင်းဝေးနေနိုင်ရေးတရား။

၂။ ချီးမွမ်း/ကဲ့ရဲ့ ခုနစ်ရက်–ဟု ဆိုစမှတ်ပြုကြရာ၌ ယင်းနှင့်စပ်လျဉ်း၍ အတုလဉပါသကာအား ဗဟာကြားတော်မူခဲ့သော ဓမ္မပဒပါဠိဂါထာတို့ကို ပြေဆိုပြခဲ့ပါ။

၃။ စာချအကျော် ဆရာတော်အရှင်ပေါဒ်ဌိလအား ကိုရင်လေးက ဆုံးမ၍ အလုပ်ပေးတရား ပေးပုံကို အတုယူဖွယ်ဖြစ်အောင် ရေးသားပြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ အမွန်မြတ်ဆုံးသော ဖော်ပြပါ အရာများကို ဖြေဆိုပါ။
(က) လာဘ်၊ (ခ) ဥစ္စာ၊ (ဂ) ဆွေမျိုး၊ (ဃ) ချမ်းသာ။

၈။ ဆွေမျိုးမိတ်သင်္ဂဟများ ကြုံဆိုခံရသူနှင့် တမလွန်မှ ကောင်းမှုများကြုံဆိုခံရသူတို့ကို နန္ဒိယဝတ္ထု အထောက်ပြု၍ ဖော်ပြပေးခဲ့ပါ။

၉။ မလဝဂ်၊ လာဋ္ဌဒါယိတ္ထေရဝတ္ထုဌ် သင့်သည့်ဗုဒ္ဓ ဟောညွှန်ပြအပ်သော ၄-ပါးအပြား အညစ်အကြေးများကို ဖြေကြားပြခဲ့ပါ။

၁၀။ ပကိဏ္ဏဝဂ်၊ ဒါရုသာကဋ္ဌိကဝတ္ထုဌ် ထင်းခွေသမားဏ်သား ရရှိခဲ့သော ''ဗုဒ္ဓါနုဿတိ'' တရား၏ အကျိုးများကို အချက်အလက်ပြည့်စုံစွာ ဖြေဆိုပါ။

၁၁။ မြတ်စွာဘုရားကိုယ်တော်တိုင် ထမင်းကျွေးရန် စီရင်ခြင်းခံရသူကို ဖော်ပြ၍ မြတ်စွာဘုရားကို ပူဇော်သူတို့သည် မည်သည့်ရဟန်းနှင့်တူအောင် ပူဇော်ရမည်နည်း? ''ဘွဲ့'' အမည်မျှကိုသာ ဖော်ပြခဲ့ပါ။

၁၂။ ရောဟိနီမင်းသမီး၏ ရောဂါသက်သာအောင် 'ကုသပုံ' ကိုဖြေဆိုပြီးလျှင်၊ ကချေသည်မ၏ ယောကျ်ားဖြစ်သော ဥဂ္ဂသေနသူဋ္ဌေးသားကထွက်ပြေးမည်ဟု ပြောရာ၌ ''မယားမှ ခွန်းတုံ့ပြန်သောစကားများ''ကိုလည်း ဖြေဆိုခဲ့ပါ။

၁၃။ လင်အနာဂါမ်၏ ရှိခိုးခံထိုက်သော ထေရိမဝတ္ထုဌ် ဗုဒ္ဓဟောပြ ''ဗြာဟ္မဏ''အမည်ရပုံကို ဓမ္မပဒပါဠိနှင့်အညီ ကြည်ညိုဘွယ်ရာဖြစ်အောင် ရေးပြခဲ့ပါ။

၃။ ကရင်ပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ထင်ရှားပြီ။ (ခ) ထင်ရှားပြီ။

http://www.dhammadownload.com

၂။ ထင်ရှားပြီ။

၃။ ကိုရင်လေးသည် အရှင်ပေါ်ဠိလအား အနိုးရှိရေအိုင်တစ်ခုကို ညွှန်ပြ၍ ' အရှင်ဘုရား ဝတ်ရုံမြေသော သင်္ကန်းဖြင့် ဤရေအိုင်သို့ သင်္ဆင်းတော်မူပါလော့" ဟု ပြောဆိုလျှင် အရှင်ပေါ်ဠိလလည်း တစ်ခွန်းသောစကားဖြင့်သာလျှင် သင်္ဆင်းတော်မူ၏။

အရှင်ပေါ်ဠိလဝတ်ရုံထားသော အဖိုးထိုက်သော သင်္ကန်းကြီး ရေစွတ်သောအခါ 'အရှင်ဘုရား ပြန်ကြွလာပါလော့' ဟု ဆို၍ တစ်ခွန်းတည်းသောစကားဖြင့် ပြန်ကြွလာသော မထေရ်ကို ကိုရင်က 'အရှင်ဘုရား တောင်ပို့တစ်ခုၦ အပေါက် (၆) ပေါက်ရှိ၏၊ အပေါက်တစ်ခု ဖြင့် ဖွတ်ဝင်သွားသည်ရှိသော် ဖွတ်ကို ဖမ်းယူလိုသူသည် ဝင်ပေါက်မှ တစ်ပါးသော အပေါက် (၅) ခုတို့ကို ပိတ်၍ ဝင်ပေါက်တစ်ခုတည်းဖြင့်သာလျှင် ဖွတ်ကို ဖမ်းယူရသကဲ့သို့ အရှင်ဘုရားတို့သည် ဒွါရ (၆) ပါးတို့၌ ဖြစ်ပေါ်တတ်ကုန်သော အာရုံတို့တွင် (၅) ဒွါရကို ပိတ်၍ မနောဒွါရ၌သာ ကမ္မဋ္ဌာန်းစီးပြန်းခြင်းအမှုကို ဖြစ်စေပါကုန်လော့" ဟု ကမ္မဋ္ဌာန်းတရားပေး၏။ (ဧမွ- ဋ္ဌ၊ ၂၊ ၂၆၃)

၄။ (က) လာဘ် = ကျန်းမာခြင်း (ခ) ရောင့်ရဲခြင်း = ဥစ္စာ၊
(ဂ) ဆွေမျိုး = အကျွမ်းဝင်သောသူ (ဃ) ချမ်းသာ = နိဗ္ဗာန်။ (ဝိဿာ- ၂၀၄)

၅။ ဆွေမျိုးမိတ်သင်္ဂဟများ ကြိုဆိုခံရသူ-ကြာမြင့်စွာကွေကွင်း၍ အဝေးမှချမ်းချမ်းသာသာ ရောက်လာသော ယောကျ်ားး။ (ဝိဿာ- ၂၁၉)
တမလွန်မှ ကောင်းမှုများ ကြိုဆိုခံရသူ-ပြုအပ်ပြီးသော ကောင်းမှုရှိသူ။ (ဝိဿာ- ၂၀၄)

၆။ အတတ်ပညာတို့၏ အညစ်အကြေးသည် မသရဏ္ဍယ်ခြင်း၊
အိမ်တို့၏အညစ်အကြေးသည် မပြုမပြင်ခြင်း၊
အဆင်း၏အညစ်ကြေးသည် ပျင်းရိခြင်း၊
စောင့်ရှောက်ခြင်း၏အညစ်အကြေးသည် မေ့လျော့ခြင်း။ (ဝိဿာ- ၂၄၁)

http://www.dhammadownload.com

၇။ ကစားရာ၌အောင်နိုင်ခြင်း၊ ဘီလူးစားခြင်းဘေးမှ ကင်းလွတ်ခြင်း၊
ကောင်းမွန်စွာအိပ်ရခြင်း၊ ဘုရင်၏ချွေခွက်ဖြင့် ဘောဇဉ်ကိုစားသုံးရခြင်း၊
ခိုးသူဟူသောစွပ်စွဲသောဘေးမှ ကင်းလွတ်ခြင်းတို့ ဖြစ်ပါသည်။ (ဓမ္မ- ၄။၂။ ၂၈၆)

၈။ နွားပျောက်သော သူဆင်းရဲ ဥပါသကာတစ်ယောက်။ (ဓမ္မ- ၄။ ၂။ ၂၇၀)
မြတ်စွာဘုရားအားပူဇော်သူတို့သည်-
တိသမထေရ်နှင့်တူအောင် ပူဇော်ရပါမည်။ (ဓမ္မ- ၄။ ၂။ ၁၇၄)

၉။ ရောဟိဏီမင်းသွီးသည် မိမိဆင်ပြန်းသော အသပြာတစ်သောင်းမျှ ထိုက်တန်သော လက်ဝတ်တန်ဆာတို့ကို ရောင်းချ၍ ဘုံနှစ်ဆင့်ရှိသော ဆွမ်းစားဇရပ်ကိုဆောက်လုပ်၏။ အထက်၌ ပျဉ်ချပ်တို့ကို ခင်းပြီးသော အခါမှစ၍ ဆွမ်းစားဇရပ်၏ အောက်၌ အပြာမျက် တံမြက် လှည်း၏။ ရဟန်းတို့အတွက် နေရာခင်း၏။ သောက်ရေအိုးတို့ကို တည်ထား၏။
(ဓမ္မ- ၄။ ၂။ ၁၇၃)

မယားမှခွန်းတုံ့ပြန်သောစကားများ-
'ငါ့အား အသင်ထွက်ပြေးခြင်းဖြင့်လည်းကောင်း၊ ပြန်လာခြင်းဖြင့်လည်းကောင်း၊ အဘယ် အကျိုးရှိသနည်း' ဟု ပြောဆို၍ 'လှည်းစောင့်သူ၏သား၊ အထုပ်ထမ်းသူ၏သား၊ တစ်စုံ တစ်ခု အသက်မွေးမှုကို မသိမလိမ္မာသူ၏သား" ဟူသော သီချင်းကိုသာလျှင် အဖန်ဖန် အခါအခါသီဆို၏။ (ဓမ္မ- ၄။ ၂။ ၃၄၂)

၁၀။ ရှေးအတိတ်ခန္ဓာတို့၌လည်းကောင်း၊ နောက်အနာဂတ်ခန္ဓာတို့၌လည်းကောင်း၊ အလယ် ပစ္စုပ္ပန်ခန္ဓာတို့၌လည်းကောင်း၊ တဏှာဖမ်းယူခြင်းဟူသော တစ်စုံတစ်ခုသော ကြောင့်ကြမှု, စွဲလမ်းမှုမရှိသောပုဂ္ဂိုလ်သည် "ဗြာဟ္မဏ" မည်ပါသည်။ (ဝိဏ- ၄၂၁)

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ခစ်ကိုင်းတိုင်း)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃)ရက်၊ (၂၄- ၃- ၂၀၀၈) တနင်္လာနေ့။

၁။ သားကိုစွဲ၍ ငိုပွဲဆင်ခဲ့ရသော မိဘနှစ်ပါးတို့အတွက် မေတ္တာသက်သက်ဖြင့် ဘုရားရှင်

http://www.dhammadownload.com

ဟောကြားတော်မူခဲ့သည် ဝိယဝဂ်၊ တယောဇနပဗ္ဓဇိတဝတ္ထုလာ ဂါထာတို့ကို ပြည့်စုံမှန်ကန်စွာ ပါဠိဖွင့်ရေးခဲ့ပါ။

၂။ သူလင်ကို လိုချင်၊ အိမ်ရှင်ကို ဆိုပူလောင်း၍ နှိပ်စက်ခဲ့သော သီရိမာပြည့်တန်ဆာမအား မေတ္တာတရားဖြင့် အနိုင်ယူခဲ့သည့် ဥတ္တရာဥပါသိကာမကို အကြောင်းပြုကာ ဘုရားရှင် ဟောကြားတော်မူခဲ့သော ကောဓဝဂ်၊ ဥတ္တရာဥပါသိကာဝတ္ထုလာ ဂါထာကိုသာ အနက်ယောဇနာခဲ့ပါ။

၃။ အစားကြူးသော ကောသလဘုရင်မင်းမြတ်အား ဗုဒ္ဓဘုရားရှင် လမ်းညွှန်မှာကြားအပ်သည့် အမြတ်တရားလေးပါးကို ဖော်ပြပြီး၊ သုဘဒ်ပရိဗိုဇ်ရဟန်းကြီး၏ အမေးသုံးပါးကို လည်း မှတ်သားဖွယ် ရေးသားဖြေဆိုပါ။

၄။ ယခုအခါ တရားဟောပုဂ္ဂိုလ်များ ထွန်းကားလျက်ရှိရာ အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ကိုသာ "ဓမ္မဓရ" ဟု ခေါ်ပါသနည်း ဓမ္မဒ္ဒဝဂ်၊ ဇကုဒါနမထေရ်ကို မှီ၍ ဖြေဆိုပြပြီး၊ တောင်းစားသူမှန်သမျှ "ဘိက္ခု" အမည်ရပါသလော၊ ဓမ္မဒ္ဒဝဂ်၊ အညတရဗြာဟ္မဏဝတ္ထုကို မှီးကာ ရှင်းလင်း ဖြေဆိုပြခဲ့ပါ။

၅။ ပျိုမျစ်နုထွား၊ ခွန်အားနှင့်ပြည့်စုံပါလျက် တက်ကြွသင့်သော ကာလဝယ် မတက်ကြွခဲ့ကြသော လူရွယ်လူလည်များအား ရနိုင်သောအကျိုးကို ဖော်ပြ၍၊ ဘုရားရှင်လက်ထက် ဂိဏ္ဍကဒ္ဒကောင်ဝယ် ဝက်ပြိတ္တာဖြစ်ရခြင်း၏ ပင်မအကြောင်းရင်းများကိုလည်း မဂ္ဂဝဂ်၊ သူကရပေဘဝတ္ထုကို မှီးကာ ကောက်ချက်ချပြခဲ့ပါ။

၆။ သွားလမ်းသာ၍၊ လာလမ်းဖြောင့်ခြင်း၏ အကြောင်းများကို ပကိဏ္ဏကဝဂ်၊ စိတ္တဟတ္ထပဒဝတ္ထုကို မှီး၍ ဖြေဆိုပြီးလျှင်၊ အဘယ်ကဲ့သို့သော ရဟန်းကို 'ဥပသန္တရဟန်း' ဟု ခေါ်ပါသနည်း ဘိက္ခုဝဂ်၊ သန္တကာယတ္ထေရဝတ္ထုကို ရှု၍ ဖြေဆိုပါ။

http://www.dhammadownload.com

၇။ မလိတ္ထိယာ ဒုစ္စရိတံ–၌ ဒုစ္စရိတဖြစ်ပုံကို အဋ္ဌကထာအလိုကျ ရှင်းလင်းပြီ၍၊ အဘယ့်ကြောင့် ''မေထုန''သူဌေးဟု ဆေါပါသနည်း၊ မလဝဂ်၊ မေထုနသေဋ္ဌိဝတ္ထုလာ အဋ္ဌကထာအဖွင့်ကို ရှု၍ ဖြေဆိုပါ။

၈။ နာဂဝဂ်၊ သမ္မဟုလဘိက္ခုဝတ္ထုလာ သန္ဓိပဗ္ဗဇိတပုဂ္ဂိလ်၏ အဖော်ကောင်းများကို သူတော်ကောင်းတို့ အတွေးဖြင့် ရေးသားတင်ပြပါ။

၉။ ပကိဏ္ဏကဝဂ်၊ ဇေဝိဟာရိတ္ထေရဝတ္ထုလာ ''ဇကာသန ဇကသေယျ''တို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာအလို ရှင်းလင်းပြဆိုပြီး၊ နိရယဝဂ်၊ သမ္မဟုဇဘိက္ခုဝတ္ထုလာ ''ခဏော ဇေါ မာ ဥပစ္စဂါ''၌ 'ခဏ' အပြားကိုလည်း တိကျစွာ ပိုင်းခြား ရေတွက်ပြခဲ့ပါ။

၁၀။ 'မဟာလုဒ်'ပုဂ္ဂိလ်ဟူသည် အဘယ်ကဲ့သို့သော ပုဂ္ဂိလ်ပါနည်း၊ ရေတွက်ဖော်ပြပြီး၊ နာဂဝဂ်၊ ပသေနဒိကောသလဝတ္ထုလာ ဂါထာ၏ အနှစ်ချုပ်ကိုလည်း သရုပ်ပေါ်လွင်စွာ အဋ္ဌကထာဖွင့်ဆိုသည့်အတိုင်း ရှင်းလင်း ဖြေဆိုပါ။

၅။ ခစ်ကိုင်းတိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၂၀၉ မှ ၂၁၁။

၂။ ဂါထာ– ၂၂၃။

၃။ **အမြတ်တရား**– (ကရင် ၄–တွင်ရှု)
အမေး ၃–ပါး – (ကချင် ၈–တွင်ရှု)

၄။ **ဓမ္မဝရ**– (ရန်ကုန် ၄–တွင်ရှု)
ဘိက္ခု– တောင်းစားသူမှန်သမျှ ဘိက္ခုမဟုတ်ပါ။

http://www.dhammadownload.com

သူတစ်ပါးတို့ထံ လှည့်လည် တောင်းစား၍ တရားနှင့် မညီညွတ်သောအကျင့်ကို ကျင့်သူသည် ဘိက္ခုမမည်။ ကောင်းမှု, မကောင်းမှုကို မျှော်၍ (ဇ၏) ပယ်၍ မြတ်သောအကျင့်ကို ဆင်ခြင်၍ ကျင့်သောပုဂ္ဂိုလ်သည်သာ စင်စစ် ဘိက္ခု မည်၏။ (ဂါထာ- ၂၆၆/ ၂၆၇)

၅။ ထင်ကြွသင့်သောကာလ၌ မထင်ကြွပဲ ပျိုမျစ်နုထွား ခွန်အားနှင့်ပြည့်စုံပါလျှက် ပျင်းရိသော ဖိစ္ဆာဝိတက်တို့နှင့် ပြည့်စုံသောစိတ်အကြံရှိသော ဝီရိယမရှိ ပျင်းရိသောလူငယ် လူရွယ်များသည် ပညာဖြင့်မြင်အပ်သောမဂ်ကို မရနိုင်ပါ။ (ဂါထာ- ၂၈၀)

ဝက်ဖြိတ္တာဖြစ်ရခြင်း အကြောင်းရင်း-

ကဿပဘုရားသာသနာတော်၌ ရဟန်းနှစ်ပါးကျွတ်ပြားအောင် ဂုံးတိုက်ခဲ့ဖူးသော့ မကောင်းမှုကံကြောင့် ဖြစ်ရပါသည်။ (ဓမ္မ- ၄။ ၂၊ ၂၅၉)

၆။ **သွားလမ်းသာ၍ လာလမ်းခြောင့်ရခြင်း-** (ကရင် ၅-တွင်ရှု)

ဥပသန္တရုဟန်း- (ပဲခူး/အနောက် ၅-တွင်ရှု)

၇။ ဖောက်ပြန်သောမိန်းမကို လင်သည်လည်း အိမ်မှနှင်ထုတ်တတ်၏၊ မိဘတို့အထံ သွားသော်လည်း '' သင်သည် မျိုးရိုးကို ရိုသေစောင့်ထိန်းမှုမရှိ၍ မကြည့်လို မမြင်တွေ့လို'' ဟု ဆိုကာ ထိုဖောက်ပြန်သောမိန်းမကို နှင်ထုတ်ကြကုန်၏၊ ထိုမိန်းမသည် အားထားရာ မရှိဘဲ လှည့်လည်သွားလာလျက် ဒုက္ခကြီးစွာရောက်လေသောကြောင့် ထိုလွန်ကြူး၍ ကျင့်ခြင်းကို ''ဒုစ္စရိတ'' ဟုခေါ်ပါသည်။ (ဓမ္မ- ၄။ ၂၊ ၂၂၃)

မေဏ္ဍကသူဌေး ခေါ်ရခြင်းအကြောင်း-

မေဏ္ဍကသူဌေး၏ အိမ်အနောက် ရှစ်ပယ်မျှလောက်သောအရပ်၌ ဆင်, မြင်း, နွားလားဥသဘ ပမာဏရှိကုန်သော ရွှေဆိတ်ရုပ်တို့သည် မြေကိုခွဲ၍ ကျောက်ကုန်းတို့ပြင့် ထိကုန်၍ အိမ်အနောက်မှ ပေါ်ပေါက်ကုန်၏၊ ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းတို့၌ ငါးပါးကုန်အဆင်းရှိကုန်သော ချည်လုံးတို့ကို ထည့်အပ်ကုန်၏၊ ထောပတ်, ဆီ, ပျားရည်, တင်လဲ အစရှိသည်တို့ဖြင့်လည်းကောင်း အဝတ်, ငွေ, ရွှေအစရှိသည်တို့ဖြင့်လည်းကောင်း အလိုရှိခဲ့သော် ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းမှ ချည်လုံးတို့ကို ပယ်ထုတ်ကုန်၏၊ တစ်

http://www.dhammadownload.com

ကောင်သောဆိတ်ရုပ်၏ ခံတွင်းမှ ဇပ္ပနိပ်ကျန်းခဲ့ နေကုန်သောသူတို့အား သုံးဆောင်ခြင်း ဌာ လုံလောက်သော် ထောပတ်, ဆီ, ပျားရည်, တင်လဲ, အဝတ်, ငွေ, ရွှေစသည်တို့သည် အနှံထွက်ကုန်သောကြောင့် " မေဏ္ဍကသူဋ္ဌေး " ဟုခေါ်ပါသည်။

၈။ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ, ကထာဝတ္ထု (၁၀) ပါး, ခုတင် (၁၃) ပါး, ဝိပဿနာ ဉာဏ်, မဂ် (၄) ပါး, ဖိုလ် (၄) ပါး, ဝိဇ္ဇာ (၃) ပါး, အဘိညာဉ် (၆) ပါး, မြတ်သော မဟာနိဗ္ဗာန်ဟူသောတရားအပေါင်းသည် မိတ်ဆွေကောင်းမည်၏။ (ဓမ္မ- ၄။ ၂။ ၃၂၃)

၉။ ရဟန်းတစ်ထောင်တို့၏ အလယ်၌နေသော်လည်း နှလုံးသွင်းနေမြဲဖြစ်သော ကမ္မဋ္ဌာန်း ကို မစွန့်ပယ်ဘဲ နှလုံးသွင်းလျက်သာနေခြင်းသည် " ကောဿန " မည်၏။
ကြေးပြဿာဒ်နှင့်တူသော ပြဿာဒ်၌ ရဟန်းတစ်ထောင်အလယ်တွင် ဆန်းကြယ်စွာ ခင်းထားသော မြတ်သောအိပ်ရာ၌ အိပ်သော်လည်း သတိကိုဖြစ်စေ၍ မူလကမ္မဋ္ဌာန်းကို နှလုံးသွင်းကာ လျောင်းသောရဟန်း၏ အိပ်ခြင်းသည် " ကောသေယျ " မည်၏။
(ဓမ္မ- ၄။ ၂။ ၂၉၄)

ခဏအပြား-
ဗုဒ္ဓပါဒခဏ၊ (ဘုရားပွင့်သောခဏ)
မဇ္ဈိမဒေသ၌ ဖြစ်ရသောခဏ၊
သမ္မာဒိဋ္ဌိကို ရသောခဏ၊
အာယတနခြောက်ပါး မချို့တဲ့သောခဏ။ (ဓမ္မ- ၄။ ၂။ ၃၀၄)

၁၀။ လက်ဖြင့်ကော်၍ ရလောက်အောင် စားသောသူ၊
ပုဆိုးမဝတ်နိုင်အောင် စားသောသူ၊
မထ, နိုင်လောက်အောင် စားသောသူ၊
ခံတွင်းမှ ကျိုးနွံက်၍ ရလောက်အောင် စားသောသူ၊
အနှံထွက်အောင် စားသောသူတို့တွင် တစ်ယောက်အပါအဝင်ဖြစ်ပါသည်။
(ဓမ္မ- ၄။ ၂။ ၃၁၅)

http://www.dhammadownload.com

ပဿေနဒိကောသလဝတ္ထု ဂါထာ၏ အနှစ်ချုပ်–

အစားလွန်ပြီး ငိုက်မျဉ်းသောပုဂ္ဂိလ်သည် အိမ်၌မွေးထားသော ဝက်ကဲ့သို့ အခြားသော ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်းဟူသော ဣရိယာပုတ်တို့ဖြင့် မမျှတနိုင်ဘဲ အိပ်လျက်သာ လိုမ့်နေရ၏၊ သက္ခဏာရေး သုံးပါးကို နှလုံးမသွင်းနိုင်သောကြောင့် ပညာနည်းပြီး ခဏာခဏာ ပဋိသန္ဓေ နေရ၏။ (ဓမ္မ- ၄၊ ၂၊ ၃၁၆)

၆။ ပထမပြန်စာဓမးပွဲ ကျင်းပဓရးဗဟိုအပွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ဓကြာ(၁၂)ရက်၊ (၂–၄–၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ 'အချစ်ကြီးက သောကမီးလောင်သည်၊ အချစ်ကင်းမှ သောကရှင်းသည်'ဟု ဆိုးမသော ဂါထာပါဠိကို ရေးပြပါ။

၂။ သတ္တိသမီးကြောင့် ရာဂမီးတောက်နေသော သတ္တိသားတစ်ယောက်အား အကြောင်းပြု ဟောကြားသည့် 'အနိုင်းမဲ့ တရားလေးပါးပြ' ဂါထာကို အနက်ရေးပါ။

၃။ ဒေါသကြောင့် အမှားမရောက်အောင် စောင့်ရှောက်နိုင်သူကို 'သာရထိ'ဟု ဗုဒ္ဓအမိန့် ရှိရာ၌ ဥပမာစကားဖြင့် ထင်ရှားအောင် မြတ်ဘုရားမိန့်ကြားသည့်အတိုင်း မြန်မာလို ပြေဆို၍၊ အာသဝေါက္ခယဉာဏ်ကြောင်း အကျဉ်းကောင်းသုံးခုကိုလည်း ပုဏ္ဏားဒါသိဝတ္ထု ထောက် ရှုလျှက် ပြေဆိုပါ။

၄။ တဏှာအညစ်အကြေးကို အခွင့်အရေးရတိုင်း တစ်စတစ်စ ပယ်ရှားသင့်ကြောင်း အညတရ ဗြာဟ္မဏဝတ္ထုလာအတိုင်း ပြေဆိုပြီး သက်နှံးစွဲ၍ သန်းဖြစ်ရသော တိဿရဟန်းအား အကြောင်းပြုဟောကြားထားသောတရားကိုလည်း မြန်မာလိုဖြေဆိုပါ။

၅။ ခေါင်းပြုရုံမျှဖြင့် 'ထေရ'ဟု ခေါ်ဆိုရပါ့မည်လော အဘယ်သို့သောဂုဏ်ရည်တို့နှင့် စုံညီပါမှ ထေရအဖြစ် ဖြစ်ပါသနည်း လကုဏ္ဍကဘဒ္ဒိယထွေရဝတ္ထုလာအတိုင်း ပြည့်စုံစွာဖြေဆိုပါ။

http://www.dhammadownload.com

၆။ သားသေ၍ သောကမီးတောက်လောင်နေသော ကိသာဂေါတမီအား အကြောင်းပြုဟော ကြားသည့်တရားကို မြန်မာလိုပြေဆို၍ ဥဂ္ဂဟိုရောက် စူဠသုဘဒ္ဒါအား ဟောကြားသော တရားကိုလည်း မြန်မာစကားဖြင့် ရေးသားဖော်ပြပါ။

၇။ ပသေနဒိကောသလမင်း၏ ချမ်းသာလေးမျိုးတို့ကို အဋ္ဌကထာလာအတိုင်း ပြည့်စုံစွာ ရေးသားဖော်ပြပါ။

၈။ ဝိယဝဂ်၊ အညတရကုဋုမ္ဘိကဇတ္ထုကိုရှု၍ သောကငြိမ်းရန် ဆင်ခြင်ရမည့် သဘောတရား များကို အဋ္ဌကထာလာအတိုင်း ဖြေဆိုပြီး၊ ဝိယတော ဇာယတိ သောကော၌ ဝိယ-အရတိကျွတ ကောက်ပြပါ။

၉။ ကဏ္ဍာဝဂ်၊ သင်္ကပ္ပဝတ္ထုလာ သိကြား၏ အမေးလေးထွေ ဘုရား၏အဖြေလေးပါးတို့ကို သိုးခြားစီ ရေးသားပြပါ။

၁၀။ ကျောင်းဒကာ အနာထပိဏ်၏တူ ခေမကသူဌေးသား၏ ကောင်းမှုနှင့် တောင်းဆုများကို ခွဲခြားဖြေဆို၍၊ ဇရိလသူဌေးသည် မွေးဖ၀်စဉ် အဘယ်ကြောင့် ရေမျှောခံရသနည်း ထို သူဌေး၏ ရှေးအကြောင်း မကောင်းမှုကို ဖော်ပြပါ။

၆။ တနသ်ာရီတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ စမ္မပဒဘာသာ

၁။ ဂါထာ- ၂၁၂။

၂။ ဂါထာ- ၂၀၂။

၃။ ရထားထိန်းသည် အလွန်လျင်စွာသွားသောရထားကို မြစ်သကဲ့သို့ စင်စစ် ဖြစ်ပေါ် လာသော အမျက်ကို မြစ်စွမ်းနိုင်သောသူကို 'သာရထိ' ဟု ဟောတော်မူပါသည်။ (အမျက်ကို မတားနိုင်သော ပြကတေ့ရထားထိန်းအပေါ်၌သည် 'ကြိုးကိုင်' သာတည်း)

(ဂါထာ- ၂၂၂)

http://www.dhammadownload.com

အာသဝေါတုန်ကြောင်း အကျင့်ကောင်း (၃) ခု–
အပြုံးကြားခြင်း၊ နေ့သည်ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ခြင်း၊
နိဗ္ဗာန်သို့ညွှတ်သော စိတ်ရှိခြင်း။ (ပါဠိ– ၂၂၆)

၇။ **တထာအညစ်အကြေးကို ပယ်ရှားသင့်ကြောင်း–** (ကချင် ၃–တွင်ရှု)
တိုဿရထန်းအား အကြောင်းပြုတောကြားထားသောတရား–
သံချေးသည် သံမှသာလျှင် ဖြစ်၍ ထိုသံကိုသာလျှင် ပြန်၍စားသကဲ့သို့ ထို့အတူ ပစ္စည်းလေးပါး၌ ပစ္စဝေက္ခဏာကို လွန်၍ကျင့်သောရဟန်းကို မိမိအမှု အကုသိုလ်တရားတို့သည် ဒုဂ္ဂတိဘဝသို့ ဆောင်ကုန်၏။ (ပါဠိ– ၂၂၀)

၈။ **ထေရ အစစ်–** ခေါင်းပြုရုံမျှဖြင့် 'ထေရ' တု မခေါ်ဆိုရပါ။
သစ္စာလေးပါးရှိခြင်း၊ လောကုတ္တရာတရားကိုးပါးရှိခြင်း၊ အပွမညာဘာဝနာရှိခြင်း၊ သီလစောင့်ခြင်း၊ ကွဲဖြဲကိုဆုံးမခြင်း၊ မဂ်ဉာဏ်ဖြင့်ကိလေသာကို ထွေးအန်ပြီးခြင်းတို့နှင့်ပြည့်စုံသော တည်ကြည်သောပညာရှိသူသာ 'ထေရ' အစစ်ဖြစ်ပါသည်။
(ပါဠိ– ၂၁၁)

၉။ ကြီးစွာသော ရေအယဉ်သည် အိပ်မျော်သောတစ်ရွာလုံးကို ယူ၍ သွားသကဲ့သို့ သမီးသား ကျွဲနွား ဥစ္စာတို့ဖြင့် ယစ်မူးစွဲလမ်း၍ မေ့လျော့ကာ ကပ်ငြိတွယ်တာသော စိတ်ရှိသော သတ္တဝါအပေါင်းကို သေမင်းသည် ယူ၍သွားလေ၏။ (ပါဠိ– ၂၁၇)
ဓူဇသုဘဒ္ဒါ အား ဟောကြားသည့်တရား–
တိမဝန္တာတောင်သည် အဝေးရှိ ထင်ရှားသကဲ့သို့ သူတော်ကောင်းတို့သည် အဝေးရှိ ထင်ရှားကုန်၏၊ ညဉ့်အခါ၌ ပစ်အပ်ကုန်သောမြားတို့သည် မထင်ကုန်သကဲ့သို့ သူတော်ကောင်း မဟုတ်ကုန်သောသူတို့သည် ဤအရပ်၌ မထင်ကုန်။ (ပါဠိ– ၃၀၄)

၎။ ဆန်တစ်စိတ်နှင့် တင်းလျာများကို နေ့စဉ်စားသော ပသေနဒိကောသလမင်းသည် ဘုရားပေးသောနည်းဖြင့် အစားလျော့စားသောကြောင့် တစ်ကွမ်းစားမျှသောဆန်နှင့်ပင် ဟင်း

http://www.dhammadownload.com

လျာကို စားသောအခါ၊ ပေါ့ပါးသောကိုယ်ရှိလာသည်၊ သမင် မြင်းတို့ကိုပင် ဖမ်းနိုင်သော အားအစွမ်းရှိလာသည်။ ဤကား ပထမချမ်းသာ။

သမီးတော် ဝဇီရမင်းသမီးကို တူတော်အဇာတသတ်နှင့် လက်ထပ်ပေးသဖြင့် တူတော်နှင့် စစ်မတိုက်ရပဲ ရန်ငြိမ်းခြင်းသည် ဒုတိယချမ်းသာ။

ပျောက်သွားသော နန်းစဉ် ပတ္တမြားကို ပြန်တွေ့ရခြင်းသည် တတိယချမ်းသာ။

ဘုရားရှင်၏ သာဝကတို့နှင့် ရင်းနှီးလို၍ သာကီဝင်မင်းသမီးကို မိဖုရားမြှောက်ရခြင်းသည် စတုတ္ထချမ်းသာ။ (ဓမ္မ- ၌၊ ၂၊ ၁၅)

၈။ သေခြင်းသဘောမည်သည် တစ်ခုတည်းသောအရပ်၌ တစ်ယောက်တည်းသော ပုဂ္ဂိုလ်အားသာလျှင် ဖြစ်သည်မဟုတ်၊ သတ္တဝါတိုင်း ဘဝ ဖြစ်နေသမျှ သေရမည်သာ ဖြစ်၏၊ တစ်စုတစ်ခုသော သခီဠရမျှ မြဲသောသဘောမရှိသောကြောင့် " သေတတ်သော သဘောသည် သေ၍ ပျက်တတ်သော သဘောသည် ပျက်တတ်သည်" ဟု သင့်တင့်သောအကြောင်းအားဖြင့် ထင်ရှားသိမြင်အောင် ဆင်ခြင်အပ်၏။ (ဓမ္မ- ၌၊ ၂၊ ၁၈၀)

ဝိယ အရ- သတ္တဝါသခီဠရ (တို့၌ ချစ်ခင်မှု လောဘ) ရ၏ (ဓမ္မ- ၌၊ ၂၊ ၁၈၁)

၉။ အလှူဒါနတို့တွင် အဘယ်အလှူဒါန သည် ကြီးကျယ်မြင့်မြတ်ပါသနည်း၊

မွန်မြတ်သောအရသာအပေါင်းတို့တွင် အဘယ်အရသာ သည် ကြီးကျယ်မြင့်မြတ်ပါသနည်း၊

နှလုံးမွေ့လျော်ဘွယ် အပေါင်းတို့တွင် အဘယ်သို့သောမွေ့လျော်ခြင်းသည် ကြီးကျယ်မြင့်မြတ်ပါသနည်း၊

တဏှာကုန်ခြင်းကိုသာလျှင် အဘယ့်ကြောင့် ကြီးကျယ်မြင့်မြတ်သည်ဟု ဆိုအပ်ပါသနည်း။

ဘုရား၏ အဖြေ လေးပါး-

အလှူဒါနတို့တွင် တရားအလှူသည် ကြီးကျယ်မြင့်မြတ်၏၊

မွန်မြတ်သောအရသာအပေါင်းတို့တွင် တရားအရသာသည် ကြီးကျယ်မြင့်မြတ်၏၊

နှလုံးမွေ့လျော်ဘွယ် အပေါင်းတို့တွင် တရားဖြင့် မွေ့လျော်ခြင်းသည် ကြီးကျယ်မြင့်မြတ်၏၊

တဏှာကုန်ခြင်းသည်ကား အရဟတ္တဖိုလ်သို့ရောက်စေတတ်သည်၏၊ အဖြစ်ကြောင့် အလွန်ကြီးကျယ်မြင့်မြတ်၏၊ (ဓမ္မ- ၌၊ ၂၊ ၃၅၁)

http://www.dhammadownload.com

၁၀။ **ဧမကသူဌေးထား၏ ကောင်းမှု**– ဧမကသူဌေးသားသည် ကာသပဗြတ်စွာဘုရား လက်ထက် ထူးချွန်သောလက်ဝှေ့ သမားဖြစ်စဉ် ရွှေတံခွန်နှစ်ခုကို မြတ်စွာဘုရား၏ ရွှေစေတီ၌ တင်လှူပူဇော်ခဲ့ပါသည်။

တောင်းဆု–ဆွေမျိုးသားချင်းမှတပါး ကြွင်းသောမိန်းမတို့သည် ကျွန်ုပ်ကိုမြင်လျှင် စွဲလမ်း တပ်မက်စေကုန်သတည်း" ဟု ဆုတောင်းခဲ့ပါသည်။ (ဓမ္မ- ၌၊ ၂၊ ၃၀၁)

ရေမျှောခံရခြင်းအကြောင်း– ကာသပဗုဒ္ဓရှင်၏ ဓေတီတော်ကိုပြုရာတွင် ဇဋိလ အလောင်းရွှေပန်းတိမ်သည်သည် ရွှေအလှူခံလာသော ရဟန္တာအရှင်မြတ်အား ဇနီးနှင့် ခိုက်ရန်ဖြစ်ချိန် ဇနီး၌ဖြစ်သော ဒေါသဖြင့် " သင်တို့ဆရာဖြစ်သော ဘုရားရှင်ကို ရေ မျှောလိုက်ပါလော့' ဟု နှုတ်ဖြင့် ပြစ်မှားမိသောကံကြောင့် ရေမျှောခံရသည်။

(ဓမ္မ- ၌၊ ၂၊ ၄၄၄)

၇။ ပထမပြန်စာဓမးပွဲ ကျင်းပဓရးဗဟိုအဖွဲ့ခွဲ (ဗဲခူးတိုင်း/အဓနာက်ပိုင်း) ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ ၁၃၆၉–ခုနှစ်၊ တဓပါင်းလဆုတ် (၃)ရက် (၂၄–၃–၂၀၀၈)တနင်္ဘဓန့။

၁။ အောက်ဖော်ပြပါ ဂါထာများကို ပါဠိသက်သက် ရေးပြပါ–။
(က) အမျက်ထွက်သူ စသည်ကို အောင်မြင်နိုင်ရန် မိန့်ဆိုပုံပြဂါထာ၊
(ခ) ရှက်ခြင်းဟိရိ မရှိသူ၏ အသက်မွေးလွယ်ကူပုံပြဂါထာ။

၂။ အောက်ဖော်ပြပါ ဂါထာများကို အနက်မှန်မှန်ပေးပြပါ။
(က) လောကကြီး၌ ကဲ့ရဲ့ခံရခြင်းမှ လွတ်သောသူမရှိနိုင်ဟု မိန့်ဆိုပုံပြဂါထာ၊
(ခ) အလွန်ကဲဆုံး အဝိဇ္ဇာအညစ်အကြေးကိုသတ်၍ အညစ်အကြေးကင်းစင်ကုန်လော့ ဟု မိန့်ဆိုပုံပြဂါထာ။

၃။ မရောက်ဘူးသေးသော နိဗ္ဗာန်အရပ်သို့ရောက်နိုင်ရန် မည်သို့ကျင့်ကြံနေထိုင်ရမည်ကို ဖော်ပြပြီး၊ လူတို့တွင် အမြတ်ဆုံးလူဖြစ်နိုင်ရန် မည်သို့ပြုကျင့်ရမည်ကိုလည်း နာဂဝဂ်ကို ရှုလျက် ဖော်ပြပါ။

http://www.dhammadownload.com

၄။ လိုချင်တပ်မက်မှုတဏှာတိုးပွားခြင်း, တဏှာကို ညှင်းဆဲနှိပ်ခြင်းတို့ကြောင့် ရအပ်သော အကျိုးကို တိကျစွာ ဖော်ပြပြီး၊ အဘယ့်ကြောင့် ဘုရားရှင်သည် ''အဘယ်သူ့ကို ငို့ဆရာဟု ညွှန်ပြရအံ့နည်း'' ဟု ပိန္ဒိယဆိုနိုင်သည်ကိုလည်း တိကျစွာ ဖော်ပြပါ။

၅။ မည်သို့သောသူကို ''ရဟန်း'' ဟူ၍လည်းကောင်း ''ရဟန်းအစစ်'' ဟူ၍လည်းကောင်း ''ငြိမ်းအေးသောရဟန်း'' ဟူ၍လည်းကောင်း ဆိုရသည်ကို ဘိကျွဝက် အမြင်ဖြင့်ဖော်ပြပါ။

၆။ နိဗ္ဗာန်နှင့်ဇကန်နီးသူ ရဟန်းဖြစ်နိုင်ရန် ပြည့်စုံရမည့် တရားများကို လိုရင်းမျှဖော်ပြပြီး၊ ရဟန်းများအတွက် နိဗ္ဗာန်ရောက်ကြောင်းအကျင့်၏ အဦးအစတရားကိုလည်း တိကျစွာ ဖော်ပြပါ။

၇။ ငတ်မွတ်ဆာလောင်ခြင်းကို အလွန်ကဲဆုံးသောအနာရောဂါဟု ပိန္ဒိယဆိုရခြင်းအကြောင်းကို ဖော်ပြပြီး၊ အယောဂ ယုဉ္ဇမတ္တာနံ-၌ အယောဂ အရကိုလည်း တိကျစွာဖော်ပြပါ။

၈။ ဝိနိစ္ဆယမဟာမတ္တဝတ္ထုလာ အဂတိတရားလေးပါးအား လျော်စွာ နိဂ္ဂဟဆန်းစစ်ရန်းတရားဆုံးဖြတ်ပုံများကို အဋ္ဌကထာဖွင့်ဆိုသည့်အတိုင်း ဖော်ပြပါ။

၉။ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံဆောင်လျက် စာပေပို့ချနေသော အရှင်ပေါဠိဠလအား တပည့်ခံဖြစ်သော ခုနစ်နှစ်အရွယ် ရဟန္တာသာမဏေက သင်ပြပေးအပ်သော ကမ္မဋ္ဌာန်းကို အဋ္ဌကထာဖွင့်ဆိုသည့်အတိုင်း ပြည့်စုံစွာ ဖော်ပြပါ။

၁၀။ မာတရံ ပိတရံ ဟန္ဒာ-၌ မာတရံ ပိတရံ ပုဒ်များအရကို အကြောင်းနှင့်တကွ ဖော်ပြပြီး၊ ရဟန္တာအရှင်မြတ်များသည် ဆင်းရဲဒုက္ခမရှိသွားနိုင်ရန် မည်သည့်တရားများကို ပယ်သတ်ခဲ့သည်ကိုလည်း သိသာရုံအကျဉ်းမျှ ဖော်ပြပါ။

၇။ ပဲခူးတိုင်း/အဓနာက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၂၂၃။ (ခ) ဂါထာ- ၂၄၄။

http://www.dhammadownload.com

၂။ (က) ဂါထာ- ၂၂၇။ (ခ) ဂါထာ- ၂၄၃။

၃။ ကတိဆင်ယာဉ် မြင်းယာဉ်တို့ဖြင့် မရောက်ဖူးသေးသောနိဗ္ဗာန်သို့ မရောက်နိုင်၊ နိဗ္ဗာန်သို့ ရောက်နိုင်ရန်- စက္ခုစသော ဣန္ဒြေတို့ကို ဆုံးမခြင်းဖြင့်လည်းကောင်း ဝိမိစိတ်ကို ဆုံးမခြင်းဖြင့်လည်းကောင်း ယဉ်ကျေးအောင် ကျင့်ကြံနေထိုင်ရပါမည်။ (ဂါထာ- ၃၂၃)

အမြတ်ဆုံးလူဖြစ်နိုင်ရန် ပြုကျင့်ပုံ-

အလွန်အကြူး ဆဲရေးရေရွတ်၍ ဆိုသောစကားကို သည်းခံရမည်၊
လေးပါးသောမဂ်ဉာဏ်ဖြင့် ဝိမိစိတ်ကို ကောင်းစွာဆုံးမပြီး၍ ယဉ်ကျေးအောင်ပြုရမည်။
ထိုသို့ ပြုကျင့် နေထိုင်လျှင် လူတို့တွင် အမြတ်ဆုံးဖြစ်၏ (ဂါထာ- ၃၂၁/၃၂၂)

၄။ တဏှာတိုးပွါးနေသူသည် ''အသိုးကို အလိုရှိသော မျောက်သည် တောအတွင်း၌ တစ်ပင်မှ တစ်ပင်သို့ ခုန်လွှားကူးသန်းနေသကဲ့သို့'' တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားနေရ၏။ လောက၌ ရူပါဒိစသော အာရုံတို့၌ ငြိကပ်လျက် ယုတ်မာသောတဏှာညှဉ်းဆဲခံရသူအား ''ပြတ်မြက်သည် မိုးအကြိမ်ကြိမ်ရွာသည်ရှိသော် ကြီးပွါးသကဲ့သို့'' စိုးရိမ်ကြောင့်ကြမှုတို့သည် တိုးပွါးကုန်၏။ (ဂါထာ- ၃၃၄/၃၃၅)

တဏှာကို ညှဉ်းဆဲနိုင်ခြင်းကြောင့် ရရှိနိုင်သောအကျိုး-

'မိုးဇရမိုးပေါက်သည် ကြာရွက်မှ လျော့ကျသကဲ့သို့' တဏှာကို ညှဉ်းဆဲနိုင်သူအထံမှ စိုးရိမ်ကြောင့်ကြမှုတို့သည် လျော့ကျကုန်၏။ (ဂါထာ- ၃၃၆)

အဘယ်သူ့ကို ဇ့ါဆရာဟု ညွှန်ပြရအံ့နည်း ဟု မိန့်ဆိုနိုင်ကြောင်း-

ဇ့ါကား - ခပ်သိမ်းသော တောဘူမကတရားတို့ကို နှိမ်နင်း၍တည်၏၊
ခပ်သိမ်းသော စတုဘူမကတရားကို သိ၏၊
အလုံးစုံကုန်သော တောဘူမကတရားတို့၌ တဏှာဒိဋ္ဌိတို့ဖြင့် မလိမ်းကျံ၊
ခပ်သိမ်းသော တောဘူမကတရားကို စွန့်၏၊
တဏှာကုန်ရာဖြစ်သော အရဟတ္တဖိုလ်၌ ကိလေသာ မှ လွတ်၏၊
ဝိမိအလိုလို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၏။
ထိုအကြောင်းကြောင့် 'အဘယ်သူ့ကို ဇ့ါဆရာဟု ညွှန်ပြရအံ့နည်း' ဟု မိန့်ဆိုနိုင်ပါသည်။
(ဂါထာ- ၃၅၃)

http://www.dhammadownload.com

၅။ ရတနာ– လက်, ခြေ, နှုတ်တို့ကို စောင့်စည်း၍ ဂါဝရဖြတ်တောက်ခြင်းသို့ ရောက်သော ကမ္မဋ္ဌာန်းရှင် မွေ့လျော်ကာ တည်ကြည်စွာဖြင့် တစ်ယောက်တည်းနေလေ့ရှိသော ရောင့်ရဲသောပုဂ္ဂိုလ်။ (ဂါထာ- ၃၆၂)

ရတနာစစ်– အလုံးစုံသော နာမ်, ရုပ်၌ ငါ, ငါ့ဟူ၍စွာဟူ၍ မြတ်နိုးစွဲလမ်းမှုမရှိ၊ ချုပ်ခြင်းပျက်စီးခြင်းဖြင့် ထင်ရှားမရှိသော်လည်း မစိုးရိမ်သော ပုဂ္ဂိုလ်။ (ဂါထာ- ၃၆၇)

ငြိမ်းအေးသောရတနာ

ငြိမ်သက်သော ကိုယ်, နှုတ်, စိတ် ရှိ၏၊ ကောင်းစွာတည်ကြည်၍ လောကီအာမိသကို ထွေးအန်ပြီးသော ရဟန်း။ (ဂါထာ- ၃၇၉)

၆။ အနိစ္စစသောအားဖြင့် ရှုခြင်း သမာဓိဈာန် နှင့် ဝိပဿနာပညာ တို့ပြည့်စုံသော ရဟန်းသည်သာ 'နိဗ္ဗာန်နှင့် ဇောနီးသူ' ဖြစ်နိုင်ပါသည်။ (ဂါထာ- ၃၇၂)

နိဗ္ဗာန်ရောက်ကြောင်းအကျင့်၏ အဦးအစတရား–

ဣန္ဒြေကို စောင့်စည်းခြင်း၊ အာဇီဝနှင့် ပစ္စယ၌ ရောင့်ရဲခြင်း၊ ပါတိမောက္ခသီလ၌ စောင့်စည်းခြင်း တည်းဟူသော စတုပါရိသုဒ္ဓိသီလသည် နိဗ္ဗာန်ရောက်ကြောင်းအကျင့်၏ အဦးအစတရားဖြစ်ပါသည်။ (ဂါထာ- ၃၇၅)

၇။ **အလွန်ကဲဆုံးရောဂါတု မိန့်ဆိုရကြောင်း**– (ကချင် ရ–တွင်ရှု)

အယောဂ – အရ–

ပြည့်တန်ဆာမအိမ်၌ ဆွမ်းခံခြင်းစသော ခြောက်ပါးသော မကျက်စားရမည့် နေရာကို မှီဝဲခြင်းဟူသော အားမထုတ်သင့်သော မသင့်မတင့် နှလုံးသွင်းခြင်း (အယောနိသော မနသိကာရ) ကိုရ၏။ (ဓမ္မ- ၄၊ ၂၊ ၁၇၉)

၈။ **ဆန္နာဂတိ**–ဆန္နာ၌ ရပ်တည်၍ ''ဆွေမျိုးတည်း မိတ်ဆွေတည်း'' ဟု မှုသားဆို၍ ပိုဂ္ဂိုလ်မဟုတ်သူကို ပိုဂ္ဂိုလ်ပြု၏။

အဒါသာဂတိ – အဒါသာ၌ ရပ်တည်၍ မိမိ၏ရန်သူတို့ကို မှုသားဆို၍ ပိုဂ္ဂိုလ်ကို ပိုဂ္ဂိုလ်မဟုတ်ဟု ဆို၏။

http://www.dhammadownload.com

မောတာဂတိ–မောဟ၌တည်၍ တံမိုးလက်ဆောင်ယူပြီး တရားဆုံးဖြတ်ရာအ၏၌ တစ်ခြားသို့ စိတ်အာရုံရောက်သကဲ့သို့ ထိုမှ ဤမှ ကြည့်လျက် မုသားဆိုရ၍ ' ဤသူသည် နိုင်ဏ်၊ ဤသူသည် ရှုံးဏ်' ဟု သူတစ်ပါးကို ထုတ်ဆောင်ဏ်၊

ဘယာဂတိ – ကြောက်ခြင်း၌ ရပ်တည်၍ တစ်စုံတစ်ယောက်သော အစိုးရသူ ရှုံးခြင်းသို့ ရောက်သော် အနိုင်သို့ တင်ပေးဏ်။ (ဓမ္မ- ၄၊ ၂၊ ၂၄၁)

၉။ သင်ပြပေးသောကမ္မဋ္ဌာန်း– (ကရင် ၃–တွင်ရှု)

၁၀။ မာတရံ အရ–

'တဏှာသည် သတ္တဝါတို့ကို ဖြစ်စေဏ်' ဟုဟောတော်မူသောကြောင့် ဘုံသုံးပါးတို့၌ သတ္တဝါကို ဖြစ်စေတတ်သော တဏှာရဏ်။

ပိတရံ အရ–

' ဝါသည် ဤမင်း, ဤအမတ်၏ သားတည်း' ဟု အဖကိုမှီ၍ ဝါတူသောမာန ဖြစ်ခြင်းကြောင့် ဝါဟူသောမာန ရဏ်။ (ဓမ္မ- ၄၊ ၂၊ ၂၈၃)

ရတန္တာအရှင်မြတ်များ ပယ်သတ်ခဲ့သောတရားများ–

ရတန္တာအရှင်မြတ်များသည် ဆင်းရဲဒုက္ခမရှိ သွားနိုင်ရန် နိဝရဏာ (၅) ပါးဟုဆိုအပ်သော ဝေယျာဝစ္စမကို အရဟတ္တမဂ်ဉာဏ်လက်နက်ဖြင့် အကြွင်းမရှိ ပယ်သတ်ခဲ့ရပါသည်။

(ဓမ္မ- ၄၊ ၂၊ ၂၈၄)

၈။ ပဌမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အဓ္ဓေ)

ပဌမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉–ခုနှစ်၊ တဓမ်ငါးလပြည့်ကျော် (၃)ရက်၊ (၂၄–၃–၂၀၀၈) တနင်္လာနေ့။

၁။ အတူလေးခု မရှိမှုနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓဟောကြားတော်မူအပသော ဂါထာကိုအနက် မဖက် ပါဠိသက်သက် ရေးပြခဲ့ပါ။

http://www.dhammadownload.com

၂။ အောက်ပါ ဂါထာပါဠိတို့ကို အနက်သမ္မန် ပြခဲ့ပါ။
(က) စိရပ္ပဝါသိ ပုရိသံ၊ နူရတော သောတ္ထိမာဂတံ၊
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။
(ခ) မရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဗ္ဗိဂနသညိနော၊
အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။

၃။ မည်သို့သောပုဂ္ဂိုလ်မျိုးသာ ''နတ်ရွာ, နိဗ္ဗာန်''သို့ ရောက်ထိုက်သည်ကို 'ကောဓ' ဝဂ်လာသည့် အတိုင်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၄။ အောက်ဖော်ပြပါ သဘောတရားတို့၏ အညစ်အကြေးများကို ဖြေဆိုခဲ့ပါ။
(က) အတတ်ပညာ (ခ) အိပ် (ဂ) အဆင်း (ဃ) စောင့်ရှောက်ခြင်း။

၅။ သာသနာတော်၌ ထင်ရှားသော စကားလုံးများဖြစ်သည့် ''ဗြာဟ္မဏ၊ သမဏ၊ ပဗ္ဗဇိတ'' တို့၏ အဓိပ္ပါယ်ကို သက်ဆိုင်သည့် ဒေသနာနှင့်အညီဖြေဆိုခဲ့ပါ။

၆။ ရှင်သိဝလိထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်သော ''ဗြာဟ္မဏာမည်ကြောင်း တရားကောင်းတို့ကို ရေးသားခဲ့ပါ။

၇။ အနေအထိုင် အိပ်ရာနေရာနှင့်စပ်၍ အဘယ်ပုဂ္ဂိုလ်မျိုးကို တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းအိပ်ဟု ဆိုထိုက်ပါသနည်း ရှင်းပြခဲ့ပါ။

၈။ 'ငါးပါး, ရှစ်ပါး' စသောသီလ၏ အရွယ်သုံးပါးလုံးနှင့် တင့်တယ်ပုံကို ရှင်းလင်းပြခဲ့ပါ။

၉။ အလှူများစွာတို့တွင် တရားအလှူသာ အမြတ်ဆုံးဖြစ်ရပုံကို အများလက်ခံနိုင်အောင် ရှင်းပြခဲ့ပါ။

http://www.dhammadownload.com

၁၁။ ပဉ္စဂ္ဂါယကာ ပုဏ္ဏားလျှုံနှိုးအပ်သော အလျှုံးပါးမျိုးကို ဖော်ပြ၍ (ဂ)နှစ်သား ရဟန္တာ သာမဏေကျော်(ဌ)ပါးတို့ကိုလည်း ဖော်ပြခဲ့ပါ။

၈။ ပဲခူးတိုင်း/ အဓွေ့ပိုင်း (အဖြေ)
ပထမကြိမ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၂၀၂။

၂။ ထင်ရှားပြီ။

၃။ မှန်သောစကားပြောခြင်း၊ အမျက်မထွက်ခြင်း၊ တောင်းလာသူမှန်သမျှအား အနည်းငယ် မျှကိုသော်လည်းပေးလှူခြင်း ဤအဂါသုံးပါးနှင့် ပြည့်စုံသူသည်သာ နတ်ပြည်ရောက်နိုင်ပါသည်။ (ဂါထာ– ၂၂၄)

နိဗ္ဗာန်သို့ ရောက်ထိုက်သော ပုဂ္ဂိုလ်–

သူတစ်ပါးကို မညှဉ်းဆဲတတ်သည့်အပြင် ကာယဒါရုစသည်ဖြင့် အမြဲစောင့်စည်းလေ့ရှိသော ရဟန္တာအရှင်မြတ်တို့သည်သာ စိုးရိမ်ခြင်းနှင့် သေခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ကုန်၏။ (ဂါထာ– ၂၂၅)

၄။ **အညစ်အကြေးများ–** (ကရင် ၆–တွင်ရှု)

၅။ **ဗြာဟ္မဏ, သမဏ, ပဗ္ဗဇိတ–** (ကချင် ၆–တွင်ရှု)

၆။ ရာဂတည်းဟူသောဘေး, ကိလေသာတည်းဟူသော ခရီးခဲ, သံသရာဝဋ်, မောဟတို့ကို လွန်မြောက်လျက် သံသရာမှ ကူးမြောက်ကာ ကမ်းတစ်ဖက်သို့ရောက်၍နေသော သမထ ဝိပဿနာ (ဈာန်) ကိုရလေ့ရှိသည်ဖြစ်၍ တဏှာလည်းမရှိ, သို့လော သို့လော တွေးတော ယုံမှားမှုလည်းမရှိသော မစွဲလမ်းမှု၍ ငြိမ်းအေးသော ပုဂ္ဂိုလ်သည် 'ဗြာဟ္မဏ' မည်သည်။ (ဂါထာ– ၄၁၄)

http://www.dhammadownload.com

၇။ တစ်ယောက်တည်းနေ, တစ်ယောက်တည်းအိပ်– (စစ်ကိုင်း ၉–တွင်ရှု)

၈။ ပတ္တမြားနားတောင်း နိသောအဝတ် အစရှိသောတန်ဆာတို့သည် အရွယ်အလိုက်သာလျှင် တင့်တယ်ကုန်၏၊ ထယ်ရွယ်သူတို့၏ တန်ဆာသည် ကြီးသောအခါ၌လည်းကောင်း၊ ကြီးသူတို့၏ တန်ဆာသည် ငယ်ရွယ်စဉ်၌လည်းကောင်းမတင့်တယ်၊ အရွယ်နှင့်မလျော်သောတန်ဆာကို ဝတ်ဆင်ပါက 'အရူး' ဟု ကဲ့ရဲ့ခံရသဖြင့် စိတ်ဆိုးမှု ဖြစ်ပေါ်ရ၏။ ငါးပါးသီလ ရှစ်ပါးသီလစသောသီလသည်ကား ငယ်ငယ် ကြီးကြီး အရွယ်အားလုံးတို့၌ တင့်တယ်၏၊ ဤသူသည် သီလရှိသူတည်း ဟု ချီးမွမ်းခြင်းဖြင့် ရှင်လန်းဝမ်းမြောက်ရ၏။

(ဓမ္မ– ၌၊ ၂၊ ၃၂၆)

၉။ ဆွမ်းအလှူ၊ ဆေးအလှူ၊ ကျောင်းအလှူ၊ သင်္ကန်းအလှူ တို့သည် တရားတော်ကို နာရှုရသော ပြုလုပ်ကြကုန်၏၊ အကယ်၍ တရားမနာရလျှင် ယာဂုတစ်ဇွန်း, ဆွမ်းတစ်ယောက်မလောက်မျှကိုလည်း မပေးလှူကုန်ရာ၊ ထို့ကြောင့် အလုံးစုံသောအလှူတို့ထက် တရားအလှူသည်သာ အမြတ်ဆုံး ဖြစ်၏။

တနည်း – ဘုရားပစ္စေကဗုဒ္ဓါ တို့ကို ချဉ်းကပ်၍ တစ်ကမ္ဘာလုံးရှောသော ပိုးရေပိုးပေါက်တို့ကို ရေတွက်ခြင်းငှါ စွမ်းနိုင်သောပညာနှင့် ပြည့်စုံသော အရှင်သာရိပုတ္တရာ စသူတို့သည်ပင် မိမိသဘောအားဖြင့် သောတာပတ္တိဖိုလ်ကို ရခြင်းငှါ မစွမ်းနိုင်ကုန်၊ ရှင်အသဇိ ထေရ်စသည်တို့ ဟောကြားအပ်သောတရားကို ကြားနာ၍သာ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ကြကုန်၏၊ မြတ်စွာဘုရား၏ တရားဒေသနာတော်ဖြင့် သာဝကပါရမီဉာဏ်သို့ မျက်မှောက်ပြုနိုင်ကြကုန်၏။ ဤအကြောင်းကြောင့်လည်း အလုံးစုံသော အလှူတို့ထက် တရားအလှူသည်သာ အမြတ်ဆုံး ဖြစ်၏။ (ဓမ္မ– ၌၊ ၂၊ ၃၅၂)

၁၀။ လယ်၌ ကောက်ဦးအလှူ၊ ကောက်နယ်တလင်းဦးအလှူ၊ ကောက်စပါးဦးအလှူ၊ ထမင်းအိုးဦးအလှူ၊ ထမင်းခူးဦးအလှူ၊ (ဓမ္မ– ၌၊ ၂၊ ၃၆၇)

ရဟန္တာသာမဏေကျော် (၄) ပါး– သံကိစ္စသာမဏေ၊ ပဏ္ဍိတသာမဏေ၊ သောပါကသာမဏေ၊ ဇရေဝတသာမဏေ။ (ဓမ္မ– ၌၊ ၂၊ ၄၁၆)

http://www.dhammadownload.com

၉။ ပထမပြန်စာဓမ်းပဲ့ကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃)ရက်၊ (၂၄- ၃- ၂၀၀၈) တနလာဒေန့။

၁။ ''ပညာမရှိ၊ တွေဝေဘိက၊ မုနိမမည်၊ မြတ်သည့်တရား၊ ရယူထား၍၊ ရှောင်ရှားပါပ၊ လောကနှစ်ရပ်၊ သိမြင်တတ်မှ၊ ဆိုကြစင်စစ်၊ မုနိဖြစ်၏'' ဟုဟောတော်မူအပ်သော ဓမ္မဋ္ဌဝဂ်လာ ဂါထာတို့ကို ပါဠိဖေးခဲ့ပါ။

၂။ ကလျာဏမိတ္တ ပေါင်းဖော်ကြကာ ပဋိသန္ဓာရ ပြည့်စုံကြလျက်၊ အာစာရကျွဲ့ဝတ် ဖြည့်မ ချွတ်သော် ကင်းလွတ်ဒုက္ခ ဆုံးလိမ့်မည်-ဟုဟောတော်မူအပ်သော ဘိက္ခဝဂ်လာ ဂါထာကို အနက်ပေးခဲ့ပါ။

၃။ ချမ်းသာစွာ အသက်မွေးနိုင်ရန်, သွားလာနေထိုင်နိုင်ရန် ပြည့်စုံရမည့်တရားတို့ကို သုခဝဂ် ရှေးဦးဝတ္ထု သုံးခုလာ ဒေသနာတော်များအရ စုစည်းတင်ပြခဲ့ပါ။

၄။ ဝေသာလီမြို့တွင်းမှ ပွဲလမ်းသဘင် အသံများကို လွမ်းဆွတ်တမ်းတမိသော ဝဇ္ဇီမင်းသား ဘဝမှ ရဟန်းပြုလာသူ ရဟန်းတော်လေးအား ဘုရားရှင်ဟောတော်မူသည့် ခက်ခဲသော, ဆင်းရဲသောအရာတို့ကို ဖော်ပြခဲ့ပါ။

၅။ ဗြာဟ္မဏဘွဲ့ထူး ဆွတ်ခူးနိုင်ရန် လိုအပ်သောအဂါရိယတို့ကို သီဝလိတ္ထေရဝတ္ထု ဒေသနာ တော်အရ ထုတ်နုတ်ဖော်ပြခဲ့ပါ။

၆။ အလှူရှင်တို့အား အကျိုးများစေနိုင်သော အလှူခံ ဗြာဟ္မဏ ဖြစ်နိုင်ရေးအတွက် လိုအပ် ချက်ဂုဏ်အင်္ဂါတို့ကို ဒေဝဟိတ ဗြာဟ္မဏဝတ္ထုဂါထာအရ ဖော်ပြခဲ့ပါ။

၇။ သူဌေးသမီး ဥတ္တရာ၏ (က) လင့်အိမ်သို့လိုက်ရသောနေ့ရက်၊ (ခ) လင့်အိမ်သို့လိုက်ရ၍ ရတနာသုံးပါးကို ဆည်းကပ်ခွင့်မရသော နေ့ရက်ပေါင်း၊ (ဂ) လင်အတွက် သီရိမာကို

http://www.dhammadownload.com

ဂါးရမ်းပေးပြီးနောက် ဘုရားအမှူးရှိသော သံဃာကိုဆွမ်းကပ်ခွင့်ရသောနေ့ရက်ပေါင်း၊ (ဃ) ဆိပ်ပူဖြင့် အလောင်းခံရသော နေ့ရက်၊ (င) သိရိမာအမျိုးသမီး သောတာပန်ဖြစ်သော နေ့ရက်တို့ကို အတိုအကျ ညွှန်ပြခဲ့ပါ။

၈။ အပုတ္တကသူဌေးကြီး၏ (က) သူဌေးဖြစ်ကြောင်းရေးကံ၊ (ခ) ကောင်းမွန်သောအသုံးအဆောင်တို့ကို မသုံးဆောင်လိုခြင်း၊ (ဂ) သားသမီးမရှိသဖြင့် ပစ္စည်းဥစ္စာများ မင်းဘဏ္ဍာဖြစ်ရခြင်း၊ (ဃ) သေလွန်ပြီးနောက် လားရာဂတိတို့ကို ဖော်ပြခဲ့ပါ။

၉။ သန္တကာယော သန္တစိတ္တော–စသောဂါထာ၌ အဘယ့်ကြောင့် ''သန္တကာယ၊ သန္တစိတ၊ သန္တဝန္တ။ ဝန္တလောကာမသ၊ ဥပသန္တ'' ဟု ဧခါဆိုရကြောင်းအသိုးသိုး ရှင်းပြပါ။

၁၀။ မြတ်စွာဘုရားကို ဆဲရေးပြီးနောက် မြတ်စွာဘုရားထံမှာပင် တရားထူး ရရှိသွားကြသော ပုဏ္ဏားညီနောင်လေးဦးတို့၏အမည်, ၎င်းတို့ရရှိသောတရားအဆင့်တို့ကို ဖော်ပြ၍ 'နမောတဿ' ရွတ်လေ့ရှိသော ပုဏ္ဏေးမ၏အမည်, ရရှိသောတရားအဆင့်, နမောတဿရွတ်လေ့ရှိသော အချိန်တို့ကို အသိုးသိုး ဖြေဆိုခဲ့ပါ။

၉။ မဓေကွးတိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ စမ္မပဒဘာသာ

၁။ ဂါထာ– ၂၆၈/ ၂၆၉။

၂။ ဂါထာ– ၃၇၆။

၃။ ရန်ပြုတတ်သူတို့အလယ်၌ ရန်မပြုကြကုန်ဘဲလည်းကောင်း၊ ကိလေသာအနိပ် စက်ခံရသူတို့အလယ်၌ ကိလေသာ အနိပ်စက်မခံရကုန်ဘဲလည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်သူတို့အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ကုန်ဘဲလည်းကောင်း ချမ်းသာစွာ အသက်မွေး, သွားလာနေထိုင်နိုင်၏။

ရာဂစသော စိုးရိမ်ကြောင့်ကြဖွယ် တစ်စုံတစ်ခုမျှမရှိဘဲ အာဘာသရာဇာဟူတို့ကဲ့သို့

http://www.dhammadownload.com

ဗိတိလျှင်အစာကုန်သည်ဖြစ်၍ ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။
အောင်သောသူသည် ရန်ကိုပွါးစေ၏၊ ရှုံးသောသူသည် ဆင်းရဲပြိုင်စွာနေရ၏၊ ကိလေသာမီးငြိမ်းသောသူသည် အောင်ခြင်း ရှုံးခြင်းကိုစွန့်၍ ချမ်းသာစွာနေရ၏။
(ဓမ္မ- ၁၅၊ ၅၊ ၂၀၁)

၇။ ရဟန်းပြုနိုင်ခဲ၏၊ ရဟန်းဘဝ၌ မွေ့လျော်ရန်ခဲယဉ်း၏၊
အိမ်၌ရှိတွဲစွာနေရခြင်းသည် ဆင်းရဲ၏၊ မညီမညွတ်နေရခြင်းသည် ဆင်းရဲ၏၊
သံသရာခရီးကို သွားရခြင်းသည် ဆင်းရဲ၏။ (ဓမ္မ- ၁၀၂)

၈။ လိုအပ်သောအင်္ဂါရပ်- (ပဲခူး/အရွှေ့ ၆-တွင်ရှု)

၆။ ရှေးဦးနေဗူးသော ခန္ဓာအစဉ်ကို သိလေ့ရှိ၏၊
နှတ်ပြည် ဖြတ်ပြည်ကိုလည်းကောင်း အပါယ်ကိုလည်းကောင်း မြင်၏၊
ပဋိသန္ဓေကုန်ခြင်းသို့ ရောက်၏၊
ထူးသောဉာဏ်ဖြင့်သိ၍ နိဗ္ဗာန်သို့ရောက်၏၊
အာသဝက္ခယဉာဏ်နှင့် ပြည့်စုံ၏၊
ခပ်သိမ်းသောကိလေသာတို့၏ အဆုံးဖြစ်သော အရဟတ္တာမဂ်အကျင့်ကို ကျင့်သုံးပြီးဖြစ်၏။
ထိုဂုဏ်အင်္ဂါတို့နှင့် ပြည့်သောပုဂ္ဂိုလ်ကို လျှူလျှောင် အကျိုးများစေနိုင်ပါသည်။(ဓမ္မ- ၄၂၄)

၎။ (က) ဝါဆိုလပြည့်နေ့၊ (ခ) ၂-ဖခွဲ၊ (ဂ) ၁၅- ရက်၊
(ဃ) သီတင်းကျွတ်လဆန်း ၁၄ ရက်၊ (င) သီတင်းကျွတ်လပြည့် ပဝါရဏာနေ့။
(စမ္မ- ၄၊ ၂၊ ၂၀၂)

၈။ (က) တဂရသိခိပစ္စေကဗုဒ္ဓါကို ဆွမ်းပြင့်လှူဒါန်းလုပ်ကျွေးစေသော ရှေးကံဖြစ်ပါသည်။
(ခ) သူဌေးသည် ပေးလှူပြီး၍ နောက်အခါ၌ ဤဆွမ်းကို ကျွန်, အမှုလုပ်တို့ သုံးဆောင်ရကုန်မူကား မြတ်သေး၏ ဟု နှလုံးမသာမယာဖြစ်သောကြောင့် ကောင်းမွန်သော အသုံးအဆောင်တို့ကို မသုံးဆောင်လိုပါ။

http://www.dhammadownload.com

(ဂ) အမွေဥစ္စာနှစ်ကြောင့် အစ်ကိုဖ၏သားငယ်ကို သတ်ခဲ့သောအကုသိုလ်ကံကြောင့် သားသမီးမရှိသဖြင့် ပစ္စည်းဥစ္စာတို့ မင်းဘဏ္ဍာဖြစ်ရပါသည်။

(ဃ) မဟာရောရုဝင်ရဲ့ (ဓမ္မ- ဋ္ဌ၊ ၂၊ ၃၅၄)

၉။ သူ့အသက်သတ်ခြင်း စသည်တို့မရှိသောကြောင့် **သန္တကာယ** ဟုခေါ်ပါသည်။
မုသာဝါဒ စသည်တို့မရှိခြင်းကြောင့် **သန္တဝါစာ** ဟုခေါ်ပါသည်။
အဘိဇ္ဈာ စသည် မရှိခြင်းကြောင့် **သန္တဝန္တု** ဟုခေါ်ပါသည်။
မဂ်လေးပါးတို့ဖြင့် လောကီအာမိသကို ထွေးအန်ပြီးသောကြောင့် **ဝန္တလောကာမိသ** ဟုခေါ်ပါသည်။
ကိုယ်တွင်းဌ ရာဂစသည်တို့ ငြိမ်းပြီးသောကြောင့် ''**ဥပသန္တ**'' ဟုခေါ်ပါသည်။
(ဓမ္မ- ဋ္ဌ၊ ၂၊ ၃၇၈)

၁၀။ ဘာရန္ဒါဇပုဏ္ဏား၊ အက္ကောသကဘာရန္ဒါရဇပုဏ္ဏား၊
သုန္ဒရိကဘာရန္ဒါရဇပုဏ္ဏား၊ ဓိလိင်္ဂကဘာရန္ဒါရဇပုဏ္ဏား၊
ဂင်းတို့ ရရှိသောတရားအဆင့် = အရဟတ္တဖိုလ်၊
နမောတဿ ဂ္ဂတ်လေ့ရှိသော့ ပုဏ္ဏေးမဏ် အမည် = ဓနဥာနီ ပုဏ္ဏေးမ။
ရရှိသောတရားအဆင့် = သောတာပန်။
ဂ္ဂတ်လေ့ရှိသော အုချိန် = ချေဆပ်ချိန်၊ တစ်စုံတစ်ခုပြုပြု၍ ဆွတ်ချော်ခဲ့သောအချိန်။
(ဓမ္မ- ဋ္ဌ၊ ၂၊ ၄၀၇)

၁၀။ ပထမပြန်စာမေးပွဲကျင်းပဓရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း) ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ဓကြာ(၃)ရက်၊ (၂၄- ၃- ၂၀၀၈) တနင်္လာနေ့။

၁။ အောက်ပါဂါထာတို့ကို ပါဠိသက်သက်ရေးပါ-

(က) အဆိုးဆုံးမီး, အကြီးဆုံးအပြစ်, အညစ်ဆုံးဒုက္ခ, အလှဆုံးချမ်းသာ-ကို ပြသောဂါထာ၊

http://www.dhammadownload.com

(ခ) စိုးရိမ်ခြင်းအစ အချစ်က၊ စိုးရိမ်ခြင်းကင်းလိုက အချစ်မရှိမှ–ဟု ပြသောဂါထာ။

၂။ အောက်ပါဂါထာတို့ကို အနက်ပေးခဲ့ပါ။

(က) မျက်ထွက်ယုတ်မာ နှမြောတာနှင့် လိမ်ညာသူအား အောင်ကြောင်းတရား–ကို ပြသောဂါထာ၊

(ခ) ကိုယ်နှုတ်စိတ် စောင့်စည်းလျှင်မူ မဂ္ဂင်ရှစ်ပြာ နှစ်သက်ရာ၏–ဟု ပြသောဂါထာ။

၃။ အရသာ သုံးမျိုးတို့ကို သုခဝဂ် တိသဿတ္ထေရဝတ္ထုမှ ထုတ်နုတ်ရေးသား၍ လောကီလူသားတို့၏ ချစ်မြတ်နိုးမှုကို ခံယူလိုသူတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါရုပ်တို့ကို ပဉ္စသတဒါရ–ကဝတ္ထုလာအတိုင်း ဖြေဆိုခဲ့ပါ။

၄။ နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းတို့ကို မဟာမောဂ္ဂလာနတ္ထေရပဉ္စဝတ္ထုနှင့် အညီ ရေးသား၍၊ အဘယ်ပုဂ္ဂိုလ်ကို ''ပဏ္ဍိတ''ဟု ခေါ်ဆိုပါသနည်း? ဖြေဆိုခဲ့ပါ။

၅။ အရိယာစာရိုး ထည့်သွင်းရေတွက်သင့်သောပုဂ္ဂိုလ်ကို ညွှန်ပြ၍၊ (က) အကောင်းဆုံးမင်၊ (ခ) အမြတ်ဆုံးဥစ္စာ၊ (ဂ) အမြတ်ဆုံးဓမ္မ၊ (ဃ) အမြတ်ဆုံးပုဂ္ဂိုလ်တို့ကိုလည်း မဂ္ဂဝင် ပဉ္စသတဘိက္ခုဝတ္ထုကို ရှု၍ ဖြေဆိုခဲ့ပါ။

၆။ ကိလေသာ ရှုံ့ညွန့်ဖွက်မှ ရုန်းထွက်ရန်အတွက် မြတ်ဗုဒ္ဓ၏ လမ်းညွှန်ချက်တို့ကို ဥပမာနှင့် တကွ ဖြေဆို၍၊ တဏှာတရား တိုးပွားနိုင်သောပုဂ္ဂိုလ်ကိုလည်း ဓမ္မပဒလာအတိုင်း ပြည့်စုံစွာ ရေးခဲ့ပါ။

၇။ ဇကုဒါနရဟန္တာမထေရ်မြတ်၏ တရားနှုတ်ကို နတ်တို့ ကောင်းချီးပေးရာ၌ တိပိဋကဓရ မထေရ်၏ အခြံအရံရဟန်းတို့က ကဲ့ရဲ့သော်ဘီ စကားရပ်များကို ဖြေဆို၍၊ ''ဓမ္မဓရ''အမည် ရထိုက်သောပုဂ္ဂိုလ်, မရထိုက်သောပုဂ္ဂိုလ်တို့ကိုလည်း ဗုဒ္ဓအလိုကျ ခွဲခြားသတ်မှတ်ပြပါ။

http://www.dhammadownload.com

၈။ ဝနံ ဆိန္နထ မာရကဲ့ အစဖြာသောဂါထာကို ဘုရားရှင်ဟောကြားရာ၌ ရဟန်းသစ်တို့၏ စိတ်အကြံ ပြစ်ပုံကို ဖြေဆို၍၊ ဝန, ဝနထ–အရတို့ကိုလည်း ဥပမေယျပက္ခအားလျော်စွာ ခွဲခြားကောက်ပြခဲ့ပါ။

၉။ အောက်ပါတို့ကို အကြောင်းသွင်း၍ ရှင်းလင်းဖြေဆိုခဲ့ပါ။

(က) အမိမည်သောတရား။ (ခ) အဖမည်သောတရား။ (ဂ) မင်းနှစ်ပါးမည်သောတရား။

(ဃ) တိုင်းပြည်မည်သောတရား။ (င) သူလျှိုမည်သောတရား။

၁၀။ ကမ္မဋ္ဌာန်းတရား မဟုတ်ဘဲ ဘုရားရှင်အား အပြုအမူကြောင့်လျက်သာနေသော ဝက္ကလိ မထေရ်အား ဘုရားရှင်က ဆုံးမသြဝါဒပေးတော်မူပုံကို ဖြေဆို၍၊ ဒိဗ္ဗစက္ခုတေဒဂ်ရ အရှင်အနုရုဒ္ဓါမထေရ်၏ ရှေးကောင်းမှု ဆုတောင်းနှင့် ဗွားရာမြို့, အဖအမည်တို့ကို ဓမ္မပဒလာအတိုင်း ဖော်ပြခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)
ပဌမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ– ၂၀၂။ (ခ) ဂါထာ– ၂၁၂။

၂။ (က) ဂါထာ– ၂၂၃။ (ခ) ဂါထာ– ၂၈၁။

၃။ ဆိတ်ငြိမ်ရာအရပ်၌ ရအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသောအရသာ၊ ကိလေသာတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်၏ အာမွေးအာပစ္စယသတ္တိဟုဆိုအပ်သော အရသာ၊ တရားနှင့် ယှဉ်သောဝိတိတည်းဟူသောအရသာ။ (ဂါထာ– ၂၀၅)

ချစ်မြတ်နိုးမှုကို ခံယူလိုသူတို့၏ ပြည့်စုံရမည့် ဂုဏ်အင်္ဂါ–

သီလအမြင်နှင့် ပြည့်စုံခြင်း၊ လောကုတ္တရာတရား၌တည်ခြင်း၊ ဖိုမိအမှုဖြစ်သော သိက္ခာသုံးပါးကို ပြုတတ်ခြင်း၊ သစ္စာလေးပါးကို ဟောကြားတတ်ခြင်း၊ (ဂါ) မှန်သောစကားကို ဆိုခြင်းတို့ဖြစ်ပါသည်။ (ဂါထာ– ၂၁၃)

http://www.dhammadownload.com

၄။ နှတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်း– (ပဲခူး အရှေ့ ၃–တွင်ရှု)
ပဏ္ဍိတ – စကားများများပြောကာမျှဖြင့် 'ပဏ္ဍိတ' မမည်၊ ဘေးရန်မရှိပဲ ကြောက်ရွံ့မှု ကင်းသောကြောင့်သာ 'ပဏ္ဍိတ' မည်ပါသည်။ (ဂါထာ– ၂၅၁)

၅။ **အရိယာစာရင်းထည့်သွင်းရေတွက်သင့်သောပုဂ္ဂိုလ်**–
အလုံးစုံသောသတ္တဝါတို့ကို ညှဉ်းဆဲမှုမရှိသောပုဂ္ဂိုလ်။ (ဂါထာ– ၂၇၀)
(က) အကောင်းဆုံးမင် = မဂ္ဂင်ရှစ်ပါး၊
(ခ) အမြတ်ဆုံးသစ္စာ = အရိယသစ္စာ (၄) ပါး၊
(ဂ) အမြတ်ဆုံးဓမ္မ = ရာဂကင်းရာ နိဗ္ဗာန်။
(ဃ) အမြတ်ဆုံးပုဂ္ဂိုလ် = စက္ခုငါးပါးရှိသော မြတ်စွာဘုရား။ (ဂါထာ– ၂၇၃/၂၇၄)

၆။ မမွေ့မလျော့သောအကျင့်၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကို စောင့်ရှောက်ကြကုန်လော့၊ ညွှန်၌ ကျွံနစ်သောဆင်သည် ညွှန်ပျောင်းမှ မိမိကိုယ်ကို နှုတ်သကဲ့သို့ သင်တို့သည် ကိလေသာတည်းဟူသော ညွှန်ဖေါင်းမှ မိမိကိုယ်ကို နှုတ်ကြကုန်လော့။
(ဂါထာ– ၃၂၇)

တဏှာတရား တိုးပွါးနိုင်သောပုဂ္ဂိုလ်–
မွေ့မွေ့လျော့လျော့ ကျင့်လေ့ရှိသောသတ္တဝါအား (၆) ဒွါရ၌ဖြစ်သောတဏှာသည် မာလောနွယ်ကဲ့သို့ တိုးပွါး၏၊ ထိုတဏှာတိုးပွါးသောပုဂ္ဂိုလ်သည် တောကြီး၌ သစ်သီးကို အလိုရှိသော မျောက်ကဲ့သို့ ထိုဘဝ ဤဘဝသို့ ပြေးသွား၏။ (ဂါထာ– ၃၃၄)

၇။ ''ဤတောအုပ်၌နေကုန်သော နှတ်တို့သည် မျက်နှာလိုက်လျက် ကောင်းချီးပေးကုန်၏၊ ဝိဇ္ဇာကတ်သုံးပုံဆောင်ကုန်သောရဟန်းတော်တို့သည် ဤမျှအတိုင်းအရှည် ရှိသောတရားတော်ကို ဟောကြားကြပါကုန်သော်လည်း တစ်စုံတစ်ခု အနည်းငယ်ချီးမွမ်း ခြင်းမျှကိုလည်း မပြောဆိုမူ၍ အသက်ကြီးမှရဟန်းပြုသော မထေရ်ကြီးသည် တစ်ဂါထာကို ဟောရုံမျှဖြင့် ကြီးကျယ်သော အသံဖြင့် ကောင်းချီးပေးကြကုန်၏'' ဟုကဲ့ရဲ့ရှုတ်ချ ကုန်၏။

http://www.dhammadownload.com

(ဓမ္မ- ၌၊ ၂၊ ၂၄၄)

ဓမ္မဓရ = တရားဆောင်ပုဂ္ဂိုလ်-

(စာပေများစွာသင်ကြားခြင်း၊ နှုတ်တက်ဆောင်ခြင်း၊ ပို့ချခြင်းဖြင့် တရားဆောင်သူ မဖြစ်နိုင်၊) အနည်းငယ်မျှသောတရားကို ကြားနာရ၍ သစ္စာလေးပါးတရားကို နာမကာယဖြင့် သိမြင်ပြီး မဂ်,ဖိုလ်,နိဗ္ဗာန်ကိုလိုလားလျက် သစ္စာလေးပါးတရား၌ မမေ့မလျော့ အားထုတ်သူသာ '' ဓမ္မဓရ = တရားဆောင်ပုဂ္ဂိုလ် ''ဖြစ်ပါသည်။ (ဂါထာ- ၂၂၃)

၈။ **ရတန်းသစ်တို့၏ စိတ်အကြံ-**

မြတ်စွာဘုရားသည် ငါတို့ကို ပဲခွပ်စသည်တို့ကို ယူ၍ တောကို ဖြတ်ခိုင်း၏'' ဟု ထင်၍ သစ်ပင်ကို ဖြတ်လိုမှု ပြုကြကုန်၏။

ဝန, ဝနထ - (ဥပမေယျ)

ဘဝကို ဆွဲငင်တတ်ကုန်သော ကြိုးကုန် ငယ်ကုန်သော ကိလေသာတို့သည် ဝန၊ ယခုဖြစ်ပေါ်ဆဲ၌ ဖြစ်လာသောပဝတ္တိအကျိုးကိုပေးတတ်သောကိလေသာသည် ဝနထ။ ဇာနည်း ရှေးဖြစ်သော ကိလေသာတို့သည် ဝန၊ နောက်ဆက်ဖြစ်သော ကိလေသာတို့သည် ဝနထ မည်ကုန်၏။ (ဓမ္မ- ၌၊ ၂၊ ၂၆၅)

၉။ (က) ဘုံသုံးပါးတို့၌ သတ္တဝါကို ဖြစ်စေတတ်သောကြောင့် တဏှာသည်အဓိမည်၏၊

(ခ) ငါသည် ကျွမ်း, ကျွမ်အမတ်၏ သားတည်း' ဟု အဖကိုမှီ၍ ငါဟူသောမာန ဖြစ်ခြင်းကြောင့် ငါဟူသောမာန သည် အဖ မည်၏၊

(ဂ) လူအပေါင်းသည် မင်းသို့ ချဉ်းကပ်ကုန်သကဲ့သို့ အယူမှားသူတို့သည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိသို့ ကပ်ရောက်ကုန်သောကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိသည် မင်း နှစ်ပါးမည်၏၊

(ဃ) အာယတန ၁၂ ပါးတို့သည် ကျယ်ပြန့်သည်၏အဖြစ်ဖြင့် တိုင်းပြည်နှင့် တူသောကြောင့် အာယတန ၁၂ ပါးတို့သည် တိုင်းပြည်မည်ပါသည်။

(င) မျှားမတ်ယောကျ်ားကဲ့သို့ ထိုး၌ မှီသော နန္ဒိရာဂသည် သူလျှို မည်၏။

(ဓမ္မ- ၌၊ ၂၊ ၂၈၃)

http://www.dhammadownload.com

၁၀။ ''အို ဝက္ကလိ၊ ငါဘုရား၏ အပုပ်ကောင်တည်းဟူသောကိုယ်ကို ကြည့်နေခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း။ အို ဝက္ကလိ၊ ငါဘုရားဟောကြားသောတရားတော်ကို မြင်သောပုဂ္ဂိုလ် သည်သာ ငါဘုရားကို မြင်သည်မည်၏၊ ငါဘုရားကို မြင်သောပုဂ္ဂိုလ်သည်သာ တရား တော်ကို မြင်သည်မည်၏'' ဟု ဆိုးမတော်မူ၏။ (ဓမ္မ- ၄။ ၂။ ၃၈၁)

အရှင်အနုရုဒ္ဓါမထေရ်၏ ရှေးကောင်းမှု နှင့် ဆုတောင်း-

အန္ဓဘာရမည်သော မြက်ထမ်းသမားဖြစ်စဉ် ဥပရိဋ္ဌ မည်သောပစ္စေကဗုဒ္ဓါအား မိမိ အတွက် စားဖို့အလို့ငှါ ဖြစ်သော ထမင်းတစ်နပ်စာကို မိမိမစားပဲ ပေးလှူခဲ့၍ - အရှင်ဘုရား ဤကောင်းမှုကြောင့် တပည့်တော်အား ဆင်းရဲသောအမျိုးဌာ တစ်ရံတစ်ဆစ် မျှ မဖြစ်ရပါစေသတည်း၊ ဘဝတိုင်း ဘဝတိုင်းဌာ 'မဂ္ဂါပါ' ဟူ၍ ပြောဆိုရခြင်း မည်သည် မဖြစ်ရပါစေသတည်း၊''

အရှင်ဘုရား ဤသို့သောကိုရှိသော ဆင်းရဲပြိုင်စွာ အသက်မွေးမြူရခြင်းမှ လွတ်မြောက် ရပါလို၏၊ မဂ္ဂါဟူသောစကားမျှသော်လည်း မကြားမသိရပါလို၏ ဟုဆုတောင်းသည်။ (ဓမ္မ- ၄။ ၂။ ၃၈၃)

ဖွားရာမြို့ = ကပိလဝတ်ပြည်၊
အဖအမည် = အမိတောဒနမင်း၊
(မြတ်စွာဘုရား၏ ခမည်းတော် သုဒ္ဓါဒနမင်းကြီး၏ ညီတော်ရင်း) (ဓမ္မ- ၄။ ၂။ ၃၈၄)

၁၁။ ပထမပြန်စာဓမ်းပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉--ခုနှစ်၊ တဓေါင်းလပြည့်ကျော်(၁၂)ရက်၊ (၂- ၄-၂၀၀၈) ဗုဒ္ဓဟူးနေ့။

၁။ ပျင်းရိသော တိဿရဟန်းအား ဆုံးမခြင်းဟု ဘုရားရှင် ဟောတော်မူအပ်သော မဂ္ဂဝဂ်လာ ဂါထာနှင့်၊ မိမိ၏ရှုမှတ်အဆင်းကို သာယာနှစ်သက်သည့် ဧရာမိဖုရားအား ဟောကြားအပ် သော ဂါထာတော်တို့ကို ပါဠိရေးသားခဲ့ပါ။

၂။ ''သံကို သံဖျက် သံချေးတက်'' ဟူသော ဆိုရိုးစကား၏ မြစ်ဖျားခံရာ မလဝဂ်၊ တိဿ ထ္ထေရဝတ္ထုလာ ဂါထာပါဠိကို အနက်ပေးခဲ့ပါ။

http://www.dhammadownload.com

၃။ အသက်မွေး လွယ်ကူမှု ခဲယဉ်းမှု ဖြစ်ရပ်များတွင် ဖြစ်တတ်သော သဘာဝအကြောင်းများကို စူဇင်သာရိဘိက္ခုဝတ္ထုပါဠိတော် အဆိုအရ သုံးသပ်တင်ပြခဲ့ပါ။

၄။ ရုပ်ချော အပြောကောင်းကာမှုဖြင့် သဘောကောင်းသူ ဖြစ်/မဖြစ်ကို သမ္မဟုလဘိက္ခုဝတ္ထု ဖြင့် အကဲဖြတ်တင်ပြပြီး၊ သဘောကောင်းသူ စစ်စစ် ဖြစ်ရန်လိုအပ်သော အချက်များကိုလည်း ဖော်ပြခဲ့ပါ။

၅။ မင်္ဂိုလ်လိုလား အမျိုးသား အမျိုးသမီးများ စောင့်စည်းရမည့် တရားသုံးမျိုးကို သူကရပေတဝဝတ္ထုလာအတိုင်း ဖော်ပြပြီး၊ သေဘေးနှင့် ကြုံက အားမကိုးလောက်သည့် ပုဂ္ဂိုလ်များကို မဂ္ဂဝင်၊ ပဋာစာရိဝတ္ထုကို ရှု၍ ထုတ်နှုတ်ဖော်ပြခဲ့ပါ။

၆။ မိဿာအယူနှင့် သမ္မာအယူရှိသူတို့ လားရောက်ရမည့် ဘဝများကို တိတ္ထိယသာဝကဝတ္ထုလာအတိုင်း ဖော်ပြ၍၊ ရှုတ်ချစကားပြောလာခြင်းသော်လည်း မြတ်ဘုရား သည်းခံတော်မူပုံကို ဥပမာဆောင်၍ နာဂဝင်၊ အတ္တဒန္တဝတ္ထုမှ ဖော်ပြခဲ့ပါ။

၇။ ရောဟိဏီမြစ်၏အလယ် အထက်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ ဆွေတော်မျိုးတော်တို့အား မြို့မှ ထွက်လာခဲ့ခြင်း၏အကြောင်းရင်းကို စစ်မေးပြီးနောက် ''ရေနှင့်မင်း'' ''မင်းနှင့်ဘုရား''တို့ ခြားနားချက်ကို ဟောတော်မူသော မြတ်ဗုဒ္ဓ၏ ငြိမ်းချမ်းရေးတရားတော်ကို အကျဉ်းချုပ် တင်ပြခဲ့ပါ။

၈။ ''မျက်နှာကြီးရာ ဟင်းဖတ်ပါ''စကားပုံနှင့် ဆက်စပ်ဖသာ ပဉ္စသတဒါရကဝတ္ထုလာ ရဟန်းတို့ ဝေဘန်ပုံ စကားကို ထုတ်ဖော် တင်ပြ၍၊ နန္ဒိယနှင့် ရေဝတီတို့ ဇနီးမောင်နှံ ဘာသာရေး စိတ်ထားခြားနားပုံကိုလည်း လိုရင်းတိုရှင်း ဖော်ပြခဲ့ပါ။

၉။ အနာထပိဏ်သူဌေးကြီး၏တူ လုံချောလှလှ ခေမကသူဌေးသား၏ အတိတ် အကြောင်းကို လှတယ်ပြောမှ သဘောကျသူများ နည်းယူရလေအောင် တင်ပြပြောဆိုခဲ့ပါ။

http://www.dhammadownload.com

၁၀။ အစားများသည့် အနာထပိဏ်၏ ဒုက္ခကို ဖော်ပြ၍၊ ဗိန်းမမာယာလေးဆယ်တို့တွင် ရှေ့ဆုံးခုကိုသာ ဖော်ပြခဲ့ပါ။

၁၁။ မွန်ပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ စမ္မပဒဘာသာ

၁။ ကိထာ- ၂၈၀။ ဥဂ္ဂဂျ။

၂။ ထင်ရှားပြီ။

၃။ **အသက်မွေးလွယ်ကူမှု , ခဲယဉ်းမှု-** (ကချင် ၄-တွင်ရှု)

၄။ ပြုစုတတ်, ဝန်တိုတတ်, စဉ်းလဲတတ်သောသူသည် ရုပ်ချော အပြောကောင်းကာမျှဖြင့် သဘောကောင်းသူမဖြစ်နိုင်ပါ။
ပြုစုခြင်း, ဝန်တိုခြင်း, စဉ်းလဲခြင်းတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ဖြတ်အပ်ပြီးခြင်း၊ အမြစ်ပါ နှုတ်ပယ်ပြီးခြင်း၊ ကိလေသာအပြစ်ကို ထွေးအန်အပ်ပြီးခြင်း ဟုဆို အပ်သောအချက်များနှင့် ပြည့်စုံသောပညာရှိသည်သာ သဘောကောင်းသူ စစ်စစ် ဖြစ်နိုင်ပါသည်။ (ဂါထာ- ၂၆၂/၂၆၃)

၅။ နှုတ်ကို အစဉ်စောင့်ရမည်။
စိတ်ကို ကောင်းစွာစောင့်ရှောက်ရမည်။
ကိုယ်ဖြင့်လည်း အကုသိုလ်ကို မပြုရာ။ (ဂါထာ- ၂၃၁)
သေဘေးနှင့် ကြုံကာ အားမကိုးလောက်သည့် ပုဂ္ဂိုလ်များ-
သား သမီး, မိဘ, အဆွေခင်ပွန်း, ဆွေမျိုး တို့ဖြစ်ပါသည်။ (ဂါထာ- ၂၈၈)

၆။ **မိဆွာအယူရှိသူများ လားရောက်ရမည့်ဘဝ** = အပါယ် ဒုဂ္ဂတိဘဝ
သမ္မာအယူရှိသူများ လားရောက်ရမည့်ဘဝ = သုဂတိဘဝ (ဂါထာ- ၃၁၈/၃၁၉)

http://www.dhammadownload.com

မြတ်စွာဘုရား သိုးခံတော်မူပုံ-

ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ လေးမှလွတ်၍ မိမိအပေါ်၌ကျသော မြားကို သည်းခံသကဲ့သို့ ဘုရားသည် မထိမဲ့မြင်ဆိုအပ်သောစကားအပေါင်းကို သည်းခံ၏။ (ဇာတ-၂၁၁)

၇။ **ရေနှင့် မင်း ခြားနားချက် တရားတော်-**

ရေသည် အဖိုးအနည်းငယ်မျှသာ ထိုက်တန်၏၊ မင်းတို့သည်ကား အဖိုးအတိုင်းမသိ ထိုက်တန်၏၊ အဖိုးအနည်းငယ်မျှ ထိုက်တန်သောရေကို အမှီပြု၍ အဖိုးအတိုင်းမသိထိုက်တန်သောမင်းတို့ကို သေကျေပျက်စီးအောင် ဖျက်ဆီးခြင်းငှာ အသင်တို့အားမသင့်လျော်မလျောက်ပတ်လေ"ဟု ဟောတော်မူ၏။

မင်းနှင့် ဘုရား ခြားနားချက် တရားတော်-

"အသင်မင်းတို့သည် ငါးပါးကုန်သော ရန်သူတို့နှင့် အတူတကွ ပေါင်းသင်းနေရကုန်၏၊ ဘုရားကား ရန်သူမရှိမူ၍ နေရ၏၊

အသင်မင်းတို့သည် ကိလေသာဖြင့် ကျင်နာကုန်သည်ဖြစ်၍ နေရကုန်၏၊ ဘုရားကား ကိလေသာဖြင့် ကျင်နာခြင်းကင်းသည်ဖြစ်၍ နေရ၏၊ ကာမဂုဏ်ငါးပါးကို ရှာမှီးခြင်းဖြင့် လုံ့လပြုကုန်သည်ဖြစ်၍ နေကြကုန်၏၊ ဘုရားကား လုံ့လမပြုမူ၍ နေတော်မူ၏" ဟု ဟောတော်မူ၏။ (ဓမ္မ- ၄၊ ၂၊ ၁၆၆)

၈။ ရဟန်းတို့က-" သူငယ်တို့သည် မျက်နှာလိုက်ပြီး မုန့်ဆွမ်းတို့ကို လျှုဖျန်းကုန်၏၊ မြတ်စွာဘုရားနှင့် မဟာထေရ်တို့ကို မုန့်မဖြင့်မပန်ကြားဘဲ အရှင်မဟာကဿပကိုမြင်လျှင် ခြင်းတောင်းတို့နှင့် မုန့်တို့ကိုယူ၍ လာကြကုန်၏" ဝေဖန်ကြကုန်၏။ (ဓမ္မ- ၄၊ ၂၊ ၁၈၇)

ဘာသာရေးစိတ်ခြားနားပုံ-

နန္ဒိယသတို့သားသည် မိဘတို့ကဲ့သို့ ကောင်းမြတ်လှစွာသော သဒ္ဓါတရားနှင့် ပြည့်စုံ၍ ရဟန်းသံဃာတော်တို့ကို လုပ်ကျွေးတတ်သူဖြစ်၏။

ရေဝတိသတို့သမီးသည် ရတနာသုံးပါးကို မကြည်သည်မှု၊ မလျှုဖျန်းဘဲ သီလဆောက်တည်ခြင်းလည်းမရှိ၊ ဤကဲ့သို့ ခြားနားပါသည်။ (ဓမ္မ- ၄၊ ၂၊ ၁၈၇)

http://www.dhammadownload.com

၉။ လှတယ်ပြောမှ သဘောကျသူများ နည်းယူစရာ– (တနသ်ာရီ ၁၀–တွင်ရှု)

၁၀။ **အစားများသည့်ပသေနဒီကောသလ၏ ဒုက္ခ–**
ငိုက်မျဉ်းလေ့ရှိ၏၊ တပြောင်းတပြန်လူးလိမ့်၍ အိပ်လေ့ရှိ၏၊
အစာကျွေး၍ မွေးအပ်သော ဝက်ကြီးကဲ့သို့ ဖြစ်၏၊
ပညာမရှိသည်ဖြစ်၍ အဓိဝမ်းတွင်းသို့ အဖန်ဖန်တလဲလဲ ကပ်ရောက်ရ၏။
(မှတ်ချက် – မေးခွန်းရဲ့ အနှာထပိက် ဟုဖြစ်နေသည်။) (ဂါထာ– ၃၂၅) (မွေ– ၄။ ၂။ ၃၁၅)

မာယာလေးဆယ်တို့တွင် ရှေ့ဆုံးခု–
မိမိကိုယ်ကိုဆန့်၏၊ မိမိကိုယ်ကို ညွှတ်၏၊
မိမိကိုယ်ကို စံပယ်၏၊ ရှက်ဟန်ဆောင်၏၊
လက်သည်းတစ်ခုဖြင့် လက်သည်းတစ်ခုကို ခြစ်၏။ (ဓမ္မ– ၄။ ၂။ ၄၂၉)

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုဘာပွဲ့ခွဲ(ရန်ကုန်တိုင်း)
ပထမကြိမ်တန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ဓကြာ(၃)ရက်၊ (၂၄–၃–၂၀၀၈) တနလာနေ့။

၁။ အောက်ဖော်ပြပါ ဓမ္မပဒဂါထာတို့ကို ပါဠိရေးသားပါ။
(က) ''သံကိုသံဖျက် သံချေးတက်'' ဟူသကဲ့သို့ မိမိ၏သန္တာန်၌ဖြစ်သော တဏှာက သာ အပါယ်လေးရွာသို့ ပို့ဆောင်ပုံပြ ဂါထာ။
(ခ) သူတစ်ပါးကိုသာ အပြစ်ရှာ၍ ကဲ့ရဲ့လေ့ရှိသူအား ကုသိုလ်တရားမှ ဝေး၍ အာသ ဝေါ တရားသာတိုးပွားကြောင်းပြ ဂါထာ။

၂။ စာပေပရိယတ် နှံ့ စပ်ကျွမ်းကျင် ပေါ်ဦးလထေရ်အရှင်အား အာသဝေါကင်းကွာ ရဟန္တာ ဖြစ်စေနိုင်သော ဂါထာကို အနက်ယောဇနာခဲ့ပါ။

၃။ နတ်လူအပေါင်းတို့ ချစ်ခင်မြတ်နိုးသောပုဂ္ဂိုလ်ကို ဖော်ပြ၍၊ 'ကျွမ်းကျင်သော ရထားထိန်း' ဟူသည် အဘယ်သို့သော ပုဂ္ဂိုလ်ကို ဆိုလိုပါသနည်း? ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ ။ အသက်မွေးမှုနှင့်ပတ်သက်၍ လွယ်ကူသောပုဂ္ဂိုလ်, ခက်ခဲသောပုဂ္ဂိုလ်တို့ကို ခွဲခြားဖော်ပြ၍၊ မည်သို့သောပုဂ္ဂိုလ်ကို ''ဓမ္မဓရ အရတရားဆောင်သောပုဂ္ဂိုလ်'' ဟုခေါ်ဆိုနိုင်သည်ကိုလည်း ရေးသားခဲ့ပါ။

၅။ လောကၠ အများသူငါ ချမ်းသာလိုကြသည့်အားလျော်စွာ ချမ်းသာစေကြောင်း တရားကောင်းတို့ကို မာရ-ဝတ္ထုမှ ထုတ်နုတ်ရေးသားခဲ့ပါ။

၆။ မည်သို့သောပုဂ္ဂိုလ်မျိုးကို '' ဩဃတိဏ္ဏပုဂ္ဂိုလ်, ဥပသန္တပုဂ္ဂိုလ်'' ဟုခေါ်ဆိုသည်ကို သမ္မဟုလဘိက္ခုဝတ္ထု-သန္တကာယတ္ထေရဝတ္ထုတို့နှင့်အညီ ရေးသားခဲ့ပါ။

၇။ 'ဗြာဟ္မဏ' ဟုခေါ်ဆိုနိုင်သော ပုဂ္ဂိုလ်မျိုးကို ဥပ္ပလဏ္ဏာထေရီဝတ္ထုနှင့်အညီ ရေးသား၍ သိကြားမင်း မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခြင်းနှင့် ပတ်သက်၍ ရဟန်းတို့ အံ့ဩပြောဆိုကြပုံကိုလည်း ရေးသားဖြေဆိုပါ။

၈။ ဆင်းရဲသား မောင်ပုဏ္ဏားတို့အတွက် ပေါ်ထွက်လာသော ရွှေကို မင်းချင်းယောက်ျားတို့ ယူသောအခါ အဘယ့်ကြောင့် မြေညက်ခဲဖြစ်သွားသည်ကို ဖော်ပြ၍ မိမိ၏တစ်ဦးတည်းသော သမီးရတနာ မည်တွာရာကို တောင်းရမ်းသော ရာဇဂြိုဟ်သူဌေး မည်သို့ ပြောဆိုသည်ကိုလည်း ရေးသားခဲ့ပါ။

၉။ အရှင်သာရိပုတ္တရာ, အရှင်နန္ဒာတို့ဟောကြားအပ်သော တရားတော်တို့ဖြင့် သဘောမကျ ကျေနပ်မှု- မရနိုင်ကြောင်း လျှောက်ထားသော အတုလဥပါသကာအား မြတ်စွာဘုရား မိန့်ကြားတော်မူသောစကားတော်ကို ပြည့်စုံစွာ ရေးသားခဲ့ပါ။

၁၀။ သုဘဒ္ဒပုဏ္ဏားသည် မည်သို့စဉ်းစား၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံခါနီးမှ မိမိသိလိုသောစကားတော်ကို ပြည့်စုံစွာ ရေးသားခဲ့ပါ။

http://www.dhammadownload.com

၁၂။ ရန်ကုန်တိုင်း (အဖြေ)
ပထမကြိမ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၂၄၀။ (ခ) ဂါထာ- ၂၅၃။

၂။ ဂါထာ- ၂၈၂။

၃။ **နတ်လူအပေါင်းတို့၏ ချစ်ခင်မြတ်နိုးသော ပုဂ္ဂိုလ်-** (မန္တလေး ၃-တွင်ရှု)
ကျွမ်းကျင်သော ရထားထိန်း- (တနင်္သာရီ ၃-တွင်ရှု)

၄။ **အသက်မွေးလွယ်ကူမှု , ခဲယဉ်းမှု =** (ကချင် ၄-တွင်ရှု)
ဓမ္မဝရ = (မန္တလေး ၈-တွင်ရှု)

၅။ အဆွေခင်ပွန်းတို့သည် အရေးပေါ်ကိစ္စရှိသော် ချမ်းသာ၏၊
အနည်းအများ ရသမျှဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏၊
ကုသိုလ်ကောင်းမှုသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏၊
ဆင်းရဲအားလုံးကို ပယ်နိုင်ခြင်းသည် ချမ်းသာ၏၊
လောကၠ မိခင်, ဖခင်, ရဟန်း, ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့ကို ပြုစုလုပ်ကျွေးရခြင်း
သည် ချမ်းသာ၏၊
ငါးပါး ရှစ်ပါး စသောသီလသည် ထယ်ရွယ်သည်မှစ၍ အိုသည်ကာလတိုင်အောင် ချမ်းသာ၏၊
မတုန်မလှုပ်တည်သောသန္ဓိတရားသည် ချမ်းသာ၏၊
ပညာအမျိုးမျိုးကို ရခြင်းသည် ချမ်းသာ၏၊
အကုသိုလ်ကို မပြုခြင်းသည် ချမ်းသာ၏။ (ဂါထာ- ၃၃၁/၃၃၂/၃၃၃)

၆။ ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးတို့ကို အောက်မဂ်သုံးခုတို့ဖြင့် ဖြတ်ရာ၏၊ ဥဒ္ဓမ္ဘာဂိယ
သံယောဇဉ်ငါးပါးတို့ကို အရဟတ္တမဂ်ဖြင့် ဖြတ်ရာ၏၊ သန္ဓိအစရှိသော ဣန္ဒြေငါးပါးတို့ကို
ပွါးများရာ၏၊ လောဘ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိတည်းဟူသော ငြိတွယ်ခြင်းငါးပါးမှ
လွန်မြောက်သောရဟန်းကို '' ဩဃတိဏ္ဏ ပုဂ္ဂိုလ် 'ဟုခေါ်ပါသည်။ (ဂါထာ- ၃၇၀)

http://www.dhammadownload.com

ဥပသန္တ ပုဂ္ဂိုလ် = (ပဲခူး/အနော်က် ၅-တွင်ရှု)

၇။ ကြာဖက်ပေါ်၌ ရေမတင်နိုင်သကဲ့သို့လည်းကောင်း ပွတ်ဆောက်ဖျားပေါ်၌ မုန့်သည်းစေ့ မတည်နိုင်သကဲ့သို့လည်းကောင်း ကာမဂုဏ်တို့၌ မကပ်ငြိသူကို " ဗြာဟ္မဏ" ဟုခေါ်ဆိုပါသည်။ (ဂါထာ- ၄၀၁)

ရဟန်းတို့ အံ့ဩပြောဆိုကြပုံ-

ရဟန်းအများတို့က " သိကြားမင်း၏ မြတ်စွာဘုရားအရှင်၌ ချစ်ခင်ကြည်ညိုခြင်းသည် သော့ အံ့ဩဖွယ်ရှိပေစွ၊ ဤသို့သဘောရှိသည်မည်သော နတ်မင်း၏ စည်းစိမ်ချမ်းသာကြီးကိုပယ်၍ မျက်နှာတွန့်ရုံခြင်းကိုမျှမပြုဘဲ နံ့သာအိုးခွက်ကို ဆောင်ရွက်ရတိသကဲ့သို့ မြတ်စွာဘုရား၏ ကိုယ်လက်သုတ်သင်ရာဖြစ်သော အညစ်အကြေးအိုးခွက်ကို ဦးခေါင်းဖြင့်ဆောင်ရွက်လျှက် ပြုစုလုပ်ကျွေးလေဘိသည် " ဟူသောစကားကို ဖြစ်စေကြကုန်၏။ (ဓမ္မ- ၌၊ ၂၊ ၁၅၅)

၈။ မင်းချင်းယောကျ်ားတို့သည် " ဤရွှေတို့သည် ပြည့်ရှင်မင်းမြတ်၏ ပစ္စည်းဥစ္စာတို့ပေတည်း " ဟု ပြောဆို၍ ယူသောကြောင့် ကိုင်မိတိုင်း ကိုင်မိတိုင်းသောရွှေတို့သည် ပကတိမြေစိုင်ခဲသည်သာလျှင် ဖြစ်လေ၏။ (ဓမ္မ- ၌၊ ၂၊ ၁၉၈)

ရာဇဂြိုလ်သူဌေးအား ပုဏ္ဏသူဌေးပြောဆိုသောစကား-

"အသင်၏သားသည် မှားသောအယူရှိသောသူတည်း၊ ငါ၏သမီးသည် ရတနာ သုံးပါးတို့နှင့် ကင်းကွာလျှင်နေခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် ငါ၏သမီးကို မပေးနိုင်ပါ " ဟု ပြောဆို၏။ (ဓမ္မ- ၌၊ ၂၊ ၁၉၉)

၉။ " အို အတုလ ကဲ့ရဲ့သောစကားမည်သည် ရှေးရှေးသောကာလမှစ၍ ဖြစ်ပေါ်သည်သာတည်း။ ဆိတ်ဆိတ်နေသောသူကိုလည်းကောင်း စကားများစွာ ပြောသောသူကိုလည်းကောင်း စကားအနည်းငယ် ပြောသောသူကိုလည်းကောင်း ကဲ့ရဲ့ကုန်သည်သာတည်း။ မှန်၏။ စင်စစ် ကဲ့ရဲ့ထိုက်သောသူသည်သာရှိ၏။ ချီးမွမ်းထိုက်သောသူကား မရှိသည်သာတည်း။ မင်းတို့ကိုလည်း အချို့သူတို့က ကဲ့ရဲ့၍ အချို့သူတို့က ချီးမွမ်းကုန်၏။

http://www.dhammadownload.com

မြေကြီး,လ.နေတို့ကို လည်းကောင်း, ကောင်းကင်စသည်တို့ကိုလည်းကောင်း, ပရိသတ်လေးပါးအလယ်၌နေ၍ တရားဟောတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း အချို့သူတို့က ကဲ့ရဲ၍ အချို့သူတို့က ချီးမွမ်းကုန်၏။ လူမိုက်တို့၏ ကဲ့ရဲခြင်း ချီးမွမ်းခြင်းသည် ပမာဏမဟုတ်၊ ထက်မြက်သောပညာရှိက ကဲ့ရဲအပ်သူသာ စင်စစ်ကဲ့ရဲထိုက်သူမည်၏။ ထက်မြက်သောပညာရှိက ချီးမွမ်းအပ်သူသာ စင်စစ် ချီးမွမ်းထိုက်သူမည်၏။

(ဓမ္မ- ၌၊ ၂၊ ၂၁၀)

၁၀။ သုဘဒ္ဒပုဏ္ဏားသည် မိမိသိလိုသောပြဿနာများကို အိုမင်းသော ပရိဗိုဇ်ကြီးတို့ကိုသာ မေးမြန်း၍ ရဟန်း၏တမကို အရွယ်ငယ်သေး၏ဟူသောအမှတ်ဖြင့် မမေးလျှောက်ခဲ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကာနီးအခါမှ '' ယခုအခါ၌ ရဟန်း၏တမ၏ ပရိနိဗ္ဗာန်ပြုအံ့သော ကာလပေတည်း။ နောက်၌ဤသည် ရဟန်း၏တမအား မမေးလျှောက်လိုက်မိသောအကြောင်းကြောင့် နှလုံးမသာမယာဖြစ်နိုင်ပေ၏''ဟု ကြံစည်စဉ်းစား၍ မေးလျှောက်ခဲ့ပါသည်။

(ဓမ္မ- ၌၊ ၂၊ ၂၄၀)

၁၃။ ပထမပြန်စာဓမ်းပွဲကျင်းပဓရဗဟို့အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၉-ခုနှစ်၊ တဇေါင်းလပြည့်ဓကြာ(၁၂)ရက်၊ (၂- ၄-၂၀၀၈) ဗုဒ္ဓဟူးဓနေ့။

၁။ နေ့ရော ညဉ့်ပါ စိတ်ကြည်လင် တည်ကြည်ရသူနှင့် , မရသူကို ခွဲခြားလျက်ဟောကြားထားသည့် မှတ်သားဖွယ်ရာဂါထာတို့ကို ပါဠိသက်သက်ရေးပြခဲ့ပါ။

၂။ ''မာန ကောဓ၊ ဂဂ်္ဂနှစ်ဝကို၊ မုချမှန်စွာ၊ ပယ်စွန့်ရာ၏'' အစချီလျက် ဟောတော်မူသော ကောဓဝဂ် ရောဟိနီခတ္တိယကညာဝတ္ထုကို အနက်ပေးပြခဲ့ပါ။

၃။ အောင်နိုင်သူနှင့် ရှုံးသူ နှစ်ဦးတို့အား သက်ရောက်နိုင်သောဆိုးကျိုးများကို ဖော်ပြ၍၊ ထိုရှုံး, နိုင်မရှိ ပကတိချမ်းသာစွာ နေရသူကိုလည်း သုခဝဂ် ကောသလရညောပရာဇယဝတ္ထုလာ ဂါထာနှင့်အညီ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ သူတော်ကောင်းနှင့် သူယုတ်မာတို့၏ မြတ်စွာဘုရား၏ ဉာဏ်တော်ဝယ်ထင်မြင်လာမှု၌ မတူညီပုံကို စူဠသုဘဒ္ဒါဝတ္ထုလာ ဂါထာနှင့်အညီ ထင်ရှားအောင် ဖော်ပြခဲ့ပါ။

၈။ ဤလောက၌ ကိုယ့်အပြစ်, သူ့အပြစ်ဟု အမြစ်နှစ်မျိုးရှိရာတွင် ထိုအပြစ်တို့နှင့် ပတ်သက်၍ သိသင့်သိထိုက်သည့်အချက်တို့ကို မလဝဂ် မေဏ္ဍကသေဋ္ဌိဝတ္ထုလာဂါထာနှင့်အညီ ဖြေဆိုတင်ပြပါ။

၉။ အမြတ်ဆုံးကို သိလို ကျင့်လိုကြသူတို့အတွက် မဂ္ဂဝဂ် ပဉ္စသတဘိက္ခုဝတ္ထုပါဠိတော်လာ အမြတ်ဆုံးတို့ကိုရရေတွက်ပြပြီးလျှင်၊ မြတ်ဗုဒ္ဓ၏ ခရီးလမ်းညွှန်ချက်နှင့် ထိုခရီးအတွက် အာမခံချက်များကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

၀။ မြတ်စွာဘုရားအား ပန်းစသောပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်း , အကျင့်တရားဖြင့် ပူဇော်ခြင်း နှစ်မျိုးတို့တွင် မည်သည့်ပူဇော်ခြင်းကို ဘုရားရှင် ချီးကျူးတော်မူပါသနည်း သုခဝဂ် တိဿတ္ထေရဝတ္ထုလာအတိုင်း ဖြေဆိုခဲ့ပါ။

၈။ တရားရေအား အမြိုက်ဆေးကို တိုက်ကျွေးတော်မူနေသော မြတ်ဗုဒ္ဓ၏ တရားနာပရိသတ်တို့တွင် ပဉ္စဥပါသကဝတ္ထုလာ ဒါယကာဒါဠိုတို့၏ ထူးခြားချက် အမူအရာတို့ကို ဖြေဆို၍ တရားတော်၌ နားမဝင်သောအကြောင်းကိုလည်း ယင်းတို့၏ ဖြစ်ခဲ့ဘူးသော ဘဝများနှင့်ဆက်စပ်လျက် အကျဉ်းချုပ် ရေးသားပါ။

၉။ မာန်မာနကို နှိမ့်ချ၍ တံရားရှာရန်ရောက်လာသော ပေါ်ဠိလ မထေရ်ကြီးအား ခုနစ်နှစ် အရွယ်သာမဏေလေးက စမ်းသပ်စစ်ဆေးခြင်းနှင့် တရားဟောကြားပြသခြင်းတို့ကို အတုယူဖွယ်ရာ ရေးသားတင်ပြခဲ့ပါ။

၁၀။ အပုတ္တကသူဌေးကြီး၏ (က) သူဌေးဖြစ်သောကုသိုလ်၊ (ခ) သားသမီးမရသော အကုသိုလ်၊ (ဂ) မွန်မြတ်သော လောကီစည်းစိမ် မခံစားနိုင်သော အကုသိုလ်များကို တဏှာဝဂ် အပုတ္တကသေဋ္ဌိဝတ္ထု အဋ္ဌကထာလာအတိုင်း ရှင်းလင်းရေးသားခဲ့ပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၁၃။ ရခိုင်ပြည်နယ် (အဓေြ)

ပထမကြိမ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၂၄၉/ ၂၅၀။

၂။ ဂါထာ- ၂၂၁။

၃။ အောင်သောသူသည် ရန်ကိုပွါးစေ၏၊ ရှုံးသောသူသည် ဆင်းရဲငြိုငြင်စွာနေရ၏။
ပကတိချမ်းသာစွာနေရသူ-
ကိလေသာမီးငြိမ်းသောသူသည် အောင်ခြင်း ရှုံးခြင်းကို စွန့်ပြီး၍ ရှုံး,နိုင်မရှိ ပကတိ ချမ်းသာစွာနေရ၏။ (ဂါထာ- ၂၀၁)

၄။ ဉာဏ်တော်ဝယ်ထင်မြင်လာမှ၌ မတူညီပုံ- (တနင်္သာရီ ၆-တွင်ရှု)

၅။ သူတစ်ပါးအပြစ်ကို မြင်လွယ်သော်လည်း မိမိအပြစ်ကိုမြင်ရန် ခဲယဉ်း၏၊ ထိုသူသည်ဖွဲကို လွှင့်သကဲ့သို့ သူတစ်ပါးအပြစ်ကို လွှင့်၏၊ (ဖွဲသည် လွှင့်သူသို့သာ ပြန်ကျသကဲ့သို့ အပြစ်သည် မိမိအပေါ်သို့သာ ပြန်ကျ၏။)
စဉ်းလဲကောက်ကျစ်သောဥက်မုဆိုးသည် ပြစ်မှားခြင်းရှိသောမိမိကိုယ်ကို သစ်ရွက် သစ်ခက်တို့ဖြင့် ဖုံးလွှမ်းသကဲ့သို့ မိမိ၏ အပြစ်ကိုကား ဖုံးလွှမ်း၏။ (ဂါထာ- ၂၅၂)

၆။ လမ်းတို့တွင် မဂ္ဂင်ရှစ်ပါးလမ်းသည် အမြတ်ဆုံးဖြစ်၏၊
သစ္စာတို့တွင် အရိယသစ္စာ (၄) ပါးသည် အမြတ်ဆုံးဖြစ်၏၊
တရားတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏၊
ခြေနှစ်ချောင်းရှိသောသူတို့တွင် စက္ခုပါးပါးရှိသော မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်၏။
မြတ်ဗုဒ္ဓ၏ ခရီးလမ်းညွှန်ချက်နှင့် ထိုခရီးအတွက် အာမခံချက်များ
အယူ၏စင်ကြယ်ခြင်းဌာ မဂ္ဂင်ရှစ်ပါးသည်သာလျှင် ခရီးမည်၏။ တပါးသော ခရီးသည် မရှိ။ ဤမဂ္ဂင်ခရီးကိုသာလျှင် သင်တို့သည်သွားလော့။ ဤခရီးသည် မာန်နတ်မင်း၏ တွေဝေရာ ခရီးတည်း။

http://www.dhammadownload.com

သင်တို့သည် ဤအရိယာမဂ်တည်းဟူသောခရီးသို့ သွားကုန်သော် ဆင်းရဲ၏ အဆုံးကို ပြုရကုန်လတ္တံ့၊ ရာဂစသောငြောင့်တို့ကို နှုတ်ရာဖြစ်သော နိဗ္ဗာန်ကိုသိ၍ အရိယာမဂ်တည်း ဟူသောခရီးကို သင်တို့အား ငါသည်ဟောအပ်၏။

သင်တို့သည် လုံ့လကိုပြုအပ်၏။ လက္ခဏာရေးကို ရှုဆင်ခြင်၍ ကျင့်ကုန်သောသူတို့သည် မာန်မင်းအနှောင်အဖွဲ့မှ လွတ်ကုန်၏။ (ဓါတု- ၂၇၃ မှ ၂၇၆)

၇။ 'အကြင်သူတို့သည် ငါဘုရားရှင်ကို ပန်းနုံသာစသည်တို့ဖြင့် ပူဇော်လျှုဒါန်း ပြုကုန်သော်လည်း စင်စစ်ပူဇော်လျှုဒါန်းသည် မမည်ကုန်။ လောကုတ္တရာ ကိုးဖြာသောတရားတော်အား သင့်လျော်လျောက်ပတ် အကျင့်ပြုမြတ်ကို အပတ်တကုတ်အားထုတ်၍ ကျင့်သောသူတို့သည်သာလျှင် စင်စစ်ငါဘုရားကို ပူဇော်သည်မည်၏' ဟု ချီးကျူးပါသည်။

(ဓမ္မ- ၌၊ ၂၊ ၁၇၄)

၈။ ထိုင်လျက်ငိုက်မျဉ်းနေသောသူ၊ လက်ချောင်းဖြင့် မြေကြီး၌ ရေးခြစ်နေသူ၊
သစ်ပင်တစ်ပင်ကိုလှုပ်လျက် ထိုင်နေသူ၊
ကောင်းကင်ကို မော့ကြည့်လျက် ထိုင်နေသူ၊ တရားကို ရှိသေစွာနာသူ။

တရားတော်နားမဝင်ရခြင်းအကြောင်းနှင့် ယင်းတို့၏ဖြစ်ခဲ့ဖူးသောဘဝများ-

ထိုင်လျက်ငိုက်မျဉ်းနေသောသူသည် ဘဝငါးရာပတ်လုံး မြွေနဂါးမျိုး၌ ဖြစ်ခဲ့ဘူး၏။
လက်ချောင်းဖြင့် မြေကြီး၌ ရေးခြစ်နေသူသည် ဘဝငါးရာပတ်လုံး တိရောင်မျိုး၌ဖြစ်ခဲ့ဘူး၏။
သစ်ပင်တစ်ပင်ကိုလှုပ်လျက် ထိုင်နေသူသည် ဘဝငါးရာပတ်လုံး မျောက်မျိုး၌ဖြစ်ခဲ့ဘူး၏။
ကောင်းကင်ကိုမော့ကြည့်လျက်ထိုင်နေသူသည် ဘဝငါးရာပတ်လုံး နက္ခတ်ဆရာဖြစ်ခဲ့ဘူး၏။

(ဓမ္မ- ၌၊ ၂၊ ၂၃၀)

ဤသတ္တဝါတို့သည် ဘုရား, တရား, သံဃာ ဟု ရွတ်ဆိုအပ်သောပုဒ်ကို များစွာသော ကမ္ဘာအသန်းတို့၌ မကြားဖူးသောကြောင့် တရားတော်ကို နာခြင်းငှါ မစွမ်းနိုင်ပါ။

(ဓမ္မ- ၌၊ ၂၊ ၂၃၁)

၉။ **အတုယူဖွယ်ရာ-** (ကရင် ၃-တွင်ရှု)

၁၀။ **အကုသိုလ်များ-** (မကွေး ၈-တွင်ရှု)

http://www.dhammadownload.com

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက်၊ (၂-၄-၂၀၀၈)ဗုဒ္ဓဟူးနေ့။

၁။ ''သို့သော် သိမှု၊ အကြောင်းပြု၍ ထိုသူကိုသာ၊ ပညာရှိတတ်၊ ကဝိမြတ် ဟု၊ သိမှတ်ခြင်းဌာ၊ ထိုက်တန်ပါ၏'' ဟု စသည်ဖြင့် မြင့်မြတ်သောပညာရှိ, မြင့်မြတ်သောယောကျ်ားဟု ခေါ်ဆိုထိုက်သည့် ဂုဏ်အင်္ဂါပြ ဂါထာ ပါဠိသက်သက် ရေးခဲ့ပါ။

၂။ သံသရာခရီး မဝေးမပြု သွားနေသူသာ မဖြစ်ပါနှင့် မကွာနေသည် ဆင်းရဲရသည့် ဒုက္ခပွားတို့ပုဂ္ဂိုလ်မျိုးသာ မဖြစ်ပါနှင့် ဟု ပြဆိုထားသော ဂါထာကို အနက်ပေးခဲ့ပါ။

၃။ ''ကျန်းမာခြင်းသည် လာဘ်တစ်ပါး'' ဟုဆိုရာ ကျန်းမာရေးနှင့် ပတ်သက်၍ စားသောက်မှုဆိုင်ရာ လမ်းညွှန်ချက်ကို ဖော်ပြ၍၊ ပုဏ္ဏားအိုသည် ''ဘုရားရှင်၏ ဖခမည်းတော်သည် သုဒ္ဓေါဓန၊ မယ်တော်သည် မဟာမာယာ'' ဟုသိပါလျက် ဘုရားရှင်ကို ငါတို့သားဟု ခေါ်ဆိုရာ ဘုရားရှင် လက်ခံခြင်းအကြောင်းကို ဖော်ပြပါ။

၄။ ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကိုလည်း ဝိယဝဂ်လာသည့်အတိုင်း ဖော်ပြ၍၊ ဘုရားရှင် တရားဟောတော်မူရာ၌ ရိုသေစွာ မနာခြင်း, နာနိုင်ခဲခြင်းတို့၏ အကြောင်းတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ ''ဇရာကထောင်း၊ ငယ်မူပြောင်း၍၊ ခေါင်းမွေးရှင်းစွ၊ လာရုံမျှဖြင့်၊ ထေရ မဖြစ်၊ ဆိုတုံလစ်၏'' ဟု ဆိုရာ ထေရ ဖြစ်နိုင်သည့် ဂုဏ်ပုဒ်များကို ထုတ်ပြ၍၊ အမြတ်ဆုံးလမ်း, အမြတ်ဆုံးသစ္စာ, အမြတ်ဆုံးတရား, အမြတ်ဆုံးလူတို့ကို ဖော်ထုတ်ပြပါ။

၆။ ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့၏ ရတနသုတ်ပရိတ်တော်ကို ရွတ်ခြင်း ဟောခြင်းကြောင့် ရရှိအပ်သောအကျိုးတို့ကို တင်ပြ၍၊ နှေးသည် အိပ်၏။ ကောင်းစွာနိုးခြင်း၊ အကြောင်းရင်းကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ သူများမယား ကြာရှိခြင်းကြောင့် ရရှိအပ်သော အကျိုးတို့ကို ကုန်စင်အောင် ထုတ်ပြ၍ လောကဏ္ဍ ချမ်းသာခြင်း အကြောင်းများကိုလည်း ဖော်ပြပါ။

၈။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ–အလုံးစုံးသောအလှူထက် တရားအလှူသည် သာလွန်မြင့်မြတ် အောင်နိုင်ပါ၏ ဟုဆိုရာ သာလွန်မြင့်မြတ် အောင်နိုင်ပုံကို အကြောင်းနှင့်တကွ ရှင်းလင်း တင်ပြ၍ လယ်ယာနှင့် သတ္တဝါတို့၏ ပျက်စီးခြင်း အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

၉။ ကလိင်္ဂရာဇတိုင်းသား ပုဏ္ဏားတို့အား ကုရုဓမ္မကို ဟောကြားသော ပုဂ္ဂိုလ်တို့၏ အမည် တို့ကို ပစ္စုပ္ပန်, အတိတ်အားဖြင့် တွဲစပ်ဖော်ပြ၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်၏ အမွန်အစ့ကိုလည်း ဘိက္ခုဝဂ်, သမ္မဟုလဘိက္ခုဝတ္ထုလာအတိုင်း ထုတ်နုတ်တင်ပြပါ။

၁၀။ အက္ကောသဘာရဒ္ဒါဇပုဏ္ဏား၏ နောင်တော်ဘုရားရှင်ထံ မေးသောပြဿနာနှင့် ဘုရားရှင် ဖြေတော်မူသော စကားရပ်တို့ကို ဖြေဆို၍၊ စန္ဒာဘအမည်ရပုံကိုလည်း ဖြေဆိုခဲ့ပါ။

၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၃၅၁ / ၃၅၂။

၂။ ဂါထာ– ၃၀၂။

၃။ လွန်အမင်းအစားကို စားသောသူသည် ငိုက်မျဉ်းလေ့ရှိ၏၊ တပြောင်းတပြန် လူးလိမ့်၍ အိပ်လေ့ရှိ၏၊ အစာကျေး၍ မွေးအပ်သော ဝက်ကြီးကဲ့သို့ ဖြစ်၏၊ ပညာမရှိသည်ဖြစ်၍ အဓိပ္ပါယ်တွင်းသို့ အဖန်ဖန်တလဲလဲ ကပ်ရောက်ရ၏။ ထို့ကြောင့် အစားအစာကို အတိုင်း အရှည်ဖြင့် စားသင့်၏၊ အတိုင်းအရှည်ဖြင့် စားသူသည် ချမ်းသာ၏၊ ဘောဇဉ်အစာ၌ အတိုင်းအရှည်ကို သိ၍အမြဲသတိရှိသောသူအား ဝေဒနာနည်းပါး၏။ အသက်ကို စောင့်ရှောက်လျက် ဖြေးနှေးစွာ အိုမင်းရ၏။ (ဓမ္မ-၅၊ ၂၊ ၁၅၂)

http://www.dhammadownload.com

ဒါတို့သား ဟုဆော်ဆိုရာ ဘုရားရှင်လက်ခံရခြင်း အကြောင်း-
ပုဏ္ဏားကြီးသည် ဘဝငါးရာစီ ဖခင်. ဘထွေး, ဘကြီးဘဝတို့ ဖြစ်ခဲ့ဖူး၏၊
ပုဏ္ဏားမကြီးသည် ဘဝငါးရာပတ်လုံး မိခင်, မိထွေး, မိခင်၏အမကြီး ဘဝတို့ ဖြစ်ခဲ့ဖူး၏၊
ပုဏ္ဏားကြီး၏လက်၌ ဘဝတစ်ထောင်ထိုးရာ၊ ပုဏ္ဏားမကြီး၏လက်၌ ဘဝတစ်ထောင်ထိုးရာ
ကြီးပြင်းခဲ့ရ၏။ ဤသို့လျှင် ဘဝသုံးထောင်တိုင်တိုပတ်လုံး ထိုပုဏ္ဏား,ပုဏ္ဏားမတို့၏ သားဖြစ်
ခဲ့ရသောကြောင့် သားဟုဆော်ဆိုရာ ဘုရားရှင်လက်ခံရခြင်း ဖြစ်ပါသည်။

(ဓမ္မ-၄၊ ၂၊ ၂၀၅)

၇။ **ချစ်ခြင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်-**
အချစ်ကြောင့် စိုးရိမ်မှု ကြောက်လန့်မှုများဖြစ်ရသည်။ (ဂါထာ- ၂၁၂)
ရှိသေစွာတရားမနာနိုင်ခြင်း - (ရခိုင် ၈-တွင်ရှု)

၈။ **ထေရ=** (တနသ်ာရီ ၅-တွင်ရှု)
အမြတ်ဆုံး = (မန္တလေး ၅- ရှု)

၆။ အနာရောဂါပျောက်ခြင်း
ဝေသာလီပြည်မှ ဘီလူးတို့ထွက်ပြေးခြင်း
ဒေသနာအဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် သစ္စာလေးပါးကို
ထိုးထွင်း၍ သိမြင်ခြင်းတို့ဖြစ်ပါသည်။ (ဓမ္မ-၄၊ ၂၊ ၂၅၆)

ကောင်းစွာနိုးကြားခြင်း၏ အကြောင်းအရင်း-
နေ့ညဉ့်ပတ်လုံး ဘုရားဂုဏ်ကို အာရုံပြုခြင်း၊
တရားဂုဏ်တော်ကို အာရုံပြုခြင်း၊
သံဃာဂုဏ်တော်ကို အာရုံပြုခြင်း၊
ဆဲပင် မွေးညှင်းအစရှိသောကိုယ်အစုကို မိုရ်ဖြစ်သောသတိရှိခြင်း၊
မညှင်းဆဲခြင်း၌ မွေ့လျော်သောစိတ်ရှိခြင်း၊
မေတ္တာဘာဝနာ၌ မွေ့လျော်သောစိတ်ရှိခြင်း တို့ဖြစ်ပါသည်။ (ဂါထာ- ၂၂၆ မှ ၃၀၁)

http://www.dhammadownload.com

၇။ သူများမယားကြောခိုခြင်းဖြင့် ရရှိသောအကျိုး-
အကုသိုလ်ရခြင်း၊ အလိုအတိုင်းမအိပ်ရခြင်း၊
ပညာရှိတို့ ကဲ့ရဲ့ခြင်း၊ ငရဲခံရခြင်း တို့ဖြစ်ပါသည်။ (ဂါထာ- ၃၀၃ / ၃၀၀)
ချမ်းသာခြင်းအကြောင်း - (ရန်ကုန် ၅-တွင်ရှု)

၈။ **သာလွန်မြင့်မြတ်အောင်နိုင်ပုံ-** (ပဲခူး/အရှေ့ ၉-တွင်ရှု)
လယ်ယာတို့သည် သမန်းမြက်စသည်တို့ကြောင့် ပျက်စီးရ၏။လူတို့သည် ရာဂ, ဒေါသ, မောဟ, အလိုရမ္မက်တို့ကြောင့် ပျက်စီးရ၏၊ (ဂါထာ- ၃၅၆ မှ ၃၅၇)

၉။ **တောကြားသော ပုဂ္ဂိုလ်တို့၏အမည်-** (ကချင် ၉-တွင်ရှု)
နိဗ္ဗာန်ရောက်ကြောင်းအကျင့်- (ပဲခူးအနောက် ၆-တွင်ရှု)

၁၀။ ၁။ "အို အရှင်ဂေါတမ အဘယ်မည်သောအရာကို မကျန်မကြွင်း ဖြတ်တောက်ခြင်းကြောင့် မပင်မပန်းချမ်းချမ်းသာသာ အိပ်ခြင်းစသည်လေးပါးသော ဣရိယာပထဖြင့် နေရပါသနည်း။

၂။ အဘယ်မည်သောအရာကို မကျန်မကြွင်း ဖြတ်တောက်ခြင်းကြောင့် မကြောင့်မကြ စိုးရိမ်ရပါသနည်း။

၃။ အဘယ်သို့သဘောရှိသည့် တရားတစ်ခုဏ် သေအောင်သတ်ခြင်းကို နှစ်သက်ပါလေသနည်း" ဟု မေးလျှောက်၏။

ဘုရားရှင်ဖြေဆိုတော်မူသော စကားရပ်-
အို ဘာရဒွါဇပုဏ္ဏား ခိုက်ရန်အမျက်ကို မကျန်မကြွင်းအောင် ဖြတ်တောက်ခြင်းကြောင့် မပင်မပန်း ချမ်းချမ်းသာသာ အိပ်ခြင်းစသည့် လေးပါးသော ဣရိယာပထဖြင့်နေရ၏။ ခိုက်ရန် အမျက်ကို မကျန်မကြွင်းအောင် ဖြတ်တောက်ခြင်းကြောင့် မစိုးရိမ်ရပေ။ ခိုက်ရန်အမျက်ကို အမြစ်ပါမကျန်အောင် သေအောင်သတ်ခြင်းကို ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ချီးမွမ်းတော်မူကြ၏။ (ဓမ္မ-၄၊ ၂။ ၄၀၁)

http://www.dhammadownload.com

စန္ဒာဘ ဟု အမည်မှည့်ရခြင်းအကြောင်း-
ချက်ဝန်းမှ လဝန်းသဏ္ဌာန်နှင့်တူသော ထွန်းလင်းသောအရောင် ထွက်ပေါ်သောကြောင့် '**စန္ဒာဘ**'ဟု အမည်မှည့်ရသည်။ (ဓမ္မ-၄၊ ၂၊ ၄၂၅)

၁၅။ ပထမပြန်စာဓမ်းပဲ့ကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊ တဇပါင်းလပြည့်ကျော်(၁၂)ရက်၊ (၂-၄-၂၀၀၈)ဗုဒ္ဓဟူးနေ့

၁။ ဖော်ပြပါ ဂါထာတို့ကို ပါဠိသက်သက်ရေးပြပါ။
(က) ''အချစ်ကြောင့် ဘေးတွေ့တတ်၏'' ဟု ပြဆိုသောဂါထာ၊
(ခ) သားလေးယောက်ရှိ ပုဏ္ဏားအိုတစ်ယောက်ကို အကြောင်းပြု ဟောကြားအပ်သော ဂါထာ။

၂။ ပုဏ္ဏားနှစ်ယောက်တို့ ခွားကောင်း, လှည်းကောင်း ပြိုင်ကြရာတွင် သားရေလွန်ကြိုး ပြတ်သည်ကို အကြောင်းပြု၍ ဘုရားရှင်ဟောကြားအပ်သော ဂါထာကို နိဿယမှန်ကန်စွာ ရေးခဲ့ပါ။

၃။ အောက်ဖော်ပြပါတို့ကို အသီးသီး ဖြေဆိုပါ။
(က) အဆိုးဆုံးရောဂါ၊ (ခ) အကောင်းဆုံး လာဘ်၊ (ဂ) အမြတ်ဆုံးဥစ္စာ၊
(ဃ) အသာဆုံး ဆွေမျိုး၊ (င) အအေးမြဲဆုံး ချမ်းသာ။

၄။ အောင်မြင်လိုသူ များစိုလ်လူတို့အတွက် အောင်မြင်ကြောင်းတရား မြတ်လေးပါးကို အောင်မြင်အပ်သူနှင့် တွဲစပ်ဖြေကြား၍၊ နတ်ပြည်ရောက်ကြောင်း တရားကောင်းသုံးမျိုးကိုလည်း အဝိုအလိုမရှိ ဖော်ပြခဲ့ပါ။

၅။ မလဝဂ်လာ ဖော်ပြပါ အညစ်အကြေးများကို ဖြေဆိုခဲ့ပါ။
(က) အတတ်ပညာ၏ အညစ်အကြေး၊ (ခ) အဆင်း၏ အညစ်အကြေး၊

http://www.dhammadownload.com

(ဂ) မိန်းမ၏ အညစ်အကြေး၊ (ဃ) လူဒိန်းခြင်း၏ အညစ်အကြေး၊
(င) ပစ္စုပ္ပန်, တမလွန် နှစ်တန်သော လောက၏ အညစ်အကြေး။

၆။ ပညာတိုးပွားခြင်း, ဆုတ်ယုတ်ခြင်း၏ အကြောင်းများကို အသီးသီးဖြေဆိုရ၍၊ အမိ, အဖ, မင်းနှစ်ပါးနှင့်တူသော တရားများကိုလည်း အသီးသီး ဖြေဆိုခဲ့ပါ။

၇။ ဘုရားရှင်အား ပန်းနုံသာ ပူဇော်ရုံမျှဖြင့် ပူဇော်ရာအစစ် ရောက်/မရောက် သုခဝဂ်လာ တိသဿတ္ထရဝတ္ထုကို မှီငြမ်းပြု၍ ဆုံးဖြတ်ပြီး၊ ''ဂန္ဆာ တေသံ နာ ဝိဇ္ဇန္တိ'' ၌ ဂန္ဆအရကိုလည်း အပိုအလိုမရှိအောင် တိကျစွာ ကောက်ပြပါ။

၈။ ''ကိုယ့်ကာယကံ, ကိုယ့်ထံပြန်, ပဲတင်သံမလွဲ, တစ်ထပ်ထဲ'' ဟူသောစကား၏ အဆိုမှန်ကန်ကြောင်းကို ဂါဃာတကပုတ္တဝတ္ထုလာ ဇာတ်လမ်းဇာတ်ကွက်ကို မှီငြမ်းပြု၍ မှတ်သားဖွယ်ရာ ရေးသားတင်ပြခဲ့ပါ။

၉။ အဘယ့်ကြောင့် ''တဏှာနှင့်တူသောမြစ်'' မရှိဟု ဆိုအပ်ပါသနည်း အဋ္ဌကထာအဖွင့်နှင့်အညီ ဖြေဆိုရ၍၊ မေဏ္ဍကသေဋ္ဌိဝတ္ထုတွင် မြတ်ဗုဒ္ဓ၏ ဘဒ္ဒိယမြို့သို့ ကြွရောက်တော်မူလာခြင်း အကြောင်းများကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

၁၀။ ''နတ္ထိ ဇာလေ သဟာယတာ'' အရ ''လူမိုက်၌ အပေါင်းအသင်း မိတ်ဆွေကောင်းမရှိ'' ဟုဆိုရာ ''အပေါင်းအသင်း မိတ်ဆွေကောင်းများ''ကို ဖော်ပြ၍၊ ဥဂ္ဂသေနသူဋ္ဌေးသား ကဲ့သို့သည်ဘဝ ဖြစ်ရကြောင်း ရှေးမကောင်းကံကိုလည်း ရေးပြခဲ့ပါ။

၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ စမ္မပဒဘာသာ

၁။ (က) ဂါထာ- ၂၁၂။ (ခ) ဂါထာ- ၃၂၄။

http://www.dhammadownload.com

၂။ ဂါထာ– ၃၉၈။

၃။ (က) ဆာလောင်မွတ်သိပ်ခြင်း၊ (ခ) ကျန်းမာခြင်း၊ (ဂ) ရောင့်ရဲခြင်း၊
(ဃ) အကျွမ်းဝင်သောသူ၊ (င) နိဗ္ဗာန်။ (ဂါထာ– ၂၀၇ / ၂၀၄)

၄။ အမျက်ထွက်သောသူကို အမျက်မထွက်ခြင်းဖြင့် အောင်ရ၏။
မကောင်းသောသူကို ကောင်းခြင်းဖြင့် အောင်ရာ၏။
နှပြောစေးနဲသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။
လိမ်လည်ပြောဆိုတတ်သူကို မှန်သောသစ္စာစကားဖြင့် အောင်ရာ၏။(ဂါထာ– ၂၂၃)
နတ်ပြည်ရောက်ကြောင်းတရားကောင်း– (ပဲခူးအရွေ့ ၃–တွင်ရှု)

၅။ (က) မသရဖျယ်ခြင်း၊ (ခ) ပျင်းရိခြင်း၊ (ဂ) လွန်ကြူးရှ်၍ ကျင့်ခြင်း၊
(ဃ) ဝန်တိုခြင်း၊ (င) အဝိဇ္ဇာ။ (ဂါထာ– ၂၄၁ မှ ၂၄၃)

၆။ လုံ့လဖြုခြင်းဖြင့် ပညာသည် တိုးပွါး၏။
လုံ့လမပြုခြင်းဖြင့် ပညာသည် ဆုတ်ယုတ်၏။ (ဂါထာ– ၂၈၂)
အမိ, အဖ, မင်းနှစ်ပါးနှင့် တူသောတရား– (မန္တလေး ၃–တွင်ရှု)

၇။ **ပူဇော်ခြင်းအစစ်–** (ရခိုင် ၇–တွင်ရှု)
ဂန္ဆအရ– အဘိဇျာကာယဂန္ဆ, ဗျာပါဒကာယဂန္ဆကို ရ၏။ (စဒ္ဒ–ဋ္ဌ၊ ၂၊ ၁၁၀)

၈။ နွားသတ်သမားယောက်ျားသည် အသားနှင့်ကင်း၍ ထမင်းကိုမစားနိုင်၊ တနေ့တွင် မိမိဖို့ချက်ရန် အသားတစ်တုံးကို မယားအားပေး၍ ရေချိုးသွားသောအခါ မိတ်ဆွေတစ်ယောက်သည် ထိုအသားကို မယားထံမှ အတင်းတောင်းယူသွားလေ၏။ နွားသတ်သမားပြန်လာ၍ မယားက ထမင်းခူးကျွေးသောအခါ အသားဟင်းမပါသဖြင့် " ဒါသည် မစားတော့အံ့ " ဟု ပြောဆိုပြီး ဓားကိုယူကာ အိမ်နောက်၌ရှိသော နွားဇီဝံတွင်းမှလျှာကို အရင်းမှဖြတ်ယူ၍ ချက်စေ၏၊ ထမင်း တစ်လုပ်ကိုစားပြီးလျှင် အမဲသားတစ်တုံးကို

http://www.dhammadownload.com

ခံတွင်း၌ ထည့်ထားသောခဏ၌ပင် လျှာသည်ပြတ်၍ ထမင်းခွက်၌ ကျ၏။ နွားကဲ့သို့ ခံတွင်းမှ သွေးတို့ယိုစီးကာ အိမ်တွင်းသို့ဝင်၍ ဒူးထောက်လျှက် လှည့်လည် အော်မြည်နေရ၏၊ ထိုခဏတွင်း၌ပင် ကံနှင့်တူသောအကျိုးကို ရှိလေ၏။ ဤဇာတ်လမ်းကိုထောက်၍ '' ကိုယ့်ကာယကံ ကိုယ့်ထံပြန် ပဲ့တင်သံမလွဲ တစ်ထပ်တည်း '' ဟူသောအဆို မှန်ကန်ပါသည်။ (ဓမ္မ-၄၊ ၂၊ ၂၁၃)

၉။ ဂင်္ဂါအစရှိကုန်သောမြစ်တို့၏ ပြည့်သောအခါ ယုတ်လျော့သောအခါသည် ထင်ရှားသိသာ၏၊ တဏှာသည်ကား ပြည့်သောအခါ,ခန်းခြောက်သောအခါ မရှိ၊ အမြဲယုတ်လျော့နေသည်သာ ထင်ရှား၍ မပြည့်နိုင်သည်၏အဖြစ်ကြောင့် တဏှာနှင့်တူသောမြစ်မည်သည် မရှိ။ (ဓမ္မ-၄၊ ၂၊ ၂၃၁)

မြတ်စွာဘုရား ဘဒ္ဒိယမြို့သို့ ကြွရခြင်းအကြောင်း-

ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး, စန္ဒပဒုမာသူဌေးကတော်, ဓနဉ္ဇယသူဌေးသား, ဆွေးမသုမနဒေဝီ, ပြေး ဝိသာခါ, ကွန် ပုဏ္ဏ - ဤ (၆) ယောက်သောသူတို့၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်တော်မူသောကြောင့် မြတ်စွာဘုရား ဘဒ္ဒိယမြို့သို့ ကြွတော်မူပါသည်။ (ဓမ္မ-၄၊ ၂၊ ၂၃၂)

၁၀။ **အပေါင်းအသင်း မိတ်ဆွေကောင်းများ-** (စစ်ကိုင်း ၈-တွင်ရှု)

ဥဂ္ဂသေန ကချေသည်ဖြစ်ရသည့် ရှေးအကြောင်းမကောင်းကံ-

ဆွမ်းခံလာသော ရဟန္တာမထေရ် ပြုံးသည်ကိုမြင်၍ မိန်းမက ခင်ပွန်းကို ''ဘိတို့၏ အလှူခံအရှင်သည် ပြုံးခြင်းကိုပြု၏၊ တစ်ယောက်သော ကချေသည်သမားဖြစ်လတံ့'' ဟု ပြစ်မှား ပြောဆိုသည်ကို ခင်ပွန်းကလည်း ''ချစ်နှမ ဤသို့ အသင်ပြောဆိုသည့် အတိုင်း ဖြစ်လတံ့ '' ဟုထောက်ခံပြောဆိုသောကံကြောင့် ကချေသည်ဖြစ်ရ၏။

(ဓမ္မ-၄၊ ၂၊ ၃၄၄)

http://www.dhammadownload.com

၁၇။ ပထမပြန်စာဓမ်းပွဲကျင်းပစရုံးဗဟိုအဖွဲ့ခွဲ (ဧရာဝတီတိုင်း)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၉-ခုနှစ်၊ တဇေါင်းလပြည့်ကျော် (၃)ရက်၊ (၂၄-၃-၂၀၀၈) တနလာဒေနှ့

၁။ စိုးရိမ်ပူဆွေးခြင်းသောက၊ ကြောက်လန့်ခြင်းဘေးတို့ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းတရားတို့ကိုဆိုသော ပါဠိဂါထာတို့ကို ဓမ္မပဒ ပိယဝဂ်မှ ထုတ်နုတ်ရေးသားပါ။

၂။ သူတစ်ပါး၏အပြစ်ကိုမြင်လွယ်ပြီးမိမိ၏အပြစ်ကိုမြင်နိုင်ခဲ၍ဖုံးလွှမ်းကောက်ကျစ်မှုနှင့် ပတ်သက်၍ ပေဘုကြားဆုံးမထားသော ဂါထာပါဠိကို အနက်ယောဇနာခဲ့ပါ။

၃။ သူတစ်ပါးအပြစ်ကိုအမြဲတမ်းကြည့်ပြီးပြောဆိုသောပုဂ္ဂိုလ်အားရန်ငိုင်သောအကျိုးတရားတို့ကို ဖော်ပြပြီးလျှင်၊ သုဘဒ်ပရိဗိုဇ်၏အမေးကို ဖြေဆိုထားသော အဖြေစကားတို့ကိုလည်း ရေးသားခဲ့ပါ။

၄။ မြတ်ဗုဒ္ဓအမေးကြောင့်ပါးမျှားသမားသည်အမည်အရိယဟုဖြေကြားရာ၌အရိယာမည်ခြင်း/မမည်ခြင်းကိုမြတ်ဗုဒ္ဓအလိုကျရေးသားပြီးလျှင်ပညာတိုးပွါးခြင်းပညာဆုတ်ယုတ်ခြင်း အကြောင်းတရားတို့ကို ပေါ်ဦလထေရ်ဝတ္ထုမှ ထုတ်နုတ်တင်ပြပါ။

၅။ သူတစ်ပါးမယားကို ပြစ်မှားမိဝံသောယောကျ်ား၏ ရောက်နိုင်သောဘုန်တို့ကို ဖော်ပြပြီးလျှင်မိစ္ဆာဒိဋ္ဌိအယူရှိကုန်သောပုဂ္ဂိုလ်တို့မကောင်းသောဒုဂ္ဂတိဘုံသို့ရောက်ရခြင်းအကြောင်းကိုနိဂဏ္ဌ ဝတ္ထုရှုရှု၍တင်ပြပါ။

၆။ မြတ်စွာဘုရားရှင်သည်မြဲမြံသောအနှောင်အဖွဲ့နှင့်ပတ်သက်၍ဟောထားချက်ကိုဗန္ဓနသုတ်ဂါရဝတ္ထုကိုရှုရှု၍ ရေးသားပါ။

၇။ မြတ်ဗုဒ္ဓအားပန်းနှံသော,ဆိမ်း-စသောဝတ္ထုဖြင့်ပူဇော်ခြင်းအကျင့်တရားဖြင့်ပူဇော်ခြင်း

http://www.dhammadownload.com

နှစ်မျိုးတို့တွင်မည်သည့်ပူဇော်ခြင်းမျိုးကိုဘုရားရှင်ချီးကျူးတော်မူပါသနည်း ?သုခဝဂ် တိသဃထေရဝတ္ထုလာအတိုင်း ဖြေဆိုပါ။

၈။ "မလှဘူးဆိုရင် ငိုချင်တယ်" ဆိုသူများအတွက် အလှအပကို ပျက်စီးစေတတ်သည့် အပြုအမူများကိုရှောင်ရှားနိုင်ကြစေရန်သနားစဖွယ်ကိုယ်ရေပြားရောဂါသည်မလေး ရောဟိနီ၏ အတိတ်ဘဝကပြုခဲ့သည့် အပြုအမူများကို အကျဉ်းချုပ်တင်ပြပါ။

၉။ အပုတ္တကသူဌေးကြီး၏ (က) သူဌေးဖြစ်သော ကုသိုလ်၊ (ခ) သား, သမီးမရသော အကုသိုလ်၊(ဂ)မွန်မြတ်သော လောကီစည်းစိမ်ကို မခံစားနိုင်သော အကုသိုလ်များကို တဏှာဝဂ် အပုတ္တကသေဋ္ဌိဝတ္ထုအဋ္ဌကထာမှ ကောက်နှုတ်တင်ပြပါ။

၁၀။ ပဋ္ဌဂ္ဂါယကမြာဟ္မဏဝတ္ထုဌဲ့ ပဋ္ဌဂ္ဂါယကပုဏ္ဏားအမည်ရခြင်း အကြောင်းငါးပါးကို ဖော်ပြပါ။

၁၇။ ဓရောဝတီဘိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၂၁၂ မှ ဂါထာ- ၂၁၆။

၂။ ဂါထာ။ ၂၅၂။

၃။ **ရန္ဟိုင်သောအကျိုး-**
သူတပါးတို့အပြစ်ကို အဖန်တလဲလဲရှုမြင် ကဲ့ရဲ့သောရဟန်းအား အာသဝေါတရားလေး ပါးတို့သည် တိုးပွါးကုန်၏၊ ထိုရဟန်းသည် အာသဝေါကုန်ခမ်းခြင်းမှ ဝေးဏ်။
အဖြေစကား- (ကချင် ဂ-တွင်ရှု)

http://www.dhammadownload.com

၄။ သတ္တဝါတို့ကို ညှင်းဆဲသူသည် အရိယာမမည်။
အလုံးစုံသော သတ္တဝါတို့ကို မညှင်းဆဲဘဲ မေတ္တာဘာဝနာကိုပွါးရ၍ ညှင်းဆဲခြင်းမှ ဝေးသူသာ အရိယာမည်၏။ (ဂါထာ- ၂၇၀)

ပညာတိုးပွါးခြင်းနှင့် ဆုတ်ယုတ်ခြင်း- (ရှမ်း/မြောက် ၆-တွင်ရှု)

၅။ သူတစ်ပါးမယားကို ပြစ်မှားမိုက်ခဲသောယောကျ်ားသည် နဋ္ဌကဘာဝသို့ ရောက်နိုင်ပါသည်။ (ဂါထာ- ၂၇၀)

မရှက်အပ်သောအရာ၌ ရှက်ကုန်၏၊ ရှက်အပ်သောအရာ၌ မရှက်ကုန်၊ ဘေးမဟုတ်သည်ကို ဘေးဟုရှုလေ့ရှိ၍ ဘေးဟုတ်သည်ကို ဘေးမဟုတ်ဟု ရှုလေ့ရှိကုန်သောကြောင့် မိစ္ဆာအယူရှိကုန်သောပုဂ္ဂိုလ်တို့သည် နဋ္ဌကဘုံသို့ရောက်ရ၏။ (ဂါထာ- ၃၁၇)

၆။ ပတ္တမြားနားဆောင်းစသော ရတနာတို့၌လည်းကောင်း၊ သားမယား လင်တို့၌လည်းကောင်း တပ်နှစ်သက်မှုတရားမျာ အနှောင်အဖွဲ့မျိုးကိုသာလျှင် "ခိုင်မြဲသောအနှောင်အဖွဲ့" ဟု ဘုရားရှင် မိန့်တော်မူပါသည်။ (ဂါထာ- ၃၄၆)

ဘုရားရှင် ချီးကျူးတော်မူပုံ- (ရခိုင် ၇-တွင်ရှု)

ရောဟိဏီ၏ အတိတ်ဘဝအပြုအမူများ-
ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်စဉ် မင်းကြီး ချစ်မြတ်နိုးသော ကခြေသည်မိန်းမငယ်တစ်ယောက်အား ရန်ပြိုးဖွဲ့၍ ယားယံခြင်းကို ဖြစ်စေတတ်သော အသီးတို့ဖြင့် ထိုမိန်းမငယ်၏ အိပ်ရာ, အဝတ်တို့အပေါ်၌ ထိုမိန်းမငယ် မသိအောင်ထားစေ၏။ ထိုမိန်းမငယ်၏ ခန္ဓာကိုယ်ပေါ်၌လည်း ပျက်ရယ်ပြုသကဲ့သို့ ကြဲချ၏။ ထိုခဏ၌ပင် ကခြေသည် မိန်းမငယ်၏ကိုယ်သည် ဖုးဖုးရောင်၍ ယားယံသောဝေဒနာကို ခံစားရလေသည်။ ထိုကခြေသည်မသည် ယားယံသည်ဖြစ်သည်၍ အိပ်ရာပေါ်၌ လူးလိမ့်သည်ရှိသော် ယားယံသော အမှုန့်တို့သည် ကိုက်ခဲပြန်သည်ဖြစ်၍ ပြင်းထန်ကြမ်းတမ်းသောဝေဒနာကို ခံစားရလေသည်။

http://www.dhammadownload.com

ဤအပြုအမူတို့ကြောင့် ရောဟိနီမင်းသမီးလေးသည် ကိုယ်ရေပြားရောဂါသည်မလေး ဖြစ်ရပါသည်။ (ဓမ္မ-၄၊ ၂၊ ၁၉၃)

၉။ (က-ခ-ဂ) (ရခိုင် ၁၀-တွင်ရှု)

၁၀။ ပဥ္စဝဂ္ဂီယကပုဏ္ဏားအမည်ရခြင်း အကြောင်းငါးပါး- (ပဲခူး/အရှေ့ ၁၀-တွင်ရှု)

၁၈။ ပထမပြန်အထူးဧအောင် ရွေးချယ်ရေးစာမေးပွဲ
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၀-ခုနှစ်၊ ဝါဆိုလဆန်း(၃)ရက်(၅-၇-၂၀၀၈) စနေနေ့

၁။ အမြင်အယူအဆ မတူမျှသဖြင့် ငြင်းခုံနေကြသော ဥပါသကာတို့အား ရှင်တော်ဘုရား ဟောမိန့်ထားသည့် ဓမ္မပဒလာ ဂါထာတို့ကို ပါဠိသက်သက် ရေးပြပါ။

၂။ လိမ်ညာသူနှင့် မိမိအပြစ်ကို ဖုံးကွယ်သူနှစ်ဦးအတွက် အကျိုးပေးအားဖြင့် တူမျှပုံကို ပြဆိုသည့် ဓမ္မပဒဂါထာကို မှန်ကန်စွာ အနက်ပေးပြပါ။

၃။ ရဟန်းအတု/ရဟန်းအစစ် ဖြစ်သော်ပုဂ္ဂိုလ်တို့ကို ဘုရားဟောဒေသနာအရ ခွဲခြားပြ၍ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို နှစ်သက်နိုင်ဖို့ရန်အတွက် သုတ်သင်ထားရမည့်တရားတို့ ကိုလည်း ဖော်ပြပါ။

၄။ ရန်မှုမလွတ်မြောက်နိုင်သောပုဂ္ဂိုလ်ကို ဖော်ပြ၍ သူတပါးမယားကို ပြစ်မှားသောပုဂ္ဂိုလ်များ ခံစားရမည့် အကျိုးတရားတို့ကိုလည်း ညွှန်ပြပါ။

၅။ (က) သူတပါးကို ထိခိုက်လျက် ပြောဆိုတတ်သောပုဂ္ဂိုလ်၊
(ခ) ယဉ်ကျေးသောပုဂ္ဂိုလ်၊
(ဂ) မြတ်သည်ထက် မြတ်သောပုဂ္ဂိုလ်တို့ကို မှန်ကန်တိကျစွာ ဖော်ပြပါ။

http://www.dhammadownload.com

၆။ မခိုင်မြဲသော အနှောင်အဖွဲ့နှင့် ခိုင်မြဲသော အနှောင်အဖွဲ့တို့ကို ခွဲခြားပြ၍၊ လောကကြီးကို ထွန်းလင်းစေသောပုဂ္ဂိုလ်ကိုလည်း ထွန်းလင်းစေပုံနှင့်တကွ ဥပမာပြ၍ ဖြေဆိုပါ။

၇။ 'နိဒ္ဒရထော ဟောတိ နိပ္ပါပေါ၊ ဓမ္မပိတိရသံ ပိဝံ'၌ အာဘယ်ပုဂ္ဂိုလ်သည် အာဘယ့်ကြောင့် နိဒ္ဒရထ–အမည်ရသည်ကို ဖြေဆို၍၊ ဓမ္မပိတိ–အရကိုလည်း ကောက်ပြပါ။

၈။ သဒ္ဓါရာ သဿတာ နတ္ထိ၌ သဒ္ဓါရ–အရကို အကြောင်းနှင့်တကွဖော်ပြ၍၊ ဇကုဒါနရဟန္တာ မထေရ်ကဲ့သို့ရင့်သော ဥဒါန်းစကားကိုလည်း ပါဠိဘာသာဖြင့် ညွှန်ပြပါ။

၉။ 'ကောသနံ ဇကေသေယျုံ၊ ဇကော ဓရမတန္ဒိတော'၌ တစ်ပါးတည်းနေပုံ, အိပ်ပုံ,လှည့်လည်ပုံတို့ကို အမျာ်းသူဇ မှတ်သားဖွယ်ရာ တင်ပြပါ။

၁၀။ အန္ဓဘာရသူဆင်းရဲသား၏ ကောင်းမှုပြုပြီးနောက် တောင်းဆုပြုပုံကို အတုယူဖွယ်ရာ ဖော်ပြ၍၊ ထမင်းဖြစ်ရာကို မသိရှာသော သူတို့ကိုလည်း ညွှန်ပြပါ။

၁၈။ အထူးဇောင် (အဖြေ)
ပထမကြိမ်းတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၂၄၈– မှ ၂၄၈။

၂။ ဂါထာ– ၃၀၆။

၃။ **ရတန်းအတု, ရတန်းအစစ်**– (စစ်ကိုင်း ၄–တွင်ရှု)

သုတ်သင်ရမည့်တရား–

မဂ္ဂင်ရှစ်ပါးအကျင့်တရားကို နှစ်သက်နိုင်ဘို့ရန်အတွက် – – –

ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းအားဖြင့် နှုတ်ကို အစဉ်စောင့်ရှောက်၍ စိတ်ဖြင့် မနောဒုစရိုက်ကို ကောင်းစွာစောင့်ရှောက်လျက် ကိုယ်ဖြင့် အကုသိုလ်ကို မပြုပဲ အကုသလကံမှပထတရားတို့ကို သုတ်သင်ရပါမည်။ (ဂါထာ– ၂၈၁)

http://www.dhammadownload.com

၄။ သူတစ်ပါးအား ဆင်းရဲကိုပေးသဖြင့် မိမိ၏ ချမ်းသာကို အလိုရှိသောပုဂ္ဂိုလ်သည် ရန်သူနှင့် ရောယှက်ခြင်းဖြင့် ရောယှက်သည်ဖြစ်၍ ရန်မှ မလွတ်မြောက်နိုင်ပါ။ (ဂါထာ- ၂၈၁)
ခံစားရမည့်အကျိုး- (ရှမ်း/တောင် ၇-တွင်ရှု)

၅။ (က) နှဿီလပုဂ္ဂိုလ်။ (ဂါထာ- ၃၂၀)
(ခ) မထိမဲ့မြင်ဆိုအပ်သောစကားအပေါင်းကို သည်းခံသောပုဂ္ဂိုလ်။(ဂါထာ-၃၂၁)
(ဂ) မဂ်လေးပါးတို့ဖြင့် ကောင်းစွာဆုံးမပြီး၍ ယဉ်ကျေးသောပုဂ္ဂိုလ်။(ဂါထာ- ၃၂၂)

၆။ သံခြေကျင်း၊ သစ်သားတောက်ထိပ်၊ မြက်လျော်ဖြင့်ပြုအပ်သောကြိုး စသော အနှောင်အဖွဲ့အမျိုးမျိုးတို့သည် မခိုင်မြဲသောအနှောင်အဖွဲ့ဖြစ်သည်။
ခိုင်မြဲသော အနှောင်အဖွဲ့- (ဇရာဝတ် ၆-တွင်ရှု)
လောကကြိုးကို ထွန်းလင်းစေသော ပုဂ္ဂိုလ် နှင့် ထွန်းလင်းစေပုံ-
ငယ်ရွယ်သော်လည်း မြတ်စွာဘုရားသာသနာတော်၌ စင်စစ်လုံ့လကြိုးကုတ် အားထုတ်သောရဟန်းသည် တိမ်တိုက်မှ လွတ်သောလမင်းကဲ့သို့ လောကကြိုးကို မဂ်ဉာဏ်အရောင်ဖြင့် ထွန်းလင်းစေ၏။ (ဂါထာ- ၃၁၂)

၇။ **နိဒ္ဒါရထ-** ပဝိဝေကရသ, ဥပသမရသ ဟူသော အရသာ (၂) မျိုးကို သောက်သုံးခြင်းဖြင့် အာသဝေါကုန်ပြီးသောရဟန္တာသည် ကိုယ်တွင်း၌ ရာဂစသောပူလောင်မှုမရှိခြင်းကြောင့် နိဒ္ဒါရထအမည်ရသည်။
ဓမ္မပိတိ အရ- လောကုတ္တရာတရား ကိုးပါး၏။ (ဓမ္မ-၄၊ ၂၊ ၁၆၄)

၈။ **သခ်ီရ အရ-** ခန္ဓာငါးပါး ရ၏။ ထိုခန္ဓာငါးပါးတို့တွင် ခန္ဓာတစ်ပါးမျှသည်လည်း မြဲခြင်းမရှိသောကြောင့် သခ်ီရ အရ ခန္ဓာငါးပါးကို ယူရမည်။ (ဓမ္မ- ၄၊ ၂၊ ၂၄၀)
ကေဒါနမထေရ်၏ ဥဒါန်းစကား-
အဓိစေတသော အပ္ပမတ္တတော၊ မုနိနော မောနပထေသု သိက္ခတော။
သောကာ နဘဝန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတိမတော။ (ဓမ္မ-၄၊ ၂၊ ၂၄၃)

http://www.dhammadownload.com

၉။ **တစ်ပါးတည်း နေပုံ , အိပ်ပုံ–** (စစ်ကိုင်း ၉–တွင်ရှု)

တစ်ပါးတည်း လှည့်လည်ပုံ– ခြေသလုံးကို အပြိုပြု၍ အသက်မွေးခြင်းဖြင့် မပျင်းရိပဲ ကြိုးစားပုထုဇဉ်လေးပါးတို့တွင် တစ်ပါးပါးဖြင့်သာ ကျွတ်ခြင်းသည် တစ်ပါးတည်း လှည့်လည်သည် မည်၏။ (ဓမ္မ–၄၊ ၂၊ ၂၉၄)

၁၀။ ''အရှင်ဘုရား ဤကောင်းမှုကြောင့် တပည့်တော်အား ဆင်းရဲသောအမျိုးဌာန တစ်ရံတစ်ဆစ်မျှ မဖြစ်ရပါစေသတည်း၊ ဘဝတိုင်း ဘဝတိုင်း၌ 'မရှိပါ' ဟူ၍ ပြောဆိုရခြင်း မည်သည် မဖြစ်ရပါစေသတည်း၊''

''အရှင်ဘုရား ဤသို့သဘောရှိသော ဆင်းရဲဖြိုခြင်းစွာ အသက်မွေးရမြဲရခြင်းမှ လွတ်မြောက်ရပါလို၏၊ 'မရှိ' ဟူသောစကားမျှသော်လည်း မကြားမသိရပါလို၏။'' ဟု ဆုတောင်းသည်။ (ဓမ္မ–၄၊ ၂၊ ၃၈၃)

ထမင်းဖြစ်ရာကို မသိရှာသော သူများ–

အနုရုန္ဓိမင်းသား၊ ဘဒ္ဒိယမင်းသား၊ ကိမိလမင်းသား တို့ဖြစ်သည်။ (ဓမ္မ–၄၊ ၂၊ ၃၈၆)

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုဗဟပ္ပဲခွဲ (ကချင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ
၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၃)ရက်၊ (၃–၄–၂၀၀၇) ကြာသပတေးဓနှေ့။

၁။ ကိတ်ကျမ်းလာ သရာဂမဝိဓိသုတ် နှစ်သုတ်နှင့်၊ ဥဏာဒိကျမ်းလာ ကာရိယ ရှစ်ချက်ပါသော သုတ်တို့ကို ဝုတ္တိ, ဥဒါဟရဏ်များပါမကျန် ပါဠိကုန်စင်အောင် ရေးပြခဲ့ပါ။

၂။ အောက်ဖော်ပြပါ သုတ်စဉ်ပါဠိတို့ကို ကျန်စွာ အနက်ယောဇနာပြပါ။

(က) ပကတိ စဿ သရန္တဿ၊ (ခ) တဒဿ ဌာနမိယော စ၊

(ဂ) ကရဿ သပ္ပစ္စယဿ ကဟော၊ (ဃ) သညာယမနှ၊

(င) အာပုဇ္ဇစရဿ စ။

http://www.dhammadownload.com

၃။ ကွ ဂတောသိ တွံ ဒေဝါနံ ပိယတိဿ-၌ ကွ-ကို နာမ်ရုပ်, ဂတော-ဂ၊ ကိတ်ရုပ်, အသိ-ကို အာချာတ်ရုပ်, တွံ-ကို နာမ်ရုပ် အသီးအသီး အကျဉ်းတွက်ပြီးလျှင်၊ ယသ္မာ ဒေတိ ဘယမာဒတွော ဝါ တာဒပါဒါနံ-ကို ဖြစ်သင့်သမျှ ပုဒ်ဖြတ်ပြခဲ့ပါ။

၄။ အနုရွေး, ပတိရွေးရှိသော ဂေ-ဓာတ်၏အယ္ယ်၌ သမ္ပဒါန်ဖြစ်လာပုံကို ပြယုဂ်ပုံစံများဖြင့် ရှင်းလင်းပြ၍၊ ပ-ပုဗ္ဗ အပ-ဓာတ်ကို ဝတ္တမာန် ပရဿပုဒ်ဓိဘတ်တို့ဖြင့် (က) သ္ဘာဒိဂိုဏ်း၊ (ခ) တနာဒိဂိုဏ်းတို့နှင့်အညီ အာချာတပဒမာလာ စဉ်ပြခဲ့ပါ။

၅။ ဥဏာဒိကျမ်းလာ သရအဆုံးမရှိသော ပစ္စည်းများကို သုတ်စဉ်နှင့်တကွ တွဲစပ်ဖော်ပြ၍၊ ပဌမနှင့် ပထမ မည်သည့်နည်းက အမှန်ဖြစ်သင့်သည်ကိုလည်း ကစ္စည်းဆရာအလိုကျ အကြောင်းသွင်း၍ ရှင်းပြပါ။

၆။ သမာသ်စပ်နှင့် တဒ္ဓိတ်စပ် အထူးကိုရေးသား၍၊ သမာသ်စပ်ရခြင်း၏ ရရှိသောအကျိုးကို ဖြေဆိုပြီးလျှင်၊ မာယူနမာဂမော ဌာနေ-သုတ်ဖြင့် ဇ, ဩ-ဝုဒ္ဓိလာရာဌာနများကိုလည်း အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

၇။ နာမ်ဝိဘတ်နှင့် အာချာတ်ဝိဘတ်တို့၏ အဓိပ္ပါယ်အထူးကို ဖြေဆို၍၊ အနဘူယတော သုခံ ဒေဝဒတ္တော်န-၌ နာမ်ဝိဘတ် သက်ထားပုံကိုလည်း ရူပသိဒ္ဓိအာဘော်နှင့် အညီ ရှင်းပြခဲ့ပါ။

၈။ ကရဿ+ကာသတ္တာမဇ္ဇတနိပ္ပိ-သုတ်ကို ကရဿ ကာ+သတ္တာမဇ္ဇတနိပ္ပိ-ဟု ခွဲခြား၍တည်လျှင် ရရှိနိုင်လာမည့် အကျိုးတရားတို့ကို ဖြေဆို၍၊ တိဇ ဂုပကိတ မာနေဟိ ခဆသာ ဝါ-သုတ်ဖြင့် ပစ္စည်းသက်ပုံ အစိအရင်ကိုလည်း သတ်မှတ်ဖြေဆိုခဲ့ပါ။

၉။ အန္တ, မာန-ပစ္စည်းများ နောင်းရာ၌ ဝိကရဏပစ္စည်းများ သက်နိုင်ရခြင်းအကြောင်းကို ရှင်းလင်းဖြေဆိုပြီးလျှင်၊ ဥဏာဒိကျမ်းလာ တွ-ပစ္စည်း နှစ်ခု၏ သာနေအထူးကိုလည်း ရူပသိဒ္ဓိအဖွင့်နှင့်အညီ အကြောင်းသွင်း၍ ရှင်းလင်းဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၁၀။ ဇာတိဘာဝတန္ဒိတ်နှင့် အဝုတ္တကမ္မသာဓန အဓိပ္ပါယ်ကို ပုံစံ ရှင်းလင်းချက်များနှင့်တကွ ပုဒ်စစ်လာအတိုင်း ရေးသားပြခဲ့ပါ။

၁။ ကစ္စာင်ပြဉ်နယ် (အဖြေ)
ပထမကြီးတန်း ။ ။ ကစ္စဉ်းသဒ္ဒါကြီးဘာသာ

၁။ (ယထာဂမမိကာရော၊ ဝိဒန္တေဉီ၊ သုနဿုနသေသာဇာတိနုဂါနုနနုခုနာနာ–သုတ်ဆိုင်ရာ တို့ကို ပါဠိဝေးလေ။

၂။ (သုတ်နက်များ ထင်ရှားပြီ)

၃။ နာမ်ရုပ်– ကိ–တည်၊ ကိသ္မာဝေါ–ဖြင့် ဝ–သက်၊ တွာဒယော–စသောသုတ်ဖြင့် ဝိဘတ် အမည်မှည့်၊ ကိသ က ဝေစ–ဖြင့် ကိ–ကို က–ပြု၊ တေသု ဝုဒ္ဓိ–စသောသုတ်ကြီးဖြင့် က–၏ အ–ကိုချေ၊ ကပ်၊ ကွ–ပြီး၏။

ကိတ်ရုပ်–

ဂမု–တည်၊ ဂမု ဂတိမှိ၊ ဓာတ်အမည်မှည့်၊ ဓာတွန် ဉ–ကိုချေ၊ ဗုဓဂမဒိတ္ထေ ကတ္တရိ–ဖြင့် တ–သက်၊ ဂမဓနဟနရုမာဒိနမန္တော–ဖြင့် ဓာတွန် မ–ကိုချေ၊ နာမ်ငဲ့၊ သိ–သက်၊ သြ–ပြု၊ ဂတော–ပြီး၏။

အာချာတ်ရုပ်

အသ–တည်၊ အသ ဘုဝိ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ–ကိုချေ၊ ဝတ္တမာန် သိ–သက်၊ ဘူဝါဒိတော အ–ဖြင့် အ–ပစ္စည်းသက်၊ လောပဠေတ္တမကာရော–ဖြင့် အ–ပစ္စည်းကိုချေ၊ သိမှိစ–ဖြင့် ဓာတွန် သ–ကိုချေ၊ အသိ–ပြီး၏။

နာမ်ရုပ်

တုမှ–တည်၊ သိ–သက်၊ တွမဟံ သိမှိစ–ဖြင့် ဝိဘတ်နှင့်တကွ တုမှ–ကို တွံ–ပြု၊ ပြီး၏။

ပုဒ်ဖြတ်– ယသ္မာ+အပေတိ+ဘယံ+အာဒတ္တေ ဇါ+တံ+အပါဒါနံ။

၄။ (က) ဘိက္ခူ ဇနံ ဓမ္မံ သာဝေတိ၊
(ခ) တဿ ဘိက္ခုနော ဇနော အနုဂ္ဂဟတိ။
(က) ဘိက္ခူ ဇနံ ဓမ္မံ သာဝေတိ၊

http://www.dhammadownload.com

(ခ) တသ ဘိက္ခုနော ဇနော ပတိဂိဏှာတိ။

(က) ဝါကျရှိ ဘိက္ခု-ဟူသော ကတ္တားသည် အနုဂိဏှာတိ-၌ အနု-ရှေးရှိသော ဂေ-ဓာတ်၏ အယ္ယဉ်, ပတိဂိဏှာတိ-၌ ပတိ-ရှေးရှိသော ဂေ-ဓာတ်၏ အယ္ယဉ် ဖြစ်သောကြောင့် (ခ)ဝါကျ၌ တသ ဘိက္ခုနော-ဟု သမ္ဗန်ဓနဖြစ်သည်။

ပဒမာလာ

(က) ပါပုဏာတိ, ပါပုဏန္တိ, ပါပုဏာသိ, ပါပုဏာထ, ပါပုဏာမိ, ပါပုဏာမ။

(ခ) ပပ္ပေါတိ, ပပ္ပေါန္တိ, ပပ္ပေါသိ, ပပ္ပေါထ, ပပ္ပေါမိ, ပပ္ပေါမ။

၅။ ချာဒီဟိ မန် မစ ဂေဝါ- မန်။
ဘဝိဿတိ ဂမာဒီဟိ ဏိယိဏ်- ယိဏ်။
သေသေသဿန္တုမာနာနာ- သဿန္တု။
ဆဒ္ဓါဒီဟိ တတြဏ်- တြဏ်။

ပဌမ/ပထမ

ပုထဿ ပုထုပထာမော ဝါ-သုတ်ဖြင့် ပုထ-ကို ပထ-ပြု၊ အမ-ပစ္စည်းဖြင့် ပြီးသောကြောင့် ဒန္တဇ ထ-ဖြင့် ပထမော-သာ သင့်သည်။

(ကွစိဓာတု-စသောသုတ်ကြီးဖြင့် ဒန္တဇ ထ-ကို မုဒ္ဓဇ ဋ-ပြုလျှင် ပဋမော-လည်းသင့်သည်။)

၅။ ပုဒ်အချင်းချင်းစပ်ခြင်းသည် သမာသ်စပ်၊
ပုဒ်နှင့် ပစ္စည်းစပ်ခြင်းသည် တဒ္ဓိတ်စပ်။

သမာသ်စပ်ရက္ခိုး

တစ်ပုဒ်တည်းဖြစ်ခြင်း၊ တစ်ဝိဘတ်တည်းဖြစ်ခြင်း။

၈, ဩ ဝုဒ္ဓိလာရာ

ဌာနေ-ဟု ဆိုခြင်းကြောင့် ဣ, ဥ-တို့၏ အာဒေသဖြစ်သော ယ, ဝ-တို့မှ ရှေ့၌သာလျှင် ၈, ဩ ဝုဒ္ဓိလာရသည်။

၇။ ကံ-စသည်, ဇကဝုစ်-စသည်အစွမ်းဖြင့် လိင်၏အနက်ကို ဝေဖန်တတ်သောကြောင့် သိ-စသည်သည် နာမ်ဝိဘတ်မည်သည်။

ကာလ-စသည်တို့အစွမ်းဖြင့် ဓာတ်၏အနက်ကို ဝေဖန်တတ်သောကြောင့် တိ-စသည်သည် အာချာတ်ဝိဘတ်မည်သည်။

http://www.dhammadownload.com

နာမ်ဝိဘတ်များ သက်ထားပုံ

အနုဘူယတေ-ဟူသော အာချာတ်ကြိယာဇစကြီးသည် ကံ-ကို ဟောပြီးဖြစ်၍ ကံ-အနက်၌ ဒုတိယာဝိဘတ်သက်ဖို့ မလိုသောကြောင့် လိင်အနက်ကို ထွန်းပြခြင်းအကျိုးငှါ သုခံ-ဟူသော ကံ-ပုဒ်နောင် ပထမာဝိဘတ်သာ သက်ရသည်။

အနုဘူယတေ-ဟူသော အာချာတ်ကြိယာဇစကြီးသည် ကံကိုသာ ဟော၍ ကတ္တားကို မဟောသောကြောင့် ကတ္တားအနက်ဟောဖို့ရန် ဒေဝဒတ္တေန-ဟူသော ကတ္တားပုဒ်နောင် ကတ္တရိစ-သုတ်ဖြင့် တတိယာဝိဘတ်သက်ပေးရသည်။

၈။ ကရ-ဓာတ်ကို ကာ-ပြုနိုင်ခြင်း, လိုအပ်လျှင် သ-လာနိုင်ခြင်းအကျိုးတရားများရှိသည်။

ပစ္စည်းသက်ပုံအစီအစဉ်

ဝဝတ္ထိတဝိဘာသာ ဝိ-သန္ဒိကြောင့် တိဇ-ဓာတ်နောင် သည်းခံခြင်းအနက်၌သာ ခ-ပစ္စည်းသက်ရသည်၊ ဂုပ-ဓာတ်နောင် ကဲ့ရဲ့ခြင်းအနက်၌သာ ဆ-ပစ္စည်းသက်ရသည်၊ ကိတ-ဓာတ်နောင် ယုံမှားခြင်း ဇော်ဂိကို ပယ်ဖျောက်ခြင်းအနက်၌သာ ဆ-ပစ္စည်းသက်ရသည်၊ မာန-ဓာတ်နောင် စူးစမ်းခြင်းအနက်၌သာ သ-ပစ္စည်းသက်ရသည်။

၉။ ပရသမညာ ပယောဂေ-ပရိဘာသာအရ ပရသမညာ၏ အစွမ်းဖြင့် အန္တ-ပစ္စည်းသည် ပရဿပုဒ်, မာန-ပစ္စည်းသည် အတ္တနောပုဒ်အမည်ရသောကြောင့် တိ-စသည်တို့၌ကဲ့သို့ အန္တ, မာန-ပစ္စည်းနှောင်းရာတို့၌လည်း ဝိကရဏပစ္စည်းသက်နိုင်သည်။

သာဓန-အထူး

ဘာဝကမ္မေသု ကိစ္စတ္တာခတ္ထာ-သုတ်လာ တ္တာ-ပစ္စည်းသည် ဘာဝကမ္မေသု-ဟု သတ်မှတ်ထားသောကြောင့် ဘာဝ,ကမ္မ သာဓန၌ သက်သည်။

ကမ္မနိ ဒုတိယာယံ တ္တောသုတ်လာ တ္တာ-ပစ္စည်းသည် ကံအနက်၌ ဒုတိယာဝိဘတ်ရှိခြင်းကြောင့် ဝိ- ကံအနက်ကို ဒုတိယာဝိဘတ်က ဟောသောကြောင့် ကတ္တုသာဓန၌ သက်သည်။

၁၀။ (ပုဒ်စစ်ထင်ရှားပြီ။)

http://www.dhammadownload.com

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ
၁၃၆၉--ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၃)ရက်၊ (၃- ၄-၂၀၀၇) ကြာသပတေးနေ့

၁။ သမာသ်ကျမ်းလာ ရဿပြုသောသုတ်နှင့် ဥဏှာဒ်ကျမ်းလာ စတုတ္ထိဝိဘတ်သက်သော သုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ်ကုန်စင်အောင် ပါဠိဂရေးပြခဲ့ပါ။

၂။ အောက်ပါတို့ကို သန္ဓိစည်းမျဉ်းနှင့်အညီ အနက်ပေးပြခဲ့ပါ။
(က) ကုသလော တွံ ရထဿ အင်္ဂပစ္စဂ်ိနံ၊
(ခ) ပံသုကူလိကဿ ဘာဝေါ ပံသုကူလိကတ္တံ၊
(ဂ) ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃဝိပရိတာဒေသလောပါဂမာ စ၊
(ဃ) စဂ္ဂဟဏောန ကိစ္စ တကာရဿ စ တုံ ပစ္စယဿ စ ရဠ ရဠုံ အာဒေသာ ဟောန္တိ, ဒဿနိယံ ဒဋ္ဌဗ္ဗံ၊ ဒဋ္ဌုံ ဝိဟာရံ ဂစ္ဆန္တိ သမဏောနံ။

၃။ အောက်ပါတို့ကို မှန်ကန်အောင်ဖြေပါ_
(က) အံမောတိ ကိမတ္ထံ၊ (ပုဒ်ဖြတ်) (ခ) အတ္တာဇံ၊ (ပုဒ်စပ်)
(ဂ) ဝါသဝိ၊ (ပစ္စည်း) (ဃ) သဒ္ဒေါ၊ (ပုဒ်) (င) ဝုလ္တိ။ (ဓာတ်)

၄။ ဒဒါတိတိ ဒါယကော_၌ (က) ဒဒါတိ_ကို အာချာတ်ရုပ်၊ (ခ) ဒါယကော_ကို ကိတ်ရုပ် တွက်ပြပြီးလျှင် ပါတိ ပုတ္တန္တိ ပိတာ_၌ ပိတာ_၏ ဂုဏ်း, ကာရန်တို့ကိုလည်း ဆုံးဖြတ်ပြပါ။

၅။ ဆဋ္ဌိကတ္တား, ဆဋ္ဌိကံဆိုင်ရာ ဥဒါဟရဏ်များကို ကာရကကျမ်းလာသည့်အတိုင်း ပြည့်စုံစွာ ဖော်ပြပြီးလျှင် သမာသ်ကျမ်း၌ ပစ္စည်းသက်၍ ပြီးသောပြယုဂ်များကိုလည်း သုတ်နှင့် တကွ အသီးသီး ရေးခဲ့ပါ။

၆။ မာယူန မာဂမော ဌာနေ_သုတ်၏ အဓိပ္ပါယ်ကို ပုံစံတစ်ခုစီနှင့် တကွ ရေးပြီးလျှင်၊ မ, ဟ,ဒ,ဘေဟိ မှ,ယှ,ဇ္ဈ,ဠှ၌ စ_သုတ်၏ အဓိပ္ပါယ်ကိုလည်း ပုံစံတစ်ခုစီနှင့် တွဲစပ်၍ ရေးခဲ့ပါ။

http://www.dhammadownload.com

၇။ သဟာဒိယောဂေ စ-သုတ်၌ 'အာဒိ' အရကို (ရှ)အလိုကျ ကောက်ပြ၍၊ ဝိသေသန၏ အဓိပ္ပါယ်ကို ညွှန်ပြကာ၊ ဓနုမှာ စ-သုတ်၌ ''စ-သဒ္ဒါ'' ထည့်ဆိုရခြင်းအကျိုးကိုလည်း ဖြေဆိုခဲ့ပါ။

၈။ ဇကာဒိတောဒသရသန်္ဂနေ-သုတ်ဖြင့် ရ-ပြုရာဝယ် ဒသ-ဟူသော အက္ခရာနှစ်လုံးတွင် မည်သည့်အက္ခရာကို ပြုရမည်နည်း အကြောင်းပြဖြေဆို၍၊ ဂမိဿန္တော ဧဆဲ ဝါ-သုတ်ပါ ''ဝါသဒ္ဒါ''ကိုလည်း ဝိဓိသုံးရပ် သတ်မှတ်ပြပါ။

၉။ ''ရုန္ဓတိ, လဘိတ္ထာ''ပုံစံတို့၌ ဓ ဗ ဘ ဟေတိ ဓ ဟာ စ သုတ်ဖြင့် တ အက္ခရာကို ဓ, ဗ မပြုရခြင်းအကြောင်းကိုရေးပြီးလျှင်၊ ကရဿ စ တတ္တံ တုသ္မိံ သုတ်လာ ''စ သဒ္ဒါ ၏ အနက်ကိုလည်း (ရှ) အလိုကျ အကြောင်းပြ၍ ညွှန်ပြခဲ့ပါ။

၁၀။ အာမေဍိတ် မည်ပုံနှင့်အာတွတ္ထဝိဂ္ဂဟ မည်ပုံတို့ကို ဥဒါဟရဏ်ပြ၍ ပုဒ်စစ်ကျမ်းလာသည့် အတိုင်း ရှင်းပြခဲ့ပါ။

၂။ ကယာဒြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ

၁။ (သရော ရဿော နပုံသကေ၊ ဘာဝါဒိဝိဗို့ စတုတ္ထိ-သုတ်ဆိုင်ရာတို့ကို ပါဠိဖွေးလေ)

၂။ (က) တွံ- သင်သည်၊ ရထသ- ရထား၏၊ အင်ပစ္စဂိါနံ- အဂိါကြီးငယ်တို့၌၊ ကုသလော-ကျွမ်းကျင်သည်မဟုတ်လော။
(ခ) ပံသုကူလိကံသ-ပံသုကူဋ္ဌတင်ဆောင်သူ၏၊ ဘာဝေါ-အဖြစ်တည်း၊ ပံသုကူလိကတ္တံ-ပံသုကူဋ္ဌတင်ဆောင်သူ၏အဖြစ်။
(ဂ) ဓာတုဝိဘတ္တိပစ္စယာနံ- ဓာတ်,ဝိဘတ်,ပစ္စည်းတို့၏၊ ကွစိ- အချို့သောအရာ၌၊ ဒိဃဝိပရိတာဒေသလောပါဂမာစ- ရဿ၏ ဒီဃဖြစ်ခြင်း, ဒီဃ၏ ရဿဖောက်ပြန်ခြင်း, ပြုခြင်း, ချေခြင်း, လာခြင်းတို့သည်လည်း၊ ဟောန္တိ- ဖြစ်ကုန်၏။
(ဃ) စဂ္ဂဟဏေန- စသဒ္ဒါဖြင့်၊ ကိစ္စတကာရဿ စ- ကိစ္စပစ္စည်း၏ တ-အက္ခရာ၏

http://www.dhammadownload.com

လည်းကောင်း၊ တုံ့ပစ္စယသဿ စ- တုံ့ပစ္စည်း၏လည်းကောင်း၊ ရဋ္ဌရဋ္ဌိအာဒေသာ- ရဋ္ဌ, ရဋ္ဌိ-ပြုတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ ဒဿနိယံ- ကြည့်ရှုခြင်း, ကြည့်ရှုအပ်၏၊ ဒဋ္ဌဗ္ဗံ- ကြည့်ရှုခြင်း, ကြည့်ရှုအပ်၏၊ သမဏာနံ- ရဟန်းတို့အား၊ (တို့ကို)၊ ဒဋ္ဌံ- ဖူးမြင်ခြင်းဌာ၊ ဝိဟာရံ- ကျောင်းသို့၊ ဂစ္ဆန္တိ- သွားကုန်၏။

၃။ (က) အံမော+ကွာတိ ကိ+အတ္ထံ။
(ခ) အတြေဇံ။ (ဂ) ကိ-ပစ္စည်း။
(ဃ) ဆ-ပုဒ်။
(င) ဝဟ-ဓာတ်။

၄။ (က) ဒါ-တည်၊ ဒါ ဒါနေ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ ဝတ္တုမာန် တိ-သက်၊ ဘူဝါဒိတော အ-ဖြင့် အ-ပစ္စည်းသက်၊ လောပ်ဥပ္ပတ္တိမကာရော-ဖြင့် အ-ပစ္စည်းကို ချေ၊ ကွစာဒိဝဏ္ဏာနမေကာသရာနံ ဒွေဘာဝေါ-ဖြင့် ဒါ-၏ ဒွေဘော် ဒါ-လာ၊ ပုဗ္ဗောဇ္ဈာသော-ဖြင့် ရေ့ဒါ-ကို အဇ္ဈာသ-မှည့်၊ ရသော-ဖြင့် အဇ္ဈာသ၏ : ကို အ-ရသပြု၊ ဒဒါတိ-ပြီး၏။
(ခ) ဒါ-တည်၊ ဒါ ဒါနေ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ သဗ္ဗတော ဏ္ဍုတ္တာဝိတ်-ဖြင့် ဏ္ဍု-သက်၊ ကာရိတ်ဝဲ့ အနကာ ယုဏ္ဍုနံ-ဖြင့် ဏ္ဍု-ကို အက-ပြု၊ အာကာရန္တာ နမာယော-ဖြင့် ဒါ-၏ အာ-ကို အာယ-ပြု၊ ယ-ခွင်း၊ ချေ၊ ကပ်၊ နာမ်ဝဲ့ သိ-သက်၊ ဩ-ပြု၊ ဒါယကော-ပြီး၏။
ဂိုဏ်း, ကာရန်- သတ္ထာဒိဂိုဏ်း, ဥ-ကာရန်။

၅။ ဆဋ္ဌိကတ္တား- ကတော ဓမေ ကလျာဏော၊ ကတံ ဓမေ ပါပံ။
ဆဋ္ဌိကံ- တဿ ဘဝန္တိ ဝတ္တာရော၊ သဟသာ ကမ္မဿ ကတ္တာရော။
ပြယုဂ်များ-
နဒီမှာ စ- ဗဟုနဒီကော၊ ဗဟုကန္တိကော၊ ဗဟုနာရိကော။
ဓနုမှာ စ- ဂါဏ္ဍိဝဓန္ဝာ။

၆။ ဝေယျာကရဏိကော, ဇေါတိဂိုကော-စသည်တို့၌ မာယူနမာဂမော ဌာနေ-ဖြင့် သင်္ဂလော် ရာဌာနဝယ် ဏ-အနုဗန်ရှိသောပစ္စည်းကြောင့် သံယုဂ်အဆုံးမရှိသည့် အစဖြစ်ကုန်သော ကွ,ဥ-တို့ကို ဝုဒ္ဓိမပြုဘဲ ထိုဝုဒ္ဓိအရာ၌ ဇ-ဝုဒ္ဓိ, ဩ-ဝုဒ္ဓိ လာပါသည်။

http://www.dhammadownload.com

မဟာဒေဝီ မွယ္ဂ ဿ ဒ္ဓါစ-သုတ်ဖြင့်-
အာဂမ္မ-၌ မ-ဆုံးသော ဓာတ်နောင်မှ တုန-စသည်ကို မွ-ပြု။
ပဂ္ဂယှ-၌ ဟ-ဆုံးသော ဓာတ်နောင်မှ တုန-စသည်ကို ယှ-ပြု။
ဥပ္ပဒ္ဓ-၌ ဒ-ဆုံးသော ဓာတ်နောင်မှ တုန-စသည်ကို ဒ္ဓ-ပြု။
အာရဗ္ဘ-၌ ဘ-ဆုံးသော ဓာတ်နောင်မှ တုန-စသည်ကို ဗ္ဘ-ပြု။
အာရဒ္ဓါ-၌ ဘ-ဆုံးသော ဓာတ်နောင်မှ တုန-စသည်ကို ဒ္ဓါ-ပြု။

၇။ အာဒိအရ- သဒ္ဒိ, သမံ, နာနာ, ဝိနာ, အလံ, ကိ-စသည်ကို ယူ။
ဝိသေသနအဓိပ္ပါယ်-
အထူးပြုကြောင်း ဖြစ်သော အနွယ်, နာမ်, ဇာတ်, အတာတ်, အရွယ်, ဂုဏ်-များသည် ဝိသေသနမည်၏။
- စသဒ္ဒါဆိုရကျိုး
ပစ္စက္ခဓမ္မာ-စသည်တို့၌ ဓမ္မ-စသည်နောက်၌ အာ-ပစ္စည်းသက်ရခြင်းအကျိုးရှိသည်။

၈။ ဇက-ဟူသော နိမိတ်နှင့်နိုးသောကြောင့် ဒ-ကိုသာ ရ-ပြုရသည်၊ သ-ကို ရ-မပြုရ။
၀၀ ဿုံးပါး
ဝဝတ္ထိတဝိဘာသာ ဝါ-သဒ္ဒါဖြင့် ဟာန, အန္တ-ပစ္စည်းတို့ကြောင့် ကတ္တားအနက်၌ နိစ္စဝိဓိ၊ အခြားသော ဝိဘတ်,ပစ္စည်းတို့ကြောင့် အနိစ္စဝိဓိ၊ ပရောက္ခာဝိဘတ်ကြောင့် အသန္တဝိဓိ-ဟူသော ဝ၀ိဿုံးပါးကို ပြသည်။

၉။ ရန္ဓတိ-၌ နိဂ္ဂဟိတ်ရှေ့ရှိသော အ-ပစ္စည်းခြားနေသောကြောင့်ဇလဲညီးကောင်း, လဘိတွာ-၌ ကွာ-သရခြားနေသောကြောင့်လည်းကောင်း တ-အက္ခရာကို ဓ, ဗ မပြုရ။
စသဒ္ဒါအနက်
ဘတ္တာ, ဟတ္တာ-စသည်တို့၌ ဘရ-စသော ဓာတ်တို့၏လည်း ဓာတ္တန်ကို တ-ပြုရသေးသောကြောင့် စသဒ္ဒါ သမုစ္စည်းအနက်ရှိသည်။

၁၀။ (ပုဒ်စစ်ထင်ရှားပြီ)

http://www.dhammadownload.com

၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ကရင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ
၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၃)ရက်၊ (၃– ၄– ၂၀၀၇) ကြာသပတေးနေ့

၁။ အောက်ပါသုတ်တို့၏ သုတ်, ဝုတ္တိ, ဥဒါဟရုဏ်တို့ကို စုံလင်စွာ ပါဠိဋေးခဲ့ပါ။
(က) တဒ္ဓိတ်ကျမ်း၌ ''ဏ''အနုဗန်ကို ချေသောသုတ်၊
(ခ) ကိတ်ကျမ်း၌ အန–အပြု၏ န–ကို ဏ–ပြုသောသုတ်။

၂။ အောက်ပါတို့ကို သဒ္ဒါစည်းကမ်းနှင့်အညီ အနက်ဖေးပါ။
(က) နဇ္ဇာ ကတံ တရင်္၊ နဇ္ဇာ နေရဉ္ဇရာယ တိရေ၊
(ခ) ကုသလာ နစ္စဂီတာသာ သိက္ခိတာ စာတုရိတ္ထိယော၊
(ဂ) သဗ္ဗေ ဂ္ဂါမေ ပါပါ အယမိမေသံ ဝိသေသေန ပါပေါတိ ပါပတရော၊
(ဃ) ဟောတိသဒေ့ ဟောဟေ ဘဝိဿန္တိပ္ပိ သဿစ။

၃။ အောက်ပါတို့တွင် (က)ကို သန္ဓိရုပ်ကျဉ်းနှစ်မျိုး(နဲ့)ကို အာချာတ်ရုပ်ကျဉ်း၊ (ဂ)ကို စတုတ္ထိဗဟုဝုစ်ဝိဘာတ်ဖြင့် ပဒမာလာ၊ (ဃ)ကို ဓာတု, ပစ္စယ ဝေဖန်ပြခဲ့ပါ။
(က) စိရပ္ပဝါသီ၊ (ခ) ဒမ္မိ၊ (ဂ) သခ၊ (ဃ) ဥဇ္ဇော။

၄။ အမိတဃနသရိရော–ကို အစိတ်ဝိဂြိုဟ်တို့နှင့်တကွ အပေါင်းဝိဂ္ဂဟသမာသ်ပြုပြီး၊ ၎င်း အပေါင်းဗဟုဗ္ဗိဟိသမာသ်၌ အဘယ်သမာသ်များ အတွင်းငုပ်နေသည်ကို ဖော်ပြလျက်၊ ပကောဋ္ဌ–သဏ်္ဌာန်၌ သုညလုံးရေ အဘယ်မျှရှိသည်ကိုလည်း သဏ်္ဌာမျှ ဖော်ပြပါ။

၅။ ဂ္ဂသု–ဓာတ်ကို ဘဝိဿန္တိဝိဘတ်, ပရဿပုဒ်, ပဌမပုရိသ်ဖြင့် ဓာတုမာလာစဉ်ပြပြီး၊ ဓာတုနိဒ္ဒိဋ္ဌ–အမည်ရသောပစ္စည်းတို့ကို ရေတွက်ဖော်ပြပြီးလျှင်၊ ဘော, ကံအနက်၌ ယ–ပစ္စည်း သက်ရောဝယ် နိမိတ်ဖြစ်သင့်သောဝိဘတ်တို့ကို သုံတ်ထောက်၍ ဖြေဆိုပါ။

၆။ တဒ္ဓိတ်ကျမ်းလာ တာ–ပစ္စည်းတို့၏ သက်ရာအနက်တို့ကို ပုံစံနှင့်တကွ ဖြေဆိုပြီးလျှင်၊ ကိတ်ကျမ်းလာ တေကာလိက–ပစ္စည်းတို့ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ အာချာတ်ပုဒ်၏ အဂီရပ်တို့ကို ရှုပသိဒ္ဓိလာအတိုင်း ဖြေဆိုပြီးလျှင်၊ ကိတ်ကျမ်း၌ ''နိဒ္ဒ'' အမည်ရသော ပစ္စည်းတို့ကိုလည်း သက်ရာသာဓနနှင့်တကွ ရှုပသိဒ္ဓိအလိုက္ခ ဖြေဆိုခဲ့ပါ။

၈။ ရဓာဒိတော် နိဂ္ဂဟိတပုဗ္ဗဉ္ဉ-သုတ်ဖြင့် နိဂ္ဂဟိတ်လာရာဌာနကို အကြောင်းပြ ဖြေဆိုပြီး၊ သညာယမန-သုတ်၌ ''နံ''အက္ခရာလာရာဌာနကို အကြောင်းနှင့်တကွ ဖြေဆိုပြီးလျှင်၊ ''ကွိ''ပစ္စည်းသက်ရာ သာဓနကိုလည်း ရှုပသိဒ္ဓိအလိုက္ခ ဖြေဆိုပါ။

၉။ ကစ္စည်းကျမ်း၌ပြဆိုသော ''အနုဗန်အက္ခရာ''တို့ကို ပြည့်စုံစွာဖော်ပြပြီး၊ ပေသ, အတိသဂ္ဂ, ပတ္တကာလ-တို့၏ အဓိပ္ပါယ်သဘောတို့ကိုလည်း ဖြေဆိုပါ။

၁၀။ ဂုဏိတာသန်္ဓာ၏ အဓိပ္ပါယ်ကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ဖြေဆိုပြီးလျှင်၊ သပရိယာယ ဝိဂ္ဂဟ၏ အဓိပ္ပါယ်ကိုလည်း ပုဒ်စစ်လာအတိုင်း ဖြေဆိုခဲ့ပါ။

ခ။ ကရင်ပြည်နယ် (အဓြေ)

ပဌမကြိမ်တန်း ။ ။ ကစ္စည်းသဒ္ဒါကြိမ်းဘာသာ

၁။ (က) တေသံ ဏော လောပံ-သုတ်၊ (ခ) ရဟာဒိတော ဏ-သုတ်ဆိုင်ရာကို ပါဠိဖွေးလေ။

၂။ (က) နဇ္ဇာ- မြစ်သည်၊ တရင်္ဂံ-လှိုင်းတံပိုးကို၊ ကတံ- ပြုအပ်၏။

(ခ) နစ္စဂိတာသ- ကခြင်း, သီဆိုခြင်း၌၊ ကုသလာ- ကျွမ်းကျင်ကုန်သော၊ သိက္ခိတာ- သင်အပ်ပြီးသော အတတ်ရှိကုန်သော၊ စာတုရာ- တင့်တယ်ကုန်သော၊ ဂ္ဂဟ္ထိယော- မိန်းမတို့သည်၊ ပရိဝါရေန္တိ- ခြံရံကုန်၏။

(ဂ) သဇ္ဇေ- အလုံးစုံကုန်သော၊ ဂ္ဂဟေ- ဂျာသူတို့သည်၊ ပါပါ- ယုတ်မာကုန်၏။ အယံ- ဂျာသူသည်၊ ဂ္ဂဟေသံ- ဂျာယုတ်မာသူတို့ထက်၊ ဝိသေသေန- အထူးအားဖြင့်၊ ဝါ- သာလွန်၍၊ ပါပေါ- ယုတ်မာသူတည်း၊ ဂ္ဂဟိတာသ္မာ- ထို့ကြောင့်၊ ပါပတရော- ပါပတရမည်၏၊ ပါပတရော- သာလွန်၍ ယုတ်မာသူ။

(ဃ) ဘဝိဿန္တိမွိ- ဘဝိဿန္တိဝိဘတ်ကြောင့်၊ ဟောတိသရော- ဟူဓာတ်၏ အဆုံးဦးသရသည်၊ ဧဟောဟော- ဧဟအဖြစ်, ဩဟအဖြစ်, အေဖြစ်သို့၊ အာပဇ္ဇတေ-

http://www.dhammadownload.com

ရောက်၏၊ သဿ စ_ သ_ဏ်လည်း၊ လောပေါ_ ကျေခြင်းသည်၊ ဝါ_ အချို့၊ ဟောတိ_ဖြစ်၏။

၃။ (က) စိရံ+ပဝါသီ_တည်၊ ဝဂ္ဂန်္တံ ဝါ ဝဂ္ဂေ_ဖြင့် နိဂ္ဂဟိတ်ကို ပဝဂ္ဂန္တ မ_ပြု၊ ယဝမဒန_ စသောသုတ်၌ စသဒ္ဒါဖြင့် မ_ကို ပ_ပြု၊ စိရပ္ပဝါသီ_ပြီး၏။
(တစ်နည်း) စိရံ+ပဝါသီ_တည်၊ ဗျဥ္ဇနေ စ_ဖြင့် နိဂ္ဂဟိတ်ကို ဧ၊ ပ_၏ သဒိသ ဒ္ဒဿော ပ_လာ၊ စိရပ္ပဝါသီ_ပြီး၏။

(ခ) ဒါ_တည်၊ ဒါ ဒါနေ၊ ဓာတ်အမည်ယူပြု၊ ဓာတွန်မဧ၊ဧစေရ၊ ဝတ္တမာန် မိ_ဝိတာတ်သက်၊ ဘူဝါဒိတော အ_ဖြင့် အ_ပစ္စည်းသက်၊ လောပဧ္ဆေတ္တမကာရော_ဖြင့် အ_ပစ္စည်းကို ဧ၊ ဒါဒန္တသဒ် မိမေသု_ဖြင့် ဒါ_၏ အာ_ကို အံ_ပြု၊ ဝဂ္ဂန်္တံ ဝါ ဝဂ္ဂေ_ဖြင့် ဝဂ္ဂန္တ_ပြု၊ ဒမ္မိ_ပြီး၏။

(ဂ) သဓါရာနံ, သဓါနံ, သဓိနံ။

(ဃ) ဝသ_ဓာတ်+ တ_ပစ္စည်း။

၄။ န မိတံ အမိတံ၊ ဃနံ ဇေ သရိရံ ဃနသရိရံ၊ (အဓိတ်)
အမိတံ ဃနသရိရံ ယဿ တထာဂတဿ သောယံ အမိတဃနသရိရော။ (အပေါ်ဒီး)
ကမ္မဓာရည်းအတွင်းငုပ်သည်။
သုညလုံး၀ေ_ ၁၄။

5/ ဓာတုမာလာ
ကွာဆ်ဆ ဿတိ၊ ကွာဆ်ဆ ဿန္တိ။
ဧသိဿတိ၊ ဧသိဿန္တိ။

ဓာတုနိဒ္ဒေသပစ္စည်း

၁, ဆ, သ, အာယ, ဤယ, ဧ၊ ဏာယ်, ဏာပေ, ဏာပယ, အလ, ဏာယ, အာရ, အာလ _ ၁၃။

နိပိတ်ဖြစ်သင့်သော ဝိဘတ်

အတ္တနောပဒါနိ ဘာ၀ေ ၈ ကမ္မနိ_သုတ်ကို ထောက်၍ အတ္တနောပုဒ်ဝိဘတ်ကိုယူ။

၆။ တာပစ္စည်းအနက်_
သမူဟ_ ဂါမတာ၊

http://www.dhammadownload.com

ဘာဝ– နိဒ္ဒါရာမတာ၊
သကတ်– ဒေဝတာ။

တေကာလိကပစ္စည်းများ–

ဏာ, အာ. ဏ္ဍာ, တု, အာဝိ, ရတ္ထာ, ရာတု, ကွိ. ရမ္မ, ဏိ. တု, အာဝိ, ယု, ရူ, ဏုက, ရ, ဏ္ဍ, အာ, တိ, ယု, ရိရိယ, ဏ္ဍန, ခ, ဏ္ဍ. တ, တုက, ဏ္ဍက,တဗ္ဗ, အနီယ,ဏျ. တေယျ, ရိစ္စ။

၇။ **အာချာတ်အဂ်ီ–**

၁။ ကာလ သုံးပါး, ပုရိသ သုံးပါး, ကာရက သုံးပါး, ဝုစ် နှစ်ပါးရှိခြင်း၊
၂။ လိင် သုံးပါးမရှိခြင်း၊
၃။ ကြိယာကို ဟောခြင်း။
နိဋ္ဌပစ္စည်း– တ, တဝန္တု, တာဝိ၊ (ကတ္တုသာဓန)

၈။ နိဂ္ဂဟိတ်သည် ပင်ကိုယ်အားဖြင့် ရဿသို့ အစဉ်လိုက်သောကြောင့် ဓာတ်သရမှ နောက်၌သာ လာသည်။

နံ–လာရာဌာန

နံ နိဂ္ဂဟိတံ ပဒန္တေ–၌ ပဒန္တေ–ဟုဆိုခြင်းကြောင့် အနိးကံပုဒ်၏ အဆုံး၌သာ နံ–လာသည်။
ကွိ–သာဓန ကိတ်အမည်ရှိသောကြောင့် ကတ္တုသာဓန၌ သက်သည်။

၉။ **အနုဗန်အက္ခရာများ–** က, ခ, ဃ, ဏ, န, ရ။
ဆောင်– ကကြီး, ဃကြီး၊ ဏကြီး, နငယ်၊ ခ, ရ ဆွဲယ်၊ ခြောက်သွယ် အနုဗန်။
ပေသ– အရှင်သည် ဤကိစ္စကို ပြုရမည်၊ ဝါ– ပြုလော့ ဟု စေခိုင်းတိုက်တွန်းခြင်း
အတိသဇ္ဇ– အကျွန်ုပ်သည် ဤအမှုကို ပြုရမှာပါလားဟု မေးအပ်သော အမှုကိုသော်လည်းကောင်း, သတ္တဝါကို မသတ်ထိုက်–စသော ကျင့်ဝတ်ပြုခြင်းကို အမှုံးပြုသဖြင့် ပြုထိုက်သော အမှုကိုသော်လည်းကောင်း ခွင့်ပြုခြင်း။
ပတ္တကာလ– မိမိ၏ ကိစ္စပြုချိန်ကို အမှတ်မပြုဘဲ နေသူအား အချိန်ကို ပြောပြခြင်း။

၁၀။ (ပုဒ်စစ်ထင်ရှားပြီ)။

http://www.dhammadownload.com

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြိုးတန်း ။ ။ ကစ္စည်းသခ္ခါကြိုး ဘာသာ

၁၃၆၉--ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃–ရက်(၃– ၄–၂၀၀၈) ကြာသပတေးနေ့။

၁။ သေသေ သံ နှုန် မာနာနာ–သုတ်လာ စရ–ဓာတ်, ဘိက္ခ–ဓာတ်တို့နှင့် သက်ဆိုင်သော ဥဒါဟရဏ်များကို အပိုအလိုမရှိ အတိအကျ ပါဠိဖေးပြပါ။

၂။ ပါဠိဝါကျစီကိုးရာ၌ နာမယောဂဝယ် ပဌမပုရိသ သက်ရမည်ဟု ညွှန်ကြားထားသော သုတ်စဉ်ပါဠိကို မှန်ကန်စွာ အနက်ပေးပြပါ။

၃။ နှုသေတိ ကိမတ္ထံ ? ကုသိနံ–၌ နှုသေတိ–ကို ပုဒ်ဖြတ်ပြ၍၊ ဇေတသွိတိ ကိမတ္ထံ ? ဂုဏာဒါ–၌ (က) ဇေတသွိတိ–ကို သန္ဓိရုပ်အကျဉ်း စိရင်ပြကာ၊ (ခ) ဂုဏာဒါ–ကို နာမ်ရုပ်အကျဉ်း တွက်ပြခဲ့ပါ။

၄။ ပုညာယ သုဂတိ ယန္တိ–၌ ပုည–သဒ္ဒါကို လိင်, ဂဏ, ကာရန္တ–အားဖြင့် မှန်ကန်စွာ ဖြေဆိုပြပြီးလျှင်၊ ဤတို့ သန္ဓိကပေ့ ပထမော ကဏ္ဍော–၌ 'ကဏ္ဍော'ပုဒ်ကို ဝစနတ္ထပြု၍ ဝစနတ္ထအမည် ပေးပြကာ၊ ဓာတု, ပစ္စယ–ကိုပါ ခွဲပြခဲ့ပါ။

၅။ နိမ္မာနတ္တာလောပဒိသာယောဂ–စသော စကားရပ်၌ တွာလောပ–၏ သဘောအဓိပ္ပါယ်ကို ပုံစံထုတ်၍ ရှင်းလင်းပြပါ။

၆။ အမာဒယော ပရပဒေဟိ–ဟူသောသုတ်၌ အမာဒယော–ဝယ် 'အာဒိ'အရ မှန်ကန်စွာ ကောက်ပြပြီးလျှင်၊ နာမာနံ သမုစ္စယော ဒွန္ဒော–၌ နာမာနံ–အရယူသင့် ယူထိုက်သော နာမပုဒ်အမျိုးအစားကို ဝုတ္တိအဖွင့်ကိုရှု၍ ဖြေဆိုပြပါ။

၇။ ဝဂ္ဂေ ယောသာယောသာနံ တတိယပဌမာ–သုတ်ဖြင့် အသဒိသဒ္ဒေဘော်ပြုရာ၌ နိဂ္ဂဟ

http://www.dhammadownload.com

သာရပုဒ်နောင် အသဒိသဒွေဘော် ပြုလုပ်နိုင်ခွင့်ရှိသော ဓာတ်များကို သက်ဆိုင်ရာ ပုံစံတစ်ခုစီဖြင့် ရှုပသိဒ္ဓိအလိုက္ခ ဖော်ထုတ်ပြပါ။

၈။ ဟေတုဝိဂတ္တပွဟာဏပုဗ္ဗယောဂဗန္ဓနဂုဏဝဝစနပဥ္စကထနထောကာကတ္တုသု စ-၌ ဟေတု-အရ ဟေတွတ္ထ-ကိသာ ယူရုပါမည်လော အာဘယ်ကိုလည်း ယူအပ်ပါသေးသနည်း ? အကြောင်းနှင့်တကွ ဖြေဆိုပြပါ။

၉။ သော နပုံသကလိင်္ဂ-သုတ်သည် ကာရိယာတိဒေသသုတ် ဟုတ်/ မဟုတ် အကြောင်းနှင့်တကွ ဖြေဆိုပြပြီးလျှင်၊ ဒွိပဒေ တုလျာဓိကရဏော ကမ္မဓာရယော-သုတ်၌ တုလျာဓိကရဏ-၏ သဘောအဓိပ္ပါယ်ကိုလည်း ရှုပသိဒ္ဓိအလိုက္ခ ဖြေဆိုပြပါ။

၁၀။ သုတ် ၄-ယျိုးသရုပ်ကို သုတ်စစ်ကျမ်းလာအတိုင်း တိကျစွာ ရေတွက်ပြပြီးလျှင်၊ သီဟဝိလောကနအဓိကာရသုတ်၏ အဓိပ္ပါယ်ကို သုတ်စစ်ကျမ်းလာအတိုင်းသာ ရေးသားဖြေဆိုပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ

၁။ မင်္ဂံ စရိဿတိ မင်္ဂံ စရိဿံ၊ ဇဝံ မင်္ဂံ စရန္တော၊ မင်္ဂံ စရမာနော၊ မင်္ဂံ စရာနော ဝဇတိ၊ ဘိက္ခံ ဘိက္ခိဿတိ ဘိက္ခံ ဘိက္ခိဿံ၊ ဇဝံ ဘိက္ခံ ဘိက္ခန္တော၊ ဘိက္ခံ ဘိက္ခမာနော၊ ဘိက္ခံ ဘိက္ခာနော ဝဇတိ။

၂။ တုလျာဓိကရဏော- တူသောတည်ရာအနက်ရှိသော၊ နာမ်- တုမှ, အမှ-မှတပါးသော နာမဿန္ဒိကို၊ ပယုဇ္ဇမာနေပိ- တိုက်ရိုက်ယှဉ်အပ်သော်လည်းကောင်း၊ အပ္ပယုဇ္ဇမာနေပိ- တိုက်ရိုက်မယှဉ်အပ်သော်လည်းကောင်း၊ ပထမော- ပထမပုရိသ်သည်၊ ဟောတိ- ဖြစ်၏။

http://www.dhammadownload.com

၃။ နှာသ+ကွတိ၊
(က) ဇောသု+ ကွတိ–တည်၊ ဝမောဒဒန္တာနံ–ဖြင့် ဥ–ကို ဝ–ပြု၊ တတိယဝိုင်း ဒီဃံ–ဖြင့် ကွ–ကို ကြ်–ဒီဃပြု။ ဝ, ကြ်–သို့ကပ်၊ သ, ဝိ–သို့ကပ်၊ ဇောသွိတိ–ပြီး၏။
(ခ) ဂုဏဝန္တု–တည်၊ သိ–သက်၊ အာ သိမှိ–ဖြင့် ဝိဘတ်နှင့်တကွ နှု–ကို အာ–ပြု၊ ဝ–ခွင်း၊ ချေ၊ ကပ်၊ ဂုဏာဒါ–ပြီး၏

၄။ ပုည–သည် နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ့ကာရန္တ့
ကဏ္ဍိတမ္ဘော ဆိန္ဒိတမ္ဘောတိ ကဏ္ဍော၊ ကမ္မသာဓနဝစနတ္ထ၊ ကဍိ–ဓာတ်+က–ပစ္စည်း၊

၅။ ပါသာဒါ သက်မေယျ၊ အာသနာ ဝုဋ္ဌဟေယျ–တို့၌ ပါသာဒံ အဘိရဟိတွာ အာသနေ နိသီဒိတွာ–ဟု တွာပစ္စယန္တအနက်ဖြစ်သင့်လျက် တွာပစ္စယန္တမရှိခြင်းသည် တွာလောပ နည်းမည်၏။

၆။ အာဒိအရ– တတိယန္တ, စတုတ္ထျန္တ, ပဉ္စမျန္တ, ဆဋ္ဌျန္တ, သတ္တမျန္တပုဒ်တို့ကို ယူ။
နာမာနံ–အရ ဝိဘတ်တူနာမ်ပုဒ်များကိုသာ ယူရပါမည်။ (နာမာနံ ဇကဝိဘတ္တိကာနံ)

၇။ ကမု–ဓာတ် နိက္ခမတိ။
ပဒ–ဓာတ် နိပ္ပတ္တိ။
စိ–ဓာတ် နိစ္စယော။
စရ–ဓာတ် နိစ္စရတိ။
တရ–ဓာတ် နိတ္ထရဏံ။

၈။ သရူပေကာသိသ်ကို ယူထားခြင်းကြောင့် ဟေတ္ထုပယောဂကိုလည်း ယူရပါသေးသည်။

၉။ အတိဒေသအမှတ်အသား ကွဝ–သန္နိကို မတွေ့ရခြင်းကြောင့် အတိဒေသသုတ်မဟုတ်ပါ။
တုလျာဓိကရဏ–
၅။ သုခုမာလတာဂုဏ်- အဖတ်လွယ်(စကာယဉ်) ဂုဏ်၊
၆။ သိလေသဂုဏ်- စပ်ဖက်တွဲကပ်ဂုဏ်၊
၇။ ဥဒါရတာဂုဏ်- ဂုဏ်ထူးပြဂုဏ်၊
၈။ ကန္တိဂုဏ်- နှစ်သက်ဖွယ်ရှိဂုဏ်၊
၉။ အတ္ထဗျတ္တိဂုဏ်- စကားရှင်းလင်းအနက်လွယ်ဂုဏ်၊
၁၀။ သမာဓိဂုဏ်- တင်စားဂုဏ်တို့ဖြစ်ကြပါသည်။

၈။ ရှိခိုးသောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော သဒ္ဓါပဏာမစေတနာပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။

http://www.dhammadownload.com

မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ၊
မြတ်စွာဘုရား၏ ဂုဏ်တော်တို့သည် ဥဒ္ဒိပနဝိဘာဝ၊
ရှိခိုးခြင်းကြောင့်ရရှိအပ်သော အကျိုးအဆက်ဆက်သည် အနုဘာဝ။
(က) ပသာဒဂုဏ်၊ (ခ) သမာသအတ္ထသြဇဂုဏ်။

၉။ ဝေတာလိင်္ဂါထာလက္ခဏာ–
၁။ ဝိသမပါဒအစ၌ ၆–မတြာရှိရခြင်း၊
၂။ သမပါဒအစ၌ ၈–မတြာရှိရခြင်း၊
၃။ ဝိသမပါဒအစ ၆–မတြာ, သမပါဒအစ ၈–မတြာနောင် ရ–ဂိုဏ်း, လဟု, ဂရှိရခြင်း၊
၄။ သမပါဒအစ၌ လဟု ၆–ခု တစ်ဆက်တည်း မနေရခြင်းတို့ ဖြစ်ပါသည်။
မ–ဂိုဏ်, န–ဂိုဏ်းဟု ခေါ်ရပုံ–
ရှည်လျားလေးပင်သော အသံဖြင့် ရွတ်ဖတ်သီဆိုအပ်သောကြောင့် မ–ဂိုဏ်းမည်၏၊
တိုတောင်းပေါ့ပါးလျော့သောအသံဖြင့် ရွတ်ဖတ်သီဆိုအပ်သောကြောင့် န–ဂိုဏ်းမည်၏။

၁၀။ ဆန်းဂါထာ ၃၈–ကို ပါဠိဇရေး၊ (အစလိစိတိ) ၄၉–ဂါထာကို အနက်ရေးလေ။ (ဝိဇ္ဇူမ္ဘာလာ)

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြိုးတန်း။ ။အဘိဓာန်+အလင်္ကာ+ဆန်း ဘာသာ
၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၅– ၄–၂၀၀၈) စနေနေ့

၁။ အောက်ပါ အဘိဓာန်ကျမ်းလာ ပါဠိဂေါဟာရတို့ကို သက်ဆိုင်ရာ မြန်မာဂေါဟာရတစ်ခု စီဖြင့် ပြန်လည် ရေးသားပြပါ။
(က) ဓမ္မသာမိ၊ (ခ) ပဝန၊ (ဂ) အန္တက၊ (ဃ) ရဝ၊
(င) ဗန္ဓဝေရ။

၂။ အသံအဂါ ရှစ်ပါးတို့တွင် နောက်ဆုံး ၃–ပါးကိုသာ ပါဠိမြန်မာ နှစ်ဖြာတွဲစပ် ယှဉ်ဟပ်ပြ၍ အာဘိသမာစာရိကသီလ၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုပြပါ။

http://www.dhammadownload.com

၃။ အောက်ပါ မြန်မာဝေါဟာရတို့ကို ပါဠိဝေါဟာရတစ်ခုစီ ပြန်လည် ရေးပြပါ။
(က) အစွယ်၊ (ခ) လက်ဝါးစောင်း၊ (ဂ) နို့သီး၊
(ဃ) ယဇ်တိုင်၊ (င) ထန်းလျက်။ (တင်လဲခဲ)

၄။ ရသ-သဒ္ဒါ၏ ဟောနက် ၉-ပါးတို့တွင် နောက်ဆုံးအနက် ၃-နက်ကိုသာ မြန်မာဘာသာ ဖြင့် ရေးသားပြပါ။

၅။ ကဗျာဗန္ဓဖွဲ့တတ်စေရန် ပညာရှိတို့ ညွှန်ကြားထားသော နည်းဥပဒေသကို လေးစားလိုက် နာသင့်ကြောင်း ပြဆိုထားသော အလင်္ကာပထမပိုင်းလာ ဂါထာပါဠိကို ပါဠိသက်သက် မျှသာ ရေးပြပါ။

၆။ အနုပ္ပါသမဓုရတာဂုဏ်၏ ပြယုဂ်ကို ကျကျနန ပြဆိုထားသော အလင်္ကာတတိယပိုင်း လာ ဂါထာပါဠိကို မှန်ကန်စွာ အနက်ယောဇနာပြပါ။

၇။ ''နှမ်းဖတ်ချဉ်း ရွှေဖိန့်၊ နန်းသူလက်သုံး'' ဟူသော ကဗျာ၌ သင့်ရောက်ထိုက်သော ဒေါသ၏ အမည်ကို အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ အနတ္ထကဒေါသနှင့် အပေတတ္ထ ဒေါသ-တို့၏ အထူးကို ဖြေဆိုပြပါ။

၈။ (က) အာရမ္မဏဝိဘာဝ၊ (ခ) ဥဒ္ဒိသနဝိဘာဝ၊ (ဂ) အနုဘာဝ-တို့၏ အဓိပ္ပါယ်တို့ကို သိသာရုံ မျှ ဖြေဆိုပြပါ။

၉။ ဝဏ္ဏာဝုတ္တိနိဒ္ဒေသ ဇဂတီဆန်းလာ ဂါထာအားလုံးတို့တွင် အစ၌ နှ-ဂိုဏ်းဖြင့် စတင်၍ ရေးသားရသော ဂါထာအမည်များကို အစဉ်မပျက် ရေးသားပြပါ။

၁၀။ အောက်ပါ ဂါထာကို ဂါထာအမည်, ဆန်းအမည်မျှသာ ပေးပြခဲ့ပါ။
ပရတ္ထသမ္ဘာဒနတော၊ ပုညေနာဓိဂတောနဟံ။
ပရတ္ထသမ္ဘာဒနကော၊ ဘဝေယျံ ဇာတိဇာတိယံ။

http://www.dhammadownload.com

၄။ ချင်းပြည်နယ် (အရပြ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်း ဘာသာ

၁။ (က) ဘုရား၊ (ခ) လေ၊ (ဂ) မာရ်နတ်၊ (ဃ) အသံ၊ (င) ရန်ပြုဖွဲ့ခြင်း။

၂။ ဗိန္ဒု- လုံးသောအသံ၊ ဂဒ္ဒိရ- နက်နဲသောအသံ၊ နိန္ဒ- ပွဲတင်ထပ်သောအသံ။
အာဘိသမာစာရိကသီလ၏ အဓိပ္ပါယ်-
ခုဒ္ဒ, အနုခုဒ္ဒကဖြစ်သော စာရိတ္တသီလသည် အာဘိသမာစာရိကသီလမည်သည်။

၃။ (က) ဒါဌာ၊ (ခ) ကရဘ၊ (ဂ) စူစုက၊ (ဃ) ယူပ၊ (င) ဝိသကဏ္ဌက။

၄။ **ရသ-တောနက် နောက်ဆုံး ၃-ခု-**
ဓာတ် ဂ-ပါး၏ အထူးဖြစ်သော ရသဓာတ်၊
သံယဉ်ဇန-စသော ကိစ္စ၊
သံယဉ်ဇန-စသော ကိစ္စတို့၏ ပြည့်စုံခြင်း။

၅။ အလင်္ကာဂါထာနံပါတ် ၁၅-ဂါထာကိုပါဠိဇရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၁၂၉-ဂါထာကို အနက်ရေးလေ။

၇။ ဝိသေသနဂုဏ်ပုဒ် လွန်ကဲခြင်းကြောင့် အဂျတ္ထဒေါသ သင့်ပါသည်။
အနတ္ထကနှင့် အပေတ္ထဒေါသ အထူး-
အနက်မရ ပါဒပြည့်ရုံမျှဖြစ်၍ သင့်သောဒေါသသည် အနတ္ထကဒေါသ၊
ရှေ့နောက် ဆက်စပ်မှုမရှိ အပေါင်းဖြစ်သော ဝိဇ္ဇာတ္ထအနက် အဓိပ္ပါယ်မှကင်း၍ သင့်သော
ဒေါသသည် အပေတ္ထဒေါသ၊ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

၈။ (က) ဘာဝဖြစ်ပေါ်ဖို့ရန် မုချတိုက်ရိုက်ပဓာနဖြစ်သော အာရုံအကြောင်းရင်းသည် အာလမ္ဗဏဝိဘာဝမည်၏။

(ခ) ဖြစ်ပေါ်ပြီး ဘာဝတို့ကို ထင်စွာပြဖို့ရန် အပဓာနဖြစ်သော အကြောင်းများသည် ဥဒ္ဒိပနဝိဘာဝ။

(ဂ) ဘာဝတို့ကို သိစေတတ်သော ကိုယ်အမူအရာ နှုတ်အမူအရာ အကျိုးတရားသည် အနုဘာဝမည်၏။

၉။ ၁။ ဒုတဝိလမ္ဗိတဂါထာ၊ ၂။ ပုဋ္ဌဂါထာ၊ ၃။ ကုသုမဝိစိတ္တာဂါထာ၊
၄။ ဝိယံဝဒံဂါထာ၊ ၅။ ဥဒ္ဂလာဂါထာ၊ ၆။ တာမရသဂါထာ–တို့ဖြစ်သည်။

၁၀။ ပရတ္ထသမ္မာဒနတော–စသော ဂါထာသည်–
ဘကာရဝိပုလာဂါထာ၊ အနုဋ္ဌုဘဆန်း ဖြစ်ပါသည်။

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
ခုဝဂ္ဂ–ခုနှစ်၊ တပေါင်းလပြည့်ကျင်(၇)ရက်၊ (၂၈–၃–၂၀၀၈)အသာကြာနေ့

၁။ အောက်ဖော်ပြပါ ပါဠိတော်တို့ကို မြန်မာဘာသာ တစ်ခုစီ ပြန်ဆိုပါ။
(က) သိဒ္ဓတ္ထ၊ (ခ) ဝိယူသ၊ (ဂ) ဇိမူတ၊ (ဃ) ကရ၊ (င) ဇိဇ၊
(စ) နိဒဿန၊ (ဆ) ဇဋာ၊ (ဇ) ဆဏ၊ (ဈ) သရဏ၊ (ည) ကသမ္ဗု။

၂။ အောက်ဖော်ပြပါ မြန်မာဇေါဟာရတို့ကို ပါဠိဘာသာ တစ်ခုစီ ပြန်ဆိုပါ။
(က) အပျို၊ (ခ) သားရင်း၊ (ဂ) ဆံဖြူ၊ (ဃ) အရှိး၊ (င) ဘောလုံး၊
(စ) တရားသူကြီး၊ (ဆ) ရိက္ခာ၊ (ဇ) တပည့်၊ (ဈ) တောင်ဝှေး၊ (ည) ထမင်းရည်၊

၃။ သာယာနာပျော်ဖွယ်ကောင်းလှသော ဘုရားရှင်၏ အသံတော် အစိတ်အပိုင်း(၈)ပါးတို့ကို ပါဠိ+မြန်မာ တွဲစပ်ဖြေဆိုး၍၊ သင်္ချာသဒ္ဒါတို့၏ ဖြစ်ရာနှင့် လိင်အဆုံးအဖြတ်တို့ကို အဘိဓာန်လာအတိုင်း ခွဲခြား ဖြေဆိုပြပါ။

http://www.dhammadownload.com

၇။ သာသနာ့သမိုင်းတွင် မှတ်တမ်းတင်ထားသော ''တောင်အထူး''တို့ကို ဖြေဆိုခြင်း၊ သဿဒ္ဒါ ဟောနိုင်သော အနက်တို့ကို ပြဆိုသော ဂါထာကို ပါဠိဇရေးသား ဖြေဆိုပါ။

၈။ ပညာရှင်တို့ အသိအမှတ်ပြု **လက်ခံ/လက်မခံ** အပ်သော ယမယပြ ဂါထာတို့ကို ပါဠိဇရေးပြပါ။

၆။ **''တစ်ပိုးလုံးအောက်၊ ငါးတစ်ယောက်၌၊ စုရောက်ဂုဏ်ပေါင်း၊ အပြည့်အောင်းဏ၊ သောင်းသောင်းဖြဖြ၊ ပူဇော်ကြရန်၊ ငါသာတန်သည်၊ ကဲလွန်ဂုဏ်ထူး ရှင်ပေမို့''** ဟူသောစကား၌ သင့်ရောက်ထိုက်သော ဒေါသကို ရှင်းလင်းဖြေဆိုခြင်း၊ **''နိလုပ္ပလာဘံ နယနံ''** စသောဂါထာသည် အဘယ်အကြောင်းများကြောင့် အဘယ်ဒေါသမှ ကင်းလွတ်နိုင်သည်ကိုလည်း ဖြေဆိုပြပါ။

၅။ **''ပထမ ဥဒါရတာဂုဏ်''** မြောက်ပုံပြု ဥဒါဟရဏ်ဂါထာကို အနက်ပေးပြပါ။

၈။ **''အသက်ရှည်ချင်လျှင်၊ များများ ရယ်ရမည်''** ဟု ပြောဆိုနေကြရာဝယ် အများသိရှိနိုင်ရန် ရယ်ရွှင်ခြင်း (၆)မျိုးတို့ကို ခွဲခြား ဖြေဆိုပြပါ။

၉။ ဂရု-အမျိုးအစားများကို ခွဲခြား ဖြေဆိုခြင်း၊ စပလာဂါထာ,ကြာန္ဒဝဇိရာဂါထာတို့၏ **လက္ခဏာ** တို့ကိုလည်း အသီးအသီး ခွဲခြားဖြေဆိုပြပါ။

၁၀။ ၁၉-လုံးဖွဲ့ ဆန်းဂါထာတို့ကို ပါဠိဇရေးခြင်း၊ အောက်ပါ ဂါထာကိုလည်း **ဂါထာအမည်, ဆန်းအမည်** ပေးပြပါ။

ပတ္ထာရေ သဗ္ဗဂေ ပါဒေ၊ ပုဗ္ဗဂါ ဓော လွရေ သမာ။
ပုဗ္ဗေ ဂရု တော စ မိမေ၊ ကတ္တာဗ္ဗာ ယာဝ သဗ္ဗလာ။

http://www.dhammadownload.com

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) ဂေါတမဘုရား။ (ခ) နတ်သြဇာ၊ (ဂ) မိုးတိမ်၊ (ဃ) အရောင်၊
(င) အကြောင်း၊ (စ) ဥဒါဟရဏ်ပုံစံ၊ (ဆ) ဆံကျစ်၊
(ဇ) ပျော်ပွဲပူဇော်ပွဲ၊ (ဈ) နိဗ္ဗာန်၊ (ည) အမှိုက်။

၂။ (က) ယုဝတီ၊ (ခ) သြရသ၊ (ဂ) ပလိတ၊ (ဃ) အဋ္ဌ၊
(င) ဂေဏုကာ၊ (စ) အက္ခဒဿ၊ (ဆ) ပါထေယျ၊ (ဇ) သိဿ၊
(ဈ) ကတ္တာရယိဋ္ဌ၊ (ည) နိဿာဝ။

၃။ ဝိဿဋ္ဌ- သန့်ရှင်းသောအသံ၊ မဉ္ဇု- သာယာသောအသံ၊
ဝိညေယျ- သိလွယ်သောအသံ၊ သဝနီယ- နာချင်ဖွယ်ရှိသောအသံ၊
အဝိသာရီ- ဗရိုဗရဲမကွဲသောအသံ၊ ဗိန္ဒု- လုံးသောအသံ၊
ဂမ္ဘီရ- နက်နဲသောအသံ၊ နိန္နာဒီ- ပဲ့တင်ထပ်သောအသံ။

သချ်ာသဒ္ဒါတို့၏ အဆုံးအဖြတ်-

ကေ-အစ အဋ္ဌာရသ အဆုံးရှိကုန်သော သချ်ာတို့သည် ရေတွက်အပ်သော သချေ်ယျ ဒြပ်၌ လိင် ၃-ပါးတို့၌ ဖြစ်ပါသည်။

ဝိသတိ-အစ နဝုတိ-အဆုံးရှိသော သချ်ာတို့သည် သချ်ာပဓာန၌သော်လည်းကောင်း သချေ်ယျပဓာန၌သော်လည်းကောင်း ကေဝုစ်၌ ဖြစ်ပါသည်။

အစုကွဲပြားခြင်းရှိသော ဗဟုဝုစ်၌လည်း ဖြစ်ပါသည်။

ထိုဝိသတိစသော သချ်ာတို့သည် နဝုတိတိုင်အောင် ဂ္ဂဟတ္ထလိင်၌ ဖြစ်ပါသည်။

၄။ **တောင်ထူး ဂ-ပါး-**

ဂိဇ္ဈကူဋ်တောင်၊ ဓေဘာရတောင်၊ ဝေပုလ္လတောင်၊ ဂ္ဂသိဂိလိတောင်၊ ဂိဇ္ဈတောင်၊ ပဏ္ဍဝတောင်၊ ဝက်တောင်။

သ-သဒ္ဒါ တောနိုင်သော အနက်-အနေကတ္ထဝဂ်၊ ဂါထာ ၈၀၈-ကို ပါဠိရေးလေ။

http://www.dhammadownload.com

၅။ အလင်္ကာဂါထာ ၂၄၊ ၂၅-တို့ကို ပါဠိရေးလေ။

၆။ ဤစကားရပ်သည် မိမိကိုယ်ကို အလွန်အကျူး ချီးမြှောက်ပြောဆို၍ အသင့်ယုတ်တို့ကင်းသောကြောင့် ဩဇာတျဟိနဒေါသသင့်ပါသည်။

ကင်းလွတ်နိုင်ပုံ-

အချင်းချင်းစပ်သင့်သော နယနံ-ဟူသောပုဒ်နှင့် နိလုပ္ပလာဘံ-ဟူသောပုဒ်တို့၏ နိုးခြင်း အဓရော-ဟူသောပုဒ်နှင့် ဗန္ဓုကရုစိရော-ဟူသောပုဒ်တို့၏ နိုးခြင်း နာသာ-ဟူသောပုဒ်နှင့် ဟေမကံ့သော-ဟူသောပုဒ်တို့၏ နိုးခြင်းရှိသည်၏ အဖြစ်ကြောင့် ဗျာကိဏ္ဏဒေါသမှ လွတ်ပါသည်။

၇။ အလင်္ကာဂါထာနံပါတ် ၁၄၃-ကို အနက်ရေးလေ။

၈။ မြတ်သောသူတို့၏ ရယ်ခြင်း-

၁။ မျက်စိပွင့်ရုံ ရယ်ခြင်း၊ ၂။ သွားပေါ်ရုံ ရယ်ခြင်း။

အလတ်စားပုဂ္ဂိုလ်တို့၏ ရယ်ခြင်း-

၁။ ဖြည်းညှင်းချိုသာ အသံထွက်ရုံမျှရယ်ခြင်း၊ ၂။ ပခုံးခါင်းလှုပ်အောင် ရယ်ခြင်း။

အညံ့စား ပုဂ္ဂိုလ်တို့၏ ရယ်ခြင်း-

၁။ မျက်ရည်ထွက်အောင် ရယ်ခြင်း၊

၂။ တစ်ကိုယ်လုံးသိမ့်သိမ့်၏ ကိုယ်ကိုပစ်လဲ၍ ရယ်ခြင်းတို့ဖြစ်ပါသည်။

၉။ **ဂရုအမျိုးအစား-**

နိဂ္ဂဟိတ်နှောင်းသောဂရု, သံယုဂ်နှောင်းသောဂရု, ဒီဃဂရု, ပါဒန္တဂရု။

စပလာဂါထာ၏ လက္ခဏာ-

အရိယာဂါထာ၌ ဆိုခဲ့ပြီးသော လက္ခဏာရှိခြင်း၊

ပုဗ္ဗမု, အပရမု ၂-ပါးစုံတို့၌ ဒုတိယ, စတုတ္ထဂိုဏ်းသည် ဇ-ဂိုဏ်းဖြစ်ခြင်း၊

ထိုဒုတိယ, စတုတ္ထ ဇ-ဂိုဏ်းသည် ဂရု ၂-လုံးတို့၏ အလယ်သို့ရောက်ခြင်း။

http://www.dhammadownload.com

ဣန္ဒ္ရိယဝိရာဂါဒိထာလက္ခဏာ-
ပါဒတိုင်း ပါဒတိုင်း တ-ဂိုဏ်း ၂-ဂိုဏ်း၊ ဇ-ဂိုဏ်း၊ ဂရု ၂-ခုရှိခြင်း။

၁၀။ ဆန်းဂါထာနံပါတ် ၁၀၂။ ၁၀၃-တို့ကို ပါဠိရေးလေ။
ပတ္ထာရေ-စသော ဂါထာသည်
တတိယ ဘကာရဝိပုလ်ဟဂါထာ၊ အနုဋ္ဌုဘဆန်း။

၆။ ပထမပြန်စာဇမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း) ပထမကြိုးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ဆန်းသင်္ဂဟဘာသာ ၁၃၆၉-ခုနှစ်၊ တဇပါင်းလပြည့်ကျော် (၁၅)ရက်(၅-၄-၂၀၀၈) စဇနဇနဲ့

၁။ ဖော်ပြပါ ပါဠိဝေါဟာရတို့ကို မြန်မာဝေါဟာရတစ်ခုစီ ပြန်ဆိုပါ။
(က) အာဒိစ္စဗန္ဓု၊ (ခ) ဝိတရာဂ၊ (ဂ) ပါစီ၊ (ဃ) အဌိ၊ (င) ကဏ္ဏဝေဌန၊
(စ) ကာသာဝ၊ (ဆ) အဂရု၊ (ဇ) သိန္ဒို၊ (ဈ) ဗဇ္ဈ၊ (ည) က။

၂။ ဖော်ပြပါ မြန်မာဝေါဟာရတို့ကို ပါဠိဝေါဟာရကုန်စင်အောင် ပြန်ဆိုပါ။
(က) လဝန်း၊ (ခ) ကျိန်ဆိုခြင်း၊ (ဂ) မုဆိုးမ၊ (ဃ) မှန်၊ (င) မောင်ရှင်(ကိုရင်)။

၃။ ရတန-မှစ၍ ယောဇန-တိုင်အောင် အတိုင်းအတာများကို အဘိဓာန်ကျမ်းနှင့်အညီ ရေတွက်ပြ၍၊ အက္ခောဘိဏီတပ်၏ လက္ခဏာကိုလည်း အဘိဓာန်ကျမ်းလာအတိုင်း ရေးပြပါ။

၄။ ဗောဓိ-သဒ္ဒါ၏ အတ္ထကို ပြဆိုသော ဂါထာကို ပါဠိရေး၍၊ ဂရု(ဂုရု)သဒ္ဒါ၏ ဟောနိုင်သော အနက်များကို မြန်မာဘာသာဖြင့်သာ ထုတ်ပြပါ။

၅။ (က) ဟိနတ္ထကဒေါသ သင့်ပုံဂါထာ၊ (ခ) ဟိနတ္ထကဒေါသမှ လွတ်ပုံဂါထာတို့ကို ပါဠိ မှန်ကန်စွာ ရေးပြပါ။

http://www.dhammadownload.com

၆။ 'တိဝုတ်ဂါမ္မ၊ လွန်မြောက်က၊ ဂုဏ– ကန့်ပါ' ဟူသော ကဗျာဆိုလိုချက်အရ ကန့်ဂုဏ် ရောက်ပုံပြဂါထာကို အနက်ယောဇနာပြပါ။

၇။ ဖော်ပြပါ (က)၌ အပြစ်အဲ့သဲ့၊ (ခ) လွတ်မြောက်နိုင်သော အပြစ်အဲ့သဲ့၊ (ဂ) ရနိုင်သော ဂုဏ်တို့ကို အသီးအသီး အကြောင်းပြ၍ ဖြေဆိုပါ။
(က) ခွေးနှင့် ဆိတ်တို့သည် မြက်နှင့် အမဲသားကို ဆောင်ကုန်၏၊
(ခ) ကမ္ဘာတွင် နေဇာတုန်းမှ မောင်မုန်းပါမယ်၊
(ဂ) ထက်ကြွ,သိမ်းဆဲ၊ မျှသုံးစွဲ၊ ပေါင်းမြို မိတ်ဆွေကောင်း။

၈။ ယတိဌာန–သုံးပါးကို ပါဠိ,မြန်မာ တွဲစပ်၍ အလင်္ကာကျမ်းလာအတိုင်း ဖော်ပြပြီးလျှင်၊ 'ဘုရား ဘုရား၊ အာရုံပွားလျက်၊ ပြောကြားမြွက်ဆို၊ လူထိုထို၏၊ ကိုယ်မှာ ပွားထုံ၊ ပိတိဟုန်ကား၊ လုံးစုံလင်ကျ၊ ဒက္ခိဏာထက်၊ မှန်စွာမချွတ်၊ ပိုလွန်မြတ်၏' ဟူသော လင်္ကာကို ဘာဝ,ဝိဘာဝ,အနုဘာဝ ထုတ်ပြပါ။

၉။ သြပဉ္ဆ နှာသက–ဂါထာကို ပါဠိမှန်ကန်စွာ ရေးပြ၍ ရုပ္ပဝတီ–ဂါထာကို မှန်ကန်စွာ အနက် ယောဇနာပြပါ။

၁၀။ လေးပါဒလုံး၌ ဒု ဂိုဏ်းနှစ်ခု, ရ ဂိုဏ်း, လဟု, ဂရု–တို့ပြင့် ဖွဲ့စီထားသော ဂါထာကို ဂါထာအမည် ဆန်းအမည်မျှ ဖော်ပြ၍၊ ဝိပရိတပထျာဝတ္တာ–ဂါထာ၏ လက္ခဏာကိုလည်း ရေးခဲ့ပါ။

၆။ တနသ်ာရီတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) ဂေါတမဘုရား၊ (ခ) ရဟန္တာ၊ (ဂ) အရှေ့အရပ်၊ (ဃ) အမည်၊
(င) နားဆောင်း၊ (စ) သင်္ကန်း၊ (ဆ) အကျော်၊ (ဇ) စွန့်ပလွန့်ပင်၊
(ဈ) ကြောင်၊ (ည) ရေ။

http://www.dhammadownload.com

၂။ (က) ဗိမ္ဗ၊ (ခ) သပန၊ (ဂ) ဝိဓဝါ၊ (ဃ) အာဒါသ၊ (င) သာမဏေရ။

၃။ နှစ်ထွာ တစ်တောင်၊ ခုနစ်တောင် တစ်တာ၊ တာနှစ်ဆယ် တစ်ဥသဘ၊ ဥသဘရှစ်ဆယ် တစ်ဂါဝုတ်၊ လေးဂါဝုတ် တစ်ယူဇနာ။

အက္ခောဘိနီတပ် လက္ခဏာ–

ဖြတ်သန်းသွားလျှင် ငါးစည်းတိုင်း ငါးစည်းတိုင်း ငါးအလုံး ၆၀–ရှိသော ငါးစည်း ၆၀–တို့ကို မှန်မှန်သက်သက် ကျေသွားစေနိုင်သောစစ်တပ်ကို အက္ခောဘိနီတပ်ဟု ဆိုပါသည်။

၄။ အနေကတ္ထဝဂ် ဂဝ၅–ဂါထာကို ပါဠိဖွင့်ရေးပါ။

ဂရု–သဒ္ဒါတောနက်–

၁။ ဆရာ၊ ၂။ အမိ, အဖ၊ ၃။ များသည်၊ ၄။ ကြေစေနိုင်ခဲသည်၊ ၅။ လေးသည် တို့ဖြစ်သည်။

၅။ အလင်္ကာဂါထာနံပါတ် (က) ၃၈၊ (ခ) ၈၄–ဂါထာတို့ကို ပါဠိဖွင့်ရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၉၅–ဂါထာကို အနက်ရေးလေ။

၇။ (က) ရှေ့စကားနှင့် နောက်စကားအစဉ်ကျိုး ပျက်သောကြောင့် အပက္ကမဒေါသ သင့်ပါသည်။

(ခ) ချစ်ကြောင်းကို ထင်ရှားစွာပြသောကြောင့် အတိဝုတ္တိဒေါသမှ လွှဲမြောက်ပါသည်။

(ဂ) သမ္ပပ္ပဓာန်လေးပါးကို အကျဉ်းချုံး၍ ပြသောကြောင့် သမာသအတ္ထဩဝါဒ မြောက်ပါသည်။

၈။ ၁။ ပါဒန္တယတိ– လေးပါဒလုံး၏ ပါဒတိုင်း အဆုံး၌ ပုဒ်တို့ကို ဖြတ်ရပ်ရမည်၊

၂။ ဝုတ္တမှ ဝိသေသယတိ– ဒုတိယပါဒအဆုံးနှင့် စတုတ္ထပါဒအဆုံးတို့၌ ပုဒ်တို့ကို အထူးအားဖြင့် သိသိသာသာ ဖြတ်ရပ်ရမည်။

၃။ ပဒမဇ္ဈယတိ– ပထမပါဒ အဆုံးနှင့် ဒုတိယပါဒအစ တတိယပါဒအဆုံးနှင့် စတုတ္ထ

http://www.dhammadownload.com

ပါဒအစ ရှေ့ဘက်နောက်ဘက် တစ်လုံးထက်များသောပုဒ်တို့၏ အလယ်၌ အက္ခရာတို့ကို ဖြတ်ရပ်ရမည်။

ဘာဝ,ဝိဘာဝ,အနုဘာဝ-

ဘုရားကို အာရုံပြုသောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ဝိတိပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိဒ္ဓိရရသ။

မြတ်စွာဘုရားသည် အာလမ္ဗဏဝိဘာဝ။

မြတ်စွာဘုရား၏ ဂုဏ်တော်များသည် ဥဒ္ဒိပနဝိဘာဝ။

ရှိခိုးခြင်းကြောင့် ရရှိအပ်သော အကျိုးအဆက်ဆက်သည် အနုဘာဝ။

၉။ ဆန်းဂါထာနံပါတ် ၃၀-ကို ပါဠိဖေးလေ၊
ဂါထာနံပါတ် ၅၇-ကို အနက်ရေးလေ။

၁၀။ ဘဒ္ဒိကာဂါထာ၊ တိဋ္ဌဘာဆန်း။

ဝိပရိတ ပထျာဝတ္တဂါထာလက္ခဏာ-

၁။ ပါဒတိုင်း အက္ခရာရှစ်လုံးစီရှိခြင်း၊
၂။ ပါဒတိုင်း အစတစ်လုံးနောင် သ, န-ဂိုဏ်း မရှိခြင်း၊
၃။ သမပါဒ အစလေးလုံးနောင် ယ-ဂိုဏ်းရှိခြင်း၊
၄။ ဝိသမပါဒ အစလေးလုံးနောင် ဇ-ဂိုဏ်းရှိခြင်း။

၇။ ပထမပြန်စာမေးပွဲ ကျင်းပစရာဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အနောက်ပိုင်း) ပထမကြီးတန်း ။ ။ အဘိဓာန်, အလင်္ကာ, ဆန်း ဘာသာ
၁၃၆၉-ခုနှစ် တပေါင်းလပြည့်ဓကြာ(၇)ရက်(၂၈-၃-၂၀၀၈) သောကြာနေ့

၁။ အတ္ထကောသလ္လဉာဏ် ရင့်သန်စေရန် ဖော်ပြပါ ပါဠိများကို မြန်မာပြန်ဆိုပါ။
(က) တာဏာ (ခ) တုဝဋ္ဋ (ဂ) တုတိန (ဃ) တိမိသ (င) တုဠ္ဍ
(စ) နတ္တန (ဆ) နိဒဿန၊ (ဇ) နိနဒ်၊ (ဈ) နယန (ည) နိကတိ။

http://www.dhammadownload.com

၂။ အက္ခရာကောသလ္လညာဏ် ရင့်သန်စေရန် ဖော်ပြပါ မြန်မာစကားများကို ပါဠိဘာသာ တစ်ခုစီပြန်ဆိုပါ။
(က) သော့ (ခ) အပျို (ဂ) အရိုး (ဃ) ဆံကျစ် (င) မေးဖျား
(စ) သားမြတ် (ဆ) အကြော (ဇ) ခါးပတ် (ဈ) ပန်းဥ (ည) ပုကွသူ။

၃။ အသံ (ဂ)ပါးကို မြည်သောသတ္တဝါနှင့် အသီးသီးတွဲစပ်၍ မြန်မာဘာသာဖြင့် ဖော်ပြပြီး၊ ဗြဟ္မဏမဟာသာလသုတ်ကြွယ် အမည်ရပုံကိုလည်း ဖော်ပြပါ။

၄။ မင်းမြောက်တန်ဆာ (ဌ)ပါးကို မြန်မာဘာသာဖြင့် ဖော်ပြပြီး၊ ဥက္ကာ–သန္ဒိဟောနိုင်သော အနက်များကိုလည်း မြန်မာဘာသာဖြင့် ဖော်ပြပါ။

၅။ ''ဗောဓိသတ္တာ လောင်းလျာတို့ ပြင်းစွာရှိန်ကြိုး မီးလှုံကြိုးကို ပူစွမယူ အေးစွဟူ၏'' ဟူသောကဗျာ၌ လွတ်မြောက်သော အပြစ်ဒေါသ၏ အဖြဉ္ဇာဟရဏ်ဂါထာကို ပါဠိရေးပါ။

၆။ ''တရားတော်နို့ရည် မြိုက်အရည်ကို သာကြည်ရွှင်မျိုး သောက်စိုကြေလေပြီတကား'' ဟူသော ကဗျာ၌ ရောက်ရှိသောဂုဏ်၏ ဥဒါဟရဏ်ပြဂါထာကို အနက်မှန်မှန်ရေးပါ။

၇။ ဖော်ပြပါတို့တွင် (က)၌ သင့်သောဒေါသ၊ (ခ)၌ လွတ်မြောက်သောဒေါသ၊ (ဂ)၌ ရောက်သောဂုဏ်တို့ကို အကြောင်းပြလျက် ဖော်ပြပါ။
(က) ဘာဝနာ သီလ မြတ်ဒါန၊ (ခ) စည်းလုံးညီညာ အောင်ကြောင်းဖြာ၊
(ဂ) ပတ္တာမြားနားဆောင်း။

၈။ ''ပဒုမ္မာရွှေကြာ ဘုရားမျက်နှာ''၌ မည်သည့်အလင်္ကာနှင့် ပြည့်စုံသည်ကို ဖော်ပြပြီး၊ သတ္တ, သာတ္တ, သာတ္တိကာဘာဝ မည်ပုံအဓိပ္ပါယ်အသီးသီးကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

၉။ အရိယာသာမညဂါထာ၏ ပုဗ္ဗဒ္ဓအဆုံး၌ ဂရုတစ်လုံးတိုးလျက် ဖွဲ့စီသောဂါထာ၏ လက္ခဏာ, လက္ခ ဥဒါဟရဏ်ကို ပါဠိရေးပြီး၊ ဩပဋ္ဌ နွဒ္ဒသကဂါထာ၏ လက္ခဏာအတိုင်း ဖွဲ့စီသော အဒ္ဓသမဝုတ္တိမျိုးလာ ဂါထာကို အနက်ယောဇနာခဲ့ပါ။

http://www.dhammadownload.com

၁၀။ ဖော်ပြပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပြပါ။
"သမ္မာဒိဋ္ဌော ဘိမတာသိဒ္ဓိကရော ပရတ္ထော"။

၇။ ပဲခူးတိုင်း/အစနာက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) နိဗ္ဗာန်၊ (ခ) အလျှင်အမြန်၊ (ဂ) ဆီးနှင်း၊
(ဃ) အဓိက်အမှောင်၊ (င) နှစ်သက်ဝမ်းမြောက်ခြင်း၊ (စ) ကခြင်း၊
(ဆ) ဥဒါဟရဏ်ပုံစံ၊ (ဇ) အသံ၊ (ဈ) မျက်စိ၊
(ည) စဉ်းလဲခြင်း။

၂။ (က) ကဠိကာ၊ (ခ) ယုဝတီ၊ (ဂ) မာတုလာနီ၊ (ဃ) ဇဋ္ဌာ၊
(င) စုဇုက၊ (စ) ထန၊ (ဆ) နာဂျုဂ၊ (ဇ) မေခလာ၊
(ဈ) အဇပါလက၊ (ည) လကုဏ္ဍက။

၃။ နွားတို့သည် ဥသဘအသံကို မြည်ကုန်၏၊
မြင်းတို့သည် ဓေဝကအသံကို မြည်ကုန်၏၊
ဥဒ္ဒေါင်းတို့သည် ဆဇ္ဇဝအသံကို မြည်ကုန်၏၊
ဆိတ်တို့သည် ဂန္ဓာရအသံကို မြည်ကုန်၏၊
ကြိုးကြာတို့သည် မဇ္ဈိမအသံကို မြည်ကုန်၏၊
ဥဩ-စသည်တို့သည် ပဉ္စမအသံကို မြည်ကုန်၏၊
ဆင်တို့သည် နိသာဒအသံကို မြည်ကုန်၏။
ဖြတ္ဖဏမတာသာလအမည်ရပုံ- (ကရင် ၃-ခ-တွင်ရှု)

၄။ **မင်းမြောက်တန်ဆာ ၅-ပါး-**
၁။ သံလျှက်၊ ၂။ ထီးဖြူ။ ၃။ သင်းကျစ်၊ ၄။ ခြေနှင်း၊ ၅။ စာမရိသားမြီးယပ်။

http://www.dhammadownload.com

ဥတ္တာ–သန္ဒါတောနက်များ–
ပန်းပဲပို၊ မီးအိုးကင်း၊ မီးရွှေး မီးစည်း။ ရွှေပန်းတိမ်သည်တို့၏ ဝိုက်ခွက်၊ လေ၏ အတုန်။

၅။ အလက်ာဂါထာနံပါတ် ၇ခ–ကို ပါဠိဇေးလေ။

၆။ အလက်ာဂါထာနံပါတ် ၁၅၆–ကို အနက်ရေးလေ။

၇။ (က) ကုသိုလ်ကိုဆိုရာ၌ ယုတ်သောကုသိုလ်ကို ရှေးဦးစွာ ဆိုရမည်ဖြစ်၍ ဆိုရိုးဆိုစဉ် ပျက်သောကြောင့် ကမ္မဋ္ဌတၱေသသင့်ပါသည်၊
(ခ) စပ်သင့်သောပုဒ် နီးကပ်စွာထားပြီး အနက်အဓိပ္ပါယ် သိလွယ်ထင်ရှားသောကြောင့် ဗျာကိဏ္ဏာဒေါသမှ လွတ်မြောက်ပါသည်။
(အာဂမဝိရောဓိဒေါသ, ဘဂ္ဂရိတိဒေါသတို့မှလည်း လွတ်နိုင်သည်)
(ဂ) ဤစကားရပ်သည် အပ္ပမ်းတင် ဝိသေသနပုဒ်ပါရှိသောကြောင့် ဒုတိယဉ္ဇီရတာ ဝုဏ်မြောက်ပါသည်။

၈။ ဤလက််သည် ဝိပရိတောပမာလက််ဖြစ်ပါသည်။
သတ္တာ– တည်ကြည်သောစိတ်သည် သတ္တာ–မည်၏။
သာတ္တာ– တည်ကြည်သောစိတ်ကြောင့်ဖြစ်သော ကေဝ္ဘတာသည် သာတ္တာ–မည်၏။
သာတ္တိကာဘာဝ– စိတ်၏ဖြစ်ခြင်း အထူးဟုဆိုရအောင် ကိုယ်တွင်းဌဖြစ်သော ချွေးမျက်ရည်စသည်သည် သာတ္တိကာဘာဝမည်၏။

၉။ ဆန်းဂါထာနံပါတ် ၂ခ–ကို ပါဠိဇေးလေ။
ဂါထာနံပါတ် ၁၁၆–ဂါထာကို အနက်ရေးလေ။

၁၀။ ပါဒတိုင်း ပါဒတိုင်း တ–ဂိုဏ်း, ဘ–ဂိုဏ်း, ဇ–ဂိုဏ် ၂–ခု, ဂရု ၂–လုံးရှိခြင်းတို့ကြောင့် ဝသန္တတိလကာဂါထာ၊ သက္ကရီဆန်း ဖြစ်ပါသည်။

http://www.dhammadownload.com

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အဓရှ)
ပထမကြီးတန်း ။ ။ အဲဘီဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၉–ခုနှစ်၊ တဓပါင်လပြည့်ကျော်(၇)ရက်၊ (၂၈–၃–၂၀၀၈)သောကြာနေ့

၁။ ''ပါဠိမြင် နက်ထင် ပညာရှင်''–ဟူသော စကားအရ အောက်ပါ ပါဠိဘာသာတို့ကိုမြန်မာဘာသာပြန်ဆိုပါ။
(က) အနယော၈၊ (ခ) ဂျိဟာ၊ (ဂ) ဩဝဒက (ဃ) ဟာဒယင်္မ (င) သာဂျ (စ) ကုန္တလ (ဆ) အဂရု (ဇ) ဒီသ (ဈ) ကသာ (ည)ကုရု။

၂။ ''နက်မြင် ပါဠိသိ ပညာရှိ''ဟူသောစကားအရ အောက်ပါမြန်မာဘာသာတို့ကိုပါဠိဘာသာပြန်ဆိုပါ။
(က) ပန်းရောင် (နှင်းဆီပွင့်)အဆင်း (ခ) လွန်ကဲသောတဏှာ (ဂ) ဘုရင့်သိခြားခန်း (ဃ) မျက်ထောင့် (င) သင်းကျစ် (စ) တွေဝေခြင်း (ဆ) အောင်သွယ် (ဇ) မဖိုးလိမ်းသော ဆံထုံး (ဈ) ဗေဒင်ဆရာ (ည) ချွန်း။

၃။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အမြတ်စာနိုးခံယူ ကျင့်သုံးနေကြသော ဇီးပါးသိလ(ယမ) ရှစ်ပါးသိလ(နိယမ)–တို့၏ အဓိပ္ပါယ်ကို အာဘိဓာန်ကျမ်းနှင့်အညီ ဖြေဆိုပြီးလျှင်အောက်ပါ အတိုင်းအတာများကိုလည်း အာဘိဓာန်လာသည့်အတိုင်း ဖြေဆိုပါ။
(က) ကောသ (ခ) ကရိသ (ဂ) အဇ္ဈန္တရ။

၄။ ပါဠိတစ်ချက် အနက် (၁၀)ထွေ ဟောနိုင်ပေ–ဟူသည်နှင့် အညီ ''နေကွမ္မ''–သဒ္ဒါ ဟောနိုင်သော အနက်များနှင့်''အဘိက္ကန္တ''–သဒ္ဒါဟောနိုင်သော အနက်တို့ကိုလည်း အနေကတ္ထဝဂ်မှ ထုတ်နုတ်၍ ရေးသားခဲ့ပါ။

၅။ ''အက္ခရာလေးဆယ်၊ တစ်လုံးဆွယ်ထား။ နှုတ်ဝယ်ဆောင်သူ၊ စာချသူ''ဟူသော ကဗျာ လင်္ကာ၌သင့်ရောက်သော ဒေါသပြဂါထာကို ပါဠိရေးခဲ့ပါ။

http://www.dhammadownload.com

၆။ ''မြင်းမိုရ်တောင်ဦး မကကျူး ကျေးဇူး မိဘဂုဏ်'' ဟူသော ကဗျာလက်ာ၌ ဂုဏ်မြောက်ပုံပြဂါထာကို အနက်ရေးခဲ့ပါ။

၇။ အတိဝုတ္တဒေါသ–နှင့် ဩစိဟိနဒေါသတို့၏ အဓိပ္ပာယ်ကို ရေးသားပြီးလျှင်၊ အောင်ပါတို့တွင် (က)–၌ သင့်ရောက်သော ဒေါသ၊ (ခ) ၌မြောက်သောဂုဏ်၊ (ဂ)၌မြောက်သောအလက်ာတို့ကိုလည်း အမည်မျှ ဖော်ပြခဲ့ပါ။

(က) ဗုဒ္ဓဘုရား၊ သံဃာများနှင့်၊ တရားဆယ်ထွေ၊ ပရမေရှင့်။

(ခ) သ,စ,ပ,ဘ,၊ ဝ,လ,သ,ဓ,၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သိကုံးပန်းသွင်၊ နေတိုင်းဆင်လော့၊ (ဂ) ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

၈။ ''ရူပကာအလက်ာ''၏အဓိပ္ပါယ်ကို မှန်ကန်စွာရေးသားပြီးလျှင်၊ ပါဏော န ဟန္တဗ္ဗော–၌ ဖြစ်သင့်သော ဘာဝ, ဝိဘာဝ, အနုဘာဝ–တို့ကိုလည်း စုံလင်စွာ ထုတ်ပြပါ။

၉။ ''စိတြပဒါဂါထာ'' ၏ရှေ့၌ ဘ–ဂိုဏ်းတစ်ဂိုဏ်းတိုး၍ သိကုံးလျှင် ဖြစ်လာမည့်ဂါထာနှင့် တစ်ဂါထာလုံး ဂရုချည်းဖွဲ့ သိထားသော ဂါထာကို ပို့ဋ္ဌေးရေး၍ (၂၂) လုံးဖွဲ့ ဘဒ္ဒကဂါထာနှင့် မတြာအရေအတွက်ချင်းတူညီသော ဂါထာများကိုလည်း အမည်မျှဖော်ပြခဲ့ပါ။

၁၀။ ''သုမုခီဂါထာ''၏ အဆုံး၌ ဂရုတစ်လုံးတိုး၍ သိကုံးလျှင် ဖြစ်လာမည့် ဂါထာကို အနက်ရေး၍၊ အချို့သောအရာ၌ အဘယ်အကျိုးငှာ ဂရု–အက္ခရာကို လဟု–အက္ခရာဟု ယူရခြင်း၏အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၈။ ပဲခူးတိုင်း (အဓရှ့ပိုင်း) (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန် အလက်ာ ဆန်းဘာသာ

၁။ (က) အဖေး၊ (ခ) အားထုတ်ခြင်း၊ (ဂ) တိုက်ခန်း၊ (ဃ) ကြင်နာစကား၊ (င) စဉ်းလဲခြင်း၊ (စ) ဆံပင်၊

http://www.dhammadownload.com

(ဆ) အကျော်၊ (ဇ) ရန်သူ၊ (ဈ) ကြာပွတ်၊
(ည) ထမင်း။

၂။ (က) ပါဠိလ၊ (ခ) လာလသာ၊ (ဂ) ကစ္စာန္တရ၊ (ဃ) အပါဂ်၊
(င) သိရောဝေဠန၊ (စ) စိတ္တာပိဠာ၊ (ဆ) နုတ်၊ (ဇ) ဝေဏီ၊
(ဈ) ဂဏာဂ၊ (ည) အက်ိသ။

၃။ **ယမ (၅–ပါးသီလ)**
အမြဲကိုယ်ဖြင့် ပြီးသည်ကို ငဲ့ခြင်းရှိသော ပါဏာတိပါတစသည်မှ ရှောင်ကြဉ်သော အမှုသည် ယမ (၅–ပါးသီလ)မည်ပါသည်။
နိယမ (ဥပုသ်သီလ) အမြဲမတုတ်ရံ၌ အခိုက်အတန့်ဖြင့် ပြီးစေအပ်သော ဥပုသ်သုံးခြင်း စသော အမှုသည် နိယမ (ဥပုသ်သီလ) မည်ပါသည်။
(က) ကုပ်လုပ်လေးတာ အပြန်ပါးရာသည် တစ်ကောသ၊
(ခ) လေးအမွှာ၊ မျိုးကြလောက်သောအရပ်သည် ကရီသ၊
(ဂ) ပမာဏအားဖြင့် အတောင်တို့၏ နှစ်ဆဲရှစ်တောင်သည် အဿတ္ထရမည်၏။

၄။ **နေတ္ထမ္မအနက် ၅–**
ပဌမဈာန်၊ ရတန်းအဖြစ်၊ နိဗ္ဗာန်၊ ဝိပဿနာ၊ အကြွင်းမရှိသောကုသိုလ်။
အဘိတ္တာန္တအနက်–
ကောင်းသည်၊ ရှေ့သို့တက်ခြင်း၊ လွန်သောအဆင်း၊ ကုန်ခြင်း, ပျက်စီခြင်း၊ ဝမ်းမြောက်ခြင်း။

၆။ အလက်ာ၊်ထာနံပါတ် ၁၅၀–ကို အနက်ရေးလေ။

၇။ **အတိဝုတ္တအေသနှင့် ဩစိတျတိန္ဒေသအထူး–**
မဟုတ်မမှန်လုပ်ကြံ၍ သူတစ်ပါးအတွက် လွန်ကဲစွာ အပြောကြီးခြင်းသည် အတိဝုတ္တ အေသ၊

http://www.dhammadownload.com

ဟုတ်မှန်သည်ဖြစ်စေ မဟုတ်မမှန်သည်ဖြစ်စေ မိမိအတွက် လွန်ကဲစွာ အပြောကြီးခြင်းသည် ဩဝါဒတူဟိုအံသာ၊ ဤသို့ထူးပါသည်။

(က) ကမ္ဘာတဒေါသာ၊

(ခ) သမာသအတ္ထဩဂုဏ်၊

(ဂ) အာသီအလက်ာ။

၈။ ဥပမာ- ဥပမေယျ ၂-ပါးတို့၏ မကွဲမပြား တစ်သားတည်းအဖြစ်ကို တင်စားပြဆိုခြင်းသည် ရူပကအလက်ာမည်ပါသည်။

ဘာဝ, ဝိဘာဝ, အနုဘာဝ-

ပါဏော နု ဟန္တွဇ္ဇော-၌ နု ဟန္တွတဇ္ဇော -အရ ပါဏာတိပါတမှ ကြဉ်သော ဝိရတိပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိဂီရရသ။

သတ္တဝါပညတ်သည် အာရမ္မဏဝိဘာဝ၊

သတ္တဝါ၏ သနားဖွယ်ရာ အခြင်းအရာသည် ဥဒ္ဒိပနဝိဘာဝ၊

သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် အသက်ရှည်ခြင်း အပါယ်မှ လွတ်ခြင်း စသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

၉။ ဆန်းဂါထာနံပါတ် ၆ရ၊ ၎၉-တို့ကို ပါဠိဖေးလေ။

ဘဒ္ဒကဂါထာနှင့် မတြာအရေအတွက်တူသောဂါထာများ-

သဒ္ဒါလဝိက္ကီဠိတဂါထာ၊ မေဃဝိပ္ဖဇ္ဇိတာဂါထာ၊ ဝုတ္တဂါထာတို့ဖြစ်ပါသည်။

၁၀။ ဆန်းဂါထာနံပါတ် ၈၆-ကို အနက်ဖေးလေ။

ယူရခြင်း၏အကြောင်း-

ဆန်းဂိုဏ်းကို စောင့်ရှောက်ခြင်း ဆန္ဒနုရက္ခဏအကျိုးငှါ အချို့သောအရာ၌ ဂရုအကွာရာကို လဟုအကွာရာဟု ယူရပါသည်။

http://www.dhammadownload.com

၉။ ပထမပြန်ဓာဓေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း) ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ ၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက်၊ (၂၈-၃-၂၀၀၈)သောကြာနေ့

၁။ ''ပါဠိမြင်နက်ထင် ပညာရှင် ''ဟူသည်နှင့်အညီ အောက်ပါ ပါဠိဂေါဟာရများကို မြန်မာပြန်ဆိုပါ-

(က) မာရဇိ၊ (ခ) အစ္ဆုတာ၊ (ဂ) တိဒိဝ၊ (ဃ) ကမလာသန၊ (င) ပါကသာသန၊ (စ) ဗျမှ၊ (ဆ)သမိဓာ၊ (ဇ) မာလုတ၊ (ဈ) အံသုမာလီ၊ (ည) အက္ခီ။

၂။ ''နက်မြင်ပါဠိသိ ပညာရှိ''ဟူသည်နှင့်အညီ အောက်ပါမြန်မာဂေါဟာရများကို ပါဠိဂေါဟာရ တစ်ခုစီပြန်ဆိုပါ-

(က) ပြာပူ၊ (ခ) ဖျော့သောအဆင်း၊ (ဂ) ပန်းရောင်အဆင်း၊ (ဃ) ကြွေးကြော်ခြင်း၊ (င) ဆင်အစိသံ၊ (စ) နှုတ်ဆက်စကား၊ (ဆ) စောင်းခွက်၊ (ဇ) စည်လက်ခတ်၊ (ဈ) ကြမ်းတမ်းသော မြေ၊ (ည) ခရီးရှည်။

၃။ ဝိရိယအင်္ဂါလေးပါးကို သာဓကနှင့်တကွ ဖော်ပြ၍၊ 'ဂန္ဓကုဋိ'၏ အဓိပ္ပါယ်ကိုလည်း အဘိဓာန်လာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၄။ ''ပါဠိတစ်ချက် အနက်ဆယ်ထွေ''ဟူသည်နှင့်အညီ 'သ'သဒ္ဒါဟောစွဲမ်းနိုင်သော အနက်တို့ကို လိုင်အားလျော်စွာ ခွဲခြားဖြေဆိုခဲ့ပါ။

၅။ 'အပြစ်ကင်းလျှင် ဂုဏ်မြောက်၏' ဟု ပြဆိုထားသည့် အလင်္ကာကျမ်းလာဂါထာကို မှန်ကန်စွာ ပါဠိရေးခဲ့ပါ။

၆။ အလင်္ကာကျမ်းအစ သိလေသအလင်္ကာဖြင့်တန်ဆာဆင်ထားသော 'အာသီသပဏာမ' ဂါထာကို သကပက္ခ၊ ပရပက္ခ ခုံလင်စွာဖြင့် အနက်ယောဇနာခဲ့ပါ။

http://www.dhammadownload.com

၇။ အောက်ဖော်ပြပါ (က) (ခ) (ဂ)တို့၌ ဒေါသ၊ (ဃ)၌ ဂုဏ်၊(င)၌ ဖြစ်သင့်သောအလင်္ကာတို့ကို အမည်မျှ အသီးသီး ဖော်ပြပါ-

(က) ကိုယ့်အောက်ဧကြည့်မှ ကြီးမှန်းသိ၊

(ခ) ချစ်ခဲ့သမျှ နှစ်ကာလမှာ သချိုသချေ့ ကြာခဲ့ပြီ၊

(ဂ) ရှိုင်ပေါ် ရှုင်ပြေး ရှုင်မွေး ရှိုမလူး၊

(ဃ) ပညာရည်နှိ့ သောက်စိုမကုန်၊

(င) ငှက်မသိက ဆက်ရက် ချိုးထင်။

၈။ ယုတ်ညံ့သော ပုဂ္ဂိုလ်တို့၏ ရယ်ခြင်းနှစ်မျိုးကို မြန်မာလိုဖော်ပြ၍၊ " သောကော ဝေဿန္တရသာ ဟိ" ပါဠိဋ္ဌာဖြစ်သင့်သော ဘာဝ,ဝိဘာဝ,အနုဘာဝတို့ကိုလည်း ထုတ်ပြခဲ့ပါ။

၉။ ဆန်းကျမ်း ဒုတိယပိုင်းလာ လေးပါဒလုံး လဟုတို့ဖြင့် သီကုံးထားသော ဂါထာကို ပါဠိ၊ အနက်ရေး၍၊ မာလိနီဂါထာ၏ လက္ခဏာမှ အဆုံး ယ-ဂိုဏ်းကို ပယ်၍ ဖွဲ့စီထားသော ဂါထာကိုလည်း အမည်မျှ ညွှန်ပြခဲ့ပါ။

၁၀။ ဖော်ပြပါ ဂါထာကို ဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်ပေးခဲ့ပါ။

တထာဂတော ယော ကရုဏာကရော ကရော၊ ပယာတမောသဇ္ဇ သုခပ္ပဒံ ပဒံ။
အက်ာ ပရတ္ထံ ကလိသမ္ဘဝေ ဘဝေ၊ နမာမိ တံ ကေဝလဒုက္ကရံ ကရိံ။

၉။ မဇ္ဈေးတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) ဘုရား၊ (ခ) နိဗ္ဗာန်၊ (ဂ) နတ်ပြည်၊ (ဃ) ဗြဟ္မာ၊
(င) သိကြားနတ်မင်း၊ (စ) ဗိမာန်၊ (ဆ) ထင်းမီးစာ၊ (ဇ) လေ၊
(ဈ) နေ၊ (ည) မျက်စိ။

http://www.dhammadownload.com

၂။ (က) ကုက္ကုဇ္ဇ၊ (ခ) ပဏ္ဍု၊ (ဂ) ပါဠိလ၊ (ဃ) ယောသန၊
(င) ကောဉ္စနာဒ၊ (စ) အာလာပ၊ (ဆ) ပေါက္ခရ၊ (ဇ) ကောဏ၊
(ဈ) ဇင်္ဂလ၊ (ည) အဒ္ဓါန။

၃။ အရေဖေါကြွင်းကျန်ခြင်း၊ အကြောဖေါကြွင်းကျန်ခြင်း၊
အရိုးဖေါကြွင်းကျန်ခြင်း၊ အသား, အသွေးတို့၏ ခြောက်ကပ်ခြင်း။
သာဓက–
စတ္တာရိ ဝီရိယင်္ဂါနိ၊ တစသာ စ နဟာရုနော။
အဝသိဿန မဋ္ဌဿ၊ မံသလောဟိတသုဿနံ။
ဂန္ဓကုဋိ၏ အဓိပ္ပါယ်– မြတ်စွာဘုရား၏ နေရာကျောင်းတော်သည် ဂန္ဓကုဋိမည်၏၊

၄။ **သ–သဒ္ဒါတောနက်–**
ပုလ္လိင် သ–သဒ္ဒါသည် အဆွေခင်ပွန်းဌာဖြစ်၏၊
နပုလ္လိင် သ–သဒ္ဒါသည် ဗိမိဌာဖြစ်၏၊
ပုလ္လိင်, နပုလ္လိင် သ–သဒ္ဒါသည် ဥစ္စာဌာဖြစ်၏၊
ပုလ္လိင် သာ–သဒ္ဒါသည် ခွေးဌာဖြစ်၏၊
ဥ–လိင် သ–သဒ္ဒါသည် ဗိမိဥစ္စာဌာဖြစ်၏။

၅။ အလင်္ကာဂါထာနံပါတ် ၁၅–ကို ပါဠိရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၁–ကို အနက်ရေး–
ဂါထာ– ပရိယတ်တည်းဟူသော မြတ်စွာဘုရား၏ တရားတော်သည် ဂါ–တရားတော်
တည်းဟူသော သူရသတိနတ်သမီးသည်၊ (သကပက္ခ)
(တစ်နည်း) ဂါထာ– သူရသတိနတ်သမီးသည်၊ (ပရပက္ခ)

၇။ (က) ဂါမွဒေါသ၊ (ခ) အတိဝုတ္တဒေါသ၊

http://www.dhammadownload.com

(ဂ) ဗန္ဓဖရုသဒေါသ၊ (ဃ) အဒြဝေဒြဝယုတ္တသမာဓိဂုဏ်၊
(င) ဘမအာလက်ာ။

၈။ မျက်ရည်ထွက်အောင်ရယ်ခြင်း၊
တစ်ကိုယ်လုံး သိမ့်သိမ့်ခါကိုယ်ကို ပစ်လှဲ၍ ရယ်ခြင်း။
ဘာဝါလက်ာရထုတ်ပုံ-
ဝေဿန္တရာမင်းကြီး၏ သားတော်သမီးတော်တို့နှင့် ကွေကွင်းရ၍ စိုးရိမ်ပူဆွေးသော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါမနဿဝေဒနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် သောကဌာယီဘာဝ၊ ကရုဏာရသ။
ဝမ်းနည်းပူဆွေးခြင်း၏ အကြောင်းဖြစ်သော သားသမီးတို့သည် အာလမ္ဗဏဝိဘာဝ၊ ဇူဇကပုဏ္ဏား၏ ရိုက်နှက်ခြင်း၊ သားတော်သွီးတော်တို့၏ ဝိကြွေးခြင်းသည် ဥဒ္ဒီပနဝိဘာဝ၊ ဝေဿန္တရာမင်းကြီး၏ ဝိကြွေးမြည်းတမ်းခြင်း, သားတော်သမီးတော်တို့ကို လုရန် ကြံစိခြင်းတို့သည် အနုဘာဝ။

၉။ ဆန်းဂါထာနံပါတ် ၃၈-ကို ပါဠိ အနက်ရေးလေ။
ဖွဲ့စီထားသောဂါထာ- ပဥ္စဂါထာဖြစ်ပါသည်။

၁၀။ ပါဒတိုင်း ပါဒတိုင်း ၈-ဂိုဏ်း, တ-ဂိုဏ်း, ဇ-ဂိုဏ်း, ရ-ဂိုဏ်းရှိသောကြောင့် ဝံသဋ္ဌဂါထာဖြစ်ပါသည်။
၁၂-လုံးဖွဲ့ဖြစ်သောကြောင့် ဇဂတီဆန်း ဖြစ်ပါသည်။

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက်၊ (၂၈-၃-၂၀၀၈)စသာကြာနေ့

3BA

၁။ အောက်ဖော်ပြပါ ပါဠိဝေါဟာရတို့ကို မြန်မာဘာသာ ပြန်ဆိုခဲ့ပါ။
(က) ဘူတပတိ၊ (ခ) အဝိဂ္ဂဟ၊ (ဂ) နိသာကရ၊ (ဃ) ဝိဘာတ၊

http://www.dhammadownload.com

(ဂ) နိဒါဃ၊ (စ) ကလုသ၊ (ဆ) ဥပညာသ၊ (ဇ) ဝိရာဝ၊
(ဈ) သြက၊ (ည) လလနာ။

၂။ အောက်ဖော်ပြပါ မြန်မာဝေါဟာရတို့ကို ပါဠိဘာသာ တစ်ခုစီပြန်ဆိုခဲ့ပါ။
(က) သင်းကျစ်၊ (ခ) မုန်ယစ်ဆင်၊ (ဂ) လှည်းအုပ်ဆုံ၊ (ဃ) မြားရွက်၊ (င)ရွက်နု၊
(စ) အသီးစိမ်း၊ (ဆ) ကြက်ဆူ၊ (ဇ) မဲပင်၊ (ဈ)မိုးစွေငှက်၊ (ည) မြွေစွယ်။

၃။ ရန်အောင်ကြောင်း သာမဉ်ပါယ်, ဒီနဉ်ပါယ်တို့၏ အဓိပ္ပါယ်ကို ရှင်းပြ၍ တိုင်းပြည်တစ်ခုဝယ် ရှိရမည့်အင်္ဂါရုပ်တို့ကိုလည်း မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။

၄။ အဘယ်သတ္တဝါသည် ''သံသေဒဇသတ္တဝါ'' မည်ပါသနည်း? ဖြေဆို၍၊ ဃန–သန္ဓိ, ဓုဝ–သန္ဓိတို့၏ ဟောနိုင်သော အနက်တို့ကိုလည်း မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။

၅။ အနုပ္ပါသမဓုရတာဂုဏ်မြောက်ပုံပြ ဂါထာပါဠိကို အနက်ပေးခဲ့ပါ။

၆။ ''အကုသိုလ်ကံ၊ ပြုသူမှန်၊ ကောန်ကောင်းကျိုးရ'' ဟူသောစကားရပ်၌ သင့်ရောက်သော ဒေါသကို အကြောင်းပြ ဖြေဆို၍၊ ဗျဘိစာရိဘာဝ အဓိပ္ပါယ်ပြ ဂါထာပါဠိကိုလည်း ရေးခဲ့ပါ။

၇။ အောက်ဖော်ပြပါ (က)၌ အဲသလွတ်မြောက်ပုံ၊ (ခ)၌ သန္ဓိလက်ံရဂုဏ်မြောက်ပုံ၊ (ဂ)၌ အတ္ထာလင်္ကာရဂုဏ်မြောက်ပုံတို့ကို အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။
(က) ဒါနသီလ မြတ်ပုညကြောင့် ဘဝနောင်၌ သံသရာဝယ် ဘောဂါဝန သဂ္ဂ–စသား ကောင်းကျိုးများကို မမှားပုံသေ ရနိုင်ပေ၏။
(ခ) ချိုမြိန်ကောင်းမြတ် သာယာအပ် ဟောလတ်တရားသံ။
(ဂ) ဗုဒ္ဓလောင်းလျာ သုမေဓာသည် ပါရမီစာဂ မြတ်ပုညကို ဘဝများစွာ ဖြည့်ကျင့်ကာဖြင့် သဗ္ဗညုတာ ဉာဏ်မဟာကို မှန်စွာမသွေ လဲလှယ်ပေ၏။

http://www.dhammadownload.com

၈။ ရတိဂျာယိဘာဝ-၏ အဓိပ္ပါယ်ကို ဖြေဆို၍၊ မြင့်မြတ်သူ၊ ယုတ်ညံ့သူ-တို့၏ ရယ်ရွှင်ခြင်း အမူအရာတို့ကိုလည်း မြန်မာဘာသာဖြင့် ရှင်းပြခဲ့ပါ။

၉။ လေးပါဒလုံး၌ အာချာနိကာ-ဂါထာ၏ ဝိသမပါဒလက္ခဏာအတိုင်းထား၍ ဂါထာစီကုံးပါက ဖြစ်လာနိုင်သော ဂါထာအမည်ကို ဆန်းပါဠိထောက်ပြ ဖြေဆို၍၊ ပုပ္ပိတဂ္ဂါဂါထာ၏ လက္ခဏာတို့ကိုလည်း ထုတ်ပြခဲ့ပါ။

၁၀။ စာရုဟာသိနီဂါထာ လက္ခဏာပြပါဠိကို အနက်ပေးပြ၍၊ ဘ,ဇ,သာ သဗ္ဗဂလဟူ-အစဖြာသော ဂါထာကိုလည်း ဆန်းစစ်၍ ဂါထာအမည်, ဆန်းအမည် ပေးပြခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) သိကြားနတ်မင်း၊ (ခ) ကာမနတ်၊ (ဂ) လ၊
(ဃ) မိုးသောက်မိုးလင်း၊ (င) နွေဥတု၊ (စ) မကောင်းမှုအကုသိုလ်၊
(ဆ) စကားဦး စကားစ၊ (ဇ) အသံ၊ (ဈ) အိမ်၊
(ည) မိန်းမ။

၂။ (က) သိရောဝေဌန၊ (ခ) ပဘိန္နေ၊ (ဂ) ကုဇ္ဈရ၊ (ဃ) ဝါဇ၊
(င) ပလ္လဝ၊ (စ) သလာဋု၊ (ဆ) ရေဏ္ဍ၊ (ဇ) နိလီ၊
(ဈ) သာရင်္ဂ၊ (ည) အာသီ။

၃။ စိတ်ကျေချမ်းဆောင်ပြုခြင်း စကားပြေ ပြောခြင်းသည် သာမဥပါယ်မည်၏။
လက်ဆောင်ပဏ္ဏာစသည် ပေးခြင်းသည် ဒါနဥပါယ်မည်၏။
တိုင်းပြည်တစ်ခုဝယ်ရှိရမည့် အင်္ဂါရုပ်များ-
၁။ ပြည့်ရှင်မင်း၊ ၂။ မှူးမတ်၊ ၃။ မဟာမိတ်မင်း၊ ၄။ ဘဏ္ဍာကျိုကြ၊ ၅။ ခံတပ်၊
၆။ နိုင်ငံနယ်ပယ်၊ ၇။ စစ်သည်ဗိုလ်ပါ။

http://www.dhammadownload.com

၇။ ဝိုးကောင်, မှက်စသော အညှိုင့် ခဲ့ချဖြစ်သောသတ္တဝါတို့သည် သံသေးဇသတ္တဝါမည်သည်။
ဃနံ–သန္ဒါဟောနက်–
သံတင်းပုတ်၊ ဝိုးတိမ်၊ မောင်းကြွေးနှင်း–စသော ဃနစည်၊
တခဲနက်၊ ကြမ်းတမ်းခက်မာခြင်း။
ဓုဝ–သန္ဒါဟောနက်– မြဲမြံခြင်း၊ ဆုံးဖြတ်ခြင်း။

၅။ အလင်္ကာဂါထာနံပါတ် ၁၂၉–ကို အနက်ရေးလေ။

၆။ ဘုရားဟောတော်မူအပ်သော ကျမ်းဂန်စကားရပ်နှင့် ဆန့်ကျင်ခြင်းရှိသောကြောင် အာဂမ ဝိရောဓိဒေါသသင့်ပါသည်။
ဗျာဘိစာရိဘာဝအဓိပ္ပါယ်ပြ ဂါထာပါဠိ–အလင်္ကာဂါထာနံပါတ် ၃၄၃–ကို ပါဠိရေးလေ။

၇။ (က) ရှေ့ဦးပြအပ်သော စကားအစဉ်နှင့် နောက်စကားအစဉ်တို့ အစဉ်ညီညွတ်ခြင်းရှိသော ကြောင့် အပက္ကမဒေါသမှ လွတ်မြောက်ပါသည်။
(ခ) ပျားသကာ တင်လဲ–စသော အရာဝတ္ထုတို့မှာသာ ရဂကောင်းသော ချိုမြိန်ခြင်း သဘောကို ချိုမြိန်ခြင်း သဘောမရှိသောတရားသံ အပေါ်၌ တင်စား၍လောကစည်း ကမ်းနှင့်အညီ ပွတ်ပွတ်ကုံးထားသောကြောင့် နိရသေသရသသဘာဝဂုဏ်မြောက်ပါသည်။
(ဂ) ပါရမီစာဂ မြတ်ပုည်ဟူသော တစ်ခုတစ်ခုသောဝတ္ထုကို ပေး၍ ထူးသောသဇ္ဇဉ္ဇတာ ဉာဏ်တော်ကိုယူခြင်းကြောင့် ပရိဝုတ္တိအလင်္ကာမြောက်ပါသည်။

၈။ မွေ့လျော်ဖွယ်ကောင်းသောအရပ်ဒေသ၊ မွေ့လျော်ဖွယ်ကခြင်း, သီခြင်းစသော ကလာ၊ မွေ့လျော်ဖွယ်ကောင်းသော သရဒအသောဉတု၊ ဆည်းဆာစသောကာလ၊ မွေ့လျော်ဖွယ် ကောင်းသော နံ့သာလိမ်းခြင်း၊ အသွင်အပြင်စသည်တို့ကြောင့် အချင်းချင်းတပ်မက်ကြ ကုန်သော မိန်းမပျိုယောကျ်ားပျိုတို့၏ ချစ်ကြိုက်ခြင်းသည် ရတိဗျာယိဘာဝမည်၏။
ရယ်ရွှင်ခြင်း အမူအရာ–
မျက်စိဖွင့်ရုံရယ်ခြင်း၊ သွားပေါ်ရုံရယ်ခြင်းတို့သည် အမြတ်စားပုဂ္ဂိုလ်တို့၏ ရယ်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မျက်ရည်ထွက်အောင်ရယ်ခြင်း၊ တစ်ကိုယ်လုံး သိမ့်သိမ့်၊ ကိုယ်ကိုပစ်လွှဲ၍ရယ်ခြင်း တို့သည် ယုတ်ညံ့သူတို့၏ ရယ်ခြင်းဖြစ်ပါသည်။

၉။ လေးပါးလုံးဌဲ့ အာချာနကိဂါထာ၏ ဝိသမပါးလက္ခဏာ အတိုင်းထား၍ ဂါထာစီကုံးပါက ဖြစ်လာနိုင်သောဂါထာမှာ ဆန်းဂါထာနံပါတ် ၆၃–ကိုထောက်၍ ဘွန္ဒဝိဇ္ဇဂါထာ ဖြစ်လာနိုင်ပါသည်။

ပုပ္ပိတဂ္ဂါဂါထာ၏လက္ခဏာ–

ဝိသမပါဒ၌ နှ–ဂိုဏ်း, နှ–ဂိုဏ်း, ရ–ဂိုဏ်း, ယ–ဂိုဏ်းရှိခြင်း၊

သမပါဒ၌ နှ–ဂိုဏ်း, ဇ–ဂိုဏ်း, ဇ–ဂိုဏ်း, ရ–ဂိုဏ်း, ဂရုရှိခြင်းတို့ဖြစ်ပါသည်။

၁၀။ ဆန်းဂါထာနံပါတ် ၃၇–ကို အနက်ရေးလေ။

ဘ,ဇ,သာ သဗ္ဗဂလဟူ–အစဖြာသော ဂါထာ–

ပါဒတိုင်း အက္ခရာ ၈–လုံးစီရှိခြင်း၊

ပါဒတိုင်း အစအက္ခရာတစ်လုံးနောင် သ–ဂိုဏ်း, နှ–ဂိုဏ်းမရှိခြင်း၊

သမပါဒအစလေးလုံးနောင် ဇ–ဂိုဏ်းရှိခြင်း၊

ပထမပါဒအစလေးလုံးနောင် နှ–ဂိုဏ်းရှိခြင်း၊

တတိယပါဒအစလေးလုံးနောင် ယ–ဂိုဏ်းရှိခြင်းတို့ကြောင့် ပထမ နကာရဝိပုလာဂါထာ၊ အနုဋ္ဌုဘဆန်းဖြစ်ပါသည်။

၁၁။ ပထမပြိန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်) ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ

၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၅)ရက်၊ (၅–၄–၂၀၀၈)စနေနေ့

၁။ အောက်ပါတို့ကို မြန်မာဘာသာ ပြန်ဆိုပြခဲ့ပါ–

(က) ကသိရ၊ (ခ) ခဋ္ဌက၊ (ဂ) ဂန္ဓသာရ၊ (ဃ) ဃနသာရ၊

(င) စကော်ဋ္ဌက၊ (စ) စာမရ၊ (ဆ) ဆဒ္ဒိုက၊ (ဇ) ဇဝိဓိက၊

(ဈ) ဈာဝုက၊ (ည) ဉာတ။

http://www.dhammadownload.com

၂။ အောက်ပါ မြန်မာဇေါဟာရတို့ကို ပါဠိဘာသာပြန်ဆိုခဲ့ပါ–
(က) မီးကျီးခဲ၊ (ခ) ကြင်နာစကား၊ (ဂ) မြို့လတ်၊ (ဃ) သားရင်း၊
(င) အကျော်နက်၊ (စ) သက်တော်စောင့်၊ (ဆ) ဆင်မြီးထူး၊ (ဇ) မြေစိုင်ခဲ၊
(ဈ) ငှက်မုဆိုး၊ (ည) အိုင်ကြီး။

၃။ တစ်ဂါဝုတ် အတိုင်းအရှည်၌ ရှိနိုင်သော အတောင်ပမာဏ အရေအတွက်ကို သင်္ချာမျှသာ ဖော်ပြပြီးလျှင်၊ သူဌေးကြီး သုံးယောက်တို့၏ ချမ်းသာကြွယ်ဝမှုပမာဏနှင့် နေ့စဉ်သုံးစွဲသော ငွေကြေးပမာဏတို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ ပန်းဘဲသမား တစ်ယောက်အတွက် လိုအပ်သော လက်နက်ကြီယာများကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ထုတ်ပြပြီးလျှင်၊ ဂရု–သဒ္ဒါဟောနိုင်သော အနက်များကိုလည်း မြန်မာဘာသာဖြင့်သာ ထုတ်ပြခဲ့ပါ။

၅။ **''အကြွားကဖြင့်ပို စကားကမြင့်မိုရ်''** ပုဂ္ဂိုလ်တို့အပေါ်၌ အလင်္ကာ ဒေါသသင့် ရောက်ပုံပြဂါထာနှင့် ယင်းဒေါသမှ လွတ်မြောက်နိုင်ပုံပြ ဂါထာတို့ကို ပါဠိရေးပြပါ။

၆။ အရိပ်ပြ အကောင်ထင် အကျဉ်းမြင် အကျယ်သိ ပညာရှိများအတွက် ဗျာသအာထ္ထဿြေ ဂုဏ်မြောက်ပုံပြဂါထာကို အနက်ယောဇနာခဲ့ပါ။

၇။ အောက်ပါတို့တွင် (က)၌ သင့်ရောက်ဒေါသ၊ (ခ) ၌ လွတ်မြောက်သောဒေါသ၊ (ဂ)၌ ရရှိနိုင်သောဂုဏ်တို့ကို အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။
(က) နမော တဿ အလွတ်ရသည့် အဂ္ဂပဏ္ဍိ ပညာရှိ၊
(ခ) ရာဂဘိလူး သက်ဝင်ပူးက သူရူးပမာ ဖြစ်တတ်စွာရှင့်၊
(ဂ) ကျောက်စရစ်တော မာခေါင်ခေါင်မှာ အတောင်ကျွတ်သောကြိုးကြာ ရေရှာ၍ မရသကဲ့သို့။

http://www.dhammadownload.com

၈။ အဘူတောပမာ အလင်္ကာ၏ သဘောကို ရေးသားပြီးလျှင်၊ ဗုဒ္ဓံ ပူဇေမိ ဟူသောစကားကို ရှု၍ ဖြစ်သင့်သော ဘာဝ, ဝိဘာဝ, အနုဘာဝ-များကိုလည်း ထုတ်ပြခဲ့ပါ။

၉။ သညာပရိဘာသာ နိဒ္ဒေသော-၌ သညာအရ ပရိဘာသာအရတို့ကို ကောက်ပြပြီးလျှင်၊ စမွကမာလာဂါထာနှင့် လက္ခဏာချင်းတူသောဂါထာကိုလည်း ပါဠိဖွင့်ရေးခဲ့ပါ။

၁၀။ အောက်ပါတို့၌ ဂါထာအမည်မျှသာ ဖော်ထုတ်ခဲ့ပါ။

(က) အပရာဇိတာဂါထာ၏ လက္ခဏာထဲမှ သ-ဂိုဏ်းကို ပြုတ်ပယ်လျှင် ဖြစ်နိုင်သော ဂါထာ၊

(ခ) ဥပစိတ္တဂါထာ၏ သမပါဒ လက္ခဏာကိုသာ လေးပါဒလုံး၌ အသုံးပြုလျက် သိကုံးခဲ့လျှင် ဖြစ်လာနိုင်သော ဂါထာ။

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) ဆင်းရဲခြင်း၊ (ခ) လက်ဆုပ်၊ (ဂ) စန္ဒကူးအပြု၊
(ဃ) ပရုပ်၊ (င) ပန်းတောင်းပန်းကလုပ်၊ (စ) စာမရိသားပြီးယပ်၊
(ဆ) အော့အန်နာ၊ (ဇ) မြင်းမြန်၊
(ဈ)တည့် (ပင်လယ်ရှားပင်) (ည) သိအပ်သည်။

၂။ (က) အင်္ဂါရု၊ (ခ) ဟဒဂ်မ၊ (ဂ) သာဒါနဂရု၊ (ဃ) ဩရသ၊
(င) ကာဠာဂရု၊ (စ) အနိုကဋ္ဌ၊ (ဆ) မေဓက၊ (Z) av ဩ၊
(ဈ) သာကုဏိက၊ (ည) ရဟဒ။

၃။ **တစ်ဂါထုတ် အတောင်ပမာဏ-** အတောင် ၁၁၂၀၀-ဖြစ်ပါသည်။
ငွေကြေးပမာဏ- (ကရင် ၃-တွင်ရှု)

http://www.dhammadownload.com

၄။ သဏ္ဌာသ- ညွှပ်၊ မုဋ္ဌ- သံတူး၊ အဓိကရဏိ- ပေ။
ဂရု-တောနက်- (တနသ်ာရီ ၄-တွင်ရှု)

၅။ **အလင်္ကာဂါထာနံပါတ် ၆၁၊ ၁၀၆-တို့ကို ပါဠိရေးလေ။**

၆။ **အလင်္ကာဂါထာနံပါတ် ၁၂၅-ကို အနက်ရေးလေ။**

၇။ (က) ဝိသေသျကို ယုတ်နိမ့်အောင်ပြုသောကြောင့် ဟီနတ္ထကဒေါသ သင့်ပါသည်။
(ခ) ယဉ်ကျေးစွာသုံးနှုံးထားသောကြောင့် ဂါမဏ္ဍေသမှ လွတ်မြောက်ပါသည်။
(ဂ) စပ်သင့်သောပုဒ်ချင်းနီးခြင်း၊ ပေါ်လွင်ထင်ရှားသောပုဒ်အနက်ရှိခြင်းကြောင့် ပသာဒဂုဏ်မြောက်ပါသည်။

၈။ ထင်ရှားမရှိသောဥပမာဖြင့် နှိုင်းယှဉ်ခြင်းသည် အဘူတောပမာအလင်္ကာမည်ပါသည်။
ဘာဝ, ဝိဘာဝ, အနုဘာဝ-
ဗုဒ္ဓံ ပူဇေမိ-၌ မြတ်စွာဘုရားကို ရှိခိုးသောပုဂ္ဂိုလ်၏သန္တာန်၌ သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယိဘာဝ၊ ဓမ္မသိဂီရရသ။
မြတ်စွာဘုရားသည် အာရမ္မဏာဝိဘာဝ၊
မြတ်စွာဘုရား၏ ဂုဏ်တော်များသည် ဥဒ္ဒီပနဝိဘာဝ၊
အန္တရာယ်ကင်းခြင်း နိဗ္ဗာန်တိုင်အောင်အကျိုးအဆက်ဆက်သည် အနုဘာဝ။

၉။ သညာ **အရ-** မ-ဂိုဏ်း, န-ဂိုဏ်း-စသော အမည်သညာကို ယူရမည်။
ပရိဘာသာအရ- ကောက္ခရပါဒအစရှိသော ပရိဘာသာကို ယူရမည်။
လက္ခဏာချင်းတူသော ဂါထာ- ဂါထာနံပါတ် ၅၇-ကို ပါဠိရေးလေ။

၁၀။ (က) ဘဒ္ဒိကာဂါထာ၊ (ခ) ဒေါဓကဂါထာ။

http://www.dhammadownload.com

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း) ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ

၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော်(၇)ရက်၊ (၂၈–၃–၂၀၀၈)သောကြာနေ့

၁။ အောက်ဖော်ပြပါ ပါဠိဝေါဟာရတို့ကို မြန်မာဝေါဟာရ ပြောင်းလဲခဲ့ပါ။
(က)ပဟာရာဒ၊ (ခ)ကိမ္ပုရိသ၊ (ဂ) ဒနု၊ (ဃ) ဇောတိသတ္တာ၊ (င) ပရိဘာသန၊
(စ) လာလသာ၊ (ဆ) ကုလိတ္ထိ၊ (ဇ) ခဋ္ဌင်္ဂ၊ (ဈ) ရတ္တာတိသာရ၊ (ည) ပသယ္ဟ။

၂။ အောက်ပါတို့ကို မြန်မာဝေါဟာရတို့ကို ပါဠိဝေါဟာရတစ်ခုစီ ပြန်ဆိုခဲ့ပါ။
(က) မီးပွာရ၊ (ခ) ကိမ္ပုရိသ၊ (ဂ) မြင်းဟီသံ၊ (ဃ) သားရေအားလုံးကြက်စည်၊ (င)ကလလ ရေကြည်၊ (စ) စို့၊ (ဆ) တောင်ဇော့။ (ဇ) မြည်း၊ (ဈ) မယ်ဇယ်ပွင့်ဖြင့် လုပ်သောအရက်၊ (ည) ကုက္ကို။

၃။ အောက်ပါတို့ကို ပါဠို+မြန်မာနှစ်ဘာသာဖြင့် ဖြေဆိုပါ။
(က) ပဋ္ဌ မဟာပရိစ္စာဂေါ်–၌ ပဋ္ဌ အရ၊ (ခ) ကြာမာ မဟာနဒီ ပဋ္ဌ–၌ ပဋ္ဌ အရ။

၄။ သင်္ခါသဒ္ဒါတို့၏ လိင်အဆုံးအဖြတ်ကို ဂါထာပါဠိ လာရှိသည်နှင့်အညီ ရှင်းလင်းစွာ ဖြေဆိုရှု၊ ဥဏာဒိသုန–သဒ္ဒါ၏ဟောအပ်သော အနက်(၆)မျိုးကိုလည်း အစဉ်တကျ ဖော်ပြပါ။

၅။ ခေတ္တံ ဝါ ဒေဟိ ဂါမံ ဝါ၊ ဒေသံ ဝါ မမ သောဘနံ–ဟူသော ဥဒါဟရုဏ်ပါဠိကို ကမစ္စု တဒေါ်သမှ ကင်းလွတ်အောက် ပြင်ဆင်ရေးသားပြီးလျှင်၊ အောက်ပါတို့ကိုလည်းအ လင်္ကာကျမ်းလာအတိုင်း ထုတ်နုတ်ဖော်ပြပါ။
(က) ဗျာကိဏ္ဏဒေါသ မသင့်အောင် ရေးသားစီးကုံးနည်း၊ (ခ) ဂါမ္ဘဒေါသ မသင့်အောင် ရေးသားစီးကုံးနည်း။

http://www.dhammadownload.com

၆။ ''သားနှင့်သမီး, ချစ်ဇနီးတို့, ဘေးကြိုးရန်ကွာ, တားဆီးပါအုံ'' ဟူသောကဗျာ၌ သင့်ရောက်သော ဒေါသဖိုပုံစံပြ ဂါထာကို အနက်ရေးသားခဲ့ပါ။

၇။ သမာဓိဂုဏ်၏ ဘရုပ်တကွ မှတ်ကြောင်းဖြစ်သော လက္ခဏာကို ပြဆိုသော ဂါထာတို့ကို ပါဠိရေးသားခဲ့ပါ။

၈။ ''ထက္ကြသိမ်းဆဲ, မျှသုံးစွဲ, ပေါင်းမြဲမိတ်ဆွေကောင်း'' ဟူသော ကဗျာ၌ အဘယ်ကြောင့် အဘယ်ဂုဏ်မြောက်သည်ကို ကျနစွာ ရှင်းလင်းပြပြီး၊ အောက်ပါကဗျာကို ဘာဝ, ဝိဘာဝ, အနုဘားတို့ စုံလင်းစွာ ထုတ်ဆောင်ပြခဲ့ပါ။
''ဘင်ပုပ်မစင်, ပက်ပင်းမြင်သော်, လူရှင်များစွာ, စက်ဆုပ်ရာဏ်''။

၉။ အောက်ပါတို့တွင်(က)၌ ဖြစ်သင့်သော ဂါထာတို့ကို အမည်မျှ ဖော်ပြပြီး၊ (ခ)၌ ဖြစ်သင့်သော ဂါထာတို့ကိုလည်း ပါဠိသက်သက် ရေးသားခဲ့ပါ။
(က) တတိယပိုင်း၌ ဂိုဏ်း, ဂရု,ဂဟု လက္ခဏာတူပါလျှက် အမည်မတူသော ဂါထာ၊
(ခ) ဂ္ဂါန္ဒဝဇိရာဂါထာ၊ ဥပေန္ဒဝဇိရာဂါတို့၏လက္ခဏာတို့ဖြင့် ရောသမမွှေ၍ ဖွဲ့ဆိုထားသည့် စတုတ္ထပိုင်းလာဂါထာ။

၁၀။ ဆန်းကျမ်းလာ ပတ္ထာရနုယဂါထာကို အနက်ရေးသားပြီးလျှင်၊ အောက်ဖော်ပြပါ ဂါထာကိုလည်း ဆန်းစစ်၍ဂါထာအမည်, ဆန်းအမည်ပေးခဲ့ပါ။
သခ္ခေါ နိဂုဏောကူနာ၊ ဝိတ္ထာရာ ယာမ သမ္ဘဂါ။
ဝုတ္တာသ' ဒုန္ဒာရာနံ စ၊ ဂရုလာနံ စ အဂုံလံ။

၁၂။ ရန်ကုန်တိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) ပဟာရာဒအသူရာ၊ (ခ) ကံနွေရာ၊ (ဂ) အသူရာတို့၏အဓိ၊
(ဃ) ဟူးရားကျမ်း၊ (င) မြည်တွန်ခြင်း၊ (စ) လွန်ကဲသောတဏှာ၊

http://www.dhammadownload.com

(ဆ) အမျိုးစောင့်သောမိန်းမ၊ (ဇ) လက်ဆုပ်၊
(ဈ) ဝမ်းသွေးသွန်သောအနာ၊ (ည) နိုင်ထက်မူခြင်း။

၂။ (က) ဝိပ္ပလိင်၊ (ခ) ဥတ္တရကာလ၊ (ဂ) ဟေသာ၊ (ဃ) အာတတဝိတတ၊
(င) ကလလ၊ (စ) ဌက်၊ (ဆ) ကတ္တရယဋ္ဌိ၊ (ဇ) ဂဒြာ၊
(ဈ) မဓု၊ (ည) သိရိသ။

၃။ (က) သေဋ္ဌဓနပရိစ္ဆာဂ– မြတ်သောဥစ္စာကိုစွန့်ခြင်း၊
ပုတ္တပရိစ္ဆာဂ– သားသမီးကိုစွန့်ခြင်း၊
ဒါရပရိစ္ဆာဂ– မယားကိုစွန့်ခြင်း၊
ရဇ္ဇပရိစ္ဆာဂ– တိုင်းပြည်ကိုစွန့်ခြင်း၊
အင်္ဂပရိစ္ဆာဂ– လက်, ခြေ–စသော အင်္ဂါကြီး,ငယ်ကိုစွန့်ခြင်း၊
(ခ) ဂင်္ဂါ– ဂင်္ဂါမြစ်၊ အစိရဝတီ– အစိရဝတီမြစ်၊ ယမုနာ– ယမုံနာမြစ်၊
သရဘူ– သရဘူမြစ်၊ မဟီ– မဟီမြစ်။

၄။ **သင်္ခါသဒ္ဒါတို့၏ လိင်အဆုံးအဖြတ်–** (စစ်ကိုင်း ၃–တွင်ရှု)

ဥကာရဒဿနတောနက်–

သာမညဖိုလ်၊ ဝိပဿနာဖိုလ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ သဗ္ဗညုတဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ အရိယာမဂ်။

၅။ ဒေသံ ဇာ ဒေဟိ ဂါမံ ဇာ၊ ခေတ္တံ ဇာ မမ သောဘနံ။

(က) စပ်သင့်သောပုဒ်အချင်းချင်း နီးကပ်စွာထားခြင်း၊ မစပ်သင့်သောပုဒ်များနှင့် ရောယှက်ရှုပ်ထွေးမှု မရှိခြင်းအနက်အဓိပ္ပါယ်ပေါ်လွင်ထင်ရှားခြင်း၊ ဤ ၃–မျိုးဖြင့် ဖွဲ့စီသိကုံးရေးသားရပါမည်။

(ခ) ရိုးစိုင်းသော အသုံးအနှုန်းများဖြင့် မသုံးဘဲ ယဉ်ကျေးနှစ်သက်ဖွယ်သော အသုံးအနှုန်းတို့ဖြင့် ဖွဲ့စီသိကုံးရေးသားရပါမည်။

http://www.dhammadownload.com

၆။ အလင်္ကာဂါထာနံပါတ် ၆၄-ကို အနက်ရေးလေ။

၇။ အလင်္ကာဂါထာနံပါတ် ၁၅၁၊ ၁၅၂-တို့ကို ပါဠိရေးလေ။

၈။ ''ထင်ကြွသိမ်းဆဲ မျှသုံးစွဲ ပေါင်းပြုမိတ်ဆွေကောင်း'' ဟူသော ကဗျာသည် မြတ်စွာဘုရား အကျယ်တောတော်မူခဲ့သော သမ္မဒါ ၄-ပါးကို အကျဉ်းချုံး၍ အနက်အဓိပ္ပါယ် မပျက်စီး အောင် ဖွဲ့ဆိုထားသောကြောင့် သမာသအတ္ထုဋ္ဌဂုဏ်မြောက်ပါသည်။
ဘာဝါလင်္ကာရထုတ်ပုံ-
လူရှင်များစွာ၏ သန္တာန်၌ဖြစ်သော စက်ဆုပ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဇဂုစ္ဆာဘာယိဘာဝ၊ ဗီဘစ္ဆရသ။
ဘင်ပုပ်မစင်သည် အာရမ္မဏဘိဘာဝ၊
စက်ဆုပ်ဖွယ်အခြင်းအရာသည် ဥဒ္ဒိပနဘိဘာဝ၊
နှာခေါင်းရှံ့ ခြင်းစသည်တို့သည် အနုဘာဝ။

၉။ (က) ရုမ္မဝတီဂါထာ၊ စမ္ပကမာလာဂါထာ။
(ခ) ဂါထာနံပါတ် ၁၁၂၊ ၁၁၃-တို့ကို ပါဠိရေးလေ။

၁၀။ ဂါထာနံပါတ် ၁၂၉-ကို အနက်ရေးလေ။
ဆန်းစစ်ပုံ-
ပါဒတိုင်း ပါဒတိုင်း အက္ခရာရှစ်လုံးစီရှိခြင်း၊
ပါဒတိုင်း အစအက္ခရာတစ်လုံးနောင် သ-ဂိုဏ်း, န-ဂိုဏ်း မရှိခြင်း၊
ဝိသမပါဒအစလေးလုံးနောင် ယ-ဂိုဏ်းရှိခြင်း၊
သမပါဒအစလေးလုံးနောင် ဇ-ဂိုဏ်းရှိခြင်း ဖြစ်သောကြောင့် ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘဆန်းဖြစ်ပါသည်။

http://www.dhammadownload.com

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်း
၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၅–၄–၂၀၀၈) စနေနေ့

၁။ ဖော်ပြပါ ပါဠိစကားလုံးများကို မြန်မာဝေါဟာရတစ်ခုစီ ပြန်ဆိုပြပါ။
(က) အစ္စိ၊ (ခ)မရိစိ၊ (ဂ) အဒိတိ၊ (ဃ) ပါဠလ၊ (င) ဝိသဃိ၊
(စ) ဥဿဝ၊ (ဆ) သာခါနဂရ၊ (ဇ) သသုရာ၊ (ဈ) ဒဝထု၊ (ည) အဇည။

၂။ ဖော်ပြပါ မြန်မာစကားလုံးများကို ပါဠိဝေါဟာရတစ်ခုစီ ပြန်ဆိုရေးသားပါ။
(က) လဝန်း၊ (ခ) တန်းခူလ၊ (ဂ) စည်တိုး၊ (ဃ) စိမ့်မြေ၊ (င) ရေအိုးစင်၊
(စ) သင်းကျစ်၊ (ဆ) သေတ္တာ၊ (ဇ) နားရင်း၊ (ဈ) စို့၊ (ည) ပွတ်ခုံ ပွတ်ကျည်။

၃။ သြသဓိနှင့် သြသဓသန္ဒိတို့၏ ခြားနားချက်ကို ရေး၍၊ လှေ၏အစိတ်အပိုင်းတို့ကိုလည်း ပါဠိမြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြခဲ့ပါ။

၄။ ကူဋဥ္ဇ, စပလ, ကာကတာလီယသန္ဓိတို့၏ ဆိုလိုရင်းသဘောအဓိပ္ပါယ်ကို အဘိဓာန်ဆရာအလိုကျရေးသား၍၊ သာမသန္ဓိဟောနိုင်သော အနက်များကိုလည်း လိုင်အလိုက် ပြည့်စုံအောင် ဖြေဆိုပါ။

၅။ ''လသို့ တမူ ပူပူပင်ပင်၊ နေသို့ပမာအေးတတ်စွာ၏'' ဟူသော စကားရပ်၌ သင့်ရောက်သော ဒေါသ၏ အဖြေဂါထာကို ပါဠိရေးပြပါ။

၆။ ဗျာကိဏ္ဏဒေါသ, နေယျဒေါသမှ လွတ်မြောက်က ရရှိနိုင်မည့်ဂုဏ်ကို ဖော်ပြသောဂါထာကို အနက်ရေးခဲ့ပါ။

၇။ အောက်ပါတို့တွင် (က) (ခ)တို့၌ ဒေါသ၊ (ဂ) (ဃ)တို့၌ ဂုဏ်၊ (င)၌ အလင်္ကာတို့ကို အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

(က) မျက်စိဟင်းလင်း၊ တွင်းသာကြွင်းလည်း၊ ရှိရင်ထက်ပင်၊ ပို၍မြင်၏။

(ခ) ရန်းကားလို့တုလာလျင်၊ ဥပမာဆိုစို့၊ ချေးပုံနှင့် မြင့်မိုရ်တောင်၊ ခင်းဆိုယောင် မှတ်ကြပါစို့။

(ဂ) မွေးပျိုသင်းကြူ၊ ပန်းမည်၏။

(ဃ) ကိလေသာအညော်ငွေ့တွေနှင့်၊ ပျော်မွေ့ကာနေမိမှားလျင်ဖြင့်၊ လားလိမ့်အောက်ဆီ။

(င) မယားမမက် အသက်ရှည်၊ မယားမက်က အသက်သေ။

၈။ ''ဘုရား ဘုရား၊ အာရုံပွားလျက်၊ ပြောကြားမြွက်ဆို၊ လူထိုထို၏၊ ကိုယ်မှာပွားထုံ၊ ဝိတိဟုန်ကား၊ လုံးစုံလက်ရာ၊ ဒကွိဏာထက်၊ မှန်စွာမည်၏၊ ပို၍မြတ်၏'' ဟူသောလက်၌ ဖြစ်သင့်သော ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကို စုံလင်စွာထုတ်ပြခဲ့ပါ။

၉။ ဒွယံမိဒံ-၌ ဒွယ-အရ ယူရမည့်ဂါထာတို့ကို ပါဠိရေး၍၊ သမာသမာကြာဒိနံ-၌ သမ, အသမ-အရတို့ကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ ဝတ္တာမျိုးဂါထာဟူသမျှ၌ လိုက်နာရမည့်စည်းကမ်းချက်တို့ကို ညွှန်ပြ၍၊ အောက်ပါတို့ကို ဂါထာအမည် ဆန်းအမည်ပေးခဲ့ပါ။

(က) စိတြပဒါဂါထာ၏အစ၌ ဘ-ဂိုဏ်းတစ်ခုတို့၍ ဖွဲ့စီထားသောဂါထာ၊

(ခ) တာမရသဂါထာ၏ လက္ခဏာမှ ယ-ဂိုဏ်းကိုဖျက် လဟု, ဂရုစွက်ကာ ဖွဲ့စီထားသော ဂါထာ။

၁၃။ ရခိုင်ပြည်နယ် (အဓဖြ)

ပထမကြီးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) မီးလျှံ (ခ) တံလျှပ်၊ (ဂ) နတ်တို့၏ အဝိ၊
(ဃ) ပန်းရောင်အဆင်း၊ (င) ဂ္ဂန္ဒြေ၊ (စ) ပျော်ပွဲပူဇော်ပွဲ၊
(ဆ) မြို့လက်၊ (ဇ) ယောက္ခမအစုံ၊ (ဈ) ကိုယ်ပူနှာ၊
(ည) ဘေးရန်။

http://www.dhammadownload.com

၂။ (က) ဗိမ္မ၊ (ခ) စိတ္တ၊ (ဂ) တိဏာဝ၊ (ဃ) အနုပ၊
(င) ပဟိ၊ (စ) သိရောဝေဌန၊ (ဆ) သမုဂ္ဂ၊ (ဈ) ဌက်၊
(ည) အရဏီ။

၃။ သြသဓိနှင့် သြသဓြားနားချက်–
အသီးမှည့်ခြင်းလျှင် အဆုံးရှိသော ကဒလိ, ဝိဟိစသည်သည် ဇာတ်သက်သက်၌ဖြစ်မူ သြသဓိ၊
အလုံးစုံသော ကဒလိ, ဝိဟိ, တိဗလ, ဃတ, မဓု–စသည်သည် ဇာတ်နှင့် မရောမယှက် သက်သက်ရောဂါပယ်ဖျောက်ခြင်း၌သာ ဖြစ်မူ သြသဓ၊ ဤသို့ခြားနားပါသည်။
လျှေအစိတ်အပိုင်း–
လက်ာရ– ရွက်၊ ဝဠာကာရ– ရွက်ကြိုး၊ ဖိယ– လျှော်တက်။

၄။ တစ်ခုတည်းသော သဘောဖြင့် အခါခပ်သိမ်းနှုံ၍ တည်တတ်သော နိဗ္ဗာန်, ဗောဓိကင်စသည်ကို ကုဋ္ဌ–ဟုခေါ်သည်။
မစူးစမ်း မဆင်ခြင်မှု၍ သတ်ခြင်း နှောင်ဖွဲ့ခြင်းစသော ကိစ္စကို ပြုကျွံသော ယောကျ်ားမိုးကို မဆုံးဖြတ်အပ်သော အမှုကိုပြုလေ့ရှိသောကြောင့် စပလဝဟုခေါ်သည်။
မကြံမစည် မရည်မစောင့်ရောက်သောအမှုကို ကာကတာလိယဟုခေါ်သည်။
သာမသန္ဒါဟောနက်–
နပုလ္လိင် သာမသန္ဒါသည် သာမဗေဒင်, စကားပြေပြော၍ ညီညွတ်စေ့စပ်ခြင်း၌ ဖြစ်၏၊
သုံးလိင် သာမသန္ဒါသည် အဂါ, အညိုဠ် ဖြစ်၏၊
နိပါတ် သာမသန္ဒါသည် ကိုယ်တိုင်ဟူသောအနက်၌ ဖြစ်၏၊
ဣတ္ထိလိင် သာမသန္ဒါသည် ဥပါသကာပင်၌ ဖြစ်၏။

၅။ အလင်္ကာဂါထာနံပါတ် ၈၈–ကို ပါဠိရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၁၄၈–ကို အနက်ရေးလေ။

http://www.dhammadownload.com

၇။ (က) အသင့်ယုတ္တိမရှိသောကြောင့် ဉာယဝိရောဓိဒေါသ သင့်ပါသည်၊
(ခ) ချေးပုံ-ဟူသော စကားသည် ရိုင်းစိုင်းသောကြောင့် ဂါမ္ဗဒေါသ သင့်ပါသည်၊
(ဂ) အမှုန်းတင် ဝိသေသနပါရှိသောကြောင့် ဒုတိယဥဒါရတာဂုဏ်မြောက်ပါသည်၊
(ဃ) ကိလေသာအညော်ငွေ့-ဟူသော စကားသည် အနုံရှိသောဝတ္ထု၏ သဘောကို အနုံမရှိသော ကိလေသာ၌ တင်စား၍ ဆိုခြင်းကြောင့် နိဂန္ဓဂန္ဓဓမ္မသမာဓိဂုဏ် မြောက်ပါသည်။
(င) မယားမမက် အသက်ရှည်၊ မယားမက်က အသက်သေ-ဟူသော စကားသည် အသက်ရှည်ခြင်းဂုဏ်နှင့် အသက်သေခြင်းကြိယာသည် ဆန့်ကျင်ဖ၊ ထိုတွင် အသက်ရှည်ခြင်း၏ မယား မမက်ခြင်းဂုဏ် လွန်ကဲသည်ကို ပြခြင်းငှါ ဆန့်ကျင်ဘက် နှစ်ခုကို ရောနှော၍ ပြခြင်းကြောင့် ဝိရောဓိတာအလင်္ကာ ဖြစ်ပါသည်။

၈။ ဘာဝ, ဝိဘာဝ, အနုဘာဝ- (တနသ်ာရီ ၈-တွင်ရှု)

၉။ ဒွယံမိဒံ၌ ဒွယံ အရ-ဆန်းဂါထာနံပါတ် ၁၁၅၊ ၁၁၆-ဂါထာတို့ကို ပါဠိရေးပါ။
သမ အရ- ပစ္စဝုတ္တိဂါထာ၏ သမပါဒ (လက္ခဏာ)ကို ယူရပါသည်။
အသမ အရ- ဥဒိစ္စဝုတ္တိဂါထာ၏ ဝိသမပါဒ (လက္ခဏာ)ကို ယူရပါသည်။

၁၀။ လိုက်နာရမည့် စည်းကမ်းချက်-
၁။ လေးပါဒလုံး ပါဒတိုင်း ပါဒတိုင်း အက္ခရာရှစ်လုံးစီရှိရမည်၊
၂။ ပါဒတိုင်း ပါဒတိုင်း အစတစ်လုံးနောင် သ-ဂိုဏ်း, န-ဂိုဏ်း မရှိစေရ၊
၃။ ကျန် ၆-ဂိုဏ်း တစ်ဂိုဏ်းဂိုဏ်း နေရမည်၊
(က) ဒေါဓကဂါထာ၊ တိဋ္ဌဘဆန်း။
(ခ) သုမုခီဂါထာ၊ တိဋ္ဌဘဆန်း။

http://www.dhammadownload.com

၁၄။ ပထမပြန်စာဓမးပွဲကျင်းပဧရးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/ဧတာင်ပိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၅– ၄–၂၀၀၈) စနေနေ့

၁။ ''ပါဠိတွေ့မြင် အနက်ထင် ခေါ်တွင်ပညာရှိ'' ဟူသည်နှင့်အညီ အောက်ဖော်ပြပါ ပါဠိ ဝေါဟာရများကို မြန်မာဘာသာသို့ ပြန်ဆိုပါ။
(က) အရှုပ၊ (ခ) ဥပညာသ၊ (ဂ) သလ္လကတ္တ၊ (ဃ) စက္ကိက၊ (င) နမက္ကာရ၊
(စ) ပရာဂ၊ (ဆ) ဗေလုဝ၊ (ဇ) ကီစက၊ (ဈ) သာလူက၊ (ည) ဇိတိ။

၂။ ''နက်မြင်ပါဠိရ ပဏ္ဍိတ'' ဟူသည်နှင့်အညီ အောက်ဖော်ပြပါတို့ကို ပါဠိဝေါဟာရတစ်ခု စီသို့ ပြန်ဆိုပြပါ။
(က) တပေါင်းလ၊ (ခ) လမ်းကောင်း၊ (ဂ) ချမ်းသာသဖြင့် ကြီးပွားသူ၊ (ဃ) ထိပ်ပြောင်သူ၊
(င) သင်းကျစ်၊ (စ) အချင်းချင်း ကြုံဖူးခြင်း၊ (ဆ) ခရေ၊ (ဇ) ကြက်တူရွေး၊
(ဈ) ချစ်ခင်တတ်သူ၊ (ည) လေ့ကျင့်ခြင်း။

၃။ ''ပို့ချသင်ဆဲ၊ လိင်မကွဲက၊ အမြဲနက္ခ၊ ရင်ဆိုင်ရပေ၊ မဖြစ်ရလေအောင်'' ဝတ္ထု–သန္နိဿိ၏ လိင်ကို သာဓကနှင့်တကွ ဆုံးဖြတ်၍၊ လောကီဘုံသား လူအများတို့ အားထားမျှော်ကိုး အမြတ်တနိုးပြုသော ရတနာ ၇–ပါးကိုလည်း ပါဠိ + မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်၍ ဖြေဆိုပြပါ။

၄။ ကုလနှင့် နိကာယတို့၏ သဘောသဘာဝကို အဘိဓာန်ကျမ်းလာအတိုင်း ရေးပြ၍၊ ဉာဏဒဿန–သန္နိဿောစွမ်းနိုင်သမျှသော အနက်များကိုလည်း မြန်မာဘာသာဖြင့်သာ ဖြေဆိုပါ။

၅။ ''မိဘဆရာ၊ မြတ်သံဃာနှင့်၊ ဘဂဝါ ဇိန၊ မြတ်ဓမ္မကို၊ နေ့ညမကွာ၊ ရှိခိုးပါ၏'' ဟူသော ကဗျာလင်္ကာ၌ အဘယဒေါသ သင့်ရောက်သည်ကို ဖြေဆို၍၊ ယင်းဒေါသမှ လွတ်မြောက်ပုံ အဖြေပြ ဥဒါဟရဏ်ဂါထာကိုလည်း ပါဠိရေးပြပါ။

http://www.dhammadownload.com

၆။ ''ပရိက္ခရာ၊ ဥစ္စာ အိမ်ထောင်၊ ကုန်အောင် ခြွေ, ရွှေ၊ စွန့်ခဲ့ပေ၍၊ မနေလူရပ်၊ တောသို့ ကပ်၏'' တူသော ကဗျာလင်္ကာ၌ ဂုဏ်မြောက်ပုံပြဂါထာကို အနက်ယောဇနာခဲ့ပါ။

၇။ အောက်ပါတို့ကို (က)၌ သင့်သောဒေါသ၊ (ခ)၌ ရောက်ရှိနိုင်သောဂုဏ်၊ (ဂ)၌ အဘယ် အလင်္ကာဖြစ်သည်ကို ခိုင်လုံသော အကြောင်းနှင့်တကွ ရှင်းပြပါ။

(က) ပိုးစုန်းကြူ ရောင်၊ ကုန်အောင်ပယ်ရှင်း၊ ရှင်နေမင်း။

(ခ) ထင်ကြွသိမ်းဆည်း၊ မျှသုံးစွဲ၊ ပေါင်းမြဲမိတ်ဆွေကောင်း။

(ဂ) သမီးပေးမှ၊ သားမက်ရ၊ ဆန်ပေးမှ၊ သီချင်းဆို။

၈။ ဝက်ဝတ္တိအလင်္ကာ၏ လက္ခဏာကို ရေး၍၊ ဂိလာနိနှင့် ဗျာဓိတို့၏ သဘောသွားခြားနား ဟန်ကို ဖော်ပြကာ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–ဝယ် ဂစ္ဆာမိ–၌ အန္တတ္ထ အရကိုလည်း ဘာဂါ လင်္ကာရ ထုတ်ပြပါ။

၉။ သမဝုတ္တိနိဒ္ဒေသလာ အောက်ပါ (က) (ခ) (ဂ)တို့ကို ပိုင်ခြေရ၍၊ ဘဒ္ဒကဂါထာ၏ လက္ခဏာ ကိုလည်း ရေးပြပါ။

(က) ဂရုသင်္ကသင်္ကဖြင့် စိကိုးထားသောဂါထာ၊

(ခ) ဝေတာလိဂါထာ၏ သမပါဒလက္ခဏာအားဖြင့် စိကိုးထားသောဂါထာ၊

(ဂ) ဥဇ္ဇလ်ာဂါထာ၏ လက္ခဏာတွင် အလယ်တည့်တည့်၌ ဂရု, လဟုတို့၍ စိကိုးထား သောဂါထာ။

၁၀။ ဒွယံ မိဒံ ဝေတာလိယပွဘေဒေါ–၌ ဒွယ–အရကို ကောက်ပြ၍၊ အောက်ပါဂါထာကိုလည်း ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပြပါ–

သချော်ဝ ဒွိဝုဏော' ကုနာ၊ ဝိတ္ထာရာ' ယာမသမ္ဘဝါ။
ဝုတ္တာသ' ဒွဲ' နှရာနံ စ၊ ဂရုလာနံ စ အဂုံလံ။

http://www.dhammadownload.com

၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) နိဗ္ဗာန်၊ (ခ) စကားဦး, စကားစ၊ (ဂ) ခွဲစိပ်ကုသဆရာ၊
(ဃ) နာရီတိုးသမား၊ (င) ရှိခိုးခြင်း၊ (စ) ဝတ်မှုန်၊
(ဆ) ဥသျှစ်ပင်၊ (ဇ) ငါးကြိတ်မည်သံ၊ (ဈ) ကြာဥ၊
(ည) အောင်နိုင်ခြင်း။

၂။ (က) ဖဂ္ဂဏ၊ (ခ) သုပ္ပထ၊ (ဂ) သုကုမာရ၊ (ဃ) ခလွာဋ္ဌ၊
(င) သိရောဝေဠန၊ (စ) အဟမဟမိကာ၊ (ဆ) ဝကုလ၊ (ဇ) သုဝ၊
(ဈ) ဝဋ္ဌလ၊ (ည) သန္ထဝ။

၃။ ဒွိသွဓော နာဘိယာ ဝတ္ထိ–ကိုထောက်၍ ဝတ္ထိ–သဒ္ဒါ ပုလ္လိင်, ဂ္ဂတ္ထိလိင် ဖြစ်ပါသည်။
ရတနာ ဂ–ပါး–
၁။ သုဝဏ္ဏ– ရွှေ၊ ၂။ ရဇတ–ငွေ၊ ၃။ မုတ္တာ–ပုလဲ၊ ၄။ မဏိ– ပတ္တမြား၊
၅။ ဝေဠုရိယ– ကြောင်၊ (ကြောင်မျက်ရွဲ) ၆။ ဝဇိရ– စိန်၊ ဂ။ပဝါဠ– သန်လွာ။

၄။ ဇာတ်တူသတ္တဝါတို့၏ အပေါင်းသည် ကုလ–မည်၏၊
အကျင့်တူသူတို့၏ အပေါင်းသည် နိကာယ–မည်၏။
ဉာဏဒဿန အနက်– (ရန်ကုန် ၄–တွင်ရှု)

၅။ မိဘဆရာ မြတ်သံဃာနှင့်–စသော ကဗျာ၌ အမြတ်ကို ရှေ့ထားရမည်ဖြစ်၍ လောက
ပြောရိုး အစဉ်ပျက်သောကြောင့် ကမ္ဘူတဒေါသ သင့်ပါသည်။
ဂုဏ်မြောက်ပုံပြဂါထာ– အလင်္ကာဂါထာနံပါတ် ၉၄–ကို ပါဠိရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၁၂၀–ကို အနက်ရေးလေ။

http://www.dhammadownload.com

၇။ (က) ပိုးစုန်းကြူးရောင် ကုန်အောင်ပယ်ရှင်း-ဟူသော ဝိသေသနသည် 'ရှင်နေမင်း' ဟူသော ဝိသေသျကို ဂုဏ်ယုတ် ဂုဏ်ပျက်အောင် ပြုတတ်သောကြောင့် ဟိနတ္ထ ဒေါသသင့်ပါသည်။

(ခ) သမ္မဒါန် ၄-ပါးကို အကျဉ်းချုံး၍ ဆိုသောကြောင့် သမာသအတ္ထဩဂုဏ် မြောက်ပါသည်။

(ဂ) သမီးပေးမှ သားမက်ရ-ဟူသောစကားသည် သမီးကိုပေး၍ သားမက်ကို ယူရခြင်း ကြောင့်လည်းကောင်း၊ ဆန်ပေးမှ သီချင်းဆို-ဟူသောစကားသည် သီချင်းဆို၍ ဆန်ကိုယူရခြင်းကြောင့်လည်းကောင်း ပရိဂုတ္တိအလင်္ကာရဖြစ်ပါသည်။

၈။ ဇာတ်, ဂုဏ်, ကြိယာဒြပ်ဟုဆိုအပ်သော ဝတ္ထုတို့၏ အထူးထူးအပြားပြား ဆန်းကြယ်သော အခိုက်အတန့်သဘောကို တိုက်ရိုက်မဆို သွယ်ဝိုက်၍ ဆိုခြင်းသည် ဝက်ဝုတ္တိ အလင်္ကာ၏ လက္ခဏာဖြစ်သည်။

အားမရှိခြင်း နွမ်းနယ်ခြင်းသည် ဂိလာနိ-မည်၏။

ဗျားနာခြင်းသည် ဗျာဓိ-မည်၏၊ ဤသို့ခြားနားပါသည်။

ဘာဝါလင်္ကာရ- (မွန် ၈-တွင်ရှု)

၉။ (က) ဆန်းဂါထာနံပါတ် ၄၉၊

(ခ) ဆန်းဂါထာနံပါတ် ၈၁၊

(ဂ) ဆန်းဂါထာနံပါတ် ၉၀-တို့ကို ပါဠိဖွေးပါ။

ဘဒ္ဒကဂါထာ၏ လက္ခဏာ-

၄-ပါဒလုံး ၁၀-လုံးမြောက် ၁၂-လုံးမြောက်တို့၌ ယတိပြတ်၍ ဘ-ဂိုဏ်း, ရ, န, ရ, န, ရ, န-ဂိုဏ်း၊ ဂရုရှိခြင်း ဖြစ်ပါသည်။

၁၀။ **ဒွယ အရ-** အပရဝတ္တဂါထာနှင့် ပုပ္ပိတဂ္ဂါဂါထာတို့ကို ယူရပါသည်။

သဒ္ဒါဝ-စသော ဂါထာသည်-

ပါဒတိုင်း ပါဒတိုင်း အက္ခရာ ၈-လုံးစီရှိခြင်း၊

http://www.dhammadownload.com

ပါဒတိုင်း အစလေးလုံးနောင် သ–ဂိုဏ်း, န–ဂိုဏ်းမရှိခြင်း၊
ဝိသမပါဒ အစလေးလုံးနောင် ယ–ဂိုဏ်းရှိခြင်း၊
သမပါဒ အစလေးလုံးနောင် ဇ–ဂိုဏ်းရှိခြင်းတို့ကြောင့် ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၅–၄–၂၀၀၈) စနေနေ့

၁။ အောက်ဖော်ပြပါ ပါဠိဂေါဟာရများကို မြန်မာဘာသာပြန်ဆိုပါ။
ဝဿန, ရမ္ဘက, အင်္ဂကွာန, ပရိမလ, ပေမ, ဥက္ကဌာ, အဿမ, အမ္မာ, သုခေဓိတ, ဇါစိယမ။

၂။ အောက်ဖော်ပြပါ မြန်မာဂေါဟာရများကို ပါဠိဘာသာပြန်ဆိုပါ။
မိုးအုံ့သောနေ့, တခဲနက်အမိုက်မှောင်, ပန်းရောင်အဆင်း, ကြင်နာစကား, လွန်သောဝိရိယ, မြေနုကျွန်းပေါ်, တံစက်မြိတ်, သားရင်း, ရွှေလည်တိုင်, မြတ်သောအင်းပျဉ်။

၃။ အဘိဓာန်ကျမ်းလာ ဟင်းရွက်အထူး ၅–မျိုးနှင့် ဟင်းရွက်မျိုး ၁၀–ပါးတို့ကို ပါဠိ+မြန်မာ တွဲစပ်ကာ ဖော်ပြပြီး စစ်တပ်ဖွဲ့စည်းပုံကို အများပြည်သူ နားလည်အောင် အဘိဓာန်နှင့် အညီ ဖြေဆိုခဲ့ပါ။

၄။ အောက်ပါ (က) (ခ) (ဂ) (ဃ) (င) သရုပ်များသည် မည်သည့်သင်္ချာတို့၏ သရုပ်များ ဖြစ်သည်ကို ဖြေဆို၍ (စ) (ဆ) (ဇ) (ဈ) (ည) ပုဒ်တို့၏ အဓိပ္ပါယ်များကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။
(က) မက်မောခြင်းကြောင့် ယောင်ယောင်မှားမှားပြုလုပ်တတ်ခြင်း၊
(ခ) နှံ့သာပျောင်း နှံ့သာရည်၊ (ဂ) ဗြဟ္မာ၊ (ဃ) ဝိစ္ဆိက၊
(င) စိတ္တာလတာဥယျာဉ်၊ (စ) အာတတ၊ (ဆ) အာလာပ၊
(ဇ) ဥဏ္ဍိတန၊ (ဈ) ကောသေယျ၊ (ည) ဝိကတိကာ။

http://www.dhammadownload.com

၅။ ''ပိုးစုန်းကြူး၏, ကွန်မြူးရောင်ဇါ, ဖျောက်နိုင်စွာသည့်, ဒိဇါကရ, ထောက်ပထိန်ဝင်း, ရှင်နေမင်း'' ဟူသောကဗျာ၌ သင့်ရောက်နိုင်သောဒေါသပြဂါထာကို အနက်ယောဇနာပါ။

၆။ ဥပမာန, ဥပမေယျ ပင်ကိုယ်သဘာဝအားဖြင့် ကွဲပြားစေကာမူ ထိုဥပမာန, ဥပမေယျတို့ကို မကွဲမပြား တသားတည်း ဖြစ်စေသကဲ့သို့ တင်စားပြဆိုသော (ရူပက) အလင်္ကာပြဂါထာကို ပါဠိဇရေးပါ။

၇။ အောက်ပါအမှတ်ပြတို့တွင် (က)၌ သင့်ရောက်နိုင်သောဒေါသ၊ (ခ) ၌ မြောက်နိုင်သောဂုဏ်ကို အကြောင်းပြ ဖြေဆိုပြီးလျှင် သဒ္ဒါဗေဒဂုဏ်၏ အဂီရဝ်များကိုလည်း ပါဠိမြန်မာနှစ်ဘာသာဖြင့် တင်ပြပါ။

(က) ဓားနှင့်ထိုး ဓားကျိုးပါလို့ လုံမှာခွေ၊ ပျိုတို့မောင် ရွှေရောင်ငိုက် ဖြုတ်ကိုက်မှသေ။

(ခ) အိုနာသေမှု, ကွေကွင်းမှုနှင့်၊ တစ်ခုကံသာ, ကိုယ့်ဥစ္စာ, မြဲစွာနေ့စဉ်ရှု။

၈။ ဌာယီဘာဝ၏ သဘောအဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားအောင် ရေးသားပြီးလျှင် ''နမော-တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''၌ ဖြစ်သင့်သော ဘာဝ, ဝိဘာဝစသည် စုံလင်အောင်ထုတ်ပြပါ။

၉။ အောက်ပါတို့တွင် (က) (ခ) တို့ကို ပါဠိဇရေး၍ (ဂ)ကို အနက်မှန်မှန်ပေးပြပါ။

(က) လျှပ်စစ်နွယ်ကဲ့သို့သော ဂိုဏ်းအနှံရှိဒေသာဂါထာ၊

(ခ) ထက်စည်း၏အသံနှင့်တူသောဂါထာ၊

(ဂ) သိကြားမင်း၏ ဝရဇိန်လက်နက်နှင့်တူသောဂါထာ။

၁၀။ ၁၂-လုံးဖွဲ့ဂါထာအမည်များကို ရေတွက်ပြပြီးလျှင် အပရာဇိတဂါထာ၏ လက္ခဏာကို လည်း ရေးခဲ့ပါ။

http://www.dhammadownload.com

၁၅။ ရှုမ်းပြည်နယ် မြောက်ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ ဒိုးရွာခြင်း၊ တန်ခူးလ၊ စွပ်စွဲခြင်း၊ နှစ်သက်ဖွယ်နှံသာ၊ ချစ်ခြင်း၊ ဥက္ကဋ္ဌပြည်၊ သခ်ိမ်းကျောင်း၊ အဓိ၊ ချမ်းသာသဖြင့် ကြီးပွားသူ၊ စကားစောင့်စည်းသူ။

၂။ ဒုဒ္ဒိန၊ အန္ဓတမ၊ ပါဠလ၊ ဟဒယင်္ဂမ၊ ဥသောဋ္ဌိ သဒ္ဒလ၊ နိဗ္ဗ၊ ဩရသ၊ ကမ္မဂိဓါ၊ ကောဋ္ဌ။

၃။ တမ္ဘက– ဟင်းနုနယ်၊ ကလမ္ဘက– ကန်စွန်း၊ ကာသမန္ဒ– ကဆော့၊ ဗျဏ္ဏရိ– ကန်ဂလာ၊ ဖဂ္ဂဝ– ပိတ်သင်းခတ်။

ဟင်းရွက်မျိုး ၁၀–ပါး–

မူလ– အမြစ်၊ ပတ္တ– အရွက်၊ ကဠိရ– အညောင့်၊ အဂ္ဂ– အညွှန့်၊ ကန္ဒ– အပု(ဝါ) အဥ၊ ပိဉ္ဇာ– အနှစ်၊ ဖလ– အသီး၊ တဆ– အခွန်အခေါက်၊ ပုပ္ဖ– အပွင့်၊ ဆတ္တ– ပျိုပွင့်။

စစ်တပ်ဖွဲ့စည်းပုံ–

စစ်သား ၁၂–ယောက်စီပါရှိသောဆင် ၃–စီးသည် ဟတ္ထာနီက၊

စစ်သား ၃–ယောက်စီပါရှိသောမြင်း ၃–စီးသည် ဟယာနီက၊

စစ်သား ၄–ယောက်စီပါရှိသောရထား ၃–စီးသည် ရထာနီက၊

လက်နက်ကိုင်စစ်သား ၄–ယောက်သည် ပတ္တာနီက။

၄။ (က) မစူးမစမ်း လုပ်တတ်သူ ၂

(ခ) နံသာပျောင်းနံသာရည် ၂

(ဂ) ငြဟ္မာ ၈၊

(ဃ) ဝိစ္ဆိက ၂

(င) စိတ္တာလတာဥယျာဉ် ၄၊

(စ) သားရေဖြင့် ကြက်အပ်ကုန်သော စည်ကြီးစသော စည်မျိုးတို့တွင် တဘက်သော အပြင်မျက်နှာဝန့် ယှဉ်သော ဓါ–တဘက်သာပိတ်သော အိုးစည်စည်ပုတ်အစရှိသော စည်သည် အာတတ။

http://www.dhammadownload.com

(ဆ) ချစ်ဖွယ်သာယာ ရှေးဦးစွာပြောဆိုအပ်သောစကားသည် အာလာပ၊
(ဇ) ရေတွင်းမှ ရေကိုထုတ်ဆောင်ကြောင်း ဝတ္ထုသည် ဥဇ္ဈိဋ္ဌန၊
(ဈ) ရွှေချည်တို့ဖြင့် ချုပ်ခြယ်အပ်သော ပိုးချည်အခင်းသည်လည်းကောင်း၊ ရွှေပြား ငွေပြား စိတ်းချကပ်အပ်သော ပိုးချည်အခင်းသည်လည်းကောင်း ကောသေယျ၊
(ည) ခြင်္သေ့, ကျား-စသော အရုပ်တို့ဖြင့် ဆန်းကြယ်သော အခင်းသည် ဝိကတိကာ။

၅။ အလင်္ကာဂါထာနံပါတ် ၃၈-ကို အနက်ရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၂၁၂-ကို ပါဠိရေးလေ။

၇။ (က) ရှေးစကားနှင့်နောက်စကား ရှေ့နောက်အားဖြင့် အစဉ်မသိညီညွတ်သည်ဖြစ်၍ အသင့်ယူတို့မှ ကင်းသောကြောင့် သြစိတျဟီနဒေါသ သင်္ဂါသည်။
(ခ) နှေစဉ်ရှုဆင်ခြင်ရမည့် အဘိဏှသုတ်တရားကို အကျဉ်းချုံး၍ ဆိုထားသောကြောင့် သမာသအတ္ထသြဇဂုဏ်မြောက်ပါသည်။

သဒ္ဒသြဇဂုဏ်၏ အဂီရဝိ-

၁။ သမာသဇာဟုလျ-သမာသ်ပုဒ်ရှည်လျား များပြားခြင်း၊
၂။ အနာကုလ-မရှုပ်ထွေးဘဲ ရှင်းလင်းခြင်း။

၈။ ဆန်ကျင်ဘက်ဖြစ်သော တစ်ပါးသောဘာဝသည် မဖုံးကွယ်အပ်သည်ဖြစ်၍ မိမိသဘော အတိုင်းတည်သောဘာဝသည် ဌာယိဘာဝမည်ပါသည်။

ဘာဝ, ဝိဘာဝစသည်- (ကရင် ၈-တွင်ရှု)



၉။ (က) ဝိဇ္ဇမ္ဘာလာဂါထာကို ပါဠိရေးလေ၊
(ခ) ပဏ္ဍဂါထာကို ပါဠိရေးလေ၊
(ဂ) ဂ္ဂန္ဒဝဇာဂါထာကို အနက်ရေးလေ။

http://www.dhammadownload.com

၁၀။ ဂါထာနံပါတ် ၇၄- မှ ၈၇-အထိ ဂါထာတို့၏ အမည်များကို ရေးလေ။

အပရာဇိတဂါထာ၏ လက္ခဏာ-

လေးပါဒလုံး နှ-ဂိုဏ်း ၂-ခဲ့, ရ-ဂိုဏ်း, သ-ဂိုဏ်း, လဟု ဂရှိခြင်း၊ ဂ-လုံးမြောက် ယတိတို့နှင့်ယှဉ်ခြင်း။

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)

ပထမကြိုးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်းဘာသာ

၁၃၆၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၅-၄-၂၀၀၈) စနေနေ့

၁။ အောက်ဖော်ပြပါ ပါဠိဝေါဟာရတို့ကို မြန်မာဘာသာပြန်ဆိုပါ။

(က) မုတ္တိ၊ (ခ) မဟိန္ဒ၊ (ဂ) ဣန္ဒာဝုဓ၊ (ဃ) သိတရံသီ၊ (င) ဝေရောစန၊ (စ) အာနန္ဒ၊ (ဆ) နိဇ္ဈိသ၊ (ဇ) ဒေဟ၊ (ဈ) မေဒနီ၊ (ည) ဝိစက္ခဏ။

၂။ အောက်ဖော်ပြပါ မြန်မာဝေါဟာရတို့ကို ပါဠိဘာသာပြန်ဆိုပါ။

